
ဇော်ရဲအောင်(TZ)
တက္ကသိုလ်
နေလင်းအောင်
အမတ်ချုပ်ကြီး၏ အကြံအစည်
၄-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၁)
ကုလုံ၏ ကူယိ
1996
သိုင်းစာစဉ်များPAGE



တက္ကသိုလ်
နေလင်းအောင်
ဒုမတ်ချုပ်ကြီး၏အကြံအစည်
စာစဉ်(၁)
စာစဉ်(၂)

စာမူခွင့်ပြုချက် အမှတ် ၃၀၅/၉၆(၆)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၃၀၀/၉၆(၆)

ထုတ်ဝေခြင်း
ပထမ အကြိမ်
၁၉၉၆ ခု၊ ဩဂုတ်လ

အုပ်ရေ
၅၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

စာပေ
အထက်မြန်မာပြည် ဖြန့်ချိရေး၊ မန္တလေး

13 AUG 1996

တက္ကသိုလ် နေလင်းအောင်

# အမတ်ချုပ်ကြီး၏ အကြံအစည်

စာစဉ် (၁)

ဖြန့်ချိရေး
ငွေမိုးဆောင်း
စာပေ
အမှတ် ၅၂၊ ၆ လမ်း ရန်ကုန်မြို့
စာတိုက်သေတ္တာအမှတ် ၁၁၈၃
ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

13 AUG 1996

[ ၁ ]

တူနှစ်ကိုယ်ညီ
လှပြီး
ချူးကောင်း

ညနေခင်း။

အနောက်ဘက်တွင် နေမင်းကြီးဝင်လုကြောင်း ဖော်ပြနေ
သူ ဝင်လုဆဲဆဲဖြစ်နေသော်လည်း သူ့
အနှံ့ဖြန့်ကြက်ဆဲပင်။ ကောင်းကင်ကြီးတစ်ခုကို စကားပြော
ဖြင့် တောက်ပ နေသည်။ ဘာ့ သတိ လက်

ထိုအချိန်တွင် မြင်းနှစ်စီးနှင့်လူနှစ်ယောက်သည် ပတ်ဝန်း
ဘက်သို့ ခပ်မှန်မှန် စီးနင်းလာနေသည်။ မြင်းဂြ သည့်
အလွန် သန်မာထွားကျိုင်းလှ၏။

မွန်ဂိုစစ်မြင်းကြီးများ၏ နှာမှုတ်သံသည် တိတ်ဆိတ် ငြိမ်သက်နေသော တောအစ်ခွင်၌ ထူးခြားသောအသံ ဖြစ်နေသည်။

ထိုမြင်းစီးသူများနှစ်ဦးအား ကြည့်ကြစို့၊ နှစ်ယောက်စလုံး သန့်သန့်ရှင်းရှင်း မရှိကြပါ။ နှစ်ယောက်စလုံး ဖုန်မှုန့်များ ပေကျံ ကပ်ငြိလျက် ရှိသည်။

သူတို့နှစ်ဦး၏ အသွင်အပြင်ကိုကြ ်ပါက ခရီးဝေးမှ လာသူများဖြစ်ကြောင်း သိနိုင်ပေသည်။ မြင်းကြီးများကလည်း မောဟိုက်နေရာ ခရီးပြင်းနှင်လာသူများဖြစ်ကြောင်း သေချာစွာ သိနိုင်ပေသည်။

မြင်းကြီးများမှာ ဖောင်းဝတ်ရောင်မြင်းနှင့် မဟူရာရောင်မြင်းတို့ ဖြစ်ကြသည်။

ဖောင်းဝတ်ရောင်မြင်းကို စီးလာသူမှာ ကျားကျား လျား
ယောကျ်ားသားတစ်ဦး မဟုတ်ပေ။ အလွန်လှပသည့်
်ယောက် ဖြစ်နေ၏။ မိန်းမပျိုသည် အနီရောင်
သွားသည်။
်လာခဲ့ရသည့်တိုင် မိန်းမပျို၏ ဖြူဝင်း
းအရေ၊ ညိုမှောင် တောက်ပနေသည့်
ှောင်သော ဆံပင်၊ ဖြောင့်တန်းနေသည့်
းဆီဖူးလိုနှုတ်ခမ်းများက မြင်သူတိုင်းကို ဖေး
သော ဆွဲဆောင်မှုများ ရှိနေ၏။
ှသူများကို ထိုသို့ ဆွဲဆောင်နိုင်စေသည် မဟုတ်ပေ။
န်းမပျို၏ မျက်လုံးများကလည်း ကြင်နာတတ်ခြင်း၊ချစ်ခင်



13 AUG 1996

တတ်ခြင်းနှင့် သစ္စာမဲ့မှု ရှိတတ်ခြင်းတို့ကို ဖော်ပြပေသည်။

ထိုအချက်များကြောင့် ထိုမိန်းမပျိုမှာ တရုတ်ပြည် အနောက်မြောက်ဘက်ဒေသသူ ဖြစ်ကြောင်း ဖော်ပြနေပေသည်။ သူသည် ဖောင်းဝတ်ရောင် မြင်းပေါ်၌ ကြော့ရှင်းစွာ စီးလာနေသည်။ သူမ၏ဆံပင်များလည်း လေတွင် လွင့်မျောနေသည်။

မဟူရာမြင်းကြီးကို စီးလာသူကား တကယ့် ကျားကျား လျားလျားရှိသူ ဖြစ်သည်။ ဖောင်းဝတ်ရောင်မြင်းကို စီးသူ မိန်းမပျိုထက် နှစ်နှစ်မျှသာကြီးပြီး ထိုလူမှာ လူငယ်လူရွယ်များသာ ဖြစ်ပေသည်။

မိန်းမပျိုသည် အသက်ဆယ့်ကိုးနှစ်ဆယ်ခန့်ရှိပြီး လူရွယ်မှာကား အသက် နှစ်ဆယ့်တစ်နှစ်ခန့်ရှိလေ၏။ လူရွယ်သည် အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်တင့်တယ်လှပြီး တည်ကြည်သော မျက်နှာထားကလည်း မျိုးကောင်း ရိုးကောင်းမှ ဆင်းသက်လာသူတစ်ဦးဖြစ်ကြောင်း ဖော်ပြနေသည်။

လူရွယ်သည် မြင်းစီးလာရင်း မိန်းမပျိုကို စကားပြောလာနေသည်။ သို့သော် သူ့မျက်စိများကတော့ သတိ လက်လွှတ် မ တ်ချေ။ စူးရှသော မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုသွားနေသည်။

သို့သော် မိန်းမပျိုဆီ မျက်လုံးများ ရောက်သွားသည့် အခါတွင်ကား လူရွယ်၏သတိရှိမှုများ ပျောက်ပျောက်သွား

တတ်သည်။ မိန်းမပျိုနှင့်လူရွယ်မှာချစ်စခင်စ ကြင်နာစ ဖြစ်ပုံရသည်။

မိန်းမပျိုမှာ ဘာကိုမျှ သတိထားပုံမရပေ။ ချစ်ခြင်းမေတ္တာနှင့် ပျော်ရွှင်မှုသာ သက်ဝင်နေပုံရသည်။ သူမသည် ပတ်ဝန်းကျင်ကို ပြုံးချိုကြည်သာသော မျက်နှာထားဖြင့်သာ ကြည့်ရှုနေသည်။ သာယာသော တောတောင်ကို စိတ်ဝင်စားနေသည်။

‘ဒီဒေသ ဒီနယ်မြေဟာ သိပ်ပြီး စိမ်းလန်းတာပဲနော်’

‘မြစ်ပေါင်းစုံ စီးဝင်နေတဲ့ဒေသပဲ စိမ်းလန်းစိုပြည်မှာပေါ့၊ ရေမြေက ကောင်းတာကိုး၊ နောက်ပြီး ဒီဒေသက မိုးလဲမှန်တယ်၊ မိုးမှန်တဲ့နေရာမှာ အပင်တွေပေါက်တာပဲ’

လူရွယ်က အရှေ့ဘက်သို့မျှော်ကြည့်ရင်း ပြောလိုက်သည်။

‘ရှင်တို့ ရှီအန်ပြည်နယ်ထဲ မရောက်သေးဘူးလားဟင်’

‘အခု ရှီအန်းပြည်နယ်ထဲ ဝင်လာပြီလေ မေစင်ကွမ်၊ စီကွမ်မြို့ကိုရောက်ဖို့ကတော့ အတော်လိုပါသေးတယ်၊ မောနေပြီလား၊ မောရင် ခဏနားပါလား’

လူရွယ်က ကြင်နာစွာ ပြောလိုက်သည်။ မေစင်ကွမ်သည် လူရွယ်ကို ရွှန်းလဲ့သော မျက်လုံးကြီးများဖြင့် ကြည့်နေ၏။ သူတို့နှစ်ဦး၏ အကြည့်များမှာ ဝင်းပရွှန်းလဲ့နေသည်။

‘ဘာများကြည့်နေတာလဲ’

မေစင်ကွမ်က....

‘တွေးနေတာပါ’

‘ဘာတွေများ တွေးနေတာလဲ’



‘တိုင်မင်လီ၊ ခရီးလဲ သာယာ, ရှင်နဲ့လဲ အတူသွားရဆိုတော့ သိပ်ပျော်စရာကောင်းတာပဲ ရှင်ရယ်၊ ရှင်နဲ့ တစ်သက်လုံး ဒီလိုပဲ သွားနေချင်တယ်’

‘တကယ်ပဲပြောတာလား’

‘တကယ်ပါရှင်’

တိုင်မင်လီ၏မျက်နှာ၌ ပျော်ရွှင်သွားသည်။

‘အဲဒီလိုကြားရတာ ကျုပ် သိပ်ဝမ်းသာတာပဲ’

တိုင်မင်လီက လိုက်လှဲစွာ ပြောလိုက်လေ၏။ ထို့နောက် သူက ဆက်၍ပြောသည်။

‘ကျုပ်တို့ ဒီအတိုင်းသွားနေရင်တော့ စီကွမ်မြို့ကို မှောင်မှရောက်လိမ့်မယ်၊ မှောင်ရင် မြို့တံခါးပိတ်တယ်၊ ကျိန်းသေပဲ’

‘ပိတ်ပါစေ၊ ရှင်က သိပ်ရောက်ချင်နေပြီလား၊ ကျွန်မနဲ့ သွားရတာ သိပ်ကြာနေပြီလို့ ရှင်က ထင်နေသလား’

တိုင်မင်လီသည် မေစင်ကွမ်၏ပခုံးကို မနာကျင်အောင် ဖျစ်ညှစ်လိုက်သည်။

‘ဒီလိုမပြောပါနဲ့ မေစင်ကွမ်ရယ်၊ ကျုပ်မှာ ဘယ်လိုတာဝန်ရှိတယ်ဆိုတာ မေစင်ကွမ်ကို ပြောပြထားပြီးသားပါ၊ ဆရာကြီး ဆူယွမ်တင်မိုရဲ့ အမိန့်ဩဇာကို ကျုပ် ဘယ်လိုတော်လှန်နိုင်မှာလဲ၊ တာဝန်သာမရှိရင် မေစင်ကွမ်နဲ့ တရုတ်ပြည်ကြီးထောင်တစ်ပတ် ပတ်လိုက်ချင်ပါတယ်’

သူက မေစင်ကွမ်ကို နှစ်သိမ့်သော လေသံဖြင့် ပြောလိုက်သည်။ သို့သော် မေစင်ကွမ်ကတော့ မျက်နှာထား မပြောင်းလဲဘဲ ပြောနေလေ၏။

‘ကျွန်မကတော့ သိပြီးသွားပါ၊ စိကွမ်မြို့ကိုရောက်ရင် ကျွန်မကိုထားခဲ့ပြီး ရှင် တခြားကိုထွက်သွားဦးမှာပဲ မဟုတ်လား’

‘အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဆရာကြီးဆူယွမ်တင့်မိုက ပါကမ်မြို့ရောက်ရင် ဆရာကြီးစူရှန်ကျန်းဆီ သွားတွေ့ဖို့ပဲ မှာလိုက်ပါတယ်၊ တခြားကိုသွားရမှာ မဟုတ်ပါဘူး၊ ဆရာကြီး စူရှန်ကျန်းက စိကွမ်မြို့မှာ နေတာပဲကွယ်’

‘ဆရာကြီး စူရှန်ကျန်း ဘယ်မှာနေတယ်ဆိုတာ ကျွန်မနဲ့ လုံးဝမပတ်သက်ဘူး၊ ကျွန်မ အဓိကလိုချင်တဲ့အချက်ကတော့ ရှင်ရှိတဲ့နေရာမှာ ကျွန်မနေရဖို့ပဲ၊ ကျွန်မဘဝမှာ တခြား ဘာမှ မလိုပါဘူး၊ တခြားဟာတွေ ဘယ်လိုပဲပြည့်စုံပြည့်စုံ ရှင်နဲ့ခွဲနေရမယ်ဆိုရင်တော့...’

ထိုသို့ စကားကောင်းနေခိုက်တွင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခု ပေါ်လာသည်။

သူတို့သည် တောလမ်းအတိုင်း မြင်းစီးလာနေကြရာ သူတို့၏ ညာဘက်တွင် ကြီးမားလှသောသစ်ပင်ကြီးတစ်ပင် ရှိနေလေ၏။ သစ်ကိုင်းသစ်ခက်များမှာ ဖြာကျပြီး အုပ်မိုးလျက်ရှိသည်။

ထိုသစ်ပင်ကြီးတစ်ပင်ပေါ်၌ ကျားသစ်တစ်ကောင်ချောင်းမြောင်း နေသည်။

အကယ်၍ သူတို့ သစ်ပင်ကြီးပေါ် မော့မကြည့်မိလျှင် ကျားသစ်ကြီးသည် သူတို့ကို ခုန်အုပ်ချင်မှခုန်အုပ်မည်ဖြစ်သည်။



တိုင်မင်လီက သစ်ပင်ပေါ် မော့ကြည့်မိသဖြင့် ကျားသစ်သည် တိုင်မင်လီအပေါ် ခုန်အုပ်တော့သည်။

‘ဂိး’

‘အိုး’

တိုင်မင်လီသည် အလွန်လျင်မြန်သည်။ ကျားသစ်လည်း ခုန်အအုပ် လှံကိုဆွဲ၍ ကျားသစ်၏မျက်နှာဆီသို့ လှံဖြင့် ထိုးထည့်လိုက်သည်။

‘ဂိး....ဟီး....ဟီး’

တိုင်မင်လီ၏မြင်းက အော်ရင်း ပတပ်ရပ်လိုက်သည်။ တိုင်မင်လီ၏ လှံချက်မှာ မလွဲချေ။ ကျားသစ်အာခေါင်အတွင်းသို့ ထိုးမိသွားသဖြင့် ကျားသစ်သည် မြေပေါ်၌ လူးလှိမ့် အသက်ငင်နေသည်။

ထို့နောက် တိုင်မင်လီသည် မြေပေါ်သို့ ခုန်ဆင်းပြီး မေစင်ကွမ်ကို မြင်းပေါ်မှ ပွေ့ချပေးလိုက်သည်။

မေစင်ကွမ်သည် လှံချက်ဖြင့် အသက်ပျောက်နေသော ကျားသစ်ကြီးဆီကို မရဲတရဲ လှမ်းကြည့်လိုက်၏။

‘သမင်တစ်ကောင်သာဆိုရင် ညစာအတွက် ဘယ်လောက် အသုံးဝင်လိုက်မလဲ မသိဘူးနော်’

မေစင်ကွမ်က သူ့အတွေးနှင့်သူ ပြောလိုက်၏။

‘ဒီကောင်လဲ အလကားမဖြစ်ပါဘူးကွယ်၊ မြင်တယ်မဟုတ်လား၊ လှံသွားဟာ သူ့ပါးစပ်ထဲက ခေါင်းကို ဖောက်ထွက်သွားတယ်၊ သူ့ကိုယ်ပေါ်မှာ ဒဏ်ရာမှ မရှိတော့ဘူး၊ အကောင်းပကတိအတိုင်း ကျန်နေတဲ့ သူ့အရေခွံကို အသုံး

ချလို့ ရပါသေးတယ်ကွယ်၊ ဒီအကောင်ကြီးကို မေစင်ကွမ်ရဲ့ မြင်းပေါ် တင်ယူသွားမယ်၊ မေစင်ကွမ်ကတော့ ကျုပ်မြင်းနဲ့ လိုက်ခဲ့ပေါ့'

မေစင်ကွမ် သဘောကျသွားသည်။

'သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ ဟုတ်ပြီနော်  ပင်ပန်းနေတဲ့ မြင်းကြီးပေါ် နှစ်ယောက်စီးမယ်ဆိုတော့ မြင်းကြီးကိုဒုန်းစိုင်း စီးဖို့ မလိုတော့ဘူးပေါ့၊ မြင်းကြီးသက်သာအောင်လို့ပါ၊ကဲ.... ကျွန်မတို့ ကျားသစ်ကြီးကို မြင်းပေါ် တင်လိုက်ကြရအောင်'

တိုင်မင်လီသည် ကျားသစ်သေကြီးကို မြင်းပေါ်တင် လိုက်၏။

သူသည် မေစင်ကွမ်ကို မြင်းပေါ်တင်လိုက်ပြီး သူက မေစင် ကွမ် နောက်မှ မြင်းပေါ်သို့ ကက်လေ၏။

တိုင်မင်လီသည် နောက်မှ မြင်းဇက်ကြိုးကိုလည်း ဆွဲရင်း မေစင်ကွမ်ကိုလည်း ဖေးမရင်း မြင်းကို ဖနောင့်နှင့်တို့လိုက်၏။ မဟူရာမြင်းကြီးသည် တရွေ့ရွေ့ နှင်သွားတော့၏။

'မြင်းကြီးကို ကျွန်မတို့ ဖြည်းဖြည်းပဲ စီးကြတာပေါ့၊ဒါမှ စီကွမ်မြို့ မြို့တံခါးကြီးပိတ်သွားမှာ'

မေစင်ကွမ်က သူ့ဘာသာပြောပြီး ရယ်သည်။

တိုင်မင်လီက....

'ဟိုမှာ မြို့တံခါးပိတ်တာက အရေးမကြီးဘူး၊ ဒီတောထဲ က မြန်မြန်ထွက်နိုင်ဖို့ အရေးကြီးတယ်၊ တော်ကြာ ကျားတွေ ကျားသစ်တွေနဲ့ ထပ်တွေ့လို့ ဒုက္ခဖြစ်နေဦးမယ်'



သူတို့သည် တအိအိနှင့် မြင်းကြီးများကိုစီးနင်းခရီးနှင်ကြ တော့၏။

၂၀၄၅၅

## [ ၂ ]

### မြို့တော်မြင်ကွင်း

တိုင်မင်လီနှင့် မေစင်ကွမ်တို့သည် နေဝင်ဆည်းဆာ အချိန်၌ စိကွမ်မြို့ ဆင်ခြေဖုံးအရပ်သို့ ရောက်ရှိသွား၏။

သူတို့သည် မြို့တံခါး မပိတ်မီ မြို့တွင်းသို့ ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်၏။ မကြာမီ သူတို့သည် ဆင်ခြေဖုံးအရပ်ကို ကျော်ဖြတ်လာကြလေ၏။

ထိုအခါ မြို့လယ်ရပ်ကွက်ကြီးကို စတင် မြင်ရလေတော့သည်။

မေစင်ကွမ်သည် ကျယ်ဝန်းသောခြံကြီးများ၊ အုတ်နီနီတို့ဖြင့် တည်ဆောက်ထားသည့် မြင့်မားလှသော မျှော်စင်

ကြီးများ၊ ရှေးအိမ်ကြီးများ၊ ဘုရားကျောင်းများ၊ ဖြောင့်တန်းရှည်လျားလှသည့် လမ်းကျယ်ကြီးများ စသည်တို့ကို အံ့ဩစရာ မြင်တွေ့နေရသဖြင့် ရင်သပ်ရှုမောစွာ ကြည့်ရှုနေတော့သည်။

'အဲဒါ ရှိအန်ပြည်နယ်ရှိမြို့တော်ဖြစ်တဲ့ ဆိကွမ်မြို့ပဲ မေစင်ကွမ်'

မေစင်ကွမ်မှာ ဘာမျှမပြောနိုင်ရှာပေ။ သူမသည် လမ်းခရီးတွင် မြို့နယ်ကလေး အတော်များများကို ဖြတ်သန်းခဲ့ရသည်။

ထိုမြို့ငယ်ကလေးများနှင့် အလွန်ခြားနားလှသည့် မြို့တော်ကြီးကို တွေ့နေရပေသည်။

တဲစုတ်နှင့် ရွှေနန်းတော်လို ခြားနားသည့် ပြည်နယ်မြို့တော်ကြီးပေတည်း။

'ဟင်'

မေစင်ကွမ် ပါးစပ်မှ ဟင်ခနဲ အာမေဍိတ်သံ ထွက်သွားသည်။

သူမသည် ချစ်သူနှင့် အတူတွဲ၍ မြို့တော်ကြီးကို အံ့ဩစွာ ငေးမောကြည့်နေခိုက် မြင်ကွင်းတစ်ခုကို မြင်လိုက်ရသဖြင့် ဟင်ခနဲ ဖြစ်သွားတော့သည်။

ထိုမြင်ကွင်းမှာ အနက်ရောင် ဝတ်ရုံဖားဖားကြီးကို ဝတ်ဆင်လျက် မျက်နှာတွင် ဆေးဝါများ ခြယ်သထားသည့် ကျစ်ဆံမြီးနှင့် လူကြီးသည် လမ်းလယ်တွင် အော်ဟစ်ခုန်ပေါက်နေသောကြောင့် ဖြစ်ပါသည်။



မြင်ကွင်းမှာ ကြီးကျယ်စည်ကားလှသော မြို့တော်ကြီးနှင့် မလိုက်ဖက်သဖြင့် မေစင်ကွမ်မှာ ထိုမြင်ကွင်းကို အံ့ဩစွာ ငေးမောကြည့်ရှုနေမိလေ၏။

တိုင်မင်လီသည် မေစင်ကွမ်ကို ပြုံး၍ကြည့်လိုက်၏။

'အဲဒါ သံသရာမရှိ နတ္ထိဝါဒဂိုဏ်းက ဂိုဏ်းသား တစ်ယောက်ပေါ့'

'ဟုတ်လား'

မေစင်ကွမ် ပို၍အံ့ဩသွားသည်။ သူသည် နတ္ထိဝါဒ ဂိုဏ်းသား ဆိုသူကို မျက်လုံးအပြူးသားနှင့် လှမ်းကြည့်သည်။

'အံ့ဩစရာကောင်းလိုက်တာ'

'ဘာများ အံ့ဩစရာကောင်းနေသလဲ မေစင်ကွမ်ရဲ့'

'နတ္ထိဝါဒ ဂိုဏ်းအကြောင်းကို အဖေ့ဆီက ကြားခဲ့ဖူးတယ်'

'ဘယ်လို ကြားခဲ့သလဲ'

'အဲဒီ နတ္ထိဂိုဏ်းသားတွေရဲ့ အကျင့်စာရိတ္တနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို အဖေ့ဆီက ကြားဖူးတယ်လေ၊ ဒီလူတွေဟာ တကယ်လုပ်ချင်လာလို့ လုပ်ရင် အပြစ်မရှိဘူးလို့ ယူဆတဲ့လူတွေပဲ၊ သူတို့ ဒီလို မြို့ထဲရှိနေတာကို ကျွန်မတော့ သပ်အံ့ဩတယ်'

'ဘာဖြစ်လို့လဲ'

'အန္တရာယ်ရှိလို့ပေါ့ရှင်၊ သူတို့ဟာ အန္တရာယ် ကောင်တွေပဲ'

သူမက မနှစ်မြို့သော လေသံဖြင့်ပြောလိုက်သည်။ တိုင်မင်လီက သက်ပြင်းချပြီး....

'အဲဒါ အခက်ပဲ၊ ဒီအဖြစ်အပျက်တွေကို မေစင်ကွမ် မသိဘူး'

'ဟုတ်တယ်....မသိဘူး'

'သူတို့ကို ဘယ်သူမှ မတားမြစ်နိုင်ဘူး၊ မပိတ်ပင်နိုင်ဘူး ဘာဖြစ်လို့လဲဆိုတော့ ဒီဒေသကို အုပ်စိုးနေတဲ့ နယ်စားကြီး ချူးချိုင်ယိုနဲ့ အမတ်ကြီး ကျိုကဲလောက် ကိုယ်တိုင်က ဒီနတ္တိဝါဒဂိုဏ်းဝင်တွေကို ဆည်းကပ် ကိုးကွယ်နေကြတာ၊ ဒီတော့ ဒီဂိုဏ်းဝင်တွေဟာ နေရာအနှံ့မှာ လျှောက်သွားနေတော့တာပေါ့၊ ဒီလူတွေဟာ အန္တရာယ်ကြီးတယ်လို့ ဘယ်သူပြောဝံ့တော့မှာလဲ'

'တော်တော် ဆန်းတာပဲရှင်'

မေစင်ကွမ်မှာ ခမ်းနားကြီးကျယ်သော မြို့ကြီးထဲမှ နတ္တိဝါဒဂိုဏ်းသားများ စိတ်ကြိုက်သွားလာနေသည်မှာ လုံးဝဆီလျော်ခြင်း မရှိဟု ဆိုလိုခြင်း ဖြစ်လေသည်။

တိုင်မင်လီက ခေါင်းညိတ်ကာ....

'အဲ ဒီလိုဆန်းပြားတဲ့ အကြောင်းအရာတွေ မေစင်ကွမ် အများကြီး တွေ့ရပါလိမ့်ဦးမယ်၊ ကြားရပါလိမ့်ဦးမယ်၊ ရှိအန်ပြည်နယ်မှာ ချူးမျိုးနွယ် နယ်စားကြီးတွေ အုပ်စိုးလာခဲ့တာ နှစ်ပေါင်းတစ်ရာလောက် ရှိသွားပြီ၊အခု နယ်စားကြီး ချူးချိုင်ယိုဆိုတာ အဲ ဒီမျိုးနွယ်ဆက်ပဲပေါ့၊ ချူးမျိုးနွယ်တွေဟာ အင်အားလဲ ကောင်းတယ်၊ ချမ်းလဲချမ်းသာ



တယ်၊ ဒါကြောင့် သူတို့မျိုးရိုး အစဉ်အဆက်ရှိနေတာပေါ့၊ ဒါပေမယ့် အခုနယ်ပယ်ဒေသရဲ့ အုပ်ချုပ်ရေးကို ကြိုးကိုင်နေတာကတော့ ကျိုကဲလောက်လို့ခေါ်တဲ့ အမတ်ကြီးပဲကွယ့်၊ သိပ်ထူးဆန်းပါတယ်၊ အဲ ဒီအမတ်ကြီးဟာ စေ့လန်ပြည်နယ်ရဲ့ အမတ်ချုပ်ကြီးလဲ ဖြစ်နေပြန်တယ်'

'ဟင်'

မေစင်ကွမ် မျက်လုံးကလေး ဝိုင်းသွား၏။

'မဖြစ်နိုင်ပါဘူးရှင်၊ ပြည်နယ်တစ်ခုလုံးရဲ့ အမတ်ကြီးဟာ တခြားပြည်နယ်တစ်ခုမှာလဲ အမတ်ချုပ်ကြီး ဆိုတာကတော့ ကျွန်မ လက်မခံနိုင်ပါဘူး၊ သူက ဘယ်လိုအုပ်ချုပ်နိုင်မှာလဲရှင်....'

သူမက တအံ့တသြပြော၏။

'ဟုတ်တယ်၊ သာမန်အားဖြင့်တော့ မဖြစ်နိုင်ဘူးလို့ထင်ရတယ်၊ ဒါပေမယ့် သူကတော့ ဖြစ်နေတယ်'

'ထူးဆန်းလိုက်တာ၊ ဘယ်လိုများ အုပ်ချုပ်နေသလဲရှင်ရယ်'

'အမတ်ကြီးကျိုကဲလောက်ဟာ လှေနံနှစ်ဖက်နင်းထားတဲ့ ပုဂ္ဂိုလ်ပဲ၊သူဟာ ရှိအန်ပြည်နယ်နဲ့ စေ့လန်ပြည်နယ်ကို တစ်လစီ သွားပြီး အုပ်ချုပ်တယ်၊ နောက်ပြီး သူက အုပ်ချုပ်ရေးအာဏာကို သူများကို ခွဲမပေးဘူး၊ ဒီတော့ ပိုင်ပိုင်နိုင်နိုင် ဘယ်မှာအုပ်ချုပ်နိုင်တော့မှာလဲ၊ ရှိအန်ပြည်နယ်အတွင်းမှာ တရားဥပဒေခေါင်းပါးတဲ့ အခြေအနေမျိုးဖြစ်တာ ဘာမှ

မဆန်းပါဘူး၊ အုပ်ချုပ်ရေးအမှုထမ်းတွေအားလုံးလဲဒီလိုပဲ မတရားမှုတွေ လုပ်နေကြတာပဲ'

'ဒါဟာ နတ္ထိဝါဒကိုဏ်းသမားတွေ ကြီးစိုးနေလို့ပေါ့နော်'

'အဲ့ ဒီလိုလဲ ပြောမရဘူး၊ ကျိုက်လောက် အုပ်ချုပ်ရေးကို ကိုင်နေတာ ကြာနေပြီ၊ ဒီလိုပဲ မ ရားမှုတွေဖြစ်နေတာပဲ နတ္ထိဝါဒ ဂိုဏ်းသားတွေ ကြီးစိုးလာတော့ ပိုဆိုးလာတာပေါ့လေ'

'ဒီလိုဆိုတော့လဲ မတရားမှုက အလျှင်ကတည်းက ကြီးစိုးနေတာပေါ့'

'အဲ့ ဒီလိုပြောလို့ ရပါတယ်'

'မြို့ဟောင်သူ မြို့ဟောင်သားတွေဟာ ဒီလိုပဲ ငုံ့ခံနေကြတာပဲလား'

'ငုံ့မခံလို့ ဘယ်လိုလုပ်ချင်သလဲ၊ နယ်စားကြီးရဲ့ တပ်သားတွေဟာ ကြမ်းလဲကြမ်းတယ်၊ ရိုင်းလဲရိုင်းစိုင်းတယ်၊ နယ်စားကြီးရဲ့ တပ်သားတွေကို ဘယ်သူမှ မယှဉ်ရဲပါဘူး'

'အခက်ပဲပေါ့လေ'

'အဲ့ ဒါတွေ ထားလိုက်စမ်းပါ၊ ကိုယ်နဲ့လက်လှမ်းမမီတာ တွေကို တွေးမနေပါနဲ့၊ ဟောဟိုမှာကြည့်စမ်း'

တိုင်မင်လီက လက်ညှိုးထိုးပြောလေ၏။

မေစင်ကွမ် ကြည့်လိုက်သောအခါ သစ်ပင်များညို့၍အုပ်ဆိုင်းနေသည်ကိုသာ မြင်ရသည်။ ဘာမျှမမြင်ရချေ။

'ဘာလဲ...ဘာလဲ'



'အိမ်... ဒီသစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတဲ့နေရာဟာ ကျုပ်တို့ရဲ့ စံအိမ်ကြီးပါပဲ'

'အိမ်ကိုလဲ မတွေ့ပါလား'

'တွေ့ရမှာပေါ့၊ သစ်ပင်တွေ အုပ်ဆိုင်းနေတာ အိမ်ကို မမြင်နိုင်ဘူးပေါ့၊ အဖေကတော့ မေစင်ကွမ်ကိုတွေ့ရင် ကျုပ်ကို အင်မတန်ချီးကျူးမှာပဲ'

မေစင်ကွမ်၏ မျက်ခုံးများ မြင့်တက်သွားသည်။

'ဘာဖြစ်လို့လဲဟင်'

'ဘာဖြစ်လို့လဲဆိုတော့ သူ့ချွေးမဟာ အင်မတန်မှလှပပြီး အင်မတန် လိမ္မာရေးခြားရှိတယ်ဆိုတာ သိသွားမှာမို့ပါ'

'အို'

မေစင်ကွမ်သည် မျက်နှာလေး ရဲခနဲ ဖြစ်သွားလေ၏။

[ ၃ ]

## မြို့သို့အဝင်

ကြက်တွန်သံများ ပေါ်လာပြီးနောက် မြို့တော်ကြီးမှာ တိတ်ဆိတ်သွားပြန်သည်၊ တောင်များ ပတ်လည်ဝိုင်းနေသော စီကုမ်မြို့တော်ကြီးမှာ တောင်များ၏အရိပ်ကြီးများ လွှမ်းမိုးခံနေရသည်။

အရိပ်ကြီးထဲ၌ မြို့တော်ကြီးအိပ်နေသကဲ့သို့ ထင်မှတ်ရလေသည်။

သို့သော် မြို့တော်ကြီးတစ်ခုလုံး တိတ်ဆိတ်နေခြင်းတော့ မဟုတ်ပေ။ မြို့တော်၏ အချို့သော လမ်းဘေးများ၌ မူးရူးသူများ၏ ဆဲဆိုရေရွတ်သံ၊ သီချင်းအော်ဟစ် သီဆိုသံများသည် ဆူညံစွာ ထွက်ပေါ်နေသည်။

ထိုလူများသည်အလွန်အကျွံ မူးနေရာ ဘာလုပ်၍ ဘာဖြစ်နေသည်ကို မသိဘဲ ဖြစ်နေကြသည်။

သူတို့သည် ဒယီးဒယိုင်ဖြင့်အိပ်ပြန်လာရာသူတို့ အိမ်များသို့ ပြန်ရောက်ကြလိမ့်မည် မဟုတ်ကြချေ။ လမ်းဘေး၌ ထိုးလဲကျငြီး အိပ်သွားမည့်သူများ ဖြစ်လေသည်။ အားလုံးပင် အိမ်ပြန်ရောက်ကြမည့်သူများ မဟုတ်ချေ။

မြို့တော်၏ ရှစ်ပုံခုနစ်ပုံမျှသောအပိုင်းသည် ငြိမ်သက်တိတ်ဆိတ်နေသော်လည်း ခုနစ်ပုံတစ်ပုံသော အပိုင်းမှာ ဆူညံနေသည်။ သီချင်းသံ၊ ဆဲဆိုရန်ဖြစ်သံများ လွှမ်းမိုးနေမိသည်။

တကယ်တော့ သာယာငြိမ်းချမ်းသည့် မြို့တော်ဖြစ်လျှင် ဤမျှ ငြိမ်သက်တိတ်ဆိတ်ရန်အကြောင်းမရှိချေ။ ယခုသော် အမူးသမားများသာ အိမ်ထဲမှ အိမ်ပြင် ထွက်ခဲ့သည်။ လူကောင်းသူကောင်းများကတော့ အိမ်ပြင် မထွက်ကြတော့ချေ။

ဈေးများ၊ အိမ်ဆိုင်များ၊ တည်းခိုခန်းများသည် မီးထိန်ထိန်ဖြင့် လင်းလင်းချင်းချင်း ဖြစ်သင့်ပေသည်။ ယခုတော့ ညမှောင်သည်နှင့် ဈေးများ၊ ဆိုင်များ၊ တည်းခိုခန်းများကို ပိတ်ကြတော့သည်။

အပြင်ထွက်လျှင်လည်း လုံခြုံမှုမရှိပေ။ အပြင်ထွက်သူသည် အလုခံရမည်။ အရိုက်ခံရမည်။ အခုတ်ခံရမည်။ တစ်ခုခုတော့ ဖြစ်သွားပေမည်။



ထို့ကြောင့် မိုးချုပ် နေဝင်ဖြစ်သည်နှင့် အားလုံး အိမ်တံခါး ပိတ်ကြတော့သည်။ လုံခြုံစိတ်ချရမှုမရှိသည့် ဤမြို့ကြီးတွင် ဤသို့ တံခါးပိတ်ထားခြင်းသာ အခိုက်အတန့် စိတ်ချရအံ့သည် မဟုတ်ပါလား။

အပြင်ထွက်နေသူများကား အရက်သမားများနှင့်သူခိုးဓားပြများသာတည်း။

လက်ရှိ မတရားစိုးမိုးနေသည့် အာဏာရှိသူများ မလွဲမသွေ ကျဆုံးရမည်ဟုတွက်ထားကြသည့် လူများလည်းရှိသေးသည်။ ထိုသူများကား စီကွမ်မြို့ထဲ၌ မနေကြချေ။

ဤစီကွမ်မြို့ပြင်တွင် နေထိုင်ကြသည်။ မြို့ထဲနေလျှင် သူတို့ စိတ်မချရဟုထင်သဖြင့် မြို့ပြင်တွင် ဆင်းရဲသူဆင်းရဲသားများ အဖြစ် ရိုးကုပ်စွာ နေထိုင်ကြရလေသည်။

ခုနစ်စဥ်ကြယ်ပြောင်အမြီးထောင်သောအခါ သန်းခေါင်ချိန်သို့ ရောက်ပြီ ဖြစ်လေသည်။

ညသန်းခေါင်ရောက်သောအခါ မြို့တံခါးများ ပတ်ဝန်းကျင်၌ လူသူလည်း တိတ်ဆိတ်၊ အမှောင်လည်း ကြီးစိုးသွားသည်။

မြို့တံခါးဆိုသည်မှာ မြို့လယ်ရပ်ကွက်နှင့် ဝေးကွာသောကြောင့် ဤမျှလူသူကင်းရှင်း တိတ်ဆိတ်သွားရခြင်း ဖြစ်၏။

ညအမှောင်အတွင်း မြင်းခွာသံများ ပေါ်လာလေသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

'ခွပ်ခွပ်....ခွပ်ခွပ်'

မည်သည့် အရပ်မှ လာသည်ဟု မသိရသော မြင်းစီးယောကျ်ားခြောက်ယောက်တို့သည် မြားကို ပစ်လွှတ်လိုက်သည့်ပမာ အလွန်မြန်သော အရှိန်အဟုန်ဖြင့် မြင်းကိုအပြင်းစီးလာလေသည်။ သူတို့သည် မြို့တံခါးဆီသို့ ဦးတည်ချဉ်းကပ်လာကြသည်။

မြင်းခြောက်ကောင်စီးသောလူများသည် မြို့တံခါးနှင့် တိုက်မိတော့မလိုဖြစ်သွားမှ မြင်းကိုရပ်သည်။ ဇက်ကြိုးကိုဆွဲသည်။ ထိုအခါမြင်းများသည် ပံတပ်ရပ်ပြီး ဟီကြတော့သည်။

'ဟီး....ဟီး....ဟီး'
'ဟီး....ဟီး....ဟီး'

ထိုအသံများသည် အလွန်ကျယ်လောင်လှလေရာ မြို့တံခါးအနီး၌ ပဲ့တင် ဟီးသွားလေသည်။

မြို့ရိုး မုခ်ဦးပေါ်တွင်အိပ်နေသောအစောင့်မှာ မြင်းဟီသံကြောင့် ရုတ်တရက်လန့်နိုးလာသည်။ တံခါးမှူးသည် အိပ်မှုန်စုံမွှားဖြင့် လှမ်းမေးလိုက်သည်။

'ဟေ့...ဘယ်သူတွေလဲကွ'

ထိုအခါ မြင်းစီးလာသူတစ်ယောက်က ပြန်ဖြေမည်အပြုတွင် အခြားတစ်ယောက်က ထိုသူအား တားဆီးလိုက်သည်။ ထိုသူက လေသံမျှဖြင့်ပြောသည်။

'ဟေ့ကောင်...ငါနာမည်ကို ထုတ်မပြောနဲ့၊ ငါ့ကို ဖေလန် ပြည်နယ်ထဲမှာပဲ ရှိနေတယ်လို့ သူတို့သိထားကြတယ်



ဒီမှာ ငါမရှိဘူးဆိုတာ သူတို့သိစေချင်တယ်၊ ငါမရှိဘူးလို့ပဲ လျှို့ဝှက်ထား၊ ကြားလား'

ထိုအခါ သတိပေးခံရသူက ခေါင်းညိတ်၏။

'ဟုတ်ကဲ့ အမတ်ကြီး၊ အမိန့်အတိုင်းပဲ ပြောလိုက်ပါ့မယ်'

မုခ်ဦးပေါ်မှ တံခါးမှူးမှာ စိတ်တိုသွားသည်။ အဘယ်ကြောင့်ဆိုသော် သူမေးနေပါလျက် အောက်မှ ပြန်ဖြေသံ မကြားရသောကြောင့်တည်း။ သူသည် ဒေါသထွက်သံနှင့် လှမ်းအော်လိုက်သည်။

'မေးနေတာ မကြားဘူးလားကွ၊ မင်းတို့ ဘယ်သူတွေလဲ ဖြေကြစမ်း'

အောက်မှ ခပ်တိုးတိုး ပြန်ဖြေသံကို ကြားရသည်။

'ကျုပ်တို့ အမှုထမ်းတွေပါ'

'တော်တော်လဲ ကျတဲ့ကောင်တွေပါလား၊ အမှုထမ်းတွေတဲ့၊ အမှုထမ်းတွေကလဲ သန်းခေါင်ကျော် ခရီးထွက်ဘာပဲလား၊ ညနေမိုးချုပ်တာနဲ့ မြို့တံခါးပိတ်ဘယ်ဆိုတာ မသိကြဘူးလား'

'သိပါတယ်ဗျာ၊ ဒါပေမယ့်....'

'ဒါပေမယ့်တွေဘာတွေလုပ်မနေနဲ့၊ ဒီညအဖို့တော့ အဲဒီအပြင်မှာပဲ အိပ်ကြပေတော့ မနက်ဖြန် မနက်ကျမှ မြို့ထဲဝင်ကြပေတော့'

တံခါးမှူးသည် စည်းကမ်းနှင့် မညီညွတ်သော မြို့သူမြို့သားများနှင့် အမှုထမ်းများကို ဝင်ခွင့်မပြုရ ဟူသော

အမိန့်ကို အတိအကျ လိုက်နာသူဖြစ်သည့် အားလျော်စွာ ပြန်လည်အိပ်စက်ရန် ပြင်ဆင်တော့သည်။

အောက်မှ မြင်းနှင့်လူကား စားရိုးပေါ် လက်တင်မိလိုက်သည်။

အခြားမြင်းစီးသမား တစ်ယောက်လည်း ဓားအိမ်ကို လှမ်းကိုင်သည်။ ထိုအခါ မြင်းစီးသမားကိုအမတ်ကြီးက လက်ကာ၍ တားလိုက်၏။

'မင်းတို့ ဘာမှမလုပ်ကြနဲ့'

အသံတိုးတိုးဖြင့် ပြောလိုက်၏။

အမတ်ကြီးသည် မြို့တံခါးမြို့ရိုးပေါ်သို့ လှမ်းကြည့်ပြီး အသံဖျက်၍ ပြောလိုက်၏။

အမတ်ကြီးမှာ ဤကိစ္စများကို ကျွမ်းကျင်နေပုံ ရသည်။ ကောင်းစွာ အသံဖျက်နိုင်သည်။

'ကျုပ်တို့ဟာ တခြားဝန်ထမ်းတွေ မဟုတ်ပါဘူး၊ အမတ်ချုပ်ကြီး လွှတ်လိုက်တဲ့ အမန်တော်ပါ'

တံခါးမှူးသည် အိပ်မည်လုပ်ပြီးမှ ပြန်ထထိုင်ရသည်။ သူသည် အောက်မှပြောသံ ကြားလိုက်ရသောအခါ တွေဝေသွားသည်။

'ဒါဆိုရင် စကားဝှက်ကိုတော့ သိမှာပေါ့၊ စကားဝှက်ကို ပြောစမ်း'

တံခါးမှူးက ခပ်မာမာမေးလေ၏။

အမတ်ချုပ်ကြီးက တစ်ခွန်းတည်း ပြောလိုက်သည်။

'လူစိမ်း'



ရုပ်ချော အသံချော ဖျက်ထားသည့် အမတ်ကြီး၏ စကားကြောင့် တံခါးမှူးသည် ထိတ်လန့်သွားပုံရ၏။

အိပ်ချင်မူးတူး ဖြစ်နေခြင်းများ ပပျောက်သွားသည်။ သူသည် သူ၏လက်ထောက် အစောင့်များကို အော်ဟစ်လေတော့၏။

'ဟေ့ ကောင်တွေ ထကြစမ်း၊ တယ်....ဒီကောင်တွေ ငါလုပ်ရရင် သေတော့မယ်'

အစောင့်များသည် အိပ်ချင်မူးတူးဖြင့် ထ,လာကြလေသည်။

'တံခါးဖွင့်ပေးလိုက်စမ်း၊ ဘာကြောင်နေကြတာလဲ'

အလောတကြီး အမိန့်ပေးသံအဆုံးတွင် ပေနှစ်ဆယ်မျှမြင့်သော တံခါးမကြီးသည် သတ္တုချင်း ပွတ်ကြိတ်သံပြုကာ တဖြည်းဖြည်း ပွင့်လာလေ၏။

တံခါးပွင့်လာသည်နှင့်အမျှ တံခါးစောင့် စစ်သည်များကိုင်ထားသော မီးတုတ်များကြောင့် တံခါးပယ်ဝန်းကျင်၌ လင်းလာသည်။

ထိုအခါ တံခါးသို့ ရောက်ရှိလာသည့် မြင်းစီးစစ်သည်များကို ထင်လင်းစွာ မြင်ရတော့သည်။ သူတို့၏ ဝတ်ရုံများမှာ မီးတုတ်များ၏ အလင်းရောင်အောက်တွင် ပြောင်ထွက်တောက်ပနေသည်။

မြင်းစီးစစ်သည် ခြောက်ဦးသည် တံခါးကြီးပွင့်သွားသည်နှင့် အတွင်းဘက်သို့ ဝင်လာလေ၏။

သူတို့သည် တံခါးမှူးနှင့် အစောင့်များကို လှည့်၍ပင် မကြည့်တော့ချေ။

'ဒီလူတွေ စေ့လန်က လာကြတဲ့လူတွေလား'

မြင်းစီးစစ်သည်များ ခပ်ဝေးဝေးသို့ ရောက်သွားသောအခါမှ တံခါးစောင့်တစ်ဦးက အခြားတံခါးစောင့်တစ်ဦးကို မေးလေ၏။

ထိုအခါ တံခါးမှူးက

'တို့ဖွင့်ပေးရမယ်လေ၊ ဒါတွေက အမတ်ချုပ်ကြီး ကျိုကဲလောက် လွှတ်လိုက်တဲ့ လူတွေကွ'

'အင်း....သူတို့ကျတော့လဲ'

'ဟေ့....စကားတွေ မပြောနဲ့ တံခါးပိတ်ပြီးရင် အိပ်ကြတော့'

တံခါးမှူးသည် ပြောပြီးသည်နှင့်ကျောကိုလှဲချလိုက်တော့၏။ အစောင့်များသည်လည်း တံခါးမှူးကို စကားပြန်မပြောတော့ဘဲ သံခါးပိတ်ကာ ပြန်လည် အိပ်စက်လိုက်ကြတော့သည်။

[ ၄ ]

လက်နက်တိုက် ဖျက်ဆီးခံရခြင်း

မြင်းစီး စစ်သည်တော်များသည် မြို့တံခါးကြီးနှင့်အတော်ဝေးရာသို့ ရောက်လာကြသည်။ ထို့နောက် တဖြည်းဖြည်း မြို့လယ်နှင့် နီးကပ်လာ၏။ ခေါင်းဆောင် လုပ်သူက တစ်ဦးဘက်သို့ လှည့်၍ တီးတိုးပြောလိုက်၏။

'ကျင့်ရှာ ...အသံတွေက ဆူညံနေတုန်းပါပဲလား'

'မြို့စား‌ဟောင်း တိုင်ယန်စင်ရဲ့ အိမ်ကပါဘုရား'

'အိမ်ကိုက တိုင်ယန်စင်ရဲ့အိမ်ဆိုတာတော့ သိပါတယ်'

'အမတ်ချုပ်ကြီး....ဝင်စုံစမ်းဦးမလား ဘုရား'

'ဟ....မောင်မင်းက ဘယ့်နှယ် အမတ်ချုပ်ကြီးလို့ ခေါ်ရတာလဲ၊ နယ်စားကြီးလို့ ခေါ်စမ်းပါ၊ စိတ်ကွမ်မြို့ လက်နက်တိုက်ကို မီးရှို့ပြီးတဲ့နောက်မှာ ငါ့ကို အမတ်ချုပ်ကြီးလို့ ခေါ်ဖို့

မလိုတော့ဘူး၊ ရှုံ့အန်ပြည်နယ်မှာ ချုံးမျိုးနွယ်တွေအုပ်စိုး
တာ ခုကာလယာ နောက်ဆုံးကာလပဲကွ၊ ငါဟာ ဒီ စီကွမ်မြို့
ကို ဒီတိုင်းပြည်တစ်ပြည်လုံးရဲ့ ဗဟိုချက်မဖြစ်အောင် ဆော
ရွက်ရမယ့်လူကွ'

'အင်မတန် သင့်လျော်ပါတယ် နယ်စားကြီး'

ကျင့်ရှာသည် ဗေဒင်းတော်ညိတ် စိတ်တော်သိသူဖြစ်၏
အမတ်ကြီးကြိုက်မည့် စကားကို ပြောလိုက်သည်။

အမတ်ချုပ်ကြီးသည် မြို့စားကြီး တိုင်ယန်စင်၏ စံအိမ်သို့
လှမ်းကြည့်ရင်း တစ်ယောက်တည်း ပြောဆိုနေသည်။

'အင်း....တိုင်ယန်စင် တိုင်ယန်စင်၊ ငါ့ သတင်းရထားသ
အတိုင်းပါပဲလား၊ သူတို့သား တိုင်မင်လီ အနောက်ပိုင်းလွင်ပြ
မှာ သွားပြီး ပညာသင် ပြန်လာတဲ့အတွက် ပျော်ပွဲရွှင်
ကျင်းပနေတာပါလား'

သူသည် နောက်ဘက်သို့ လှည့်၍ ခေါ်လိုက်၏။

'ဒီမှာ ကျင့်ရှာ'

'အမိန့်ရှိပါ နယ်စားကြီး'

ကျင့်ရှာက ပြန်လည်လျှောက်ထားချေလေ၏။

အမတ်ချုပ်ကြီးက....

'တို့ အဲ့ဒီတစ်ကွက် လွတ်သွားတယ်'

ကျင့်ရှာမှာ နားမရှင်းချေ။

'ဘယ်တစ်ကွက်လဲ ဘုရား'

'တိုင်....တိုင်မင်လီ ဆိုတဲ့ကောင်ကို ဒီ စီကွမ်မြို့မရောက်ခ
ကတည်းက သုတ်သင်ရှင်းလင်းဖို့ ကောင်းတာကွ'



'အဲဒီလို ကျတော့လဲ....'

'ဘာဖြစ်သလဲ၊ ဒီမြို့ကို မရောက်ခင် ရှင်းပစ်လိုက်လဲပြီးသွား
တာပဲ၊ ဒီကောင် အနောက်ပိုင်းလွင်ပြင် သခင်ကြီးလို့ နာမည်
ကြီးခဲ့တဲ့ ဆူယွမ်တင်မိုဆီမှာ သိုင်းပညာသင်ပြီး ပြန်လာတာ
ကွ၊ ဒီကောင်က လူပြန်မရောက်ခင်ကတည်းက သူ့နာမည်က
ကျော်ကြားပြီးသား ဖြစ်နေတယ်၊ ဒီကောင့်ကို တစ်နည်းနည်း
နဲ့ ရှင်းပစ်မှ ငါ့ရဲ့လမ်းက အောင်မြင်လိမ့်မယ်ကွ'

ကျင့်ရှာမှာ ဘာမျှမပြောသာချေ။ သူ့အနေဖြင့် သခင့်
အလိုကျ လိုက်လုပ်ရန်သာ ရှိသည်။ ထို့ကြောင့် နှုတ်ဆိတ်နေ
လိုက်ရတော့သည်။ ထိုစဉ် သူသည် မြို့စားဟောင်း တိုင်ယန်
စင်၏ အိမ်ကို ကျော်လွန်လာပြီး သူတို့သွားမည့် လမ်းသို့
ရောက်လာ၏။

သူတို့သွားမည့် နေရာကား လက်နက်တိုက်ရှိမည့် နေရာ
တည်း၊

သူတို့သည် ရှေးကပင် ကြိုတင် တိုင်ပင်ပြီး ဖြစ်ကြရာ
မြင်းပေါ်မှ ဆင်းပြီး အသံမကြားအောင် လျှို့ဝှက်လျှောက်
ကြလေတော့သည်။

လက်နက်အဖြစ် ပြုလုပ်ထားသော ခြံဝင်းမှာ ပေနှစ်ရာ
ခန့် ကျယ်သည်။ ဆယ့်နှစ်ပေမျှမြင့်သောအုတ်ရိုးဖြင့်ကာရံထား
သည်

ထိုခြံဝင်းအတွင်းတွင် ပေခြောက်ဆယ်မျှရှည်၍ အနံအား
ဖြင့် ပေသုံးဆယ်ခန့်ရှိသော အုတ်တိုက်ရှည်နှစ်လုံးကို ဆောက်

လုပ်ထားသည်။ ထိုဝင်းခြံထဲက တံခါးကို အစဉ်အမြဲ ပိတ်ထားလေ့ရှိသည်။

ပိတ်ထားသည့် တံခါးအတွင်းဘက်၌ လူဝင်လူထွက်နှင့် လက်နက်အထုတ်အသွင်း စီစဉ်သည့် ရုံးခန်းတစ်ခုရှိသည်။

အတွင်းဘက်မှ လက်နက်ရုံနှင့် လက်နက်တိုက်များသည် ဝင်းနံရံအုတ်ရိုးထက် ပို၍မြင့်သောကြောင့် လက်နက်ရုံ လက်နက်တိုက်များ၏ ခေါင်မိုးများကို မြင်နေရသည်။

ဤလက်နက်တိုက်ရုံတွင် နေ့ဘက်ဖြစ်စေ ညဘက်ဖြစ်စေ အစောင့်အကြပ် ဆယ်ဦးမျှသာ ရှိသည်။ လက်နက်တိုက် လက်နက်ရုံတွင် အစောင့် ဆယ်ဦးမျှသာ ထားသည် ဆိုသည်မှာ အလွန်နည်းပါးသော အရေအတွက် ဖြစ်သည်။

ပြည်ပမှ ရန်သူများသာ ဝင်ရောက် တိုက်ခိုက်ရပေလိမ့်မည်။

သို့သော် ယခုအခါ၌မူ အစောင့်စစ်သည်များမှာ အလုပ်ဟူ၍လည်း မည်မည်ရရ မရှိချေ။ အိပ်ပြီးစား စားပြီး အိပ်သာ နေနေရလေသည်။ လက်နက်တိုက်ကို လာရောက်ဒုက္ခပေးသည့် လူလည်း ပေါ်မလာသောကြောင့် အားလုံး ပေါ့ပေါ့ဆဆ ဖြစ်နေကြသည်။

ပြည်ပမှ ရန်သူများသာ ဝင်ရောက်မည်ဆိုလျှင် ထိုဆယ်ယောက်ကို ခဏမျှသာ တိုက်ခိုက်ရပေလိမ့်မည်။

သူတို့သည် အစောင့်သက်သက်မျှသာ ဖြစ်သောကြောင့် အခြားဝင်ငွေလည်း မရှိကြချေ။ အလုပ်ကလည်း စိတ်ဝင်စားရာမရှိ။ အစောင့်စစ်သားများကို အခြားစစ်သည်များနှင့်



လဲလှယ်ပေးခြင်းလည်း မရှိသဖြင့် သူတို့သည် ငြီးငွေ့စွာ တာဝန်ထမ်းဆောင်နေကြရရှာသည်။

ထို့ကြောင့် လက်နက်တိုက်ကို စောင့်ရှောက်သော စစ်သည်တို့မှာ နေ့ဘက်အခါတွင် စစ်တုရင်ကစားခြင်း၊ ကြွေပစ်ခြင်း စသည်တို့ဖြင့် အပျင်းပြေကြရသည်။

ညဘက်အခါတွင် ခြံဝင်းထဲရှိ သစ်ပင်များပေါ်၌ လာရောက်နားခိုကြသည့် ငှက်ငယ်များကိုဖမ်းဆီးပြီး ဖုတ်ကင်မြှီး အရက်နှင့်မြည်းကြ၏။ အရက်ဝိုင်းကိုဖွဲ့ကြ၏။

ယခုလည်း မှောင်ရီပျိုးစ အချိန်ကတည်းက အရက်ဝိုင်းဖွဲ့ခဲ့ကြသော စစ်သားများမှာ မူး၍ အိပ်ပျော်နေကြပြီ ဖြစ်လေ၏။

လက်နက်တိုက်၏ လုံခြုံရေးတာဝန်ခံသည် ကင်းဟာဝန် မချသဲ နေသည်တော့မဟုတ်ချေ။ သူသည် ထုံးစံအတိုင်းစစ်သည် သုံးယောက်စီကို အတွဲသုံးတွဲစီ ခွဲပြီး ကင်းစောင့်ရန် အမိန့်ပေးသည်။

ကင်းတွဲသုံးတွဲကိုတော့ ကင်းတာဝန် ပေးထားသည်။ သူသည် ကင်းချပြီးကတည်းက သူ့အခန်းတွင်းသို့ ဝင်သွားတော့သည်။

လက်နက်တိုက် လုံခြုံရေးတာဝန်ခံကတော့ အရက်မသောက်ချေ။ ထို့အတွက် သူ့ကို ချီးကျူးရန် ဆန္ဒမစောသင့်ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ဘိန်းရှူသောကြောင့်ပေတည်း။

တာဝန်ခံသည် ညဉ့်ဦးယံကပင် သူ့နားနေသည့် အခန်းထဲသို့ဝင်ခဲ့၏။ အလိုက်သိသော ရဲမက်စစ်သည်များက သူတို့ဆူညံသည့် အသံများကြောင့် သူတို့၏ဆရာ အနှောင့်အယှက် ဖြစ်မည်ကို စိုးရိမ်သဖြင့် သူ့ဆရာ နားနေသည့် အခန်းအနီး၌ မနေကြတော့ပေ။

သူတို့နားနေရာ အခန်းထဲ၌ သွားရောက် စုပေါင်းနေထိုင်ကြတော့သည်။ သူတို့သည် ဤရုံးခန်းကလေးထဲ၌ သောက်စားမူးယစ်ကာ တချို့လည်းအိပ်ပျော်လျက် တစ်ညတာ ကုန်ဆုံးစေသည်။

ညဉ့်နက်လာသောအခါ အားလုံး အိပ်ပျော်ကုန်တော့သည်။ မည်သူသည် လက်နက်တိုက် လက်နက်ရုံကို စောင့်ရှောက် ကြတော့မည်နည်း။

ထို့ကြောင့် လက်နက်တိုက်ထဲကို ဖျက်ဆီးမည့်လူများ အုတ်နံရံကို ကျော်တက်လာသောအခါ အိပ်ပျော်နေသော စစ်သည်ရဲမက်များသည် ဘာကိုမျှ မသိကြတော့ပေ။

သူတို့သောက်သည့် အရက်များမှာ လက်နက်ရုံကို ဖျက်ဆီးရုံတင်မက သူတို့ဘဝများပါ အဖျက်ဆီးခံလိုက်ရတော့သည်။ သူတို့သောက်စား မူးရူးသည့်ဒဏ်ကို သူတို့ပင် ခံလိုက်ကြရသည်။

သူတို့သည် အားလုံး အသတ်ခံလိုက်ရ၏။ လက်နက်များ မီးလောင်သောအခါ သူတို့အားလုံး မီးသဂြိုဟ်လိုက်သလို ဖြစ်သွားသည်။



လက်နက်တိုက် မီးစတင်လောင်ကျွမ်းသော အချိန်တွင် တိုင်မင်လီနှင့် မေစင်ကွမ်တို့သည် အိပ်စက်ခြင်း မရှိသေးပေ။ မေစင်ကွမ် တိုင်မင်လီတို့ စံအိမ်ကြီးထဲသို့ ရောက်ရှိသော အချိန်တွင် အိမ်ရှင်နှင့် အစေခံတို့၏ ဆက်ဆံရေးကိုကြည့်ပြီး အလွန်အံ့သြထိတ်လန့်သွားခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ကျွန်နှင့်သခင်တို့၏ ဆက်ဆံရေး ဖြစ်နေသောကြောင့် တည်း။

သူတို့ အနောက်မြောက်ပိုင်းနယ်မြေတွင် အိမ်ရှင်နှင့် အစေခံတို့မှာ ဤဆက်ဆံရေးမျိုး မဟုတ်ချေ။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ကျွန်နှင့် သခင်တို့၏ ဆက်ဆံရေး ပျောက်ကွယ်သွားခဲ့ပေသည်။ လူလူချင်း ဤမျှ ခွဲခြားဆက်ဆံသည်ကို သူမ မခံစားတတ်ပေ။

သူမသည် တိုင်မင်လီနှင့် နှစ်ဦးယောက်တည်း တွေ့ရသော အခါ ထိုအခါ ထိုအကြောင်းကို ပြောပြလေ၏။ တိုင်မင်လီကမူ ငြိမ်သက်စွာ နားထောင်နေသည်။

'စီကွမ်မြို့ကြီးဟာ ကြီးကျယ်တယ်ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကြီးကျယ်တာနဲ့ ဆုတ်ယုတ်တာနဲ့မမျှပါဘူး၊ ဒီမှာ အိမ်ရှင်နဲ့ အစေခံရဲ့ ဆက်ဆံရေးဟာ ကျွန်နဲ့ အရှင်သခင်လို ဆက်ဆံကြတာပဲ၊ ကျွန်မတို့ဆီမှာတော့ အဲသလို မရှိဘူး၊ အဲဒါ ဘာဖြစ်လို့လဲဟင်'

တိုင်မင်လီ ရှင်းပြရတော့သည်။

'ဒီမှာက နယ်ရှင်ပယ်ရှင် ပဒေသရာဇ်တွေ နယ်စားမြို့စားကြီးတွေ ရှိနေတော့ အရှင်နဲ့ သခင် ဆက်ဆံရေးက ရှိနေတော့

မှာပေါ့လေ၊ ကျေးကျွန်များများရှိရင် ဂုဏ်ရှိတယ်ဆိုတဲ့ အယူအဆကလဲ ဒီမှာရှိနေတော့ ဒီမှာ ဒီဆက်ဆံရေးကို ပယ်ဖျက်ဖို့ ခက်ပါတယ်'

သူသည် ပြောပြီးသည်နှင့် မေစင်ကွမ်၏ ပခုံးကလေးပေါ် လက်တင်လိုက်သည်။

ထိုအချိန်တွင် ဖွင့်ထားသောပြတင်းပေါက်မှ အလင်းရောင်များ ဝင်ရောက်လာ၏။ တိုင်မင်လီသည် ထိုမှ ပြတင်းပေါက်ရှိရာသို့ ထသွားလေ၏။

'ဘာဖြစ်လို့လဲဟင်....တိုင်မင်လီ'

နောက်မှ လိုက်လာသော မေစင်ကွမ်က မေးမြန်းလိုက်၏။ တိုင်မင်လီက မဖြေချေ။ မီးတောက် မီးလျှံများ တဟဲဟဲ တက်နေသည့် နေရာကို လက်ညှိုး ထိုးပြလိုက်တော့သည်။

[ ၅ ]

လျှို့ဝှက်စခန်း

တိုင်မင်လီက တီးတိုးပြောလေ၏။

'စီကွမ်မြို့တော့ ကံဆိုးမိုးမှောင်ကျနေပြီ မေစင်ကွမ်၊ တစ်ယောက်ယောက်ကတော့ လက်နက်တိုက်ကို မီးရှို့လိုက်ပြီ၊ ဒီမီးကို ဘယ်သူမှ ငြိမ်းသတ်လို့မရတော့ဘူး'

သူ၏အသံမှာ စိတ်ပျက်သံပါနေ၏။

မေစင်ကွမ်က....

'လက်နက်ရုံမှာ အစောင့်မရှိဘူးလားဟင်'

'ရှိတာပေါ့ကွယ်....ရှိတာပေါ့၊ ဒါပေမယ့် အမတ်ချုပ်ကြီး လုပ်တဲ့လူနဲ့ နယ်စားကြီးလုပ်တဲ့ လူကိုယ်တိုင်က မကောင်း

မကာန်းတွေလုပ်နေတော့ လက်နက်တိုက်က အစောင့်တွေလဲ ဘာတတ်နိုင်တော့မှာလဲကွယ်'

'အစောင့်က တော်တော်များသလားဟင်'

'လက်နက်တိုက် လက်နက်ရုံဆိုတာ အစောင့်တော်တော် များများ ထားထားကြပါတယ်၊ ဒါပေမယ့် ဒီလက်နက်တိုက် မှာတော့ ဟိုးအလျင်ကတည်းကအစောင့်များများစား မရှိပါ ဘူး၊ သူတို့က အစောင့်နည်းနည်းလေးပဲ ထားတတ်ကြသကိုး၊ အဲဒီ လက်နက်တိုက်ကို ဖျက်ဆီးမယ့်လူတွေ အခွင့်အရေး တစ်ခုပဲပေါ့'

တိုင်မင်လီသည် မီးတောက်မီးလျှံများကို ကြည့်လိုက် ပြီး....

'မေစင်ကွမ်ရေ ရှီအန်ပြည်နယ်ထဲမှာတော့ သွေးချောင်း စီးတော့မယ်နဲ့တူတယ်'

'ဘာဖြစ်လို့လဲဟင်၊ ရှင် ဘာတွေ တွေ့နေရလို့လဲ'

'အခု တွေ့နေရပြီလေ၊ အခု မီးလောင်နေတာဟာ စီကွမ် မြို့ သွေးချောင်းစီးတော့မယ့် အတိတ်နိမိတ်ပဲပေါ့'

တိုင်မင်လီသည် စိတ်မကောင်းခြင်းကြီးစွာ ပြောလိုက် သည်။ နောက်၌ရှိနေသော မေစင်ကွမ်က ထိုင်မင်လီ၏ခါးကို ဖက်ရင်း....

'တိုင်မင်လီ ဒီအတွက်တော့ ဘာမှမပူပါနဲ့ရှင်ရယ်၊ တစ်မြို့ လုံး တစ်ပြည်လုံး မီးဟုန်းဟုန်း တောက်လောင်နေပါစေ၊ ရှင့်ဘေးမှာ ကျွန်မရှိနေမှာပဲ၊ ကျွန်မဟာ ရှင်နဲ့ သေအတူ ရှင် မကွာ လက်တွဲနေမှာပါရှင်၊ ဘယ်လို မကောင်းဆိုးဝါးတွေ



လာမှာလဲ လာကြပါစေ၊ အဲဒီရန်စွယ်တွေကို ရှင်နဲ့ ကျွန်မ နှစ်ယောက် လက်တွဲပြီး ခုခံတားဆီးမှာပေါ့၊ ကဲ....ဒါတွေ တွေးမနေနဲ့တော့၊ တွေးရင် မဆုံးနိုင်တော့ဘူး၊ လာပါ ကျွန်မ အိပ်ချင်ပြီ'

သူမသည် တိုင်မင်လီကို ဆွဲခေါ်သွား၏။

မေစင်ကွမ်ပြောသည်မှာ အမှန်ပင် ဖြစ်သည်။ တိုင်းရေး ပြည်ရေးဆိုသည် တွေးလေတွေးလေ မဆုံးနိုင်လေဖြစ်သည်။ ကိုယ်တစ်ယောက်တည်းကြောင့် ထူးထူးခြားခြား ပြောင်းလဲမှု လည်း မဖြစ်နိုင်ပေ။

သူတို့မှာ ချစ်စခင်စ ကြင်နာစဖြစ်၍ ဤအခိုက်အတန့် ကလေးကို စိတ်မကောင်းစရာများတွေးပြီး အချိန်မဖြုန်းနိုင် ပေ။ မေစင်ကွမ် တွေးသည်မှာ လက်ခံနိုင်စရာရှိသည်။

သို့သော် တကယ်တမ်းကျတော့ သူတို့နှစ်ဦးစလုံး အိပ် မပျော်ကြချေ။

မေစင်ကွမ်သည် စောစောက တိုင်မင်လီအား ဘာမျှ မတွေးနှင့်ဟု ပြောသော်လည်း တကယ်တမ်းကျတော့ ခုတင် ပေါ်တွင် သူမသည်လည်း တွေးတောနေမိသည်။

တိုင်မင်လီမှာလည်း သူ့အတွေးနှင့်သူ ငေးမောနေမိ သည်။

မေစင်ကွမ်သည် သူ့ဘာသာတော့ ဘာမျှမသိပေ။ တိုင် မင်လီထံမှ သိရှိရသော အကြောင်းအရာများကို ဆက်စပ်လိုက် သောအခါ နိုင်ငံတော်အရေး၊ ပြည်နယ်အရေး၊ မြို့တော်အရေး

နှင့် ကိုယ့်မိသားစုအရေးပင် စိတ်မဝေးစရာ ဖြစ်နေကြောင်း ကို သိရှိလိုက်ရတော့သည်။

သူသိရသည့်အချက်များထဲတွင် နယ်စားကြီး၏ ညံ့ဖျင်းပုံ အမတ်ချုပ်ကြီး၏ ကလိမ်ကကျစ်ကျပြီး လျှို့ဝှက် ကြံစည်မှု များဖြင့် ရောထွေးပြွမ်းတီးနေပုံမှာ ပြည်နယ်တစ်ခုလုံးပျက်စီး ရာ ပျက်စီးကြောင်း ဖြစ်နေသည်ကို တွေးမိလေ၏။

ဟိုင်မင်လီကား စီကွမ်မြို့သို့ ပြန်လာစဉ်က အဖြစ်အပျက် များကိုသာ တွေးနေသည်။ တောလမ်းခရီးတွင် ကျားသစ် တစ်ကောင်နှင့် တွေ့ခြင်း။ ကျားသစ်က တိုက်ခိုက်ခြင်း။ နတ္ထိ ဝါဒ ဂိုဏ်းသားတစ်ယောက်က စီကွမ်မြို့လယ်တွင် အော်ဟစ် ခုန်ပေါက်နေခြင်း။

ညတွင်းချင်း လက်နက်တိုက်မှ မီးတောက်ကို မြင်ရခြင်း စသည့် အဖြစ်အပျက်များကို တစ်ခုချင်း ပြန်မြင်နေရသည်။ ဟိုင်မင်လီမှာလည်း သက်ပြင်းသာ ချနေတော့သည်။

အမတ်ချုပ်ကြီး ကျိုက်လောက်ကား ပြဿနာကို ကြိုတင် တွက်ဆနိုင်သူဖြစ်သည်။ လက်နက်တိုက်ကို ဝင်စီး မီးရှို့ပစ်



ပြီးနောက် သူ့လူများကို ကိုယ်ယောင် ဖျောက်ခိုင်းလိုက် သည်။

သူ့လူများကလည်း လျှင်သည်။ ဟိုတစ်ယောက် သည် တစ်ယောက် လူစုခွဲလိုက်ကြ၏။

အမတ်ချုပ်ကြီးသည် သူ့လူများ လူစုခွဲပြီးသောအခါ သူကိုယ်တိုင် မြို့တောင်ဘက်အစွန်သို့ ထွက်ခွာလာလေတော့ သည်။

ထိုနေရာတွင် သုသာန်တစ်ခု ရှိသည်။ ထိုသုသာန်ကား ချောက်ချားဖွယ်ကောင်းလှသည်။

ထိုသုသာန် မည်မျှချောက်ချားဖွယ် ကောင်းသနည်းဟူမူ နေဝင်မိုးချုပ်လျှင် ထိုသုသာန်သို့ သွားဝံ့သူမှာ ရှားလှ သည်။

ထိုအခါ သုသာန်မှာ လူအရောက်အပေါက် နည်းသွား တော့သည်။ လူသူကင်းရှင်းပြီး တိတ်ဆိတ်သထက် တိတ်ဆိတ် သွားတော့သည်။

ထိုသုသာန်မှာ ကွင်းပြင်ကြီးတွင် ဖြောင့်ရှိနေသည် မဟုတ် ပေ။ ရှိုးပြိတ်သစ်ပင်များနှင့် ချုံပုတ်များ၊ ချုံနွယ်များ ရှိနေသဖြင့် တောတစ်ခုကဲ့သို့ ထင်မှတ်ရသည်။

ထိုသုသာန်တွင် ဇရပ်ပျက်နှစ်ဆောင်ရှိနေသည်။

ထိုနေရာ၌ တိတ်ဆိတ်ငြိမ်သက်ပြီး လူကောင်းသူကောင်း များ ကင်းရှင်းသော်လည်း စဏ္ဍာလများနှင့် ဖုန်းတောင်း ယာစကာများ ရှိနေကြသည်သာ။

ထိုစက္ကူလများနှင့် ဖုန်းတောင်းယာ စ ကာ များ သည် စကားကို အပိုပြောလေ့မရှိသဖြင့် စကားများခြင်း ဆူညံခြင်း လုံးဝမရှိပေ။

ကျိုက်လောက် မြင်းစီး၍ ရောက်လာချိန်တွင် သေသူများ အတွက် မီးရှို့ထားသော မီးပုံတချို့ တောက်လောင်ဆဲ ရှိနေသေး၏။

မီးပုံများမှာ ရွှေစက္ကူ ငွေစက္ကူနှင့် အမွှေးနံ့သာတုံး များကို မီးရှို့ထားသော မီးပုံဖြစ်သည်။

ထိုမီးပုံများမှာ မှောင်ကြီး မည်းကြီးထဲတွင် ရောမ သတ္တဝါကြီးတစ်ကောင်၏ မျက်လုံးများသဖွယ် ဖြစ်နေလေ သည်။

အမှောင် သမ်းလာသောအခါ သစ်ပင်ရှည်ကြီးများက လည်း ဘာမှန်းမသိသော သတ္တဝါကြီးများ၏လက်တံသဖွယ် ထင် တ်ရသည်။

လေတိုက်လိုက်သောအခါ သုသာန်အစပ်၌ ပေါက်နေ သော ဝါးရုံပင်များ၏ တချွဲချွဲမြည်သံမှာ မကောင်းဆိုးဝါး များ တီးတိုးပြောနေသကဲ့သို့ ထင်မှတ်ရသည်။

ထို့ကြောင့် လူအများသည် ဤသုသာန်သို့ မလာဝံ့ကြခြင်း ဖြစ်သည်။

ထိုသို့ လူများ အရောက်အပေါက်နည်းသောအခါ တော တွင်းမှ တောခွေးများ၊ ဝံပုလွေများစသည့် တိရိစ္ဆာန်များ သည် ဤသုသာန်သို့ ရောက်ရှိလာကြတော့၏။



စောစောက မီးပုံများမှ မီးအလင်းရောင်ကြောင့် မည် သည့် သတ္တဝါများ လာရောက်ကြသည်ကို တွေ့မြင်နိုင်သည်။ သူတို့သည် သေသူအတွက် ရည်စူး၍ ထားရစ်ခဲ့သော အသား ကင်များ၊ မုန့်များကို လာရောက်စားသောက်ကြခြင်း ဖြစ် သည်။

သုသာန်ထဲရှိ စက္ကူလများ၊ ဖုန်းတောင်းယာစကာများ သည် မှောင်စပျိုး လာသည်နှင့် ဇရပ်များ အောက်သို့ မဆင်းကြပေ။

သူတို့သည် သားကောင်များနှင့် တိုးမည်ကို စိုးရွံ့ခြင်း ကြောင့်လည်း မဆင်းဘဲနေခြင်း ဖြစ်နိုင်သည်။

အားလုံး ခြုံကြည့်လျှင် ဤသုသာန်သည် ကြောက်ရွံ့စရာ ထိတ်လန့်စရာ မသတီစရာ ကောင်းလှပေသည်။

ထိုစဉ် ...

'အူး....အူး....အူး'

'အူး....အူး....အူး'

တောခွေးများ၊ ဝံပုလွေများ၏ အူသံက ဆူညံလာသေး သည်။

ထိုအခါ စက္ကူလများ ဖုန်းတောင်းယာစကာများသည် ဇရပ်များပေါ်မှ ပို၍ မဆင်းရဲတော့ပေ။

ဤမျှ မှောင်မိုက်နေသော အကာလ ညအခါတွင် အမတ် ကြီး ကျိုက်လောက်သည် တစ်ယောက်တည်း ရောက်ရှိလာခဲ့ လေ၏။

အမတ်ကြီး ဤနေရာသို့ ရောက်လာခြင်းကို စဉ်းစားတတ်သူ မည်သူမဆို စဉ်းစားတွေးတောနိုင်သည်။

မည်သူ့ကိုမျှ စိတ်မချရသော လျို့ဝှက်အကြံအစည်ကြီး တစ်ခု ရှိနေသည်ကိုကား စဉ်းစားတတ်သူများ တွေးခေါ် စဉ်းစားနိုင်ပေ၏။

ကျိုက်လောက်။

ရှံ အန်ပြည်နယ်၏ အမတ်ချုပ်ကြီး။

ထိုအမတ်ကြီးသည် တကယ်သည်း လျို့ဝှက်ဆန်းကြယ်လှသူ တစ်ယောက်ဖြစ်လေ၏။ သူသည်ရောင့်ရဲမှုမရှိသည့် လူသား တစ်ဦးဖြစ်သည်။

ဤလောက၌ ရောင့်ရဲမှုမရှိသော သူ့လောက် စိတ်ပူပန်ရ ခြင်း၊ ကြောင့်ကြရခြင်း၊ စိုးရိမ်ရခြင်းစသည့် ဗျာပါရများ များသူမရှိတော့ပေ။

သူသည် ရောင့်ရဲမှုမရှိခြင်းကြောင့် ဘာမဆို လုပ်ကိုင်ရန် အဆင်သင့်ရှိနေ၏။ သူ၏အလိုဆန္ဒများပြည့်စုံရန်အတွက် မည်သူ့ကို သတ်ရမည်နည်း၊ မည်သူ့ကိုလုပ်ကြံရမည်နည်း။

တရားသည် မတရားသည်ကို သူမသိတော့ပေ။ မစဉ်းစား တော့ပေ။ သူ့အတွက် အထွတ်အထိပ်ရောက်လျှင် သူအေး ချမ်းမည်ဟု ထင်သည်။ တကယ်တော့ မရောင့်ရဲသူသည် မည်သည့်အခါမျှ မအေးချမ်းနိုင်ပေ။

ယခု အလွန်ချောက်ချားဖွယ်ကောင်းသော အမတ်ချုပ် ကြီးသည် ချောက်ချားဖွယ်ရာများကို တစ်ခုမျှ ဂရုမစိုက်ချေ။



တောခွေးများ ကူအော်သံဖြင့် ပေါ်နေသော အရိုးအစ အနများ၊ အိုးခြမ်းပဲ့များ၊ အုတ်ဂူများနှင့် ပြိုလဲကျနေ သော မှတ်တိုင်များကို သူတွေ့နေရသော်လည်း တစ်ခုမျှ ဂရု မစိုက်ခဲ့ချေ။

အမတ်ချုပ်ကြီးသည် သူ၏ မြင်းကြီးကိုသာ ဂရုတစိုက် မောင်းနှင်လာခဲ့သည်။ အမတ်ချုပ်ကြီးလာသည်မှာ သုသာန် ဆီသို့လာခြင်းဟု ထင်မှတ်စရာရှိသည်။ မှားသွားမည်။

အမတ်ချုပ်ကြီးသည် သုသာန်ကို ဖြတ်သန်းလျက် သရက် တောအစပ်သို့ရောက်အောင် လာခဲ့သည်။ ဤသို့သောအခါမှ သူ့ကိစ္စသည် သရက်တော၌သာရှိသည်ဟု ခန့်မှန်းနိုင်ခဲ့ပေ၏။

သရက်တောသို့လာသည့်လမ်းမှာ ဤတစ်လမ်းတည်းမဟုတ် ချေ။ လမ်းသုံးလမ်းရှိသည်။ ဤသုသာန်ကို ဖြတ်သန်း လာသောလမ်းမှာ လမ်းသုံးလမ်းအနက် အတိုဆုံးနှင့်အနီး ဆုံး ခရီးလမ်း ဖြစ်လေသည်။

သူသည် သရက်တောသို့ အဘယ်ကြောင့် လာပါသနည်း။

ဤသရက်တောထဲ၌ အားလပ်သည့် အချိန်များတွင် ပျော်ပျော်ပါးပါးလာရောက်နေထိုင်စားသောက်ရန် အမတ် ချုပ်ကြီး ကျိုက်လောက်၏သားဖြစ်သူ ကျိုယန်စစ်သည် အိမ်ကြီးတစ်ဆောင်ကို ဆောက်ထားသောကြောင့်တည်း။

ဤအိမ်ကြီးမှာ အမတ်ချုပ်ကြီးတည်းခိုဖို့ ဆောက်လုပ် ထားသည့်အိမ် မဟုတ်ပေ။သို့သော် အမတ်ချုပ်ကြီး ဓေ့လန် ပြည်နယ်မှ လျှို့ဝှက်ရောက်လာသည့်အခါမျိုးတွင် ဤအိမ် ကြီး၌ လျှို့ဝှက်တည်းခိုတတ်လေသည်။

သူ၏ သားတော်ဖြစ်သူ ကျိုဟန်စစ်သည် ဤအိမ်ကြီး
ပစ်ထားသူ မဟုတ်ပေ။ အိမ်ဖြစ်လျှင် ပြီးရောဟု ပစ်ထား
မဟုတ်ပေ။ စိတ်ချယုံကြည်ရသော တပည့်ငါးဦးအား ရိ
အပြည့်အစုံဖြင့် ဤအိမ်ကြီးအတွင်းတွင် နေထိုင်စေသည်
သူတို့တာဝန်မှာ အိမ်ကြီးတွင် တည်းခိုမည့်သူမရှိလျ
စိတ်ကြိုက်နေနိုင်ခွင့်ရှိသည်။ တည်းခိုမည့်သူရှိလျှင်မူ ထိုတည်
ခိုသူ စိတ်တိုင်းကျ နေထိုင်စားသောက်ရန် စီမံပေးရ
သည်။

အထူးသဖြင့် အမတ်ချုပ်ကြီး ကျိုကဲလောက်လာရော
တည်းခိုသည့်အခါတွင် သူတို့ ပို၍ဂရုစိုက်နေရသည်။ အမ
ချုပ်ကြီးသည် ပြည်နယ်နှစ်ပြည်နယ်စလုံးတွင် ခေါးထက်
မဟုတ်ပါလား။

အမတ်ချုပ်ကြီးသည် အကြံကြီးလှသူ ဖြစ်သည်။ သူ့အ
ကို မည်သူမျှ လိုက်မမီချေ။ သားဖြစ်သူ ကျိုဟန်စစ်လည်
လိုက်မမီချေ။

အမတ်ချုပ်ကြီးသည် ဤအိမ်၌ လာရောက်တည်းခို
ဆိုလျှင် အိမ်တော်ဝန်ထမ်းများ အလုပ်များကြတော့
အဘယ်ကြောင့်ဆိုသော် အမတ်ချုပ်ကြီးသည် လော
စည်းစိမ်ဟူသမျှကို အကုန်ခံစားသောကြောင့်တည်း။

သူသည်အပျော်အပါးအားလုံး ခံစားနိုင်သူပီပီ ကာမဂု
အာရုံဟူသမျှကိုလည်း ခံစားတော့သည်။

သူသည်လွန်ခဲ့သည့် သုံးနှစ်ကမူ စိတ်ကူးတစ်မျိုး ပြော
သွားခဲ့သည်။ သူသည် သားဖြစ်သူ ကျိုဟန်စစ်အား အ



တစ်ခုပေးခဲ့သည်။ အကြံပေးသည်ဆိုသည်မှာ အမိန့်ပေးခြင်း
ပင် ဖြစ်သည်။

သို့သော် အမတ်ချုပ်ကြီး၏ လူယုံတော်အားလုံးကမူ
အမတ်ချုပ်ကြီး အကြံပေးသည်ဟုသာ နားလည်ကြပေသည်။

ထိုသရက်တောတစ်ခုလုံး နတ္တိဝါဒကိုဏ်းချုပ်ကြီး ရဲယိ
တောက်အားပေးလှူရန် အကြံပေးခဲ့ခြင်း ဖြစ်သည်။ သား
ဖြစ်သူကလည်း လှူဒါန်းခဲ့သည်။

နတ္တိဝါဒကိုဏ်းချုပ်ကြီး ရဲယိတောက်ကားနှယ်နှယ်ရရ
လူ မဟုတ်ပေ။ ဤစီကွမ်မြို့တွင်သာမက ရှိအန်ပြည်နယ်တစ်ခု
လုံး၌ သူ၏ အမည်နာမကို ပြောလိုက်ရုံဖြင့် သက်ရှိ ပုဂ္ဂိုလ်
များ မဆိုထားနှင့် သက်မဲ့ကျောက်ရုပ် ပန်းပုရုပ်များပင်
တုန်လှုပ်သွားကြသည်ဟု ဆိုရိုးစကားရှိသည်။

ရဲယိတောက်သည် အကျင့်လွန်သောသူတည်း။ သူသည်
စိတ်တန်ခိုးရရှိရေးအတွက် ကျင့်စဉ်တစ်ရပ်ကိုထိုင်တတ်သည်။
တစ်ခါတရံ ဆိပ်တန်းကျင့်စဉ်ရရှိရေးအတွက် သုသာန်၌
တရားထိုင်တတ်သည်။

တစ်ခါတစ်ရံတွင်မူပျက်စီးယိုယွင်းနေသောဘုရားကျောင်း
အကြိုအကြားများကြား၌ သူ့ကို တွေ့ရတတ်သည်။

သူသည်တစ်ခါတစ်ရံ၌ လူသေများ ပတ်လည်ဝိုင်းဝန်း
တရားထိုင်နေသည်ကို တွေ့ရတတ်သည်။

သို့သော် သူ မဟုတ်တာ လုပ်သည်ကိုတော့ မည်သူမျှ
၄ မတွေ့ရ၊ အရက်သောက်ခြင်း၊ မိန်းမများနှင့် ပျော်ပါးခြင်း

စသည်တို့ လုပ်လျှင် ကျူပြဟန်စစ် လှူဒါန်းထားသော သရက်တော အိမ်ကြီး၌ လုပ်တတ်၏။

ကျူပြဟန်စစ်၏ တပည့်များမှာလည်း လွန်စွာ စိတ်ချရသူများ ဖြစ်၍ သူ မဟုတ်တာမှန်သမျှ အကုန် လုပ်နိုင်သည်။ မည်သူမျှတော့ သိခွင့်ရလိမ့်မည် မဟုတ်ချေ။

ထို သရက်တော၏ လုံခြုံမှုရှိပုံ ကိုကြည့်ပါဦး။

သရက်တော၏ တစ်ဖက်စွန်းတွင် လူသူအရောက်အပေါက် နည်းလှသော သုသာန်ရှိပြီး တစ်ဖက်စွန်းတွင် မီလိုမြစ်ကလာဆီးနေ၏။ ထိုသုသာန်နှင့် မြစ်၏အလယ်တွင် သရက်တောရှိနေသည်။

ဤမျှ ခေါင်လှသော နေရာ၌ သရက်ပင်များ မှိုင်မှိုင်ဆိုင်ဆိုင် အုံ့ဆိုင်းနေသည်မှာ အုံ့ဩစရာ ကောင်းလှလေသည်။

ထိုမျှ လူသူကင်းရှင်းပြီး သုသာန်ပြုလုပ်ထားသည့် နေရာနှင့် မဝေးလှသော မီလိုမြစ်ကမ်းနဖူးဝယ် လူသူ အခေါင့်အရှောက်ကင်းမဲ့ပြီး ပျက်စီးနေခဲ့သည့် ဘုရားကျောင်းပျက်ကြီး တစ်ခုရှိနေလေ၏။

[ ၆ ]

ဆူထူးပန်

ဘုရားကျောင်းပျက်ကြီးကားအမိုးများ၊ အချို့နံရံများ ပြိုပျက်စ ပြုနေလေပြီ။ လွန်ခဲ့သည့်နှစ်များက ဆောက်လုပ်ခဲ့သည်ကို မသိပေ။ မည်သို့ပင်ဖြစ်စေ ဤအဆောက်အအုံကြီးမှာ လွန်ခဲ့သည့်နှစ်ပရိစ္ဆေဒကြာမြင့်စွာက ဆောက်လုပ်ခဲ့သည့် အဆောက်အအုံကြီး ဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်ခဲ့သည်။

ဘုရားကျောင်းကြီးမှာ ကျောင်းဝင်းပရိဝုဏ်ကြီးနှင့် ဖြစ်သည်။ ကျောင်းဝင်းကြီးတစ်ခုလုံးလည်း ချုံနွယ်ပိတ်ပေါင်း

များ ပြည့်နှက်နေသည်။ ထို့ကြောင့် မြွေပါးကင်းပါးများ ခိုအောင်းနေပေသည်။

ထိုဘုရားကျောင်းပျက်ကြီးမှာလူနေအိမ်ခြေများနှင့် ကင်းဝေးလှသဖြင့် နောက်နှစ်များကြာလျှင် မြေပေါ်သို့ ဗုန်းဗုန်းလဲကျပြီး မြေမှုန့်ဖုန်မှုန့် ဖြစ်သွားမည်မှာ သေချာလှသည်။ မြွေကင်းမှောင့်နေသည် ဖြစ်သောကြောင့်လည်း မည်သည့်လူသူမှ မလာရောက်ဝံ့ကြပေ။

မြို့သူမြို့သားများ၊ ဆင်ခြေဖုံးမှ အရပ်သားများ တစ်ယောက်မျှ မလာရောက်ဝံ့ကြသော်လည်း လာရောက်ဝံ့သူ လာရောက်ရဲသူ တစ်ယောက်ကား ရှိသည်။

ထိုသူကား ဂိုဏ်းချုပ်ကြီး ရဲယိတောက်တည်း။

သူသည်တန်းခိုးဣဒ္ဓိပါဒ်များကို ပြန်လည်အသုံးချလိုသည့်အခါတွင် ဤဘုရားကျောင်းပျက်ဆီသို့ သွားလေ့ရှိပေသည်။ သူသည် ဘုရားကျောင်းပျက်ကြီးထဲ၌တရားထိုင်ခြင်းအလုပ်ကို လုပ်လေ့ရှိသည်။

ဘုရားကျောင်းကြီးမှာ လျှို့ဝှက်မှုအတိပြီးသည်။ သူ၏ဇာတ်ကြောင်းမှာလည်း ကြောက်လန့်စရာ ကောင်းလှသော ဒဏ္ဍာရီဆန်လှသည့်အကြောင်းများ၊ လျှို့ဝှက်ချက်များဖြင့် တင်းကျပ် ပြည့်နေသည့် ဌာနတစ်ခု ဖြစ်ခဲ့သည်။

ဤသို့ အတိတ်ဇာတ်ကြောင်းများ ပျောက်ကွယ်နေသည်မှာလည်း နှစ်ပရိစ္ဆေဒ အတန်ကြာခဲ့ပြီဖြစ်သည်။ ကျောင်းပျက်ကြီးသည် မြေမှုန့်ဖုန်မှုန့် ဖြစ်သည်အထိ မိလိုမြစ်ကမ်းနဖူး၌ ဤသို့ ငူငူကြီးပင် ရပ်တည်နေပေ တော့သည်။



သရက်တောထဲသို့ ရောက်လာသည့် အမတ်ချုပ်ကြီး ကျိုကဲလောက်သည် မကြာမီ သားဖြစ်သူ ဆောက်လုပ်ထားသည့် အိမ်ကြီးအနီးသို့ ရောက်ရှိလာတော့သည်။

အမတ်ချုပ်ကြီး ကျိုကဲလောက်သည်မြင်းကို ရပ်တန့်လိုက်သည်။

အလွန်တိတ်ဆိတ်သည့်နေရာဖြစ်၍ မြင်းခွာသံ ရပ်လျှင် ရပ်ချင်း လုံးဝတိတ်ဆိတ်သွားသည်။ အမတ်ချုပ်ကြီး ကျိုကဲလောက်လည် သူ့ခွာသံကို သံသယဖြစ်ဟန်ဖြင့် နားစွင့်နေ၏။ အသံများကတော့ လုံးဝ တိတ်ဆိတ်နေသည်။

ပတ်ဝန်းကျင်၌လည်း လူရိပ်လူခြည်ဟု လုံးဝမတွေ့ရချေ။ သူသည် အိမ်ကြီးပေါ်သို့ မတက်တော့ဘဲ ဘုရားကျောင်းဘက်သို့ မြင်းကြီးကို စိုင်းနှင်သွားသည်။ ထိုအခါ မြင်းခွာသံများ ပဲ့တင်ထပ် ပေါ်လာတော့၏။

'ကျွီ....'

ထိုအခါ အိမ်ကြီးဆီမှ ပြတင်းပေါက်တစ်ပေါက် ပွင့်သွားသည်။ မျက်နှာ တစ်ခု ပြူထွက်လာသည်။ ထိုမျက်နှာမှ စူးရှသည့် မျက်လုံးနှစ်လုံးသည် ကျိုကဲလောက်နှင့် သူ့မြင်းကြီးကို လိုက်ကြည့်နေသည်။ ထိုသူသည် ကျိုကဲလောက်မသိပေ။

ဤကဲ့သို့ ကြောက်မက်ဖွယ်ရာ အကာလညအခါ၌ တစ်ဦးတစ်ယောက်က စောင့်ကြည့်နေမည်ဟု ကျိုကဲလောက်တွေးမိမည်လည်း မဟုတ်ပါချေ။

သူသည် စိတ်ချလက်ချပင် ဘုရားကျောင်းပျက်ကြီးဆီသို့ ဦးတည်သွားနေလေ၏။ သူ့အမြင်အရ ဘာမျှ ပူပင်ရန်လည်း မရှိချေ။

ပြတင်းပေါက်မှ ကြည့်ရှုနေသူလည်း တီးဘ် ဆိုက် စွာ အောက်သို့ ဆင်းလာ၏။ သူသည် သရက်တောမှ သရက်ပင်များ နောက်ကွယ်၌ ပုန်းခိုကာ ကျိုက်လောက်နောက်သို့ နောက်ယောင်ခံ လိုက်သွားတော့သည်။

ကျိုက်လောက်သည် ဘုရားကျောင်းပျက်ရှေ့သို့ ရောက်သည့် အခါ မြင်းကို ရပ်တန့်ပြီး အောက်ကို ဆင်းလိုက်လေသည်။

ထိုနောက် ဘေးပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်၏။ ဘေးပတ်ဝန်းကျင်၌ မည်သည့်သံသယ ဖြစ်စရာမျှ မတွေ့ရပေ။

'တကူးကူး....ကူး'

'ဘကူးကူး....ကူး'

သူသည် ငှက်တစ်ကောင်၏ အသံမျိုး မြူလိုက်၏။

ထိုအခါ အမှောင်တွင်းမှ လူတစ်ယောက်သည် ပြေးထွက်လာသည်။ သူသည် ကျိုက်လောက်၏ နောက်တွင် ရပ်လိုက်သည်။

ကျိုက်လောက်သည် မြင်းပေါ်မှဆင်းပြီး သူ၏ မြင်းဇက်ကြိုးကို ထိုလူ၏ လက်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် စကားတစ်ခွန်းမျှ မပြောဘဲ ဘုရားကျောင်းဝင်းထဲသို့ ဝင်သွားတော့သည်။



ဘုရားကျောင်းဝင်းထဲ၌ ချုံများ၊ နွယ်ပင်များနှင့် မြက်ပင်များ ပေါက်နေသော်လည်း လူသွားလမ်းကား ဖြစ်ပေါ်နေသည်။ ထိုလူသွားလမ်းလေးအတိုင်း အမတ်ချုပ်ကြီးသည်လျှောက်သွားလေ၏။

ကျောင်းဝင်းထဲကွင် အုတ်ကျိုး အုတ်ပဲ့များ ပြိုကျနေသည်။ နံရံများလည်း ပြိုကျနေသည်။ ခေါင်မိုးများလည်း ပြိုကျနေသည်။

ကျိုက်လောက်သည်လည်း အုတ်ပုံများကို ရှောင်တိမ်းပြီး ဘုရားကျောင်းခန်းမဆီသို့ သွားသည်။

ထိုအခါ ခေါ်း လှ ပေးမြား လက်နက်မျိုးစုံကိုင်ဆောင်ထားသည့် လက်နက်ကိုင်လူတစ်စုသည် ကျိုက်လောက်၏ ပတ်ဝန်းကျင်၌ ရုတ်တရက် ပေါ်ထွက်လာလေ၏။ ကျိုက်လောက်သည် ရုတ်တရက် ထိတ်လန့်သွား၏။ သို့သော် ရုတ်ခြည်း ဣန္ဒြေဆည်နိုင်သည်။

သူက လေသံမာမာဖြင့် ပြောလိုက်၏။

'ဟေ့ ကောင်တွေ မင်းတို့က ငါ့ကို ဘယ်သူများမှတ်နေလို့လဲ'

လက်နက်ကိုင်လူတစ်စုသည် ဘာမျှမပြောခဲ့ချေ။ လက်နက်များဖြင့်သာ ချိန်ရွယ်ထားသည်။

'ငါဟာ စေ့လန့်ပြည်နယ်နဲ့ ရှဲအန်ပြည်နယ်ရဲ့ အမတ်ချုပ်ကြီး' ကျိုက်လောက်ပဲကွ'

ထိုအခါ အစောင့်များသည် ရှိသွားသည်။ သူတို့သည် ဤဘုရားကျောင်းပျက်ကြီး အတွင်းသို့ အကြောင်းမသိသူ ဝင်လာလျှင် ရှင်းလင်းပစ်မည့်သူများပင် ဖြစ်တော့သည်။

ထို့နောက် အမတ်ချုပ်ကြီးသည် သတိဝီရိယဖြင့် စောင့်ကြပ်နေကြသူ အစောင့်များကို ချီးကျူးလိုက်၏။

'ကောင်းတယ် ကောင်းတယ်၊ ခုလို မင်းတို့ သတိဝီရိယနဲ့ စောင့်ကြပ်ကြတော့ ပိုကောင်းတာပေါ့၊ နောင်လဲ ခုလို စောင့်ကြပ်ကြ'

သူသည် ရှေ့သို့ တိုးသွားလေ၏။

ထိုအခါ အိမ်ကြီးပေါ်မှ ကျိုကဲလောက်နောက်သို့ လိုက်လာသောလူသည် ဘုရားကျောင်းပျက်အတွင်းသို့ ဝင်လိုက်မလာချေ။ အပြင်မှာသာ အကဲခတ်ပြီး မှောင်ထဲ၌ ပျောက်ကွယ်သွားခဲ့တော့သည်။

ကျိုကဲလောက်သည် နောက်ထပ် အဟန့်အတား လုံးဝမတွေ့ရတော့ဘဲ ဘုရားကျောင်းပျက်၏ အခန်းထဲသို့ ရောက်ရှိသွားတော့သည်။

ဘုရားကျောင်းပျက်၏ ပတ်ဝန်းကျင်၌မူ လရောင်ဖြင့်သာ မြင်တွေ့နိုင်သည်။ သစ်ပင်ရိပ်များကျနေသည့် နေရာတွင်မူ မှောင်နေသည်။ ဘုရားကျောင်းပျက်၏ခန်းမအထဲ၌မူ ဆီမီးများ မီးတုတ်များ၏ အလင်းရောင်ဖြင့် တထိန်ထိန် တောက်ပနေလေ၏။

နတ္ထိဂိုဏ်းချုပ်ကြီး ရဲယိုတောက်သည် သူ၏တပည့်တပန်းများ ခြံရံလျက် ကျားရေပေါ်သို့ထိုင်ပြီး သမာဓိဝင်စား



နေလေ၏။ ရဲယိုတောက်သည် အနက်ရောင်ဝတ်စုံကြီးကို ဝတ်ဆင်ထားပြီး လည်ပင်းတွင် ပုတီးကြီးတစ်ကုံးကို ဆွဲထားသည်။

သူ၏ နဖူးပြင်တွင် ဆေးနီများ သုတ်လိမ်းထားရာ မျက်နှာကြီးမှာ ကြောက်စရာကောင်းနေ၏။ မုတ်ဆိတ်မွေးများ ပါးမုန်းမွေးများသည်လည်း ရှည်လျားလှလေရာ ဆေးနီများဖြင့် ကြောက်စရာကောင်းနေသော မျက်နှာမှာ ပို၍ပင် ကြောက်စရာကောင်းနေတော့သည်။

သူ၏နောက်ဘက်ရှိ ခုံပေါ်တွင် လူဦးခေါင်းခွံ တစ်ခုနှင့် ရဲယိုတောက်၏ ဓိနပ်ဖြစ်ပုံရသည့် သစ်သားဖြူဖြင့် ပြုလုပ်ထားသည့် ခုံဖိနပ်တစ်ရန်ရှိ၏။

ကျိုကဲလောက်သည် ရဲယိုတောက်ရှေ့သို့ရောက်သောအခါ ဒူးထောက်၍ထိုင်ချလိုက်ပြီး ဦးခိုက်ဝါရဝပ္ပလေ၏။ ထို့နောက် မည်သည့်စကားမျှမပြောဘဲ ငြိမ်သက် ဂိတ်ဆိတ်စွာ ထိုင်စောင့်နေတော့သည်။

သူတို့ငြိမ်သက်နေသည်မှာ အတန်ပင်ကြာသည်။

အချိန်အတော်ကြာသောအခါ ရဲယိုတောက်သည် မှိတ်ထားသည့် မျက်လုံးအစုံကို ဖွင့်မကြည့်ဘဲ ပြောလိုက်သည်။

'အင်အားဆိုတာ အမှန်တကယ်ဆိုရင် လက်ရုံးထဲမှာ ရှိတာမဟုတ်ဘူး၊ ပြည်သူ့လူထုရဲ့ ယုံကြည်ကိုးစားခြင်းထဲက မွေးဖွားကြီးပြင်းလာခြင်း ဖြစ်တယ်၊ သင့်အနေနဲ့ အဲဒီ ယုံကြည်ကိုးစားခြင်းကို ဖြိုဖျက်မဖြစ်မချင်း အဲဒီဒေသတွေမှာ

အောင်မြင်မှုရလိမ့်မယ်လို့ မျှော်မှန်းခြင်းဟာ အချည်း အနှီးပဲ'

ရဲယီယောက်၏အသံမှာ အတက်အကျမရှိချေ။ တန်ခိုးရှင် တစ်ဦးက ပူးကပ်ပြီး ပြောသကဲ့သို့ တစ်သံတည်း တစ်သမတ် တည်း ထွက်နေသည်။

'ဆရာသခင်ဂိုဏ်းချုပ်ကြီး အမိန့်ရှိတာမှန်ပါတယ်၊ အဲဒီလို ဖြစ်ဖို့အတွက် ကျွန်တော် ကြိုးစားနေပါတယ်၊ အဲဒီကိစ္စမှာ ဆရာသခင်ဂိုဏ်းချုပ်ကြီးသာ ကျွန်တော့်ကို အကူအညီပေး နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်'

ကျိုကဲလောက်က နှိမ့်ချစွာ ပြောလေ၏။

ထို့နောက် ခန်းမကြီးထဲဝယ် လုံးဝ တိတ်ဆိတ်ငြိမ်သက် သွားသည်။

ခန်းမကြီးထဲမှ အမှောင်ထုကို ဖယ်ရှားနေသည့် ဆီမီးတိုင် မီးတုတ်အလင်းရောင်များမှာ အခန်းထဲရှိ နတ်သမီးရုပ်တု တစ်ခုပေါ်သို့ ရိုက်ခတ်နေသည်။ နတ်သမီးရုပ်တုမှာ လင်း လိုက် မှောင်လိုက် ဖြစ်နေသည်။

နတ်သမီးရုပ်တုသည် ကျိုကဲလောက်အား မျက်စိဖြဲ၍ ကြည့်နေသကဲ့သို့ ထင်မှတ်ရသည်။

ထိုအချိန်မှာပင် ဂိုဏ်းချုပ်ကြီး ရဲယီဈောက်သည် ကျိုကဲ လောက်အား မျက်လုံးဖွင့်၍ ကြည့်လိုက်သည်။ ထို့နောက် နှုတ်ခမ်းမွေးကြီးများသည် တလှုပ်လှုပ် တရွရွဖြစ်လာလေ၏။

'တင်လှူနတ်သမီးရဲ့ အလှူခံခွက်ဟာ ဟင်းလင်းဖြစ်နေ တယ်၊ နတ်သမီးရဲ့အလှူခံခွက်ကို ဟင်းလင်းမထားထိုက်ဘူး၊



သင့်အနေနဲ့ လှူဖွယ် ပူဇော်ဖွယ်ရာတွေနဲ့ တင်လှူ ပူဇော် ထိုက်တယ်'

ရဲယီတောက်က အနိမ့်အမြင့်မရှိသော အသံကြီးဖြင့် လိုက်ပြော၏။

ကျိုကဲလောက်က....

'အမိန့်အတိုင်း ကျွန်တော် လိုက်နာပါမယ်၊ မကြာမီ လှူဖွယ်တို့ကို တင်လှူပူဇော်ပါမယ်၊ ပူဇော်တဲ့ အကျိုးအာနိ သင်ကို ကျွန်တော့်အနေနဲ့ ဘယ်တော့လောက် ခံစားရမှာ လဲ၊ အဲဒါကိုသိပါရစေ'

'အလျှင်အမြန်ခံစားရမယ်၊ ဒါပေမယ့် သင့်အနေနဲ့ တင်လှူနတ်သမီးရဲ့ကိစ္စကို ပြီးပြတ်အောင် မဆောင်ရွက်ဘဲနဲ့ တော့ သင်လိုလားတဲ့ကိစ္စ ဖြစ်မြောက်အောင် ဆောင်ရွက်နိုင် မှာ မဟုတ်ဘူး'

'ဘယ်လိုလုပ်ရမယ်ဆိုတာသာ အမိန့်ရှိပါ၊ ကျွန်တော့် အသက်ဟာ ဘာမှ တန်ဖိုးမရှိပါဘူး၊ ကျွန်တော်အသက်ပေး ပြီး ဆောင်ရွက်ပါမယ်'

ကျိုကဲလောက်မှ သန္နိဋ္ဌာန်ချသော စိတ်ဓာတ်ဖြင့် ပြော လေ၏။ သူသည် တင်လှူနတ်သမီးကို ပူဇော်နိုင်စွမ်းရှိသူဟု လည်း ယုံသည်။

ဂိုဏ်းချုပ်ကြီးရဲယီတောက်သည် မျက်လုံးမျှားမှေးစင်းပြီး ကြည့်လိုက်၏။

'လှောင်တန်နတ်ကိုလဲ နတ်စာကျွေးရမယ်၊ ဘာနဲ့ နတ်စာ ကျွေးရမယ်ဆိုတာ သိသလား'

‘မသိပါဘူးဂိုဏ်းချုပ်ကြီး၊ အမိန့်ရှိပါ’

‘အိမ်း....နားထောင်၊ အပျိုစင် ဆယ့်ခြောက်နှစ် သမီးကညာနဲ့ နတ်စာကျွေးရမယ်၊ အဲဒီသမီးကညာကိုလဲ သတ်မှတ်ပြီး ဖြစ်နေတယ်’

‘အမိန့်ရှိပါ၊ မဖြစ်ဖြစ်အောင် ဆောင်ကြဉ်းပေးပါ့မယ်’

‘မြို့စားဟောင်း တိုင်ယန်စင်ရဲ့သမီး တိုင်မေလင်းကို သတ်မှတ်ပြီး ဖြစ်တယ်၊ သူဟာ အမွန်မြတ်ဆုံး နတ်စာပဲ၊ အဲဒါ သင် တင်လှူပူဇော်နိုင်ပါ့မလား’

ကျိုကဲလောက်၏ မျက်နှာနီသွား၏။ သူ့အား ပူဇော်နိုင်ပါ့မလားဟု မေးခြင်းကို သူမကြိုက်ချေ။

‘ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ ဂိုဏ်းချုပ်ကြီး’

‘အင်း....ဒါဆိုရင် နောက်တစ်ခုလုပ်စရာ ရှိသေးတယ်’

‘အမိန့်ရှိပါဂိုဏ်းချုပ်ကြီး၊ ပြောစရာရှိတာကိုသာ ပြောပါ၊ လုပ်စရာရှိတဲ့အပိုင်းက ကျွန်တော်တို့အပိုင်းပါ’

‘ဟို ချီထောင်နေတဲ့ရသေ့....’

‘ဥုရှန်ကျင်းလား’

‘ဟုတ်တယ် ဥုရှန်ကျင်းဆိုတဲ့ ချီထောင်နေတဲ့ ရသေ့ကိုလဲ ရှင်းပစ်ရမယ်၊ သင် အဲဒီအလုပ်နှစ်ခုကို လုပ်နိုင် ခဲ့ပြီဆိုရင်....’

‘ကျွန်တော့်ဆန္ဒတွေ ပြည့်စုံမယ်ဆိုပါတော့’

‘အိမ်း....အဲဒါနှစ်ခုကို လုပ်နိုင်မယ်ဆိုရင်တော့ ဓေ့လန်ပြည်နယ်ရော၊ ရှအန်ပြည်နယ်ပါ သင့်လက်အောက်ခံ ပြည်နယ်တွေ ဖြစ်လာပါလိမ့်မယ်၊ အဲဒါတွေဟာ ငါရဲ့ယိတောက်



က နတ်ဘုရားများရဲ့ အခွင့်အာဏာနဲ့ သင့်ကိုပေးသနားလိုက်တဲ့ ဆုမွန်ပဲ၊ သင်ဟာ နတ်ဘုရားများ စေ့ဆော်တဲ့ အလုပ်တစ်ခု လုပ်လာတယ် မဟုတ်လား’

ကျိုကဲလောက် အံ့သြသွား၏။

သူ ပါးစပ်ဟနေသည်။ ဘာမျှ မပြောနိုင်ပေ။

‘ဂိုဏ်းချုပ်ကြီး ရဲယိတောက်က ဆက်ပြောလေ၏။

‘သင်ဟာ ရှအန်ပြည်နယ်ရဲ့ နယ်စားကြီးရဲ့ လက်နက်တိုက်ကို မီးရှို့လိုက်တယ် မဟုတ်လား၊ ဒါဟာ သင့်ရဲ့ အကျိုးရှိရာရှိကြောင်းကို ဆောင်ရွက်လိုက်ခြင်းပဲ’

‘ကျွန်တော်ဆောင်ရွက်ခဲ့တာဟာ အင်မတန် လွယ်ကူလှပါတယ်၊ အခက်အခဲမရှိပါဘူး’

‘ဒါဟာ ငါ့ကျိန်စာ အကောင်အထည်ပေါ်လာခြင်းပဲ၊ နယ်စားကြီးချူးချိုင်ယိုဆိုတာ မကြာခင် နိဂုံးချုပ်တော့မယ်၊ ချူးမျိုးနွယ်ဆက်ဟာ ပြတ်တော့မယ်၊ ကဲ....သင်သွားပေတော့၊ သင်လုပ်ရမယ့်အလုပ်တွေကို ငါပြောပြီးပြီ၊ အဲ့ဒီအလုပ်တွေကို ပြီးမြောက်အောင် လုပ်ပေတော့’

ဂိုဏ်းချုပ်ကြီး ရဲယိတောက်သည် ထိုစကားပြောပြီးသည်နှင့် မျက်လုံးများကို မှိတ်လိုက်တော့၏။ သူ၏ သမာဓိ ဝင်စားခြင်းကို ပြန်လည်ပြုလုပ်နေပေသည်။

ကျိုကဲလောက်က ဦးခိုက်ဂါရဝပြုလိုက်၏။

ထို့နောက် ထိုင်ရာမှထကာ ကိုယ်ကိုယို့လျက် တဖြည်းဖြည်း နောက်ဆုတ်ခဲ့၏။ ထို့နောက် ခန်းမအပြင်သို့ရောက်မှ ကိုယ်ကိုလှည့်ပြီး ထွက်လိုက်သည်။

သူသည် ဘုရားကျောင်းအပြင်သို့ ဝမ်းသာအားရ ထွက်လာသည်။ သူသည် အလွန် ရွှင်လန်းဝမ်းမြောက်နေသည်။ သူသည် မကြာမီ အောင်မြင်မှုသရဖူကို ဆောင်းရတော့မည်။

[ ၂ ]

မိုးစိန်းတောင် အတ္တုပ္ပတ္တိ

နေအရုဏ်သည် မျှို့တက်လာလေပြီ။ ကောင်းကင်ကြီးတစ်ခုလုံး အနီရောင် သမ်းလာသည်။ ဤသို့ မိုးလင်းလာသည်အထိ မအိပ်နိုင်သူများမှာ တိုင်မင်လီနှင့် မေစင်ကွမ်တို့ပင်ဖြစ်သည်။ သူတို့သည် ညလုံးပေါက် မျက်စိကြောင်နေခဲ့၏။

သူတို့သည် ဆိုးဝါးသော အတွေးများကို ဆက်တိုက်တွေးခဲ့ရသဖြင့် လွယ်လွယ်နှင့် အိပ်မပျော်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် သူတို့သည် မိုးလင်းသောအခါ အိပ်ပျော်သွားကြသည်။

မေစင်ကွမ်က အလျင်နိုးလာသည်။

တိုင်မင်လီသည် ယခင်က တစ်သက်လုံး အိပ်ရာစောစော ထသည့် အလေ့အကျင့်ရှိခဲ့သည်။ အမြဲတမ်း အိပ်ရာ စောစော ထပြီး ကိုယ်လက်သုတ်သင်လေ့ ရှိသည်။

ယခုမူ ခရီးပန်းလာသည်ကတစ်ကြောင်း၊ ညတုန်းက အိပ် မပျော်သည်ကတစ်ကြောင်း ဖြစ်ခြင်းကြောင့် သူ့တစ်သက် တွင် ပထမဆုံး နေမြင့်သည်အထိ အိပ်မိခြင်း ဖြစ်တော့သည်။

မေစင်ကွမ် လှုပ်နှိုးမှသာ တိုင်မင်လီ နိုးတော့သည်။

'ထပါ....တိုင်မင်လီ'

'ညက အိပ်ရေးပျက်ထားလို့ပါ၊ အိပ်စမ်းပါရစေ'

'အပြင်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်'

'ဘယ်က ဧည့်သည်လဲ'

'ဆရာကြီး စူရှန်ကျန်းဆီကလို့ ပြောတယ်'

'ဟုတ်လား'

တိုင်မင်လီမှာ ဆက်မအိပ်နိုင်တော့ပေ။ အိပ်ရာမှ ထရလေ တော့၏။ ဆရာကြီး စူရှန်ကျန်းဆီက ဧည့်သည်ဆိုလျှင် အရေး ကြီးသည် မဟုတ်ပါလား။ တိုင်မင်လီသည် ကပျာကယာ ကိုယ်လက်သန့်စင်ရတော့သည်။

'ရောက်တည်းက ဆရာကြီးဆီသွားဖို့ကောင်းတာ၊ ကျုပ် တို့က မရောက်တော့ သူ့လူက ရောက်လာတော့တာပဲ'

သူသည် မေစင်ကွမ်ဆီသို့ပြန်ရောက်လာသောအခါ အကျိ အကြောင်း ပြောပြသည်။

'ဆရာကြီးက အရေးတကြီး ခေါ်ခိုင်းတာဖြစ်လိမ့်မယ် အခု လာခေါ်တဲ့ ဆရာကြီးရဲ့ တပည့်နဲ့ လိုက်သွားမယ်၊ ဆ



ကြီး ရောက်ပြီးမှ နယ်စားကြီးကို နှုတ်ဆက်ဖို့ သွားလိုက်မယ်၊ အပြန်နောက်ကျရင် စိတ်ပူမနေနဲ့နော်'

'စိတ်ဖြောင့်လက်ဖြောင့်သာသွားသည်၊ မလာမချင်းကျွန်မ စောင့်နေပါ့မယ်'

မေစင်ကွမ်က အပြုံးနှင့် ပြောလေ၏။

တိုင်မင်လီသည် ရောက်ရှိနေသော ဧည့်သည်နှင့်အတူ ထွက် သွားသည်။ တိုင်မင်လီသည် ယခု ထွက်ခွာရာ၌ နောက်ဆံတင်း နေသည်။

စိတ်မကြည်လင်လှချေ။ စံအိမ်မှ ထွက်ပြီးနောက် စံအိမ်ကို မကြာခဏ လှည့်ကြည့်မိ၏။

တိုင်မင်လီမှာ စိတ်ထဲ၌ ထိုသို့မဖြစ်ပေါ်ဘူးပေ။ သူသည် စံအိမ်ကြီးကို ပြန်မမြင်နိုင်သည့်နေရာသို့ရောက်သည့်တိုင် စံအိမ် ကြီးကို ပြန်လည်ကြည့်နေမိတော့သည်။ သူသည် စိကွမ်မြို့ပြင်သို့ ထွက်လာခဲ့ရသည်။

စိကွမ်မြို့၏ ပတ်လည်တွင် တောင်သုံးလုံး ဝန်းရံလို့ နေ၏။ တောင်သုံးလုံးမှာ မြင့်မားသော တောင်ကြီးများပင် ဖြစ်သည်။ ထို့ကြောင့် စိကွမ်မြို့သည် ဒယ်အိုးပုံသဏ္ဌာန် ဖြစ် နေတော့သည်။

ထိုတောင်သုံးလုံးတို့မှာ စိကွမ်မြို့ အရှေ့ဘက်ရှိ တောင်မှာ မိုစန်းတောင် ဖြစ်သည်။ အနောက်မြောက်ဘက်တွင် မင်းကျိ တောင်ရှိသည်။ အနောက်တောင်ဘက်တွင် ကျန်မိန်းတောင်

၂ တို့ ရှိကြသည်။

ထို တောင်သုံးလုံး ဘွင် မိုစန်းတောင်မှာ အတင်ရှားဆုံးဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က ဘုရင်ကွမ်ရှိကုတင်သည် မွန်ဂိုတို့၏ တိုက်ခိုက်မှုကြောင့် နောက်ပါအနည်းငယ်နှင့် ထွက်ပြေးခဲ့ပြီး မိုစန်းတောင်ပေါ်တွင် ခိုအောင်း နေထိုင်ခဲ့ကြသည်။

ဘုရင် ကွမ်ရှိကုတင်သည် ဤမိုစန်းတောင်ပေါ်၌ စံနန်းတစ်ဆောင် ဆောက်လုပ်ကာ သူ၏လူယုံတပည့်များနှင့် အနီးအပါး နယ်ဖယ်များကို စုရုံးသိမ်းသွင်းခဲ့သည်။ နောင် နှစ်နှစ်အနည်းငယ် ကြာသောအခါ ခိုင်မာ တောင့်တင်းသော အင်အားကို စုစည်းမိခဲ့ကြသည်။

ထိုအခါ သူ၏ဩဇာကို ချဲ့ထွင်ပြီး မွန်ဂိုများကို ပြန်လည်တိုက်ထုတ်ခဲ့သောအခါ အောင်မြင်ခဲ့တော့သည်။

ဘုရင်မင်းမြတ်သည် နေပြည်တော်သို့ ပြန်လည်ချီတက်သွားပြီး နန်းစံခဲ့သော်လည်း ဘုရင်ကေရာဇ် စည်းစိမ် ပြန်လည်ရယူရာတွင် မိုစန်းတောင်ပေါ်မှ စံနန်းဆောင်ကို ကြီးမားသော စံကျောင်းတော်ကြီးအဖြစ် ပြန်လည်၍ဆောက်လုပ်ခဲ့သည်။

ထိုစံနန်းဆောင်ကြီးကို စွန်းလွန်ဂိုဏ်းချုပ်ကြီးအား လှူဒါန်းခဲ့သည်။

စွန်းလွန် ဂိုဏ်းချုပ်ကြီးအား ထိုစံနန်းဆောင်ကြီးကို အဘယ်ကြောင့် လှူဒါန်းခဲ့ပါသနည်း။



စွန်းလွန်ဂိုဏ်းချုပ်ကြီးသည် ဘုရင်ကွမ်ရှိကုတင် အရေးကျခဲ့စဉ် အခါက ဘုရင်အား အကူအညီပေးရာတွင် လွန်စွာအားတိုက်ခွန်တိုက် ကူညီခဲ့သောကြောင့်တည်း။

မိုစန်းတောင်မှာ သစ်ပင်သစ်တော ထူထပ်ပြီး လူအရောက်အပေါက်နည်းသောကြောင့် မွန်ဂိုများသည် ဘုရင်ကွမ်ရှိကုတင် မည်သည့်အရပ်၌ ခိုအောင်းခဲ့ကြောင်း မသိကြပေ။ စွန်းလွန်ဂိုဏ်းချုပ်ကြီးသည် ဘုရင်အား များစွာ ကူညီပေးခဲ့သည်။

သူ၌ရှိသောဂိုဏ်းသားများကလည်းဘုရင်အတွက် အသက်ပေး ကူညီခဲ့ကြသည်။

ထိုကျေးဇူးများကို ဘုရင်က သိရှိသောကြောင့် စံနန်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

မိုစန်းတောင် ကျောင်းတိုက်ကြီးတွင် စွန်းလွန်ဂိုဏ်းချုပ်အဆက်ဆက်တို့ အုပ်ချုပ်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီ ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးများ စွမ်းရည်ထက်မြက်ခဲ့လျှင် ဂိုဏ်းကြီးတိုးတက်စည်ပင်ခဲ့ပြီး ဂိုဏ်းချုပ်ကြီးများ စွမ်းရည်ညံ့ဖျင်းခဲ့လျှင် ဂိုဏ်းချုပ်ကြီး၏ အရှိန်အဝါများ ညှိုးနွမ်းမှေးမှိန်ခဲ့ရသည်။ မိုစန်းတောင်ပေါ်တွင်ရှေးဟောင်းကတည်းက အဆောင်များစွာရှိ၏။

အဆောင်များမှာ ဂိုဏ်းချုပ်ကြီးများနေရန် အဆောင် လက်ထောက်ဂိုဏ်းချုပ်များ နေရန်အဆောင်နှင့် ဂိုဏ်းသားများ နေထိုင်ရန် အဆောင်တို့ဖြစ်ကြသည်။

ထိုအဆောင်များမှာ လွင်ပြင်ကြီးထဲ၌ ရှိနေသည် မဟုတ်ပေ။ သစ်ပင်သစ်တောကြီးများကြား၌ တည်ရှိနေခြင်း ဖြစ်သည်။

ထို့ကြောင့် တောင်ခြေ၊ တောင်လယ် နောက်ဆုံးတောင်ထိပ်မှပင် ထိုအဆောင်များကို မမြင်ကြရချေ။

ထိုအဆောင်ကြီးများကို တောင်ထိပ်ပေါ် ရောက်သည်နှင့် ဘွားခနဲတွေ့ရမည် မဟုတ်ချေ။ သစ်ပင်မြင့်ကြီးများကို ကျော်လွန်လိုက်မှသာ ထိုအဆောင်ကြီးများကို တွေ့ရမည်ဖြစ်သည်။

ထိုအဆောင်များမှာ အားလုံးကြီးကျယ်သည်သာ ဖြစ်တော့သည်။ အဆောင်အားလုံး ရှည်လျားသည်။

အဆောင်တွင်း၌ များပြားစွာ အခန်းများဖွဲ့ထားသည်။ အလယ်ဗဟိုတည့်တည့်တွင် အဆောင်ကြီး တစ်ခု ရှိ၏။ ထိုအဆောင်ထဲတွင် ခန်းမကြီးရှိ၏။

ထိုခန်းမကြီးထဲတွင် စွန်းလွန်ဂိုဏ်းမှ အရေးကြီးသော အစည်းအဝေးများ ကျင်းပလေ့ရှိ၏။

ဤကျောင်းတော်ကြီး၌ လိုက်နာကျင့်သုံးရမည့်စည်းကမ်းချက်များကို တိတိကျကျ လိုက်နာကျင့်သုံးရသည်။ စည်းကမ်းချက်များကို မည်သူမျှမချိုးဖောက်ခဲ့ကြပေ။ ကျောင်းတော်ကြီးကို ယခု ဦးစီးအုပ်ချုပ်နေသည့် ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းပေတည်း။

ထွက်ပြူစ နေရောင်တွင် စွန်းလွန်ကျောင်းတော်ကြီးမှာ ဝန်းထိန်တောက်ပနေ၏။



ဤအချိန်တွင် စွန်းလွန်ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းသည် ခန်းမကြီးထဲရှိ ဘုရားဆင်းတုတော် တစ်ခုရှေ့တွင် တင်ပျဉ်ခွေထိုင်၍ အတွင်းအား လေ့ကျင့်နေ၏။

ဂိုဏ်းချုပ်ကြီး အတွင်းအားလေ့ကျင့်နေသည်မှာ တုံး မှောင်း သုံးချက်တီးသည့် အချိန်မှစ၍ လေ့ကျင့်နေခြင်း ဖြစ်သဖြင့် အချိန်အတော်ကြာပြီဟု ဆိုနိုင်သည်။

နေထွက်ပြူလာသောအချိန်တွင် ဂိုဏ်းချုပ်ကြီး၏ အတွင်းအား လေ့ကျင့်ခြင်းအမှုမှာ ပြီးစီးသွားသည်။

သို့သော် ဂိုဏ်းချုပ်ကြီးသည် တင်ပျဉ်ခွေ ထိုင်ရာမှ လုံးဝ မထသေးပေ။ သူသည် ထိုင်မြဲ ထိုင်လျက် ရှိနေသေး၏။

ထိုသို့ ဂိုဏ်းချုပ်ကြီး မထသည်ကို စိုးရိမ်နေသည့်လူများမှာ လက်ထောက်ဂိုဏ်းချုပ်ကြီးများနှင့် တပည့်ကြီးများ ဖြစ်ကြသည်။

ဂိုဏ်းချုပ်ကြီးသည် နှစ်ပေါင်းများစွာ အတွင်းအား လေ့ကျင့်ခဲ့ရာတွင် အချိန်တန်သည်နှင့် ထိုင်ရာထခဲ့သည်ချည်းသာ ဖြစ်၏။

ယခု အတွင်းအားလေ့ကျင့်ရာမှ မထခြင်းသည် ဂိုဏ်းချုပ်ကြီး၏ လုပ်ရိုးလုပ်စဉ် မဟုတ်ပေ။

ထို့ကြောင့် လက်ထောက်ဂိုဏ်းချုပ်များနှင့် တပည့်ကြီးများမှာ လှုပ်ရှားစိတ်ပူလျက်ရှိကြသည်။

ဤသို့ဖြင့် ထမင်းအိုးတစ်လုံးချက်ခန့်အထိ အချိန် ကြာမြင့်သွားပြန်သည်။ ဂိုဏ်းချုပ်ကြီး ထိုင်ရာမှ မထသေးပေ။

ထိုအခါ စွန်းလွန်ဂိုဏ်းသားများသည်ပင် သူတို့၏ဂိုဏ်းချုပ်ကြီး၏ အခြေအနေကို သိရှိသွားကြလေတော့၏။

ထို့ကြောင့် စွန်းလွန်တစ်ဂိုဏ်းလုံး စိုးရိမ်ကြီးစွာဖြစ်ကြရလေတော့၏။

လက်ထောက်ဂိုဏ်းချုပ် နှစ်ယောက်သည် ခေါင်းချင်းဆိုင်တိုင်ပင်ကြလေ၏။

'ဘယ်လိုလုပ်ကြမလဲ၊ ကျုပ်တို့ဂိုဏ်းချုပ်ကြီးကို ဝင်ပြီးသတိပေးရမလား'

'မလုပ်နဲ့ ကျုပ်တို့ ဘယ်အခါကမှ သတိမပေးဘူးတာပဲ၊ နောက်ပြီး ဂိုဏ်းချုပ်ကြီးဟာ လဲပို့ခြင်း သတိလစ်ခြင်း လုံးဝမရှိတာဘဲ၊ ကျုပ်တို့စောင့်ရမှာပဲ'

အချိန်သည် တရွေ့ရွေ့ကုန်လာသည်။

တပည့်များမှာ စိုးရိမ်သည်ထက် စိုးရိမ်လာ၏။

သူတို့သည် ခန်းမကြီး၏ တံခါးမ၌ ပြူတစ်ပြူတစ် မလုပ်ရဲကြ။

မည်သူမျှလည်း ဝင်ရောက်သတိပေးရဲသည်မဟုတ်။ ခန်းမအပြင်ဘက်၌ ဂိုဏ်းသားများအားလုံး ပျာပန်းခပ် ယောက်ယက် ခတ်နေကြတော့၏။

ထိုအခိုက် ခန်းမကြီး၏ တံခါးဝဆီသို့ လူတစ်ယောက် အရေးတကြီး အပြေးကလေး လျှောက်လာနေသည်ကို တွေ့ရလေ၏။

ထိုသူကား ဂိုဏ်းချုပ်ကြီး၏ တပည့်ရင်း ကျန်ချန်းပေတည်း။



ကျန်ချန်းသည်လက်ထောက်ဂိုဏ်းချုပ်ကြီးများကို အချက်ပြလျက် ဂိုဏ်းချုပ်ကြီး အတွင်းအားလေ့ကျင့်နေသည့်နေရာသို့ အလျင်စလို ဝင်ရောက်သွားလေတော့၏။

[ ၈ ]

## ဂိုဏ်းချုပ်ကြီး၏ မှာကြားချက်

ကျန်ချန်း....။

ကျန်ချန်းကား နှယ်နှယ်ရရ မဟုတ်ချေ။ စီကွမ်မြို့တွင်းရှိ ထင်ပေါ်ကျော်ကြားသော သူဌေးကြီးကျန်လူတောက်၏ သားဖြစ်ပေသည်။

သူသည် လက်နက်အတတ်ပညာနှင့် ရှေးဟောင်းကျမ်းစာများတွင် နှံ့စပ်ကျွမ်းကျင်သူလည်း ဖြစ်သည်။

သူသည် စွန်းလွန်ဂိုဏ်းချုပ်ကြီး၏ တပည့်တစ်ဦး ဖြစ်လာပြီး သိုင်းပညာထူးချွန်သူလည်း ဖြစ်သောကြောင့် မကြာမီ ဂိုဏ်းချုပ်ကြီး၏ လက်ရင်းလူယုံ ဖြစ်လာတော့သည်။

သူသည် သူဌေးကြီးကျန်လူတောက်၏ သားအဖြစ် စီကွမ်မြို့၌ ထည်ထည်ဝါဝါ နေနိုင်သူဖြစ်သည်။ သို့သော် မနေပေ။

စွန်းလွန်ဂိုဏ်းချုပ်ကြီး၏ ခြေရင်း၌ ဝတ်ကြီးဝတ်ငယ်ပြုစုပြီး သိုင်းပညာ သင်ကြားနေခြင်းမှာ လွန်စွာ အံ့သြစရာကောင်းလှပေသည်။

ကျန်ချန်းသည် ဂိုဏ်းချုပ်ကြီး အတွင်းအားထိုင်ကျင့်နေသည့် နေရာအထိ တောက်လျှောက်ဝင်သွား၏။ သူသည် ဂိုဏ်းချုပ်ကြီး၏ရှေ့၌ထိုင်ကာ ဦးခိုက် ဂါရဝပြုလေတော့သည်။

ထိုအခါ ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းသည် ကျန်ချန်းကို မျက်လုံးဖွင့်ကြည့်လေ၏။ ကျန်ချင်းက ဂါရဝပြုနေဆဲ ဖြစ်သည်။ ကျန်ချန်း ဂါရဝပြုပြီးသောအခါမှ စူရှန်ကျန်းက မေးသည်။

'ဘာအကြောင်းထူးသလဲ'

'ကျွန်တော် ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်း ဆောင်ရွက်ခဲ့ပါတယ်၊ တိုင်မင်လီ ကျွန်တော့်နောက်က ပါလာပါတယ်၊ အခုဆိုရင် ခန်းမကြီးအပြင်ကနေ စောင့်နေလောက်ပါပြီ'

ကျန်ချန်းက အစီရင်ခံလိုက်လေ၏။

'ကောင်းပြီ'

ဂိုဏ်းချုပ်ကြီးသည် ထိုမျှသာပြောသည်။

ထို့နောက် ဆင်းတုတော်အား တစ်ချက်မျှ ကြည့်သည်။ ပြီးလျှင် မတ်တတ်ရပ်လိုက်သည်။



ထိုအခါမှ ခန်းမကြီးအပြင်၌ရှိသော စွန်းလွန်ဂိုဏ်းသားများသည် သက်ပြင်းချနိုင်တော့သည်။ သူတို့အမြင်တွင် ဂိုဏ်းချုပ်ကြီး အတွင်းအားကျင့်စဉ် ကျင့်နေသည်မှာ ကြာမြင့်လှပြီ မဟုတ်ပါလား။

ဂိုဏ်းချုပ်ကြီးသည် နီညိုရောင်ဝတ်ရုံကြီးကို ဝတ်ဆင်ထားသည်။ သူသည် တိုင်မင်လီနှင့်တွေ့ဆုံရန် ခန်းမအပြင်သို့ ထွက်လာတော့၏။

တိုင်မင်လီသည် ခန်းမကြီး၏အပြင်၌ အခန်းတစ်ခုရှိရာ ထိုအခန်းထဲ၌ ရပ်စောင့်နေသည်။ သူသည် မိုစန်းတောင်ပေါ်သို့ မရောက်သည်မှာကြာပြီဖြစ်၍ မိုစန်းတောင်၏ သဘာဝ ရှုခင်းများကို ငေးမောကြည့်နေမိသည်။

သူ ငေးမောကြည့်နေစဉ် သူ့စိတ်များ အေးစိမ့်သလို ခံစားလာရသောကြောင့် တစ်စုံတစ်ယောက်သည် သူ့နောက်၌ ရောက်နေသည်ကို အလိုလိုခံစားမိ၏။

သူသည် ချာခနဲလှည့်လိုက်သည်။ သူ့ရှေ့တွင် ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းအား ရုတ်တရက် တွေ့လိုက်ရလေ၏။

'ဟာ...ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီးစူရှန်ကျန်းသည် သူ့အား စူးရှစွာကြည့်လေ၏။ ဂိုဏ်းချုပ်ကြီးကို တိုင်မင်လီ မော့ကြည့်လိုက်သည်။

ဂိုဏ်းချုပ်ကြီး၏မျက်နှာမှာ တည်ကြည်နေသော်လည်း မျက်မှောင် အနည်းငယ်ကြုတ်ထားသဖြင့် စိတ်မချမ်းသာစရာ ကိစ္စများ ရှိနေသလောဟု တိုင်မင်လီ တွေးတောမိလေသည်။

ဂိုဏ်းချုပ်ကြီးသည် တည်ငြိမ်အေးဆေးသော လေသံဖြင့် မေးလိုက်၏။

'တိုင်မင်လီ၊ မင်း စိတ္တမ်မြို့ကိုမနေ့က ပြန်ရောက်သလား'

တိုင်မင်လီမှာ ထိတ်ခနဲ ဖြစ်သွားသည်။ ဂိုဏ်းချုပ်ကြီး၏ စကားကို သူ ကောင်းစွာ သိသည်။ မင်းမနေ့က စိတ္တမ်မြို့ကို ရောက်ပါလျက်နဲ့ မနေ့က ငါ့ဆီ သူဘာကြောင့်ရောက်မလာသလဲဟု မေးလိုရင်း ဖြစ်သည်။

'ကျွန်တော်...ကျွန်တော်....'

တိုင်မင်လီသည် စကားကို ချောမွေ့အောင် မပြောနိုင်ပေ။ ထစ်ငေါ့နေသည်။

'မင်း ချောချောမောမောပဲ ပြန်ရောက်တယ် မဟုတ်လား'

'ဟုတ်...ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး'

'ရွှေလှုံပြင်က ရောင်းရင်းကြီး ဆူယွမ်တင်မိုရော ကျန်းမာရဲ့လား'

'ဆရာ ကျန်းမာပါတယ်ခင်ဗျာ'

'အိမ်း ကောင်းပါလေ့ကွယ်'

'ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော် တစ်ခုတောင်းပန်ပါရစေ၊ ကျွန်တော် ဂိုဏ်းချုပ်ကြီးရှေ့မှောက်ကို လာရောက်ဖို့ ပြင်ဆင်နေဆဲမှာ ဂိုဏ်းချုပ်ကြီးဆီက သံတမန်ရောက်လာတာပါပဲ၊ ကျွန်တော် အရောက်နောက်ကျတာကို ခွင့်လွှတ်ပါ ခင်ဗျာ'

'ခွင့်လွှတ်ပါတယ်'



'နောက်တစ်ခု ဂိုဏ်းချုပ်ကြီးကို အစီရင်ခံဖို့ အကြောင်း တစ်ခုရှိပါတယ်'

'ပြော'

'ကျွန်တော့်ရဲ့ဆရာက မှာလိုက်ပါတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ ညွှန်ကြားချက်အရ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ရမယ်လို့ အမိန့်ရှိလိုက်ပါတယ် ခင်ဗျာ'

ဂိုဏ်းချုပ်ကြီးက မသိမသာ ခေါင်းညိတ်လိုက်၏။

'ငါသိတယ်လေ၊ ငါ့ရောင်းရင်းကြီး ဆူယွမ်တင်မို ဘယ်လောက် အမြော်အမြင်ကြီးတယ်ဆိုတာ၊ သူဒီလိုပဲ မှာလိုက်ရမှာပေါ့၊ ငါတို့ ရှိအန်ပြည်နယ်မှာ ဘယ်လို ကျီးလန့်စာစားဖြစ်နေတယ်ဆိုတာ သူသိပေမပေါ့၊ သွေးချောင်းစီးမယ့် အခြေအနေမရောက်အောင် ငါတို့ အပြင်းအထန် ကြိုးစားရလိမ့်မယ်'

'အမိန့်ရှိပါဂိုဏ်းချုပ်ကြီး'

'မင်းဟာ တည်ငြိမ်စွာစီးဆင်းနေတဲ့ ရေအလျဉ်ပဲတိုင်မင်လီ၊ ဒီရေနဲ့ မကောင်းမှုမှန်သမျှကို တိုက်ချသွားရလိမ့်မယ်၊ အခု ဒီနယ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ မင်းသိသလား'

'သိသင့်သလောက်တော့ သိပါတယ်ဂိုဏ်းချုပ်ကြီး'

'နယ်စားအာဏာကို ရယူလိုတဲ့လူတစ်စုဟာ ရှိအန်ပြည်နယ်သားတွေကို နွံထဲ ဆွဲနှစ်နေပြီး ပြည်သူလူထုရဲ့ မျက်စိထဲကို သဲနဲ့ပက်ပြီး ပြည်သူလူထု မကြည့်မြင်နိုင်ခင်မှာ အာဏာကို သူတို့လက်ထဲရောက်အောင်လုပ်ဖို့ ကြံစည်နေကြပြီ၊ ဒီလူစုဟာ တစ်နေ့တခြား အားကောင်း လာနေတယ်၊

မကောင်းမှုဒုစရိုက်မှုတွေကို ပြည်သူလူထုရဲ့ နှလုံးသားထဲစိမ့်ဝင်သွားအောင် ဒီလူစုက လုပ်ကြနေတယ်၊ ပြည်သူလူထုကို မကောင်းမှုဒုစရိုက်ရဲ့ သားကောင်တွေ ဖြစ်ဖို့ သူတို့ ကြံနေကြတယ်'

'တချို့တလေတော့ ကျွန်တော်တို့ ရိပ်မိပါတယ် ဂိုဏ်းချုပ်ကြီး'

'အဲ့ဒီ အခြေအနေတွေဟာ ရှမ်းအန်ပြည်နယ် တစ်ခုထဲကိုသာ ပျက်စီးစေမှာမဟုတ်ကြဘူး၊ တခြားပြည်နယ်တွေကိုလဲ ပျက်စီးစေနိုင်တယ်၊ ရှမ်းအန်ပြည်နယ် ပျက်စီးသွားတဲ့ အဖြစ်ဟာ တစ်တိုင်းပြည်လုံးကို တုန်လှုပ် ချောက်ချားသွားစေနိုင်ပါတယ်၊ ဒါကြောင့် ဒီအခြေအနေမဖြစ်အောင် ငါတို့ကြိုးစားရမယ်၊ ဒီအခြေအနေတွေ ဖြစ်ပေါ်အောင် ကြိုးစားနေတဲ့လူတွေကို ဆန့်ကျင်ရမယ်၊ အဲဒီအလုပ်ကို လုပ်မယ့်စည်းကမ်းရှိပြီး အဆင်ခြင် စဉ်းစားဉာဏ်နဲ့ ပြည့်စုံတဲ့ စွန့်စွန့်စားစား လုပ်နိုင်မယ့်လူငယ်တွေလိုတယ်'

ဂိုဏ်းချုပ်ကြီး၏ အသံမှာ စူးရှလေးနက်နေသည်။ အနီး၌ရှိနေသော လက်ထောက်ဂိုဏ်းချုပ်များနှင့် တပည့်ကြီးများလည်း ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေကြသည်။

ဂိုဏ်းချုပ်ကြီးသည် တိုင်မင်လီ၏ ပခုံးပေါ်၌ လက်တင်လိုက်၏။

'မနေ့ညက စီကွမ်မြို့ လက်နက်ရုံ မီးလောင်ပြာကျသွားတဲ့ သတင်းကို ကြားလိုက်ရဲ့လား'



'သတင်းကြားဖို့မလိုပါဘူးခင်ဗျာ၊ မီးတောက်ကို ကျွန်ုပ်ကိုယ်တိုင် မြင်လိုက်ရတာပါ၊ မြင်တာနဲ့ လက်နက်ရုံမီးလောင်တာပဲဆိုတာ ကျွန်တော် သိလိုက်ပါတယ်'

'ဒီအလုပ်ကို ဘယ်သူဟာ ဘာကြောင့်လုပ်နေတယ်ဆိုတာကော မင်းသိရဲ့လား'

'ကျွန်တော် သေသေချာချာတော့ မသိပါဘူးခင်ဗျာ၊ ဒီပြည်နယ်မှာ အုပ်ချုပ်ရေး လျော့ရဲရဲ ဖြစ်နေတော့ ဒီလက်နက်တိုက်၊ လက်နက်ရုံတွေဟာ အန္တရာယ်ရှိတယ်လို့ အရင်ကတည်းက ကျွန်တော် တွက်ထားခဲ့မိပါတယ်၊ လူဆိုးသူခိုးတွေရဲ့ လက်ချက်မဟုတ်လား ခင်ဗျာ'

ဂိုဏ်းချုပ်ကြီးသည် ဖြည်းညင်းစွာ ခေါင်းညိတ်လေသည်။

'အိမ်း....လူဆိုး သူခိုးတွေပဲပေါ့ကွယ်၊ ဒါပေမယ့် လမ်းဘေးက သာမည လူဆိုး သူခိုးတော့ မဟုတ်ဘူးကွယ့်'

တိုင်မင်လီ ခေါင်းထောင်သွား၏။

ဂိုဏ်းချုပ်ကြီးက....

'ရှမ်းအန်ပြည်နယ်ရဲ့ အမြင့်ဆုံးရာထူး ရယူထားတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ လက်ချက်ပဲကွယ့်'

'ခင်ဗျာ'

တိုင်မင်လီ အံ့သြသွားတော့၏။

ဂိုဏ်းချုပ်ကြီးက ဆက်ပြောသည်။

'ဟုတ်တယ်၊ ငါပြောတဲ့စကားကို မင်း သံသယမရှိပါနဲ့၊ ငါဟာ မဟုတ်တာကို ဟုတ်သယောင် ဘယ်တော့မှ မပြော

တတ်ဘူး၊ မင်းဟာ ငါ့ကိုပြန်မေးနေရမယ့် အချိန်မဟုတ်ပါဘူး၊ ငါက မင်းကိုပြန်ဖြေကြားနေရမယ့် အချိန်လဲမဟုတ်ပါဘူး၊ မင်းအလုပ်လုပ်ရမယ့် အချိန်ပဲဖြစ်တယ်၊ ဒီကနေ့ပဲ မင်း ခုဖေးရွာကို သွားရမယ်၊ တခြား ဘယ်သူမှ အဖော် မခေါ်ရဘူး၊ တစ်ယောက်တည်း သွားရမယ်'

'ဒါပေမယ့် ဂိုဏ်းချုပ်ကြီး'

တိုင်မင်လီသည် ဆင်ခြေပေးရန် စကားစလိုက်လေ၏။ သို့သော် ဆက်ပြောရန် မဝံ့ပြန်ပေ။ သူ့အနေဖြင့် ယနေ့ပင် နယ်စားကြီးထံသို့ အခစားဝင်ရဦးမည်။

နယ်စားကြီးကမည်သို့အမိန့်ချမည်မှန်းလည်း သူမသိပေ။ အရေးအကြီးဆုံးအချက်မှာ ချစ်စခင်စ ကြင်နာစ မေစင်ကွမ် သည် သူ၏ပြန်အလာကို မျှော်ကိုးတကြီး စောင့်နေပေလိမ့်မည်။

ဂိုဏ်းချုပ်ကြီးသည် တစ်သွေး တစ်သံ တစ်မိန့် ပြုလုပ်တတ်သော ဂိုဏ်းချုပ်ကြီးမဟုတ်ပေ။

သူသည် တိုင်မင်လီ ပြောကြားမည့်စကားကို စောင့်နေသည်။

မည်သို့မျှ ဆက်ပြောသံကို မကြားရသောအခါ တည်ငြိမ်သော လေသံဖြင့် သူက ဆက်ပြောတော့သည်။

'ဒီမှာ တိုင်မင်လီ၊ မင်းပြောချင်တာက ဒီကနေ့ နယ်စားကြီးဆီကို အခစားဝင်ရောက်မယ်ဆိုတဲ့ အကြောင်းပဲမဟုတ်လား၊ ငါ ဒီအကြောင်းကို သိတာပေါ့၊ မင်း နယ်စားကြီးဆီ အခစားဝင်မယ့် အစီအစဉ်ကို ငါမဖျက်ပါဘူး၊ မင်း



နယ်စားကြီးဆီဝင်ပါ၊ ပြီးမှ ခုဖေးရွာကိုသွားပါ၊ အဲဒီရွာမှာ မင်း ဘာလုပ်ရမယ်ဆိုတာ မင်း ဒီကို မရောက်လာခင် ကတည်းက ငါစီစဉ်ပြီးသားပါ၊ ခုဖေးရွာကိုလဲ အကြောင်းကြားထားပြီးသား၊ ကဲ...မင်း ဘာပြောချင်သေးလဲ'

'ဟုတ်ကဲ့...ဒါပေမယ့်....'

သူ၏ ချစ်စခင်စ ကြင်နာစ မေစင်ကွမ်ကိုထား သွားရမည့် အဖြစ်ကို သူ စကားစလိုခြင်းဖြစ်သည်။

သို့သော် အသက်ကိုစတေး၍ လုပ်ဆောင်မည့်သူရဲကောင်း သည် ချစ်သူစောင့်နေပါမည် ဟူသော အကြောင်းပြချက် ဖြင့် အဘယ်မှာလျှင် အယူခံဝင်သင့်ပါသနည်း။

ဂိုဏ်းချုပ်ကြီးက လေသံပြတ်ပြတ်ဖြင့် ခေါ်လိုက်၏။

'တိုင်မင်လီ'

'ခင်ဗျာ'

'မင်းကို မင်းရဲ့ဆရာ စူယွမ်တင်မိုက သိုင်းပညာ အပြင် ဆင်ခြေဆင်လက် တတ်တဲ့ ပညာတွေကို သင်ပေး လိုက် သလား'

တိုင်မင်လီမှာ တစ်ကိုယ်လုံးတုန်သွား၏။

'ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် ခုဖေးရွာကို ဒီကနေ့ပဲ သွားပါမယ်'

'ကောင်းတယ်'

'ဂိုဏ်းချုပ်ကြီးကို ကျွန်တော် တစ်ခု တင်ပြလိုပါတယ်၊ ဆရာကြီး စူယွမ်တင်မိုက ဆရာကြီးဟူထိန်လေ အကြောင်း ကျွန်တော့်ကို ပြောပြပါတယ်၊ ကျွန်တော် အနေနဲ့ အဲဒီ

ဆရာကြီး ဟူထိန်လေကို မတွေ့တွေ့အောင် ရှာပြီး သင်ကြားလာခဲ့တဲ့ ပညာရပ်များနဲ့ ပက်သက်လို့ လက်တွေ့ အသုံးချနည်းတွေကို သင်ကြားလေ့လာရမယ်လို့ မှာကြားလိုက်ပါတယ် ခင်ဗျား'

ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းက ခေါင်းညိတ်သည်။

'ဒီကိစ္စတွေကို မင်း အထူးအထွေ လိုက်လုပ်ဖို့မလိုပါဘူး၊ သူ့အလိုလို ဖြစ်သွားပါလိမ့်မယ်၊ ငါခိုင်းတဲ့ ကိစ္စတွေကိုသာ မင်း ဆောင်ရွက်ပါ၊ မင်းလုပ်ရမယ့် အလုပ်က ခုဖေးရွာက လီပေါင်းနှစ်ဆယ်ဝေးတဲ့ တယင်မြစ်နဲ့ တာအိုမြစ်ဆုံကိုရောက်အောင် သွားရလိမ့်မယ်။

'မြစ်ဆုံမှာ လေခုရွာဆိုတာရှိတယ်၊ အဲဒီရွာရဲ့ အနောက်ဘက် ခပ်လှမ်းလှမ်းမှာ ဘုရားကျောင်းပျက်ကြီး တစ်ခုရှိတယ် ညောင်ပင်ကြီးတစ်ပင်လဲရှိတယ်'

ဂိုဏ်းချုပ်ကြီးသည် လေခုရွာ ရှိမည် ထင်သည့် ဘက်သို့ မျှော်ကြည့်လိုက်၏။

'အဲဒီနေရာကို မနက်ဖြန် ညဥ့်သန်းခေါင်မတိုင်မီ ရောက်အောင် သွားရလိမ့်မယ်၊ အဲဒီနေရာမှာ အဲဒီအချိန်မှာ ဘယ်အရပ်သားကိုမှ မင်းတွေ့မှာမဟုတ်ဘူး၊ မင်းကိုရသေ့တစ်ပါးက စောင့်နေလိမ့်မယ်၊ မင်းက လျှို့ဝှက်စကားကို ပြောလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီရသေ့ကြီးက မင်းကိုခေါ်သွားပြီး တစ်နေရာကို ပို့ပေးလိမ့်မယ်၊ အခု မင်းနဲ့ ငါနဲ့ တွေ့တဲ့ အကြောင်းကိုတော့ လျှို့ဝှက်ထားရမယ်၊ ဘယ်သူမှ အသိမပေးရဘူး၊ မင်းဇနီးဖြစ်တဲ့ မေစင်ကွမ်ကိုလဲ မင်း ဘယ်ကို



သွားမယ်၊ ဘယ်သူက လွှတ်တယ်ဆိုတာတွေကို အသိမပေးရဘူး'

ဂိုဏ်းချုပ်ကြီးသည် တိုင်မင်လီ မှတ်မိအောင်တစ်လုံးချင်းရှင်းလင်းပြောပြလေ၏။

တိုင်မင်လီသည် ဤကိစ္စများ မည်မျှ အရေးကြီးကြောင်း သိရှိလေသည်။

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး'

'ငါ မင်းကိုစိတ်ချတယ် တိုင်မင်လီ'

ဂိုဏ်းချုပ်ကြီးသည် တိုင်မင်လီ၏ ပခုံးပေါ်မှ လက်ကို ရုပ်သိမ်းလိုက်၏။

ထို့နောက် လျှို့ဝှက်သင်္ကေတ စကားလုံးတို့ကို ပြောပြသည်။ တီးတိုးပြောခြင်းဖြစ်၍ မည်သူမျှ မကြားရချေ။

'အခု....ငါတို့ဟာ အကျဉ်းအကျပ်ထဲက လုပ်ဆောင်နေကြရ ာ၊ တစ်ချက်မှားတာနဲ့ ဆူဆူပူပူဖြစ်မှာပဲ၊ အဲဒါကို သတိထားပြီး လုပ်ဆောင်ပေတော့'

တိုင်မင်လီသည် ဂိုဏ်းချုပ်ကြီးအား ဦးခိုက်ဂါရဝပြုလေသည်။

'ကဲ... သွားပေတော့'

ဂိုဏ်းချုပ်ကြီးက သွားခွင့်ပြုလိုက်သည်။

ထိုအခါ တိုင်မင်လီသည် စွန်းလွန်ကျောင်းတော်မှ ထွက်ခွာလာတော့သည်။ သူသည်ထွက်ခွာရင်း မေစင်ကွမ်၏မျက်နှာကို မြင်ယောင်မိ၏။

ချစ်သူမျက်နှာ တစ်ရှာထင်ကာ လိုက်လာသူကလေးအား သူပစ်ပယ်ထားသလို ဖြစ်တော့မည်။

မေစင်ကွမ်သည် သူ ထွက်ခွာလာသည်ကို တာဝန်အရ ခွင့်ပြုလိုက်ရခြင်း ဖြစ်သော်လည်း တကယ်တော့ ခွင့်ပြုချင်မည် မဟုတ်သည်ကို သူသိသည်။

သို့သော်....သူ ဘာမျှမတတ်နိုင်ပါ။ ဂိုဏ်းချုပ်ကြီး စူရှန် ကျွန်း၏ အမိန့်ကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ရတော့မည်။

[ ၉ ]

မတာရားစီရင်ချက်

နယ်စားကြီး၏ ခန်းမဆောင်ကြီးမှာလည်း အတော် ကြီးမားသည်။ အမှုထမ်းအရာထမ်းများသည် သူ့နေရာနှင့်သူ ထိုင်နေကြသည်။

ဤအချိန်၌ နယ်စားကြီးခန်းမတွင် လာရောက်ထိုင်နေကျ ဖြစ်သည်။ ယခု နယ်စားကြီး မရောက်သေးပေ။ အချိန်မင် အတော် လွန်နေပေပြီ။

အမတ်ကြီး ကျိုကဲလေခတ်ကား နယ်စားကြီးထိုင်သည့် နေရာ၏ ညာဘက် ထိုင်ခုံတစ်လုံးတွင် ထိုင်နေသည်။ သူသည်

သေနာပတိဖြစ်သူ ဖုန်ယုဟွမ်နှင့်ရယ်ကာမောကာ စကားပြောနေသည်။

ခန်းမအတွင်းရှိ လူအများစုမှာလည်း တီးတိုးတီးတိုးနှင့် စကားပြောနေကြသည်။ ထို့ကြောင့် ခန်းမအတွင်း အသံများ ခပ်အုပ်အုပ် ထွက်ပေါ်နေခြင်းသာ ဖြစ်သည်။

အမတ်ကြီးသည်လည်း သူကိုယ်တိုင်က စကားပြောနေသဖြင့် အခြားသူများကိုလည်း မဟန့်တားတော့ချေ။

အချို့စကားမပြောသူများကား ပျင်းရိငြီးငွေ့နေကြသည်။ သူတို့သည် မအိပ်ရုံတစ်မည် ပျင်းရိနေကြသည်။

စကားပြောသူများကိုလည်း စိတ်မဝင်စား၊ အမတ်ကြီးကိုလည်း စိတ်မဝင်စား။ သူတို့စိတ်ဝင်စားသည်မှာ 'သူတို့ မိသားစုအရေးပင်ဖြစ်လိမ့်မည်။

ဤအချိန်တွင် တိုင်မင်လီသည် ခန်းမအတွင်းသို့ ရောက်လာလေသည်။

ယခု ကြိမ်မှသာ ဤခန်းမထဲသို့ မရောက်ခြင်းဖြစ်သည်။ ငယ်စဉ်ကာလက သူ့ဖခင်နှင့်အတူ ဤခန်းမအတွင်းသို့ သုံးလေးကြိမ်မျှ ရောက်ခဲ့ဖူးသည်။

လွန်ခဲ့သည့် ငါးနှစ်ကျော်မှစ၍ ဤခန်းမထဲသို့ မရောက်တော့ချေ။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့် ရှစ်နှစ်အတွင်း သူသည် အနောက်မြောက်ပိုင်း ရွှေလွင်ပြင်သို့ ရောက်ကာ သိုင်းပညာများ သင်ယူခဲ့သောကြောင့်ပေတည်း။

သူခန်းမအတွင်း ဝင်သွားသောအခါ အားလုံး၏အကြည့်များသည် သူ့ထံသို့ စူးစူးစိုက်စိုက် ရောက်ရှိနေတော့သည်။



ထိုအထဲတွင် မနေ့က သူ့အိမ်၌ နှုတ်ဆက်ပွဲပြုလုပ်သည့်အခါက တက်ရောက်သူများလည်း ပါရှိကြသည်။ ထိုသူများကမူ တိုင်မင်လီကိုသိနေသဖြင့် ပြုံး၍ကြည့်ကြသည်။

အခြားသူများကတော့ စူးစမ်းသည့်အကြည့်ဖြင့် ကြည့်ကြခြင်း ဖြစ်သည်။

တိုင်မင်လီသည် ခန်းမထဲရှိလူများကို ဂါရဝပြုကာ သူ့ဖခင်ထိုင်ခဲ့သောနေရာတွင် ဝင်ရောက်ထိုင်လိုက်သည်။

သူထိုင်နေသည့်နေရာမှာ အမတ်ကြီး ကျိုကဲလောက်နှင့် မဝေးလှချေ။ ထို့ကြောင့် အမတ်ကြီးက စတင်မေးမြန်းလေသည်။

'မောင်က ဘယ်သူလဲကွယ်'

တိုင်မင်လီ မည်သူဖြစ်သည်ကို အမတ်ကြီးမသိမဟုတ်ပေ။ သိလျက်နှင့်မေးမြန်းခြင်းဖြစ်၍ တိုင်မင်လီကလည်း အရွဲ့တိုက်၍ ဖြေသည်။

'ကျွန်တော်ဟာ မြို့စားကြီး တိုင်ယန်စင်ရဲ့ သားပါ၊ အနောက်မြောက်ဒေသက ဆရာကြီး စူယွမ်တင်မိုရဲ့တပည့် တိုင်မင်လီပါ၊ မနေ့က ပညာသင်ပြီး ပြန်ရောက်....'

သို့သော် သူ့စကားမဆုံးမီမှာပင် အမတ်ကြီးသည် လက်ကာလိုက်လေသည်။

'တော်ပါတော့ တော်ပါတော့၊ သိပါပြီ ဆက်မပြောပါနဲ့တော့'

ဤအပြုအမူကား မယဉ်ကျေးသော အပြုအမူဖြစ်၏။ သူ့ကိုစော်ကားသော အပြုအမူလည်း ဖြစ်သည်။

သိလျက်နှင့်မေးပြီး စကားကို ဆုံးအောင်နားမထောင်ဘဲ ယခုကဲ့သို့ တားမြစ်လိုက်ခြင်းကို တိုင်မင်လီ အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်သွားလေသည်။

ဤအမတ်ကြီး၏စိတ်ထဲတွင် မိမိအား လိုလားနှစ်သက်ခြင်း မရှိကြောင်း တိုင်မင်လီ သိလိုက်မိသည်။ ထို့ပြင် သူတွေးလိုက်မိသည့်အချက်မှာ မိမိအား မလိုလားသော အမတ်ကြီးသည် မိမိအား ကောက်ကျစ်ယုတ်မာနိုင်သည်ဟုလည်း တွေးလိုက်မိသည်။

သို့သော် မိမိသည် သည်ခန်းမကြီးထဲသို့ ယခုမှ ရောက်လာသည့်လူတစ်ယောက်ဖြစ်သည်၊ ထို့ကြောင့် ဣန္ဒြေရရ နေရပေလိမ့်မည်။ အမတ်ကြီး၏ အပြုအမူကား မမှိတ်မသုန် လိုက်ကြည့်မိသည်။

ခန်းမဆောင်ထဲရှိ ပရိသတ်များသည် တိုင်မင်လီ ဝင်လာသဖြင့်သာ လှုပ်လှုပ်ရှရှ ဖြစ်သွားကြသည်။ တိုင်မင်လီ ငြိမ်သက်စွာ ထိုင်လိုက်သောအခါ စောစောက ငြိမ်းငွေ့မှုသည် ကြီးစိုးလာပြန်၏။

ခန်းမကြီး၏ တံခါးမကြီးများတွင် ရပ်စောင့်နေသူ တံခါးစောင့်များမှာမူ ငြိမ်းငွေ့နိုင်ကြချေ။ အဘယ်ကြောင့်ဆိုသော် သူတို့မှာ နယ်စားကြီးအလာကို တမျှော်မျှော်နှင့် စောင့်နေရသောကြောင့်တည်း။

ထိုအချိန်တွင် တံခါးစောင့်များက အော်လိုက်ကြ၏၊

'နယ်စားကြီး ကြွချီလာပြီ'

ခန်းမအတွင်းရှိလူများမှာ လှုပ်လှုပ်ရှရှ ဖြစ်သွား၏။



နယ်စားကြီးသည် ထိုင်းမှိုင်းလှသော ဝက်ဝံကြီး တစ်ကောင် လမ်းလျှောက်လာပုံမျိုးဖြင့် လျှောက်လာပြီး ကြီးမားသော ထိုင်ခုံကြီးပေါ်တွင် ထိုင်လိုက်သည်။

နယ်စားကြီးသည် သူ့နယ်တွင်ရှိသော အခက်အခဲများကို မေးမြန်းလေ၏။

အမတ်ကြီး ကျိုကဲလောက်က....

'မပြောပလောက်တဲ့ အခက်အခဲကလေးတွေ အကျပ်အတည်းလေးတွေတော့ ရှိပါတယ်၊ သို့သော်လဲ ကျွန်တော်မျိုး ဖြေရှင်းလိုက်လို့ ပြေလည်သွားပါပြီ'

အမတ်ကြီး၏ လိမ်လည်မှုပေတည်း။ မှုအန်ပြည်နယ် အတွင်း၌သာမဟုတ်ပေ။ စီကွမ်မြို့၌လည်း ပြဿနာမျိုးစုံ ပေါ်နေရာ နယ်စားကြီးလည်း ထိုအခက်အခဲအကျပ်အတည်းများကို ကြားနာနေရသည်သာ ဖြစ်သည်။

သူသည် အမတ်ကြီးလိမ်လည်ကို သိသော်လည်း တာဝန်ယူ ဆောင်ရွက်မပေးလိုသူဖြစ်၍ အလိမ်ခံလေ၏၊

နယ်စားကြီးသည် ပရိသတ်ဘက်သို့ ကြည့်လိုက်၏။

'ကဲ....ဘယ်သူများ တင်ပြစရာရှိသေးသလဲ'

တိုင်မင်လီသည် ထရပ်လိုက်လေ၏။

'ကျွန်တော်မျိုးဟာ မြို့စားကြီးတိုင်ယန်စင်ရဲ့သား တိုင်မင်လီဖြစ်ပါတယ်၊ ကျွန်တော်မျိုးဟာ အနောက်မြောက်ဒေသ ရွှေလွင်ပြင်မှာ သိုင်းပညာသင်ကြားပြီး ပြန်ရောက်လာသူ ဖြစ်ပါသည်၊ ရောက်ရောက်ချင်း နယ်စားကြီးရှေ့ကို

ဝင်ရောက်ဖို့ ကျွန်တော်မျိုးဖခင်က မြှောကြားပါတယ်၊ ဒါကြောင့် နယ်စားကြီးဗျ့ ဝင်ရောက်လာပါတယ်’

သို့သော် နယ်စားကြီး ချူချိုင်ယိုသည် တိုင်မင်လီ ပြောဆိုနေသမျှကို မကြားသည့်အလား ငူငူကြီးနားထောင်နေသည်။ ထို့နောက် ပြန်တိုင်ရန် အချက်ပြသည်။ နယ်စားကြီးသည် တိုင်မင်လီကို စိတ်မဝင်စားချေ။

ထိုခဏတွင် အမတ်ကြီး ကျိုကဲလောက် မတ်တတ်ထရပ်လေ၏။

‘အခုတလောမှာ ရှီအန်ပြည်နယ်တွေနဲ့ စေ့လန်ပြည်နယ်တွေမှာဖြစ်ပျက်နေတဲ့ တကယ့်အဖြစ်အပျက်တွေကို ကျွန်တော်မျိုး အစီရင်ခံပါ့မယ် နယ်စားကြီး၊ စောစောက အသေးအဖွဲ့ အဖြစ်ကလေးတွေသာ ရှိပါတယ်လို့ ပြောခဲ့ခြင်းဟာ နယ်စားကြီး စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ ကျွန်တော်မျိုး မတင်ပြခဲ့တာပါ’

‘ဘာတွေများဖြစ်နေလို့လဲ အမတ်ကြီးရဲ့’

‘ရှီအန်ပြည်နယ်ရဲ့ စေ့လန်ပြည်နယ်များမှာ ခေါးပြများအလွန် ထကြွသောင်းကျန်းနေပါတယ်၊ တချို့နေရာတွေမှာဆိုရင် မင်းမဲ့အခြေအနေမျိုး ဖြစ်ပေါ်နေပါတယ်၊ အခု တိုင်မင်လီ ဒီကိုရောက်လာတာ အတော်ပါပဲ’

‘အမတ်ကြီး ဘယ်လိုများစီစဉ်ချင်လို့လဲ’

ကျွန်တော်မျိုး စီစဉ်ချင်တာကတော့ တိုင်မင်လီကို ဒီခေါးပြလူဆိုးတွေကို နှိမ်နှင်းစေချင်တာပါပဲ၊ သူက ရွှေလွင်ပြင်မှာ သိုင်းပညာသင်ခဲ့တဲ့ လူမဟုတ်လား၊ သူ့ကို ဦးဆောင်စေပြီး စစ်သည်ရဲမက် ငါးရာနဲ့အတူ စေလွှတ်လိုက်စေချင်ပါတယ်၊ တိုင်မင်လီဟာ သိုင်းပညာသာမက စစ်ချီစစ်ထိုးအတတ်မျိုးစုံပါ တတ်မြောက်လာမယ်လို့ ကျွန်တော်မျိုးယုံကြည်ပါတယ်၊ ရွှေလွင်ပြင်က ဆူယွမ်တင်မိုဟာ ဒီလိုအတတ်မျိုးစုံကို သင်ကြားပေးနေတယ်လို့ အားလုံးလိုလိုက သိထားတယ် မဟုတ်လား’

ထိုစကားမှာ တိုင်မင်လီအား အလစ်တွင် အရိုက်ကို ထိုးလိုက်သလို ဖြစ်သွားစေသည်။ တိုင်မင်လီသည် နယ်စားကြီး၏ အမှုတော်ထမ်းရန် အစီအစဉ်မရှိပေ။

ထို့ပြင် ဂိုဏ်းချုပ်ကြီး စူရှန်ကျန်း၏အမိန့်ကို ဆောင်ရွက်ရန် သူ့၌တာဝန်ပါလာပေသည်။ ကတိလည်း ပေးခဲ့ပေပြီ။

ယခုကဲ့သို့ ခရီးရောက်မဆိုက် ကာဝန်ပေးအပ်ခြင်းမှာ လွန်စွာ မရိုးမဖြောင့်သော စိတ်သဘောမျိုး ပါရှိကြောင်း ရှင်းရှင်းကြီး သိမြင်နေရသည်။

ဤအကြံပြုချက်ကို တိုင်မင်လီအနေဖြင့် လက်မခံနိုင်ပါချေ။

‘နယ်စားကြီးခင်ဗျား၊ ကျွန်တော်မျိုးအနေနဲ့ ဒီအကြံပြုချက်ကို လက်မခံနိုင်ပါဘူးခင်ဗျာ၊ ကျွန်တော် ဒီကိုလာရတာ ရွှေလွင်ပြင်က ပြန်အလာမှာ နယ်စားကြီးကို ဦးခိုက် ဂါရဝပြုဖို့လောက်ပဲ ဖြစ်ပါတယ်၊ ကျွန်တော်မျိုးမှာ တခြား ထမ်းဆောင်ရတဲ့ တာဝန်ဝတ္တရားများ ပါရှိလာပါတယ်၊ အခုလို ငြင်းပယ်ရတဲ့အတွက် အလွန်ပဲ ငမ်းနည်းပါတယ်၊ မိမိပြည်နယ်ရဲ့ အကျိုးကို ထမ်းဆောင်ရခြင်းဟာ လာဘ်ကြီးတစ်ပါး

လို့လဲ သတ်မှတ်ပါတယ်၊ ကျွန်တော့်တာဝန်ဝတ္တရားများ ထမ်းဆောင်ပြီးတဲ့အခါမှာ ခုနက အမတ်ကြီးပြောတဲ့တာဝ ကို ထမ်းဆောင်ပါမယ်ခင်ဗျာ'

'ဘာပြောတယ်ကွ'

အမတ်ကြီး၏စကားသည် မိုးခြိမ်းသံကဲ့သို့ ထွက်ပေါ် လာ၏။

'မင်း ဒီအမိန့်အာဏာကိုလွန်ဆန်ရင် အဲဒီလူကို တော်လှန် ပုန်ကန်တဲ့လူလို့ သတ်မှတ်ရမယ်'

အမတ်ကြီး ကျိုက်လေ က်က ခြိမ်းခြောက်လိုက်သည်။

ထိုအခါ နယ်စားကြီး ချူးချင်ယိမှာ တိုင်မင်လီကို ကြည့် လိုက်၊ ကျိုက်လောက်ကို ကြည့်လိုက် ဖြစ်နေသည်။

ယခုအချိန်တွင် တိုင်မင်လီအနေဖြင့် ပြတ်ပြတ်သားသား ပြောရပေတော့မည်။ မြို့စားကြီးဟောင်း၏ သားတစ်ယောက် ဖြစ်နေခြင်းကလည်း သူ၏ ပြောရေးဆိုခွင့်ကို ပို၍အရာရောက် စေနိုင်သည် မဟုတ်ပါလော။

'အမတ်ကြီး ကျုပ်ကို ဒီလိုမခြိမ်းခြောက်ပါနဲ့၊ ကျုပ်ဟာ မြို့စားကြီးဟောင်း တိုင်ယန်စင်ရဲ့သားပါ၊ အမိန့်အာဏာ တွေနဲ့ အုပ်ချုပ်ပုံနည်းစနစ် အဆင့်ဆင့်ကို သိရှိပြီး ဖြစ်ပါ တယ်၊ တစ်ခုတော့ ကျုပ်မေးပါရစေ၊ ကျုပ်ဟာ အခုအချိန် မှာ သာမန်အရပ်သားတစ်ယောက်လား၊ အမတ်ကြီးရဲ့ အမှု ထမ်း တစ်ယောက်သား'

အမတ်ကြီး ကျိုက်လောက်သည် မျက်နှာ ပျက်သွား လေ၏



'ကျုပ်ဟာ ရှိအန်ပြည်နယ်သား တစ်ယောက်အနေနဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသူ ဖြစ်ပါတယ်၊ ကျုပ်ဟာ နယ်စား ကြီးရဲ့ အမှုတော်ကိုထမ်းနေတဲ့ ဝန်ထမ်းတစ်ယောက် မဟုတ် ပါဘူး၊ သာမန်အရပ်သားတစ်ယောက်ပဲ ဖြစ်ပါတယ်၊ အခု ဟာကလဲ ကျုပ်ဟာ နယ်စားကြီးကို လာရောက် ဂါရဝပြု ခြင်းပဲ ဖြစ်ပါတယ်၊ ဘယ်တာဝန်မှ ထမ်းဆောင်ဖို့လာတာ မဟုတ်ဘူး၊ အမတ်ကြီးအနေနဲ့ ကျုပ်ကို ဒီတာဝန်ပေးချင်ရင် အလျင်ဆုံး တပ်မှူးလေးရာထူးပဲဖြစ်ဖြစ်, ဗိုလ်မှူးရာထူးပဲ ဖြစ်ဖြစ် ခန့်အပ်ရမှာဖြစ်ပါတယ်၊ ကျုပ်ဟာ ဘာရာထူးမှမရှိ တဲ့လူ ဖြစ်ပါတယ်၊ အမတ်ကြီးဟာ ကျုပ်ကို ဘာတာဝန်မှ မပေးနိုင်ပါဘူး'

'ဒီသူငယ်ပြောတာ မှန်ပေသားပဲ'

နယ်စားကြီးသည် အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ ဖြော်လိုက် လေ၏။ သူ့၌ စဉ်းစားဆင်ခြင်ဉာဏ် ရှိသေးသည်မှာ ထင် ရှားသည်။ ကောင်းမကောင်း သင့်မသင့် ရာမရာကို ဝေဖန် နိုင်စွမ်း ရှိသေး၏။

အမတ်ကြီးကျိုက်လောက်မူ သူပြန်အဆိုပြုချက် သုံးရှုံး သွားသဖြင့် ခေါင်းငုံ့ပြီး အံတကြိတ်ကြိတ်နှင့် ဖြစ်နေ လေ၏။

ထို့ကြောင့် ခန်းမကြီးမှာ ခေတ္တတိတ်ဆိတ်သွား၏။ ထို့ နောက် မကြာမီ လက်ရှိ စီကွမ်မြို့စားကြီးက မတ်တပ်ရပ် လေ၏။

'မနေ့သာက လက်နက်တိုက်ကို မီးရှို့မှုနဲ့ ဖမ်းမိထား တရားခံသုံးဆယ်ကို ဖမ်းဆီးထားပါတယ်၊ အဲဒီအနီးအနား မသင်္ကာတဲ့လူတွေကို ဖမ်းဆီးထားခြင်း ဖြစ်ပါတယ်၊ အဲ နယ်စားကြီး စစ်မေးချင်တယ်ဆိုရင်....'

သို့သော် မြို့စားကြီး၏ စကားမဆုံးမီ နယ်စားကြီး ဖြတ်၍ ပြောလိုက်၏။

'ဒီမှာလာပြီး ရှုတ်ရှုတ်သဲသဲ ရှုပ်ရှုပ်ထွေးထွေး မလုပ်ကြ ဒီမှာ ရှုတ်ရှုတ်သဲသဲ လုပ်လို့ ဘာတွေအကျိုးထူးမှာလဲ၊ အဲ လူတွေကို အရှင်လတ်လတ် မီးရှို့ သတ်ပစ်လိုက်'

နယ်စားကြီးက တစ်ချက်လွှတ်အမိန့် ပေးလိုက်၏။

ထိုအမိန့်ကို ကြားလိုက်ရသောအခါ တိုင်မင်လီမှာ တ ကိုယ်လုံး တုန်ယင်သွားလေ၏။ သူသိထားသည်မှာ လက်န တိုက် မီးလောင်မှုတွင် ရှိအန်ပြည်နယ်၌ ရာထူးအကြီးဆုံ ယူထားသူတစ်ဦး၏ လက်ချက်ဟု သူသိထားသောကြော ပေတည်း။

ယခု မဆီမဆိုင် ဖမ်းမိထားသူများမှာ မတရားသက်သ အသတ်ခံရမည်ဆိုတော့ ဤမတရားမှုမှာ နည်းနည်းနောနေ မတရားမှု ဖြစ်ပေသည်။ အသတ်ခံရခြင်းမှာ လွယ်လွယ်ကူ သေဆုံးရမည့် အသတ်ခံရခြင်းမျိုးလည်း မဟုတ်။ မီးရှို အသတ်ခံရခြင်းမှာ မချိမဆံ့ အသတ်ခံရခြင်းပင် မဟုတ်ပ လား။

သူ အနောက်မြောက်ပိုင်း ရွှေလွင်ပြင်ဒေသ၌ သွားရော ပညာသင်ကြားခဲ့သည်။



ရွှေလွင်ပြင်ဒေသ၌ ဤကဲ့သို့သော စီရင်မှုမျိုး မရှိချေ။ တရားဥပဒေသည် မတရားမှုများကို ထိရောက်စွာ အကာ အကွယ်ပေးထား၏။

ရွှေလွင်ပြင်ဒေသ၌ ယခင်ကလည်း မရှိချေ။ ယခုလည်း မရှိချေ။ ကြားချင်၍မျှ မကြားရသော စီရင်ချက်မျိုးဖြစ်လေ သည်။

တိုင်မင်လီ ကြားရချက်မှာ မသက်သာလှပေ။ နားဝင် ခါးလှပေသည်။

သို့သော် တိုင်မင်လီသည် ဤအဖြစ်ကို သူနှင့်မဆိုင်ဟု ဆုံး ဖြတ်နေရသည်။ သူ့စိတ်ကို ချုပ်တည်းထားရသည်။

သူ မည်မျှချုပ်တည်းနိုင်ပေမည်နည်း။ အပြစ်မရှိဘဲ မီး ရှို့ အသတ်ခံရသူများ၏ မိဘဆွေမျိုးများ၊ သားမယား များကို သူ့မျက်စိထဲ၌ မြင်ယောင်လာ၏။

ငိုကြွေးသံများကို ကြားယောင်လာမိတော့သည်။ သူသည် လန့်သွား၏။ သူသည် သူ့ကိုယ်သူ တည်ငြိမ်အောင်ပြန်ထိန်း လိုက်ပြီး....

'နယ်စားကြီး ကျွန်တော်မျိုး အသနားတော် မြတ်ခံပါ တယ်၊ လက်နက်တိုက် မီးလောင်တဲ့အမှုကို အကျိုးအကြောင်း အစုံအလင် စစ်ဆေးသင့်ပါတယ်၊ စစ်ဆေးပြီးမှသာ တရားရုံး အဆုံးအဖြတ်နှင့်အညီ စီရင်ချက် ချမှတ်သင့်ပါတယ်၊ အခု အတိုင်းဆိုလျှင် ဒီတရားခံ သုံးဆယ်ကို တစ်စုံတစ်ရာ လျှောက် လဲခွင့် မပေးဘဲ အရှင်လတ်လတ် မီးရှို့သတ်တာကာ ဘယ်

လိုမှ ကျိုးကြောင်း မဆီလျော်ပါဘူး၊ သူတို့ရဲ့မိဘ၊ သူတို့ရဲ့ သားမယားတွေကို ထောက်ထားရပါမယ်'

ဤကား တိုင်မင်လီ အမှားပင်ဖြစ်တော့သည်။ ခန်းမကြီး တစ်ခုလုံးသည် တိုင်မင်လီ၏ စကားကြောင့် ကြက်သေသေ တိတ်ဆိတ်သွားတော့သည်။

ရန်၊ ၂၁၄၅၅

[ ၁၀ ]

ရာဇဝတ်သင့်သောသူ

တိုင်မင်လီ၏ စကားလုံးများမှာ ခန်းမအတွင်း၌ ယမ်းထုပ်ကြီး ပေါက်ခွဲလိုက်သကဲ့သို့ ဖြစ်သွားသည်။

တိုင်မင်လီသည် ကလေးဘဝကသာ ဤခန်းမထဲသို့ လိုက်လာဖူးသည် ဖြစ်ရာ ရွှေလွင်ပြင်ဒေသ၌ ရှစ်နှစ်တာ ကင်းကွာခဲ့သော ကာလနှင့် ပေါင်းစပ်လျှင် သူသည် ဤခန်းမ၌ တရားစီရင်သော ပုံစံကို ဘာမျှမသိသည်မှာ သေချာလှပေသည်။

ရှင်ဘုရင် ကောရာဇ်သည် နယ်စား ပယ်စား ဆိုသည်ကို သက်ဦးဆံပိုင် အုပ်ချုပ်ခွင့်ပေးထားခြင်းပင် ဖြစ်သည်။ နယ်စားမကြိုက်လျှင် သေရမည်။

ပြည်နယ်၏ ဓလေ့ထုံးစံများမှာ နယ်စား၏ သက်ဦးဆံပိုင် အုပ်ချုပ်ခွင့် အာဏာအတွင်းကို ကျရောက်နေပေသည်။

နယ်စားကြီး၏ စီရင်ဆုံးဖြတ်ခွင့်ကို မည်သူ တစ်ဦး တစ်ယောက်ကမျှ ပြစ်တင်ခြင်း၊ ဝေဖန်ခြင်း၊ စောဒကတက်ခြင်း မပြုနိုင်ချေ။

ခန်းမအတွင်းမှ လူအများသည် တိုင်မင်လီ၏ ရဲရင့်မှု သို့မဟုတ် မိုက်မဲမှုအတွက် ခေတ္တမျှ အံ့အားသင့်သွားကြလေသည်။

ထို့ကြောင့် ခန်းမကြီးတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် ငြိမ်သက်သွားခြင်း ဖြစ်သည်။

လူဆိုသည် အစဉ်အလာကိုဖက်တွယ်ထားသူသာ များပေသည်။

ဆန်းသစ်သော အတွေးအခေါ် အစဉ်အလာကိုဆန့်ကျင်သော အတွေးအခေါ် မရှိကြသည်က များသည်။

ထို့ကြောင့် တိုင်မင်လီ၏ စောဒကတက်မှုကို မှားသည် မှန်သည်ဟု မစဉ်းစားတော့ပေ။ နယ်စားကြီး၏ စီရင်ခွင့်ကို ဆန့်ကျင်ခြင်းသာ အမှားဟု ထင်မြင်ကြသည်။

ထို့ပြင် ဤခန်းမအတွင်း နယ်စားကြီး၏ တရားစီရင်ခြင်းကို ပို၍ နှစ်ခြိုက်သူ များနေခြင်းပင် ဖြစ်တော့သည်၊



သို့သော် နယ်စားကြီးကား ငုငုငိုင်ငိုင်ပင်။ ပေါက်ကွဲသူကား နယ်စားကြီးမဟုတ်ပေ။ အမတ်ကြီးသာတည်း။ အမတ်ကြီးသည် ဒေါသသံဖြင့် ဟိန်းဟောက်လေ၏။

'ရှုံ အန်ပြည်နယ် စီကွမ်ခန်းမမှာ နယ်စားကြီးရဲ့ အမိန့်ကို ဘယ်သူမှ စောဒကတက်ခွင့် မရှိဘူးဆိုတာ မင်းမသိဘူးလား၊ ဒီလို စောဒကတက်တဲ့ လူကိုလဲ ဘယ်လိုအပြစ်ပေးရမယ်ဆိုတာ သတ်မှတ်ထားတဲ့စည်းကမ်းလဲ ရှိတယ်'

သူသည် နယ်စားကြီးကို ကြည့်လိုက်၏။

'နယ်စားကြီးခင်ဗျာ၊ ဒီလိုယုတ်မာရိုင်းပျတဲ့ လူငယ်ကို ခန်းမကြီးထဲက ဆွဲထုတ်ပစ်ဖို့ အမိန့်ပေးပါ'

ထိုအခါ အစဉ်အလာကို ဖက်တွယ်ထားသော အမတ်ကြီး၏ လူများက ဝိုင်းအော်ကြတော့သည်။

'ဟုတ်တယ်....ဟုတ်တယ်'

'ဆွဲထုတ်... ဆွဲထုတ်'

'ရိုင်းတဲ့ကောင်ကို ဆွဲထုတ်....ဆွဲထုတ်'

ထိုအသံများ ကြားသောအခါ နယ်စားကြီးသည် လန့်နိုးသွားသူ ကဲ့သို့ ဖြစ်သွားသည်။ သူသည် ချက်ချင်း အမိန့်ပေးလိုက်၏။

'ဒီကောင့်ကို ခန်းမဆောင်ထဲကနေ ခုချက်ချင်း ဆွဲထုတ်ကြစမ်း'

နယ်စားကြီးသည် အမိန့်ပေးလိုက်၏။

နယ်စားကြီး၏ အရိပ်အခြည်ကို စောင့်ကြည့်နေကြသော စစ်သည်ရဲမက်များမှာ တိုင်မင်လီရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလေ၏။

သူတို့သည် တိုင်မင်လီကို ဖမ်းချုပ်လိုက်ကြသည်။ ရဲမက်နှစ်ယောက်သည် တိုင်မင်လီ၏ လက်မောင်းတစ်ဖက်စီကို ချုပ်ကိုင်လိုက်ကြ၏။

ရဲမက်နှစ်ဦးမှာ တိုင်မင်လီ၏ လက်မောင်းကို ထိသည်နှင့် တစ်ပြိုင်နက် လေထဲ၌ လွင့်စဉ်သွားတော့သည်။

တိုင်မင်လီက ထိုသူနှစ်ယောက်အား တစ်ပြိုင်နက် ကိုင်ပေါက်ချလိုက်သည်။

'ဝုန်း'

'ဝုန်း'

'အား'

'အီး'

ရဲမက်နှစ်ယောက်မှာ ခြေကားရား လက်ကားရားဖြင့် လေထဲတွင် လွင့်စဉ်သွားပြီး ကြမ်းပြင်ပေါ်သို့ တဝုန်းဝုန်း ကျသွား၏။

ထိုအခါ ကျန်ရဲမက်တစ်ယောက်က လျင်မြန်လှသည်။

သူ၏ဓားကို ထုတ်ပြီး တိုင်မင်လီ ခါး ရုတ်တရက် ပိုင်းချလိုက်လေ၏။

ဓားချက်က လျင်မြန်ပြင်းထန်လှသဖြင့် တိုင်မင်လီဆိုသောလူငယ်မှာ ခါးနှစ်ပိုင်း ပြတ်ပြီဟု ထင်လိုက်ကြသည်။ အံ့ချီး



က မျက်စိများ မှိတ်လိုက်ကြသည်။ သူသို့သည် သွေးသံရဲရဲကို မကြည့်ရဲကြချေ။

'ခြွမ်း'

'ချလန်း'

'အုန်း'

ပြင်းထန်သော ဓားချင်း ထိခတ်သံကိုကြားလိုက်ရသည်။

ဓားထုတ်သည့် ရဲမက်မှာ ဓားလွင့်စဉ်သွားပြီး တိုင်မင်လီက ခြေထောက်နှင့်ခတ်လိုက်သဖြင့် ကြမ်းပြင်ပေါ်သို့ လွင့်စဉ်သွားသည်။

ရဲမက် နှစ်ယောက်မှာ ကိုင်အပေါက်ခံရသဖြင့် လည်းကောင်း ရဲမက်တစ်ယောက်မှာ ခြေထောက်ဖြင့် အကန်ခံရသဖြင့်လည်းကောင်း ကြမ်းပြင်ပေါ် လဲကျနေကြသည်။ သူတို့သည် မထနိုင်ကြတော့ပေ။

တိုင်မင်လီသည် သူ၏ လက်ထဲမှဓားကို လေထဲ၌ဝှေ့ယမ်းလိုက်၏။

'ရှိ....ရှီး....ရှမ်း'

အလင်းတန်းတစ်ခုသည် ပြိုးခနဲပြက်ခနဲ ဖြစ်ပေါ်သွား၏။ သူသည် နယ်စားကြီး၊ အမတ်ကြီးနှင့် ခန်းမတစ်ခုလုံးရှိ ပရိသတ်များအား တစ်ချက် ဝေ့ကြည့်လိုက်၏။

'ခင်ဗျားတို့ လူကိုကြည့်ပြီး စော်ကားကြ၊ ကျုပ်ကတော့ ခင်ဗျားတို့ စော်ကားတိုင်း ခေါင်းငုံ့ခံမယ့် လူစားမျိုးတော့ မဟုတ်ဘူး၊ ကျုပ်လက်ထဲမှာ ဓားရှိသရွေ့၊ လေးမြားရှိသရွေ့ ဘယ်သူ့အစော်ကားမှ မခံဘူး၊ ကျုပ် အသက်ရှင်သန်နေသမျှ

တိုက်ခိုက်သွားမယ်၊ ဘယ်သူစော်ကားမလဲ၊ စော်ကားတဲ့ လူကတော့ အသေပဲ'

သူသည် သူ၏ဓားကို ဓားအိမ်အတွင်း စွပ်ခနဲ ပြန်သွင်းလိုက်သည်။ သူသည် နယ်စားကြီးနှင့်အမတ်ကြီးကို စူးစိုက်ကြည့်လိုက်၏။

'နယ်စားကြီးဟာ တရားမျှတတဲ့ တာဝန်ဝတ္တရားတွေကို သွေဖည်သွားခဲ့ပြီ၊ ဆိုးညစ်ယုတ်ကန်းတဲ့ လူတွေဟာ နယ်စားကြီးကို ဖိုးလောက်များသဖွယ် တွယ်နေကြပြီ၊ ကျုပ်ဟာ မကောင်းမှုတွေကို မလိုလားသူ ဖြစ်တယ်၊ ဒုစရိုက်မှုတွေကို စက်ဆုပ်ရွံရှာသူ ဖြစ်တယ်၊ ဒီအချိန်ကစပြီး ဒီ မကောင်းမှု ဒုစရိုက်တွေကို ဆန့်ကျင်သူဖြစ်ကြောင်း ပြောပါတယ်၊ ကဲ.... ကျုပ်တော့ ဒီခန်းမထဲက ထွက်ပြီ'

သူသည် ခြေလှမ်းကျဲကျဲနှင့် ထွက်ခွာသွားတော့၏။

ရဲမက်များမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ရာဇဝတ်ဒဏ်သင့်သူအတွက် သူတို့၌ တာဝန်ရှိကြသည် မဟုတ်ပါလော။

တိုင်မင်လီသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြသော ရဲမက်များကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'ငါ တစ်ခုတော့ သတိပေးခဲ့ပါရစေ၊ မင်းတို့ထဲက ငါ့နောက်ကို လိုက်ရဲတဲ့လူရှိရင် လိုက်ကြည့်၊ အသက်နဲ့ကိုယ် အိုးစား မကွဲဘဲကျန်ရစ်တဲ့လူရှိရင် ငါ့ကို ပြောချင်တိုင်းပြော၊ လိုက်လာတဲ့လူ မှန်သမျှကို သတ်မယ်'

တိုင်မင်လီသည် ချာခနဲ လှည့်ထွက်သွားတော့၏။



ရဲမက်များမှာ ငြိမ်သွားသည်။ မည်သူမျှ မလှုပ်ဝံ့ကြတော့ချေ။

'ဂျိုင်း'

တိုင်မင်လီသည် ခန်းမတံခါးကြီးကို ဆောင့်ပိတ်သွားသည်။ ထိုအခါကျမှသာ ခန်းမထဲ၌ အသက်ပြင်းပြင်းရှူရဲကြတော့သည်။ မွှလွင်ပြင်မှ ပြန်လာသည့် သိုင်းသမား တစ်ယောက်အား မည်သူက တိုက်ခိုက်ရဲပါမည်နည်း။

မတော်တဆနယ်စားကြီးနှင့် အမတ်ကြီးအားရန်သတ္တိပြခဲ့သော်လည်း မည်သူက တားဆီးရဲပါမည်နည်း။ အမတ်ကြီးသည် ချက်ချင်း အော်ဟစ်အမိန့်ပေးတော့သည်။ သူခိုးပြေးမှ ထိုးကွင်းထခြင်းပေတည်း။

'ကျင့်ရှာ.... ဒီကောင့်နောက်ကို လိုက်စမ်း၊ ဒီကောင့်ကို အသေရရ အရှင်ရရ လိုချင်တယ်၊ ဒီကောင် နယ်စားကြီးကို စော်ကားသွားတာ'

ကျင့်ရှာသည် ဝုန်းခနဲ ထရပ်လိုက်သည်။ သို့သော် သူတစ်ယောက်တည်း မလိုက်ရဲချေ။ သူသည် နောက်ပြန်လှည့်ပြီး ရဲမက်စစ်သည်များအား အမိန့်ပေးသည်။

'ဟေ့....ရဲမက်တွေ ဘာလုပ်နေကြတာလဲ၊ ဘာငိုင်နေကြတာလဲ၊ အမတ်ကြီး အမိန့်ပေးနေတယ်၊ အားလုံး ထွက်ကြစမ်း၊ ဒီရာဇဝတ်ကောင်နောက် လိုက်ရမယ်'

ရဲမက်များမှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အဖော်ညှိနေကြ၏။ သူလိုက်နိုးနိုး ငါလိုက်ရနိုးနိုး ဖြစ်နေကြသည်။

'တယ်....ဒီရဲမက်တွေအကုန်လုံးလာကြ၊အကုန်လုံး လိုက်ခဲ့ကြ၊တစ်ယောက်မကျန် လိုက်ခဲ့ကြ'

ရဲမက်များမှာ ဒုက္ခဖြစ်သွားသည်။သူတို့သည် သက်သာရာ သက်သာကြောင်း ရှာကြံနေသူများ ဖြစ်သည်။အလကား အသေမခံလိုကြချေ။

သို့သော် အမတ်ကြီးကလည်း ရှိနေသဖြင့် မတတ်သာတော့ဘဲ ကျင့်ရှာနောက်မှ လိုက်ကြရတော့သည်။

ကျင့်ရှာသည် အလွန်ရဲရင့်ဟန်ဖြင့် စစ်သည်များကို ဦးဆောင် ချီတက်သွားလေ၏။စစ်သည် ရဲမက်နှစ်ဆယ်ခန့်မှာ တိုင်မင်လီ ဆောင့်ပိတ်ခဲ့သော တံခါးကို ကန်၍ဖွင့်လိုက်၏။

ထိုအခါ ခန်းမတံခါးနှင့် ပေတစ်ရာကျော်မျှ အကွာတွင် ရှိနေသော တိုင်မင်လီသည် ကျင့်ရှာနှင့် ရဲမက်များကို တွေ့လိုက်ရသည်။ ရဲမက်များကလည်း တိုင်မင်လီကို မြင်သည်။

တိုင်မင်လီကား လေးကိုကိုင်၍ လေးညှို့ကို တင်နေလေသည် တကား။

ကျင့်ရှာသည် ရုတ်တရက် ဝမ်းလျား ထိုးမှောက်ချလိုက်၏။

'ဝှီး'

မြားသည် လေထုကိုခွင်းလျက် ဖြတ်သန်း ဝင်ရောက်လာ၏။ ကျင့်ရှာမှာ ဝပ်ချလိုက်သည်မှာ အချိန်မီကလေး ဖြစ်သွားသဖြင့် သူ၏ ဦးထုပ်ကို မြားတံက ဖောက်ထွင်း သယ်ဆောင်သွားလေ၏။

'အား'



ကျင့်ရှာနောက်မှ လိုက်လာသော ရဲမက်မှာ ရင်ဝသို့ မြားတန်းလန်းစူးပြီး အားခနဲအော်ကာ လဲကျသွားသည်။ ရဲမက်အားလုံး ဝရုန်းသုန်းကား ဖြစ်သွားကြ၏။ ပုန်းသူပုန်း၊ အကာအကွယ်ယူသူယူ ဖြစ်ကုန်သည်။

'ဟေ့....လိုက်ကြစမ်း'

တပ်မှူး ဖုန်ယုဟွမ်သည် ခန်းမထဲမှ ပြေးထွက်လာပြီး အမိန့်ပေးလိုက်သည်။

'ဟေ့....ရဲမက်တွေ ဒီကောင့်ကို လုံးဝမလွတ်စေနဲ့'

အမတ်ကြီးကလည်း အော်ဟစ် အမိန့်ပေးသည်။

နီးရာခေါ်ကို ပိုကြောက်ကြရသော ရဲမက်များမှာ မြင်းများ ရှိရာသို့ အပြေးအလွှားသွားကာ မြင်းပေါ်တက်စီးကြရတော့သည်။ တိုင်မင်လီနောက်သို့ အပြေးအလွှား လိုက်ကြ၏။ မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

မြင်းများသွားမည့်လမ်းကြောင်းပေါ်၌ ရောက်နေသည့် လူများမှာလည်း ဖရိုဖရဲ ပြေးရှောင်ကြရတော့သည်။စိုက်ခင်းမှိုသူ မှိုသားများမှာ ဒရောသောပါး ပြေးထွက်လာကြသည်။

မြင်းစီးရဲမက်များအား အမြဲတမ်း ကြောက်လန့်နေကြရသည် မဟုတ်ပါလား။

မြင်းစီးရဲမက်များသည် သူတို့အား ဒုက္ခပေးမည့်သူများကို ရင်မဆိုင်ဝံ့သော်လည်း မြို့သူမြို့သားများနှင့် ရွာသူရွာသားများကိုမူ အနိုင်ကျင့်ချင်တိုင်း ကျင့်နေကြသည်။

စစ်သည်ရဲမက်များ မြင်းကို စတင်စီးနင်းချိန်တွင် တိုင်မင်လီမှာ မြင်ကွင်းမှ ပျောက်သွားချေပြီ။

သူတို့သည် မြင်းများကို ဆက်လက် စီးနင်းလာကြ၏၊ တပ်မှူး ဖုန်ယုဟွမ်နှင့် အမတ်ကြီး၏တပည့် ကျင့်ရှာတို့သည် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်သောအခါ မည်သည့်လမ်းသို့ လိုက်ရမှန်း မသိဘဲ ဖြစ်သွားသည်။

ရဲမက်များသည် လမ်းဆုံ လမ်းခွအနီးတွင် ရှိသူများကို မေးလေ၏။

'မြင်းတစ်စီးနဲ့ လူတစ်ယောက် ဘယ်လမ်းကို ပြေးသလဲ'

'ဟိုလမ်း'

'ဒီလမ်းပါ'

လမ်းဆုံ လမ်းခွ၌ ရှိနေသူများမှာ လမ်းကို အမျိုးမျိုး ညွှန်ပြနေကြသဖြင့် စစ်သည်ရဲမက်များသည် ဒေါသဖြစ်ဖြစ်နှင့် ထိုလူများကို ရိုက်နှက်ကြလေတော့၏။ သူတို့၏ ဒေါသများသည် ပြည်သူလူထုတွင်တော့ အလွန်လွယ်ကူစွာ ပေါက်ကွဲလွယ်သည်။

'အမယ်လေးဗျ'

'ကျွန်တော်သိတာကို ပြောတာပါဗျ'

အရိုက်ခံရသူများသည် နာကျင်စွာ အော်ဟစ်ရင်း ထွက်ပြေးကြသည်။

ထိုသို့ရိုက်နှက်နေချိန်တွင် တိုင်မင်လီမှာ မြို့တံခါးဝသို့ ရောက်ရှိသွားလေပြီ။



မြို့တံခါးမှာ နံနက် နေထွက်ချိန်မှစ၍ ညနေ နေဝင်ဂသည့် အချိန်အထိ ဟင်းလင်း ဖွင့်ထားစမြဲတည်း။ သို့သော် စစ်သည် ရဲမက်များကတော့ စောင့်ကြည့်နေကြသည်။

သူတို့သည် ကုန်သည်များ မြင်းစီး ခရီးသည်အုပ်စုများကိုတော့ အတင်းအကျပ် ငွေတောင်းခံတတ်သည်။

ရိုးရိုးခြေကျင်ခရီးသွားသူများ၊ သီးနှံများ ရောင်းချသည့် အထမ်းသမားများကိုတော့ ငွေကြေး မတောင်းခံကြပါ။

တံခါးစောင့်များသည် ထိုအချိန်မှ မြင်းကြီးကို အပြင်း စီးလာသည်။ တိုင်မင်လီအား တွေ့လိုက်ရသောအခါ အံ့အားသင့်သွားသည်။ ထိုအချိန်၌ များသောအားဖြင့် မြို့ပြင်မှ မြို့တွင်းသို့ ဝင်ကြသူ များသည်။

ယခု တိုင်မင်လီကတော့ မြို့တွင်းမှမြို့ပြင်သို့ထွက်ရန် မြင်းကို အပြင်းစီးနင်းလာခြင်း ဖြစ်သည်။ ဤသို့ မြင်း အပြင်း စီးလာခြင်းမှာ သူတို့အား မလေးမစား ပမာမခန့် ပြုလုပ်သည်ဟု ထင်ကြသည်။

လှံရှည်ကိုင်ထားသော တံခါးစောင့်နှစ်ဦးသည် လှံရှည်ကို ကြက်ခြေခတ်လိုက်ပြီး တိုင်မင်လီအား တားဆီးလိုက်လေ၏။ အရှိန်နှင့်စီးလာသောမြင်းသည် သူတို့ရှေ့၌ ရပ်တန့်ရမည်ဟု သူတို့ တစ်ထစ်ချ ယူဆကြသည်။

ဘာကယ်တော့ သူတို့ထင်သလို မဖြစ်တော့ပေ။

တိုင်မင်လီသည် အချိန်မဆိုင်းချေ။ သူသည် အရှိန်မလျှော့ဘဲ စီးဝင်သွားသည်။

'ယော့ ကောင်....ရပ်....ရပ်'

ဘေးမှ ရပ်နေသည့် အစောင့်တစ်ယောက်သည် တရကြမ်း စီးဝင်လာသော တိုင်မင်လီအား လှံရှည်ကြီးနှင့် ထိုးလိုက်လေ၏။

'ဖြောင်း'

'ဒုတ်'

'အင်း'

တိုင်မင်လီသည် အစောင့်များကို ခြေဖြင့် ကန်ချလိုက်၏၊ အစောင့်များ လင့်စဉ်ထွက်သွားသည်။

လှံဖြင့်ထိုးလိုက်သည့် အစောင့်၏လှံကိုမူ ခေါင်းငုံ့ရှောင်ပြီး လှံကိုဆွဲယူလိုက်၏။ ထိုလှံဖြင့်ပင် အစောင့်ကို ပြန်ရိုက်ချလိုက်သည်။ လှံဖြင့်အရိုက်ခံရသော စစ်သည်ရဲမက်များမှာ မြေကြီးပေါ်သို့ ခွေခနဲ ကျသွားလေ၏။

တိုင်မင်လီသည် မြင်းကို တရကြမ်းစီးနင်းကာ မြို့တံခါးကို ကျော်၍ ထွက်သွား၏။ ကျန်သည့် တံခါးစောင့်များက အော်ဟစ်ရင်း ပြေးလိုက်လာသည်။

'ဟေး....ဟေး....ရပ်လိုက်....ရပ်လိုက်'

'ခွေးကောင်....ရပ်ဆိုတာ မကြားဘူးလား'

သူတို့သည် မြို့တံခါးနှင့် ကိုက်ငါးဆယ်ခန့်သာ ပြေးလိုက်လာကြသည်။ တကယ်တော့ သူတို့ မလိုက်ရဲပါ။ အသေအကျေ ယှဉ်ပြိုင်မည့် လူတစ်ယောက်ကို သူတို့ တကယ်တမ်း မတားရဲပါ။ သူတို့ အော်ဟစ်ရင်း ရပ်တန့်လိုက်ကြပါသည်။



တိုင်မင်လီသည် ပြေးထွက်သွားရင်း သူလုယူလိုက်သော လှံတံဖြင့် လှည့်ပစ်လိုက်၏။ ထိုလှံမှာ အစောင့်များကြားသို့ ပစ်လိုက်ခြင်းမဟုတ်ပါ။ အစောင့်များကြားသို့သာ ပစ်လိုက်လျှင် တစ်ယောက်ယောက် သေဦးမည် ဖြစ်ပါသည်။

လှံသည် အုတ်မြို့ရိုးရှေ့၌ စိုက်ထူထားသော ကျွန်းတိုင်ကြီးထိပ်၌ သွားရောက်စွဲတော့သည်။

'ဒုတ်'

လှံချက်မှာ စွဲမြဲလှသည်။

ကျွန်းတိုင်ကြီးမှာ ကြီးလှ၏။ ထိုကျွန်းတိုင်ကြီးတွင် ဆယ်လက်မမျှ အသွားရှိသော လှံသွားမှာ လုံးဝနစ်ဝင်သွားပြီး၊ လှံဖျားမှာ ခါယမ်းနေသည်။ ထိုလှံချက်ကို မြင်ပြီးနောက် မည်သူမျှ လိုက်ရန်စိတ်မကူးကြတော့ချေ။

အကယ်၍ သူတို့ပြေးလိုက်လျှင်လည်း မီမည်မဟုတ်ပါ။ ခြေကျင်သမားနှင့် မြင်းသမား အဘယ်မှာလိုက်၍ မီပါအံ့နည်း။

သူတို့ရှေ့တွင်ပင် တိုင်မင်လီသည် ဖုန်တထောင်းထောင်းနှင့် စီးနင်းသွား၏။ မကြာမီ လူလုံးသေး၍သေး၍သွားကာ လုံးစ မမြင်ရတော့ချေ။

တိုင်မင်လီသည် ခုဖေးရွာဘက်သို့ ခရီးနှင်နေခြင်းဖြစ်၏၊ ခုဖေးရွာမှာ သူ၏ တူရူအရပ်တွင်ရှိသည်။

သူ့အတွက် အချိန်ပိုမရှိသည်ကို သူကောင်းစွာသိ၏၊ သူသည် အာဏာစက်ပိုင်စိုးရာ နယ်စားကြီးနှင့် အမတ်ချုပ် ကြီးတို့ကို အန်တုဖက်ပြိုင်ခဲ့သည်။ သူသည် ရာဇဝတ်သာ ဖြစ်နေလေပြီ။

သူသည် ခုဖေးရွာရောက်ရန်သာ စိတ်စောနေမိသည်၊ သန်းခေါင်ယံအချိန်တွင် ခုဖေးရွာသို့ ရောက်နေရပေလိ မည်။ မရောက်လျှင် အားလုံး အချိန်းအချက် ပျက်ကွ မည်။

ဂိုဏ်းချုပ်ကြီး စူရှန်ကျွန်းအား ပေးခဲ့သည့် ကတိစကာ မှာ တန်ဖိုးမဲ့သွားလေတော့မည်။ မည်သည့်နည်းနှင့်မဆို ခုဖေးရွာသို့ သူ အချိန်မီရောက်ရမည်။

ထုံစဉ် သူ့စိတ်အစဉ်သည် နောက်ကြောင်းသို့ ပြန်ပြေ သွားလေသည်။

ဆီကွမ်မြို့တွင် ကျန်ရစ်သော ဌမစင်ကွမ်။
ညီမငယ် တိုင်ဇမလင်း။

အိုမင်းမစွမ်းရှိနေဖြစ်သော ဖခင်ကြီး တိုင်ယန်စင်။
သူကတော့ ဘေးဒုက္ခမှ ပြေးထွက်ခဲ့ပြီ။

ကျန်ရစ်သူများကတော့ ဆိုးရွားလှသော ဘေးဒုက္ခများ ရင်ဆိုင်ရပေတော့မည်။



တိုင်မင်လီမှာတွေးရင်း မူးနောက်သလို ဖြစ်လာသည်။ သို့ရာတွင် သူ၏ မဟာရာမြင်းကြီးကတော့ ရှေ့သို့သာ မှန်မှန် ကြီး နှင်လျက် ရှိနေလေသည်။

[ ၁၁ ]

အမတ်ကြီးကျိုကဲလောက်မှာ ဂနာမငြိမ်ဖြစ်လျက်ရှိ၏။ သူသည် သူ၏ စံအိမ်တော်အတွင်း လူးလာခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ ထိုသို့လျှောက်ရင်းမှ တံခါးဝသို့ မကြာခဏ လှည့်ကြည့်နေမိသည်။

အမတ်ကြီး၏ စိတ်မတည်ငြိမ်မှုမှာ သူ၏ စိုးရိမ်ပူပန်မှုကြောင့် မဟုတ်ချေ။ သူ ထိုသို့ဂနာမငြိမ်ဖြစ်နေရသည်မှာ
၈ သူ၏ များပြားသော လုပ်ငန်းစဉ်များကြောင့် ဖြစ်လေ၏။

သူ၏ လုပ်ငန်းစဉ်အများအပြားမှာ စိတ်ရှင်လန်းစရာ၊ စိတ်အားတက်စရာ၊ စိတ်ပူပန်စရာ၊ စိတ်မချမ်းမြေ့စရာ၊ စိုးရိမ်ကြောင့်ကြစရာကိစ္စများ ရောနှောနေသည်။

သူ့တပည့် ကျင့်ရှာသည် တိုင်မင်လီကို မီအောင် မလိုက်နိုင်ခဲ့ပါ။ သူတို့ဘက်က ရဲမက်တစ်ယောက်သေ၍ နှစ်ယောက် ဒဏ်ရာရခဲ့သည်။

အကယ်၍ တိုင်မင်လီက ထို့ထက်ပို၍ တိုက်ခိုက်ခဲ့လျှင် ထို့ထက်ပို၍ သေကျေနိုင်စရာ ရှိသေးသည်။ သို့သော် တိုင်မင်လီကတော့ ဘာမှမဖြစ်ဘဲ လွတ်မြောက်သွားခဲ့သည်။

ဤအဖြစ်မှာ ရှက်ဖွယ်သိလိ အဖြစ်ပင်။

ထိုစဉ်က အဖြစ်အပျက်ကို အမတ်ကြီးသည် ပြန့်လည် မြင်ယောင်လာခဲ့သည်။

အမတ်ကြီး၏တပည့်ရင်း ကျင့်ရှာသည် မျက်နှာငယ်လေးနှင့် ပြန်လာခဲ့သည်။ တိုင်မင်လီကို ဖမ်းဆီးနိုင်ခဲ့ခြင်း မရှိသည်ကို အမတ်ကြီးသိလိုက်သဖြင့် အလွန်ဒေါသထွက်သွားသည်။

သို့သော် အမတ်ကြီးသည် ဒေါသထွက်စဉ်မှာပင် တစ်စုံတစ်ခုကို ဆင်ခြင်မိသည်။ သူ၏ အားတက်ဖွယ်ရာ လုပ်ငန်းစဉ်ထဲ၌ အားပျက်ဖွယ်ရာ အရှုံးတရားတစ်ခု ဖန်တီးသွားပြီ ဖြစ်ကြောင်းကို သူသဘောပေါက်မိသည်။

အမတ်ကြီးသည် ရှက်ဖွယ်ကောင်းသော အဖြစ်၊ ဒေါသဖြစ်စရာကောင်းသောအဖြစ် အားလုံးကို ခံစားရင်း တဖြည်း မဖော်ပြနိုင်သော ဝိတိကို ခံစားလာရသည်။



အဘယ်ကြောင့်ဆိုသော် သူပုန်လည်းဖြစ်၊ ရာဇဝတ်သားလည်း ဖြစ်သွားသော တိုင်မင်လီကြောင့် သူ၏မိသားစုကို ဖမ်းဆီးချုပ်နှောင်ခွင့် ရရှိခဲ့ပြီ မဟုတ်ပါလား။ ဤပီတိမှာ တုနှိုင်းမရသော ပီတိဖြစ်သည်။

တိုင်မင်လီရာဇဝတ်သားဖြစ်ခြင်းမှာ သူ့အတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်သည်။ သူ့အတွက် ထိုအခွင့်အရေး ပေါ်ပေါက်ခဲ့ခြင်းမှာ ရေငတ်တုန်း ရေတွင်းထဲကျခြင်းဖြစ်သည်။

အကယ်၍ သည်အခွင့်အရေး မပေါ်ပေါက်ခဲ့ပါက တိုင်မင်လီ၏ညီမ တိုင်မေလင်းကို ဖမ်းဆီးချုပ်နှောင်နိုင်ရန် အလွန်ကြီးမားသော လုပ်ကြံမှုကြီးတစ်ခုကို ပြုလုပ်ရပေလိမ့်မည်။ လုပ်ကြံမှုကြီးမှာ တကယ်ပီရိသေသပ်ရမည် ဖြစ်၏။ တိုင်ယန်စင်တို့မိသားစုမှာ မြို့စားဟောင်းဖြစ်ရာ တော်ရုံတန်ရုံ အကြံအစည်ဖြင့် လုပ်ကြံ၍ မရချေ။ သူ အလွန်စဉ်းစားပြီး လုပ်ကြံရပေလိမ့်မည်။

လူကုံထံ မြို့မျက်နှာဖုံး လူတန်းစားဖြစ်၍ သေးသေးဖွဲဖွဲ အမှုဖြင့် လုပ်ကြံ၍ မရနိုင်ချေ။ တော်တော် ဦးနှောက်ခြောက်အောင် ကြံစည်ရပေမည်။ ယခုတော့ ခက်ခက်ခဲခဲ ကြံစည်ရန် မလိုတော့ချေ။

တိုင်မေလင်းသည် သူ့လက်တွင်းသို့ အလိုအလျောက် ရောက်လာချေပြီ။

အမတ်ကြီးသည် ထိုအချက်ကို စဉ်းစားမိသောအခါ အလွန်သဘောကျသွားသဖြင့် သူ့နှုတ်ခမ်းမွေးကို သူပြန်သပ်နေ၏။

'တိုင်မင်လီဟာ နယ်စားကြီးကို ပုန်ကန်သူဖြစ်တယ်၊ အဲဒီအဖြစ်ဟာ အတော်ကြီးကျယ်တယ်၊ ခွင့်လွှတ်လို့မရတဲ့အဖြစ်ပဲ ဖြစ်တယ်၊ တိုင်မင်လီအနေနဲ့ သူ့ကိုယ်သူ လာရောက်အဖမ်းခံခြင်း မပြုရင်ရွေ့ သူ့ဖခင် မြို့စားဟောင်း တိုင်ယန်စင့် သမီးတိုင်မေလင်းတို့ကို အကျဉ်းထောင်ထဲ ထည့်ထားရလိမ့်မယ်၊ အခု သူတို့ကိုသွားဖမ်းပါ'

အမတ်ကြီးသည် သူစကြံလျှောက်နေသည့် တစ်လျှောက်လုံး တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေကြသည့် ကျင့်ရှာနှင့် အဖွဲ့သား များကို အမိန့်ပေးလိုက်လေ၏။

ကျင့်ရှာသည် ရဲမက်များကိုခေါ်ကာ ချက်ချင်းထွက်ခွာသွားတော့သည်။

အမတ်ကြီးသည် သူ၏စံအိမ်တော်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။ သည်တစ်ကြိမ် လမ်းလျှောက်ခြင်းကတော့ စိတ်ပူပ်ရှား၍ လမ်းလျှောက်ခြင်း မဟုတ်ပေ။

မြို့စားဟောင်း တိုင်ယန်စင်နှင့်သမီးကို ဖမ်းလာခြင်းကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သူသည် အတန်ကြာသည်အထိ လမ်းလျှောက်နေသည်။ အချိန်အတော်ကြာသည်အထိ ကျင့်ရှာတို့ ပြန်မလာကြပေ။



အမတ်ကြီးသည် တိုင်မင်လီအကြောင်း ပြန်စဉ်းစားနေ၏။ ယခု တိုင်မင်လီသည် အိမ်ကိုပြန်ရောက်နေပြီလား။

## [ ၁၂ ]

ရာဂ၏သားကောင်

အမတ်ကြီးသည် တိုင်မင်လီနှင့် မျက်နှာချင်းတစ်ခါသာ ဆိုင်ဖူးသည်။ တိုင်မင်လီဆိုသော လူငယ်သည် မြို့စားကြီးခန်းမတွင်း၌ ခြသေ့်ကဲ့သို့ ရပ်ခဲ့သူဖြစ်လေ၏။

အမတ်ကြီးသည် ခန်းမအတွင်းရှိ တိုင်မင်လီ၏ အသွင်သဏ္ဌာန်ကို စဉ်းစားမိသောအခါ ဆင်ကြံကြံနေသောသူ့အကြံအစည်များကိုပင် စွန့်လွှတ်ချင်သလိုပင် ဖြစ်သွား၏။ ထိုလူငယ်သည် ကေသရာဇာခြသေ့်မင်းကဲ့သို့ ရဲရင့်သူပေတည်း။

'တပ်မှူးကျင့်ရှာ ပြန်ရောက်လာပါပြီခင်ဗျာ'

'ဘယ်မှာလဲ အကျဉ်းသားတွေ၊ အကျဉ်းသားတွေကို ငါ လိုချင်တာကွ'

အမတ်ကြီးက အရေးတကြီး မေးလေ၏။

'ပါပါတယ်ခင်ဗျာ'

'အားလုံး ဘယ်နှစ်ယောက်လဲကွ၊ မင်းပြောတာ ဟန် မကျဘူး၊ ပြောလိုက်စမ်းပါ'

'အားလုံးသုံးယောက်ပါခင်ဗျာ၊ မိန်းကလေးနှစ်ယောက် နဲ့ အဘိုးကြီး တိုင်ယန်စင်ပါ'

အမတ်ကြီးက....

'အေး... အဲဒီအဘိုးကြီးကိုတော့ အပြင်မှာထားခဲ့၊ ကျင့်ရှာနဲ့ မိန်းကလေးနှစ်ယောက်ကို ငါ့ဆီလွှတ်လိုက်'

'အမိန့်အတိုင်းပါ ခင်ဗျာ'

အစောင့်ရဲမက်သည် အရေးကြီးသည့် အချက်များကို ပြောပြီး ပြန်ထွက်သွားလေ၏။

အမတ်ကြီးသည် ထိုသတင်းကိုကြားရသည့်အခါ အလွန် အားရဝမ်းသာ ဖြစ်သွား၏။ သူသည် မိန်းကလေးရှေ့၌ ဟိတ်ဟန်ပြနိုင်ရန် ရာဇပလ္လင်ဆန်ဆန် ပြုပြင်ထားသည့်ထိုင်ခုံ ပေါ်၌ သွားထိုင်လေ၏။

တစ်ခဏမျှ ကြာသောအခါ ကျင့်ရှာကိုမြင်ရသည်။ သူ သည် မိန်းကလေးနှစ်ယောက်ကို ရှေ့မှသွားစေပြီး သူက နောက်မှလိုက်သည်။ အမတ်ကြီးသည်မိန်းကလေးနှစ်ယောက် ကို ကြည့်လိုက်၏၊ ထိုအခိုက်၌ အမတ်ကြီး၏မျက်လုံးများ ပြာဝေသလို ဖြစ်သွားသည်။



အမတ်ကြီးမှာ မယုံနိုင်သလို ဖြစ်သွားသည်။

မျက်တောင်များ ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး အားစိုက် ကြည့်လိုက်၏။ သူသည် ဤအသက်အရွယ်၌ ခူးခဲ့ဖူးသော ပန်းပေါင်းများလှလေပြီ။

သူနမ်းရှုံခြွေပစ်ခဲ့သော ပန်းပေါင်းများလှပြီ။ ထိုပန်း များကို စုပေါင်းလိုက်လျှင် ပန်းဥယျာဉ်တစ်ခု ဖြစ်လောက် သည်။

ယခု သူ့ရှေ့တွင် ရောက်ရှိနေသော မိန်းကလေး နှစ် ယောက်မှာ ပန်းသာဆိုလျှင် သူလို ပန်းခူးသမား မမြင် ဘူးသေးသည့် အလှပန်းစစ်စစ်များသာ ဖြစ်သည်။

နတ်သမီး ဆိုသည်ကို အမတ်ကြီး မမြင်ဘူးချေ။ ဤ မိန်းမပျိုများက လူသားမဟုတ်။ နတ်သမီးဟုပင် ထင်လိုက် မိသည်။

အမတ်ကြီးသည် မိန်းမပျိုနှစ်ယောက်ကို မြင်သည်နှင့် သူ့ပတ်ဝန်းကျင်နှင့် အားလုံးကို မေ့လျော့သွား၏။ ဤ စကားသည် အမှန်ပင်ဖြစ်သည်။

သူ ပတ်ဝန်းကျင်၌ကျင့်ရှာရှိသည်။ ထိုင်ခုံ၊ ပန်းအိုးအစရှိ သည့် ခန်းမဆိုင်ရာ အသုံးအဆောင် ပစ္စည်းများရှိသည်။ ထို အရာ အားလုံးကို သူမေ့လျော့သွားသည်။

သူ့အနေဖြင့် ရှုအန်ပြည်နယ်နှင့် စေ့လန်ပြည်နယ် နှစ်ခု စလုံးကို သိမ်းပိုက်ရန် ကြံစည်နေသည့် ကိစ္စများက ယမန် နေ့ညက မီးရှို့ခဲ့သည့်ကိစ္စများ၊ တိုင်မင်လီ ထွက်ပြေး လွတ် မြောက်သွားသည့် ကိစ္စများကို မေ့လျော့သွားသည်။

အမတ်ကြီးသည် သတိလက်လွတ် ဖြစ်နေသည်။

သူသည် မိန်းမပျိုနှစ်ဦးကိုသာ အာသာငမ်းငမ်းနှင့်ကြည့်နေသည်။

သူ့အသက်အရွယ်နှင့် အမတ်ကြီးဟူသော ဝိသေသ ဂုဏ်ထူးကိုပင် မထောက်နိုင်ချေ။

မည်မျှကြာသွားသည် မသိချေ။ သူသည် ကြည့်နေရင်း ရုတ်တရက် ထိတ်လန့်သွားလေ၏။

တစ်ကိုယ်လုံး တုန်သွားသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်ရပါသနည်း။

သူသည် လွန်စွာ ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းသည့် နတ်ဒိဝါဒဂိုဏ်းချုပ်ကြီး ရဲယီတောက်၏ ကြမ်းကြုတ်လှသည့် မျက်နှာကြီးကို သူ မြင်ယောင်မိလိုက်သောကြောင့်တည်း။

ထိုမျက်နှာကြီးသည် ယခု အိမ်ပေါက်ဝတွင် တွေ့လိုက်ရသကဲ့သို့ ထင်းထင်းကြီးဖြစ်နေသည်။ အမတ်ကြီး လန့်သွားသည်။ သတိလည်း ချက်ချင်းဝင်လာ၏။

'ဟဲ့....ကျောင့်ရှာ'

'ခင်ဗျာ'

အမတ်ကြီးက ရုတ်တရက်ခေါ်လိုက်သဖြင့် ကျောင့်ရှာက ကမန်းကတန်း ပြန်ထူးရသည်။

အမတ်ကြီးက....

'သူတို့နှစ်ယောက်ကို ဖမ်းခေါ်လာတာတော့ဟုတ်ပါတယ် ဒါပေမယ့်....'

'အမိန့်ရှိပါ ခင်ဗျာ'



'သူတို့ထဲက တိုင်ယန်စင်ရဲ့သမီးက ဘယ်သူလဲကွ'

ကျောင့်ရှာ မဖြေမီ အဖြူရောင်ဝတ်စုံနှင့် မိန်းမပျိုကဝင်၍ ဖြေလေ၏။

'ကျွန်မက မြို့စားကြီး တိုင်ယန်စင်ရဲ့ ချွေးမပါ၊ နာမည်က မေစင်ကွမ်ပါ၊ သူကတော့ တိုင်ယန်စင်ရဲ့ သမီး တိုင်မေလင်းပါ၊ အမတ်ကြီးက ဘယ်လိုအမိန့်မျိုးများပေးချင်ပါသလဲ'

ထိုအခါ ချက်ချာလှသော မေစင်ကွမ်ကို အမတ်ကြီး ကြည့်မိလေ၏။

မေစင်ကွမ်၏ မျက်လုံးများသည် မိန်းကလေးနှင့် မလိုက်ဖက်အောင် စူးရဲလှသည်။ ကျား၊ ကျားသစ်တို့၏ မျက်လုံးကဲ့သို့ စူးရှတောက်ပြောင်လှ၏။

ၡင်းပြင် အသံမှာလည်း စူးရှခက်ထန်လှသည်။ သူ့အား သွားရောက်စော်ကားမိလိုက်လျှင် အမှုန့်ခြေပစ်လိုက်မည်လား မသိပေ။

အမတ်ကြီးသည် ထိုအကြည့်အသံများကိုဂရုမစိုက်ချေ။ သူတို့သည် သူ့လက်ခုပ်တွင်းမှရေ ဖြစ်နေပြီ မဟုတ် ပါလော။

ထိုရေကို မည်သို့သုံးသုံး အသုံးခံရရုံသာ ရှိသည်။

အမတ်ကြီးသည် ခေါင်းတဆတ်ဆတ် ညိတ်လေ၏။ ထို့နောက် ထိုင်ခုံမှထလာသည်။ မိန်းကလေးနှစ်ဦးကို ကြည့်ပြီး ခြေဆုံးခေါင်းဆုံး ကြည့်လေသည်။

'ဩော်....ဩော်....ဩော်... သူပုန်ကြီး တိုင်မင်လီရဲ့ဇနီးကိုး'

မေစင်ကွမ်သည် ခေါင်းမော့၍ ရယ်နေ၏။ ဘာမှတော့ ပြန်မပြောပေ။

'အင်း....သူပုန်ကြီးရဲ့ ဇနီးက အတော်စွာတာပဲကွ၊ ရွှေလင်ပြင်မှာ ပညာသွားသင်ကဲ့ တိုင်မင်လီဟာ မင်းလို မိန်းမမျိုးကို လွယ်လွယ်နဲ့ ရှာတွေ့လာတယ် မှတ်တယ်'

အမတ်ကြီးသည် အမတ်ကြီးတစ်ယောက်မပြောထိုက်သည့် စကားမျိုးဖြင့် ချိုးချိုးဖွဲ့ဖွဲ့ ပြောလိုက်လေ၏။

ထိုအခါ ဇော်ကားမော်ကား အပြောခံရသော မေစင်ကွမ်သည် သွေးများ ပွက်ပွက်ဆူသွား၏။ သူသည် ချက်ချင်းပင် စကားတုံ့ ပြန်လိုက်၏။

သူ တုံ့ပြန်လိုက်သည့် စကားများမှ မီးကျီးခဲရဲရဲ၌ တည့်ဖုတ်ထားသည့် သံချွန်များကဲ့သို့ စူးရှနစ်ဝင်လှသည်။

'ရှင်က အသက်ကြီးပေမယ့် အဆိုးနဲ့အကောင်း, အကျိုးနဲ့ အကြောင်းကို မခွဲခြားတတ်သေးဘဲကိုး၊ စွာတာနဲ့ ရဲရင့်တာကို ရှင်မခွဲတတ်သေးဘူး၊ ရှင်လိုလူမျိုးရဲ့ ခြေထောက်နဲ့ အနင်းခံရရင် ရှင့်ခြေထောက်အောက်က မြေကြီးတောင် ခံပြင်းလိမ့်မယ်ဆိုတာ ရှင်နားလည်ရဲ့လား'

မေစင်ကွမ်၏စကားမှာ နာတတ်သူများအဖို့ အသည်းခိုက်အောင် နာကျင်စေမည့် စကားများဖြစ်သည်။



သို့သော် ခံပြင်းဒေါသဖြစ်နေသော မေစင်ကွမ်၏ ရုပ်ပုံလွှာမှာ ရာဂမီးလျှံတောက်နေသော အမတ်ကြီးကို မီးလောင်ရာ လေပင့် လုပ်ပေးနေသလို ရှိနေလေ၏။

မေစင်ကွမ်၏ ပြောစကားများမှာ အမတ်ကြီးကို ပန်းနှင့်ပေါက်သလိုသာ ရှိနေသည်။ သူသည် စကားအဓိပ္ပာယ်ကို လုံးဝ မတွေးချေ။ မေစင်ကွမ်၏ ခန္ဓာကိုယ်ကိုသာ ကြည့်နေသည်။

အမတ်ကြီးသည် ရဲရင့်စွာ နှုတ်လှန်ထိုးနေသည့် မေစင်ကွမ်ကို ကြည့်ကာ အာသာရမ္မက်များ တက်ကြွနေသည်။ သူ၏ နွားသိုးကြီးပြတ်ဖြစ်နေသော စိတ်များကို ကြိုးစားထိန်းကာ အမတ်ကြီးသည် တပြုံးပြုံးဖြစ်နေလေသည်။

'ဟဲ ဟဲ ဟဲ မင်းရဲ့ စကားလုံးတွေက ဓားသွားလို သွားထက် ထက်မြက်နေတယ်၊ ဒါပေမယ့် မင်းရဲ့ မျက်လုံးတွေက ပိုပြီး ကြောက်စရာကောင်းနေတယ်ကွ၊ ကဲ....ကဲ မင်းအဲဒီမှာ ရပ်မနေပါနဲ့၊ အဲဒီနေရာက တိုင်ကွယ်နေတယ်၊ ဒီဘက်ကိုလာ ဒီဘက်ကို လာခဲ့ပါကွယ်'

သူသည် ချွဲချွဲပျစ်ပျစ် ပြောလိုက်သည်။ ဤသည်မှာ ရှက်ဖွယ်လိလိ အဖြစ်ပေတည်း။ သူသည် ရာဂခိုးများ ဝေနေသည့် မျက်လုံးများနှင့် မဟုတ်ကောင်းတဲ့ ရမ္မက်များ ပြည့်လျှမ်းနေသည့် ပါးစပ်နှင့်ပါ စကားပြောလာတော့သည်။

မေစင်ကွမ်သည် အမတ်ကြီး၏ စကားပြောပုံ၊ အပြုအမူတို့ကို ရှုရှာ အော့နှလုံးနာနေသည်။

ပြည့်ဝသော အမတ်ကြီးတစ်ပါး၏ ပြုမူပြောဆိုပုံ မဟုတ်သည်ကို သူမသည် မြင်ရုံနှင့်သိသည်။ ထို့ကြောင့် တိုင်အကွယ်မှ ရှေ့သို့ မထွက်ပေ။ ငြိမ်သက်စွာ ရပ်မြဲရပ်နေတော့သည်။

အမတ်ကြီးသည် ဆန္ဒရမ္မက်များပြည့်လျှမ်းနေသည့်အကြည့်များဖြင့်သာ မေစင်ကွမ်အား တကြည့်ကြည့်နေတော့သည်။

မေစင်ကွမ်မှာလည်း တိုင်မေလင်းကဲ့သို့ အလွန်လှပသူကလေးဖြစ်သည်။ သူသည် ရွှေလွင်မြင်ဒေသ၌ မွေးဖွားခဲ့သူဖြစ်၍ ခန္ဓာကိုယ် ဖွံ့ထွားလှပသည်။

အမတ်ကြီး၏ ညှော်ခန်းဆောင်၌ မီးအိမ်များ ထွန်းထားရာ ထိုမီးအိမ်များမှ အလင်းရောင်သည် မေစင်ကွမ်နှင့် တိုင်မေလင်းတို့ပေါ်သို့ ဖြာကျနေသည်။

မေစင်ကွမ်နှင့်တိုင်မေလင်းတို့၏ ခန္ဓာကိုယ်ပေါ်၌စီးရောင်များ ဖြာကျနေသဖြင့် သူတို့၏ အရိပ်သည် အခန်းနံရံ၌ သွားထင်နေသည်။

သူတို့၏ အရိပ်များသည်ပင် စွဲမက်စရာဖြစ်နေသဖြင့်အမတ်ကြီး ကျိကဲလောက် သွားရည်တမြားမြား ဖြစ်မည်ဆိုလျှင် ဖြစ်လောက်စရာအကြောင်းပေတည်း။



မည်သို့ပင်ဖြစ်စေ၊ ဘဏ္ဍာရောဂကြီးမားသော အမတ်ကြီး ကျိကဲလောက်၏အဖြစ်ကား ဘူးပေါ်သလိုပေါ်လာခြင်းပင် ဖြစ်တော့သည်။

နံ၊ ၂၁၃၄၅

[ ၁၃ ]

အကျဉ်းခန်းသို့

အမတ်ကြီးသည် ဖွံ့ထွားသော မောင်ကွမ်၏ ခန္ဓာကိုယ်ကို အားသာငမ်းငမ်း ကြည့်နေရာမှ တစ်စုံတစ်ခုကို စဉ်းစားလာမိလေသည်။

သူသည် ဖြစ်ချင်ရာကို ဖြစ်အောင် လုပ်ဖို့ရာထက် ဖြစ်သင့်ဟာဆို ဦးစားပေးရမည်မှန်း စဉ်းစားလာမိခြင်း ဖြစ်သည်။

ကျင့်ရှာ

သူသည် စောစောက ကျင့်ရှာကိုလည်း သတိမရချေ။ မေစင်ကွမ်ကိုသာ ကြည့်နေမိသည်။ ယခုတော့ ကျင့်ရှာကိုပြန်လည် သတိရပြီး ခေါ်လိုက်မိသည်။

'အမိန့်ရှိပါခင်ဗျာ'

အမတ်ကြီးသည် သူ၏ ထိုင်ခုံရှိရာသို့ လျှောက်သွားပြီး ပြန်ထိုင်လိုက်သည်။ လက်တန်းပေါ် လက်တင်ရင်း အေးမြိမ်းသည့် ပုံ သဏ္ဌာန်မျိုးဖြင့် ထိုင်လိုက်သည်။

သူသည် ဆက်၍ အမိန့်ပေးလိုက်၏။

'တိုင်မေလင်းကို အတွင်းခန်းထဲပို့လိုက်၊ မင်းနားလည်တယ် မဟုတ်လား'

'နားလည်ပါတယ်ခင်ဗျာ'

'အေး....မေစင်ကွမ်ကိုတော့ ငါ့အိပ်ခန်းထဲပို့လိုက်၊ သူတို့ကို ကြမ်းကြမ်းတမ်းတမ်း မလုပ်နဲ့ကွာ၊ ရိုရိုသေသေ ဆက်ဆံကြ၊ သူတို့အတွက် လုံခြုံရေးအစီအစဉ်တွေလဲ အရေးကြီးသေးတယ်၊ ပြီးတော့ မင်း ငါ့ဆီပြန်လာခဲ့၊ မင်းကိုငါ ပြောစရာရှိသေးတယ်'

'ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော် နားလည်ပါတယ် ခင်ဗျာ'

သူသည် မေစင်ကွမ်နှင့် တိုင်မေလင်းအနီးသို့ ချဉ်းကပ်သွားသည်။

ထိုအချိန်အထိ တိုင်မေလင်းသည် မတုန်လှုပ်သေးပေ။ ကျင့်ရှာအနီးသို့ ကပ်လာသောအခါမှ သူသည် တုန်လှုပ်ရမှန်း သိလာတော့သည်။



တိုင်မေလင်းသည် အလွန်ရိုးသားပြီး အလွန် အပြစ်ကင်းစင်သည့် မိန်းကလေးတစ်ဦး ဖြစ်သည်။ ထို့ပြင် သူမ၏ ဖခင်မှာ မြို့စားကြီးဟောင်း တစ်ဦးပင် မဟုတ်ပါလော။

သူမသည် ရွှေပေါ်မြတင် နုနုနယ်နယ်နေရသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ သူမအား ကိုယ်ထိလက်ရောက် စော်ကားခြင်း မရှိခဲ့ချေ။

နှုတ်အားဖြင့်၊ အမူအရာအားဖြင့်ပင် စော်ကားသူမရှိခဲ့ချေ။ ယခုသူမသည် မကြုံဘူးသောအဖြစ်အပျက်နှင့် ကြုံတွေ့နေရလေပြီ။ သူမသည် လွန်စွာ ထိတ်လန့်ကြောက်ရွံ့နေမိလေ၏။

လုံး၀ မတုန်လှုပ်သူကား မေစင်ကွမ် ဖြစ်လေ၏။ သူမသည် အလွန်ရဲရင့်သော ခြင်္သေ့မကဲ့သို့ခန့်ထည်နေသည်။ သူမသည် တိုင်မေစင်ကို ကြည့်လိုက်၏။

ထိုအချိန်တွင် ကျင့်ရှာသည် တိုင်မေလင်း၏ လက်မောင်းကို ဆွဲရန် ဟန်ပြင်နေသည်။

'ရပ်စမ်း'

မေစင် မ်၏ ကျယ်လောင်သောအသံက ဧည့်ခန်းကိုလွှမ်းခြုံသွားလေ၏။

ကျင့်ရှာမှာ တုန်သွားသည်။ ဆွဲမည့်လက်လည်း တန့်လန့်ကြီး ဖြစ်နေသည်။ သူသည် မေစင်ကွမ်ကို လှည့်ကြည့်မိလေသည်။

မေစင်ကွမ်က ကျယ်လောင်စွာ ပြောသည်။

'ဒီမှာရဲမက် ဒီ တိုင်မေလင်းကို ရဲမက်ရဲ့ မသန့်ရှင်းတဲ့လက်နဲ့ မထိပါနဲ့၊ တိုင်မေလင်းဟာ အင်မတန်သန့်ရှင်းတဲ့ မိန်း

ကလေးဖြစ်တယ်၊ ကျွန်မဟာ ဘယ်ကလာတယ်ဆိုတာ သိသလား’

‘မသိပါဘူး’

‘အနောက်မြောက်ပိုင်းဒေသ ရှေ့လွင်ပြင်က လာတယ်ဆိုတာ ရှင် သိထားပါ၊ ရှေ့လွင်ပြင်က လူတွေ ဘယ်လိုအစွမ်းရှိတယ်ဆိုတာ ရှင် မသိဘူး၊ ရှေ့လွင်ပြင်ကလူတွေဟာ လက်နက်မလိုဘူးရှင့် လူတစ်ယောက်ကို လက်နက်မပါဘဲနဲ့ အသက်ခြွေနိုင်တယ်ဆိုတာ ရှင် သိထားပါ’

ကျင့်ရှားချပ်သွားသည်။ လန့်သွားသည်။ သေခြင်းတရားကို တော့ မည်သူမဆို ကြောက်ရွံ့ကြသည်ပဲ။ သူသည် ရှေ့မတိုးရဲတော့ပေ။ မေစင်ကွမ်ကိုသာ မျက်လုံးအပြူးသားနှင့် ကြည့်နေမိသည်။

ထိုအခြေအနေကို အမတ်ကြီးကျိုကဲလောက်တွေ့မြင်နေရသည်။

‘အကြမ်းပတမ်းမလုပ်နဲ့ကျင့်ရှား၊ ငါပြောထားတယ်မဟုတ်လား၊ သူတို့ကို ရိုရိုသေသေ ဆက်ဆံပါလို့၊ ကဲ.... သူဆွဲခေါ်တာကို မခံချင်ရင် မင်းတို့က သူခေါ်ရာကို ကြည်ကြည်သာသာနဲ့ လိုက်သွားပါ’

အမတ်ကြီးက ဝင်ပြောလိုက်ရ၏။

တိုင်မေလင်းမှာ အလွန်တုန်လှုပ်နေပေပြီ။ သူတစ်ပါး၏ အကျဉ်းသားဖြစ်ရမည့်အရေးကို အိပ်မက်တောင် မမက်ခဲ့ဘူးပေ။



ယခုတော့ အကျဉ်းသားဖြစ်နေရပေပြီ။ သူမသည် ဆီး က်ခန့်ရှိသော မျက်နှာဝိုင်းကလေးနှင့် မေစင်ကွမ်ကို လှမ်းကြည့်နေလေ၏။

မေစင်ကွမ်သည် နဂိုကလည်း ရဲရင့်သည်။ အနောက်မြောက်ဒေသရှေ့လွင်ပြင်သူ မီမီ အခက်အခဲများကို ရင်ဆိုင်ဖူးသည်။

ထို့ပြင် အိမ်ထောင်သည်တစ်ယောက် ဖြစ်နေသေးသည်။ ထို့ကြောင့် ဖြစ်လာသည့် အခြေအနေကို တိုင်မေလင်းထက် ရင်ဆိုင်နိုင်စွမ်းပိုရှိသည်။

အမှန်တော့ မေစင်ကွမ်သည် တိုင်မေလင်းကို သနားသည်။

ယခုအခြေအနေတွင်သူမသည် တိုင်မေလင်းအတွက် ဘာမျှ လုပ်မပေးနိုင်ပေ။ သူမ၏ ကျနေသော စိတ်ဓာတ်ကို ပေါ်လွင်အောင် ထိန်းထားပြီး တိုင်မေလင်းကို အားပေးသည်။

‘ဘာမှ မစိုးရိမ်နဲ့ညီမ၊ ဒီလူတွေ မကောင်းကြံမယ်ဆိုရင် ဒီလူတွေကိုရော ဟောဒီရဲမက်တွေကိုရော မြစ်ထဲမျှောပစ်လိုက်မယ်၊ ညီမရဲ့အစ်ကိုလက်ထဲမှာ အဲဒီစွမ်းအင်တွေ ရှိနေတယ် ညီမလေးရဲ့’

ထိုအခါ အမတ်ကြီးကျိုကဲလောက်သည် ခွက်ထိုးခွက်လှန် ရယ်လေတော့သည်။ သူသည် မေစင်ကွမ်ကို လှောင်ပြောင်လေတော့သည်။

‘ဟား.... ဟား.... ဟား....မင်းယောကျ်ားက ငါတို့ကိုမြစ်ထဲ မျှောပစ်နိုင်မယ် ဟုတ်လား၊ ဘယ်မြစ်ထဲကို မျှောမှာလဲ၊

မင်းယောကျ်ားကိုယ်တိုင် အများတံတွေးခွက်မှာ ပက်လက်မျောဖို့ကိန်း ဆိုက်နေတယ်ဆိုတာ မင်းသိရဲ့လား၊ အခုဆိုရင်တောင် တံတွေးခွက်သွားရှာနေတာ အတော်ခရီးရောက်နေပြီထင်ပါရဲ့'

မေစင်ကွမ်သည် အမတ်ကြီးကို စူးစူးရဲရဲလှမ်းကြည့်၏။

'တံတွေးခွက်လိုက်ရှာနေတာမဟုတ်ဘူး၊ ရှင်လို အယုတ်တမာကောင်ကြီးကို မီးလောင်တိုက်သွင်းဖို့ လောင်စာတွေလိုက်ရှာနေတာရှင့်၊ ရှင်သူနဲ့ ရင်ဆိုင်တွေ့ခဲ့ပြီ မဟုတ်လား။ ကျွန်မတို့ဆီ ချက်ချင်းလိုလို သတင်းရောက်လာတာပဲ၊ ရှင်တို့အားလုံးရှေ့မှာ သူထွက်သွားခဲ့တာ မဟုတ်လား၊ ရှင်တို့အားလုံး တားရဲရဲ့လား'

မေစင်ကွမ်၏ စကားသည် အမတ်ကြီး၏ အရှိုက်ကိုထိသွားသည်။ အမတ်ကြီး၏ ပြောင်ဝင်းနေသောမျက်နှာမှာ ညိုမည်းသွားသည်။ သူသည် မေစင်ကွမ်ကို ဘာမျှမပြောနိုင်တော့ပေ။ မေစင်ကွမ်ပြောသည်မှာ အမှန်စကားတွေချည်းဖြစ်နေသည် မဟုတ်ပါလော။

'ရှင်တို့ ဘယ်သူမှမတားရဲပါဘူး၊ တားရဲတဲ့လူရှိရင် ခေါင်းပြတ်သွားမှာပေါ့၊ သူ့ဓားက သွေးဆာနေတာပဲ၊ ဒါနဲ့တောင် ရှင်က အသံကောင်း ဟစ်နေသေးတယ်၊ အဲဒီတုန်းက ရှင်က ဘာဖြစ်လို့ မတားတာလဲ၊ ရှင်ကိုယ်တိုင်သူနဲ့ယှဉ်ဖို့ ဘာဖြစ်လို့မထွက်တာလဲ'

'ဟေ့...တော်စမ်း'



'မတော်နိုင်ဘူး၊ ဟုတ်တာမှန်တာတွေ ပြောနေလို့ နားခါးနေတယ်မဟုတ်လား၊ ရှင်တို့ ရဲမက်တစ်ယောက်တောင် သေသွားသေးတယ် မဟုတ်လား၊ သူ မသတ်ချင်လို့ရှင့်၊ သတ်ရင် ရှင်တို့ ဆယ်လောင်းလောက်သေတယ်၊ နားလည်လား'

မေစင်ကွမ်က မခံမရပ်နိုင်စွာပြောလေရာ အမတ်ကြီးမှာ မျက်နှာကြီးမည်းနေသည်။

'ဟေ့....ကျင့်ရှာ၊ သူတို့ကို မြန်မြန်ခေါ်သွားစမ်း'

'ဟုတ်ကဲ့....အမိန့်အတိုင်းပါ'

သူသည် မေစင်ကွမ်တို့ဘက်သို့လှည့်ပြီး ပြောလိုက်၏။

'ကဲ....ကြွကြွပါ၊ ခင်ဗျားတို့ ကောင်းကောင်းမလိုက်ရင် ကျုပ်တို့က ဆွဲခေါ်သွားရမှာ'

'ဆွဲခေါ်ဖို့မလိုဘူး၊ လမ်းပြ၊ ရှေ့ကသွား'

မေစင်ကွမ်က မာမာထန်ထန်ပြောလိုက်ရာ ကျင့်ရှာသည် ရှေ့မှ ထွက်သွားရလေတော့၏။ မေစင်ကွမ်နှင့် တိုင်မေလင်းတို့သည် နောက်မှ လိုက်ပါသွားကြ၏။

'ဟေ့... အစောင့်တစ်ယောက် လာစမ်း'

အမတ်ကြီးသည်စိတ်တိုသံဖြင့် အော်ငေါက်ခေါ်လိုက်၏။

'အမိန့်ရှိပါ အမတ်ကြီး'

အစောင့်ကား ရိုသေစွာ လျှောက်ထားလေ၏။

'တပ်ဗိုလ်ကောစန်ကို ခေါ်စမ်း၊ ဒီမှာ ကျင့်ရှာကို ကူလိုက်စမ်း'

ထိုအခါ တံခါးဝရောက်နေသော မေစင်ကွမ်က ထိုစကားကို ကြားသွား၏။ သူမသည် တံခါးဝ၌ရပ်ပြီး လှည့်ပြောလေ၏။

'ဟင်း....ဟင်း....ဟင်း မိန်းကလေးနှစ်ယောက်ကိုအကျဉ်းချဖို့ စီကွမ်မြို့တစ်မြို့လုံးက ရဲမက်တွေကို အသုံးချနေရပါသလား၊ ဒီလိုဆိုရင် တိုင်မင်လီကို ဘယ်လို နှိမ်နင်းနိုင်မှာလဲ အမတ်ကြီးရဲ့၊ တိုင်မင်လီက ရှင်တို့ခန်းမထဲက နယ်စားကြီး အမတ်ကြီးနဲ့ ရှင်တို့ရဲ့ ရဲမက်ဗိုလ်ပါကိုပါ မှုတဲ့သူမဟုတ်ဘူးရှင့်'

အမတ်ကြီးသည် လွန်စွာ ဒေါသထွက်သွား၏။

'အာ....နင့်အောင်က ဘယ်လောက်စွမ်းလို့လဲ၊ နင့်ကို ငါသိမ်းပိုက်ပြီးတော့ နင့်ယောကျ်ားကို နှိမ်နင်းပစ်မှာပေါ့ ကြည့်ထား'

အမတ်ကြီးသည် ရိုင်းစိုင်းစွာ ပြောလေ၏။

မေစင်ကွမ်က အံကြိတ်ပြီး ပြန်ပြောသည်

'စမ်းကြည့်ပေါ့ဦးလေ၊ အဲ ဒီလို လုပ်ကြည့်လိုက်စမ်းပါ၊ ရှင့်ရဲ့ရာထူးတွေ ရှင်ရဲ့စည်းစိမ်တွေနဲ့ ရှင့်အသက်ကိုပါ ပြုတ်သွားမယ်မှတ်ပါ'

'အေး....ဘယ်လိုလဲဆိုတာ အခုသိရမှာပေါ့၊ ဟေ့ ကျင့်ရှာ ဗိုလ်ဆိုးမကို မြန်မြန်ခေါ်သွားစမ်း'

အမတ်ကြီး၏အမိန့်ကြောင့် ကျင့်ရှာသည် တိုင်မေလင်း၏ လက်မောင်းကို ဆွဲခေါ်မည်ပြုသည်။ တိုင်မေလင်းသည်တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီး ဟန်ဖြင့် လက်ကိုပုတ်ထုတ်လိုက်သည်။



မေစင်ကွမ်နှင့် ရင်ပေါင်တန်းကာ ခေါင်းမော့ပြီး လိုက်သွားလေတော့၏။

## [ ၁၄ ]

ကျင့်ရှာပြန်ရောက်မလာမီ အမတ်ကြီးကျိုကဲလောက်သည် ထိုင်မနေနိုင်တော့ချေ။ လက်သီးဆုပ်လိုက် အံကြိတ်လိုက်ဖြင့် မနားတမ်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။ သူသည် လွန်စွာ ဒေါသထွက်နေသည်။

သို့သော် အမတ်ကြီးမှာ စောစောကလို ရာဂပိုးမွှန်နေသည် မဟုတ်တော့ပေ။ စောစောကတော့ ဘာမျှမဖြစ်တဲ့ ဒေါသနှင့် အပြိုင်ပြောနေမိခြင်းဖြစ်သည်။

မေခင်ကွမ်၏ စကားများသည် သူ့အား ဒေါသထွက်စေ ခဲ့သည်။ သူ့အလက်နှင့် စည်းစိမ်ခင် ပြုတ်သွားမည်ဟု ခြိမ်း ခြောက်ခဲ့သေးသည်မဟုတ်ပါလော။ သူသည် ထမရထိုင်မရ ဖြစ်နေသည်။

မေစင်ကွမ်သည် လွန်စွာ မာနထောင်နေသည်။ ထိုမာနကို ရိုက်ချိုးပစ်ရမည်။ အပိုင်းအပိုင်း အပြတ်ပြတ် ဖြစ်အော ချိုးနှိမ်ပစ်ရမည်။

သူသည် စိတ်ထဲမှ ကြုံးဝါးနေ၏။

မေစင်ကွမ်နှင့် စိုင်မေလင်းကို ခေါ်သွားသည့် ကျင့်ရှ သည် အတန်ကြာမှ ပြန်ရောက်လာသည်။

ကျင့်ရှာသည် အမတ်ကြီးရှေ့ ဒူးထောက်ထိုင်လိုက်၏။

အမတ်ကြီးက....

'ဟေ့ တိုင်မေလင်းကို အကျဉ်းခန်းထဲထည့်ထားခဲ့တ မဟုတ်လား'

'ထည့်ခဲ့ပါတယ်'

'မေစင်ကွမ်ကိုရော'

'အမတ်ကြီးရဲ့ အိပ်ခန်းထဲ ထည့်ခဲ့ပါတယ်'

'ကောင်းတယ်၊ မင်းသမားတော်ကြီးဆီသွားစမ်း၊ တို မေလင်းကို ခပ်ကြာကြာခံမဲ့အောင်လုပ်ဖို့လိုတယ်၊ အကျဉ် ခန်းထဲမှာဆိုတော့ မင်းတို့ သူ့မျက်နှာကို သွားအုပ်လို့တေ မသင့်ဘူး၊ ဒီတော့ အငွေ့ကိုအသုံးချတဲ့ မေ့ဆေးမျိုးဖြစ် လိုတယ်၊ မင်းက အဲဒီအငွေ့နဲ့ မေ့အောင်လုပ်၊ ပြီးရ သူ့ကို အဝတ်နဲ့ထုပ်၊ လျှို့ဝှက်တံခါးမှာ မင်းငါ့မြင်း



အသင့်ပြင်ထား၊ အပိုမြင်းတစ်ကောင်ကိုလဲ အသင့်ပြင်ထား၊ ငါမကြာခင် ပြန်လာခဲ့မယ်၊ ဒီကြားထဲမှာ မေခင်ကွမ်ဆိုတဲ့ ကောင်မလေးကိုဘယ်မှထွက်မပြေးနိုင်အောင် မင်း အစောင့် အကြပ်တွေ သေသေချာချာ ချထားပါ'

'အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

အမတ်ကြီးက....

'ဒီမှာနေဦး၊ တိုင်မင်လီကိုဖမ်းဆီးဖို့ ဘယ်လိုအစီအစဉ် တွေ လုပ်ထားသလဲ'

ကျင့်ရှာက....

'လုပ်ထားပါတယ်၊ မြင်းစီးရဲမက်တစ်ရာကျော်ကို ခွဲဖြန့် လွှတ်လိုက်ပါပြီ၊ သူတို့ဟာ အမြို့မြို့အရွာရွာကို စုံစမ်းကြလိမ့် မယ်၊ နောက်ပြီး ခြေလျင်စစ်သည် တစ်ရာကျော်ကိုလဲ နှစ် ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ချပ်ဖျက်ပြီး စုံစမ်းဖို့ နယ် ခွဲလွှတ်လိုက်ပါပြီ'

'အေး....ကောင်းတယ်၊ ဒါဆိုရင် မင်းသွားနိုင်ပြီ၊ တိုင် မေလင်းကို မေ့မြောအောင်လုပ်ပြီးရင် မြင်းပေါ်ကိုတင် လိုက်၊ လိမ့်မကျအောင် ကြိုးနဲ့ထိန်းပေးထား ကြားလား'

'ကောင်းပါပြီခင်ဗျာ'

ကျင့်ရှာသည် ဂါရဝပြုပြီး အပြေးကလေး ထွက်သွား သည်။

အမတ်ကြီးသည် ကျင့်ရှာကိုကြည့်နေ၏။

အင်း၊ အလွန်အားကိုးရတဲ့ တပည့်ပေပဲ။ သူသည် ခုံ နောက်မှ တစ်စုံတစ်ခုကို ဆွဲလိုက်၏။ သူ့လက်ထဲ၌ အချက်

အိုးတစ်လုံး ပါလာသည်။ အရက်မှာ ဝါးရွက်စိမ်း အရက်ပေတည်း။ နယ်စားကြီးလောက် အာဏာကြီးနေသူဆိုတော့ အကောင်းဆုံးအရက်ပင် သောက်ရမည်ပေါ့၊ ထိုအရက်ထဲတွင် ပျို့အန်ချင်စိတ်ကိုကဲ့သို့ သန်မာစေနိုင်သည့် အားဆေးများ ရောနှောထားသည်။

အမတ်ကြီးသည် အရက်ခွက်ကို ရှာမနေတော့ချေ။ အရက်အိုးကို မော့သောက်လိုက်သည်။ နှုတ်ခမ်းထောင့်မှ စီးကျလာသော အရက်များကို လက်ဖဝါးဖြင့် သုတ်လိုက်၏။ ထို့နောက် ဆက်တိုက်မော့လေတော့သည်။

ကောင်းလိုက်သည့်အရက်။ အရက်က ကောင်းရသည့်အထဲတွင် အားဆေးများ ရောနှောထားသဖြင့် အရက်က ပိုကောင်းနေသည်။

သုံးလေးကြိမ်မျှ မော့ပြီးသောအခါ အခန်းတွင်းသို့ လေပြည်ကလေးတစ်ချက်ဖြူးခနဲ ဝင်ရောက်လာ၏။ ထိုအခါ မီးစွယ်မီးညွန့်များသည် လှုပ်ရှား ယိမ်းထိုးသွားသည်။ ထိုအခါ မီးစွယ်မီးညွန့်များသည် မေစင်ကွမ် ကခုန်နေသကဲ့သို့ သူထင်မြင်မိလေ၏။ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်လှသော မေစင်ကွမ်ကို သူ့မျက်စိထဲတွင် မြင်နေမိသည်။

ထိုတဒင်္ဂတွင် သူအာဏာရရှိရေးကို မတွေးနိုင်တော့ပေ။ မေစင်ကွမ်ကိုသာ မြင်ယောင်နေသည်။ သူ့တစ်ကိုယ်လုံးတွင် ပြင်းထန်သော ဆန္ဒရမ္မက်များသာ ဖုံးလွှမ်းနေတော့သည်။



အမတ်ကြီးသည် အရက်သောက်ရင်း ကျွင့်ရှာလာမည့် အချိန်ကို စောင့်နေမိ၏။ သူ၏ထိုင်ခုံကြီးသည် အကုန်သက်သောင့်သက်သာ ထိုင်နိုင်သော ထိုင်ခုံကြီးဖြစ်သည်။ သူသည် ထိုင်ခုံ၌ထိုင်ရင်း အရက်ကို မော့နေလေ၏။

ကျွင့်ရှာသည် ဝင်လာလေ၏။

'အဆင်သင့်ဖြစ်ပါပြီ အမတ်ကြီး'

'အေး....ငါလဲ အဆင်သင့်ပဲ'

အမတ်ကြီးသည် ယခင်ကတည်းက အရက်သောက်ခဲ့သူဖြစ်၍ ယခု သောက်သည့်အရက်ကြောင့် သူ မည်သို့မျှမဖြစ်ချေ။ သူသည် မတ်တတ်ထပြီး အေးအေးဆေးဆေးပင် လိုက်သွားနိုင်သည်။

လျှို့ဝှက်တံခါးပေါက်တွင် မြင်းနှစ်ကောင် အသင့်ပြင်ထားသည်ကို တွေ့ရသည်။ မြင်းတစ်ကောင်ပေါ်၌ ရှည်မျောမျော အထုပ်ကြီးတစ်ထုပ် တင်ထားသည်ကို တွေ့ရသည်။ တိုင်မေလင်းပင် ဖြစ်ပေလိမ့်မည်။ ကျွင့်ရှာသည် အမတ်ကြီး ခိုင်းစေသမျှကို အတိအကျ လုပ်ဆောင်ထားပေသည်။

အမတ်ကြီးသည် မြင်းပေါ်တက်လိုက်၏။

'အမတ်ကြီး၊ အစောင့်နှစ်ယောက်လောက် ခေါ်သွားပါလားခင်ဗျာ'

'မခေါ်ဘူး၊ ငါသွားမယ်၊ နေရာက သိပ်မဝေးဘူး၊ ငါသွားမယ်ဆိုတာလဲ ဘယ်သူမှမသိတော့ အန္တရာယ်ပြုမယ့်လူလဲ ရှိမှာမဟုတ်ပါဘူး'

အမတ်ကြီးသည် နောက်မှမြင်းဇက်ကြိုးကိုဆွဲကာ ထွက်သွားလေတော့၏။

အစောင့်များသည် ဝင်းတံခါးကြီးကို ပြန်ပိတ်လိုက်သည်။ မီးတုတ်များကိုလည်း ငြိမ်းသတ်လိုက်သည်။

အမတ်ကြီး၏ ခြံဝင်းကား ကျယ်ဝန်းလှသည့် ခြံဝင်းကြီး ဖြစ်တော့သည်။ သီးပင်စားပင်များကိုလည်း စိုက်ပျိုးထားရာ မီးတုတ်များ မထွန်းမိလျှင် အမှောင်ကြီးစိုးနေတတ်သည်။ ညမပြောနှင့် နေ့ခင်းပင်လျှင် အေးစိမ့်ပြီး အရိပ်များ ရနေတတ်သည်။

ဝင်းတံခါးကြီးပိတ်သွားပြီ ဖြစ်သောကြောင့် အမတ်ကြီး၏ စံတော်အိမ်ကြီးမှာ တိတ်တဆိတ် ငြိမ်သက်သွားသည်။ ထို့ကြောင့် အမတ်ကြီး၏ စံတော်အိမ်မှာ မှောင်မိုက်ထဲတွင် အိပ်နေသော ဆင်ကြီးဆစ်ကောင်ကဲ့သို့ ရှိနေတော့သည်။

အမတ်ကြီး ထွက်သွားပြီးသည်နှင့် ခြံဝင်းတံခါးရှေ့၌ လူရိပ်များ လှုပ်ရှားလာလေသည်။ သေချာ ရှာကြည့်ပါက လူရိပ်ခြောက်ခုမျှရှိကြောင်း သိရသည်။ သူတို့သည် မည်သူများ ဖြစ်ပါသနည်း။

ဝင်းတံခါး၌ အစောင့်နှစ်ယောက် ရှိသော်လည်း ထိုလူများ လှုပ်ရှားသည်ကို မမြင်ကြပေ။ ထိုလူစုသည် အလွန်လျင်မြန်ပြီး သစ်ပင်များကိုကပ်၍ လှုပ်ရှားကြသောကြောင့်တည်း။



လူရိပ်ခြောက်ခုအနက်မှ လူရိပ်နှစ်ခုသည် ဝင်းခြံအုတ်ရိုးကို လွှားခနဲကျော်ကာ ခုန်ဝင်သွားကြ၏။ လူရိပ်နှစ်ခုသည် အတွင်းဘက်သို့ ရောက်သွားတော့သည်။

## [ ၁၅ ]

### အလစ်ဝင်စီးသူများ

ခဏအကြာတွင် ဝင်းအတွင်းမှ ငှက်အော်မြည်သံ ပေါ်လာ၏။ တကယ့်ငှက်မြည်သံကဲ့သို့ပင်။

'ဟာ....ဒီငှက်ကလဲ အချိန်မဟုတ် အခါမဟုတ်'

အစောင့်က ရေရွတ်ပြီး သစ်ပင်ပေါ်သို့ မော့ကြည့်၏။

'ဝှစ်'

'ဝှစ်'

'ဒုတ်'

'ဒုတ်'

ပေါက်မားနှစ်ချောင်းသည် အစောင့်ရဲမက်နှစ်ဦး၏ရင်ဝသို့ သွားစိုက်၏၊ ရဲမက်နှစ်ဦးမှာ အသံပင် မထွက်နိုင်ပေ။ တဝုန်းဝုန်းနှင့် လဲပြိုကျသွား၏။

ထိုသို့လဲကျသွားခြင်းမှာ အသံမထွက်ပေ။ သို့သော်လည်း ပြိုကျသွားသည့်အတွက်တော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားရာ အဆောင်ပေါ်မှ ရဲမက်တစ်ဦးက အောက်သို့ ငုံ့ကြည့်လိုက်၏။

'ဘာသံပါလိမ့်'

သူသည် တီးတိုးရေရွတ်ပြီး အောက်သို့ငုံ့ကြည့်၏။

'ဝှီး'

'ဒုတ်'

မြားတစ်စင်းသည် သူ၏လည်မျိုသို့ လာစိုက်လေ၏။ သူသည် ကြောင်တစ်ကောင်ကဲ့သို့ မာန်ဖီအော်ဟစ်ပြီး အောက်သို့ ထိုးကျသွား၏။

'ဝုန်း'

သူ အသက် ထွက်သွားသည်။

အောက်မှ လူရိပ်နှစ်ခုသည် သေနေသောအစောင့်များကို မှောင်ရိပ်ထဲသို့ ဆွဲသွင်းလိုက်၏။ သူတို့သည် ထိုအစောင့်နှစ်ယောက်၏ နေရာ၌ အစားထိုး ဝင်ရောက်ကြသည်။ သူတို့ လူလေးယောက်ကိုလည်း တံခါးဖွင့်ပေးလိုက်ရာ စုစုပေါင်း ခြောက်ယောက်စလုံး ခြံဝင်းထဲသို့ ရောက်ရှိလာလေ၏။



တံခါးဝတွင် သူ့လူများ နေရာယူပြီးသောအခါ အဖွဲ့ခေါင်းဆောင်သည် အမှတ်ကြီး၏ စံတော်အိမ်အနီးသို့ ချဉ်းကပ်သွားလေ၏။

အစောင့်ရဲမက်တစ်ဦးသည် လှံရှည်ကို ထောက်ချကာ မှောင်ထဲသို့ စိုက်ကြည့်နေ၏။ သူသည် အတွေးထဲ နစ်မျောနေပုံရသည်။ သူ့နောက်ကလူတစ်ယောက် ချဉ်းကပ်လာသည်ကို သူသည် လုံးဝသိပုံမရပေ။

နောက်က ချဉ်းကပ်လာသူမှာလည်း ခြေသံက လုံသလား မပြောနှင့်၊ တကယ်လိုလှသည်။ ဘာသံမျှ မကြားရပေ။

ချဉ်းကပ်လာသူသည် လည်မျိုကိုဆုပ်ညှစ်လိုက်၏။ သူ့ဘက်သို့ ဆွဲယူလိုက်သည်။ အစောင့်ရဲမက်မှာ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းတောင် မသိပေ။ အော်လည်းမအော်နိုင်၊ ခြေလက်များလည်း မလှုပ်ရှားနိုင်ဘဲ လဲကျသွားသည်။ သို့သော် သေတော့ မသေပေ။

အဖွဲ့ခေါင်းဆောင်က မေးလိုက်၏။

'ခုနက မြင်းနဲ့ထွက်သွားတာ ဘယ်သူလဲ'

အစောင့်သည် ဘာမျှမပြောနိုင်ပေ။ တအစ်အစ်သာမြည်နေသည်။ ထိုအခါကျမှ ဝင်ရောက်စီးနင်းသူ သဘောပေါက်သွား၏။ သွေးကြောကို ထောက်လိုက်၏။ စစ်သည်ရဲမက်သည် အသံကုန် အော်သည်။

ဝင်စီးသူကား အကင်းပါးလှသည်။ သူ့သွေးကြောများကို အကုန်ဖွင့်ပေးလိုက်ခြင်း မဟုတ်ပေ။ အသံကုန်အော်သော်လည်း ထိုစစ်သည်မှာ အသံမထွက်ချေ။

'မင်းအော်ပေမယ့် မင်းလူတွေ သိလိမ့်မယ်လို့ မထင်နဲ့၊ အခု မင်းအော်တော့ အသံထွက်သလား၊ မထွက်ဘူးကွ၊ မင်းကို ငါသတ်ရင်ရတယ်၊ အသက်ချမ်းသာ ပေးလိုက်မယ်၊ ငါ့မေးတာကို မှန်မှန်ပြော၊ ငါပြောသလိုလုပ်မလား မလုပ်ဘူးလား၊ ခေါင်းညိတ်ပြေ'

စစ်သည်သည် ခေါင်းညိတ်လေ၏။

'ကောင်းပြီ၊ မင်းကို သွေးကြောဖွင့်ပေးမယ်'

ဝင်စီးသူက စစ်သည်အား သွေးကြောဖွင့်ပေးလိုက်၏။

'ငါမေးတာကို ကောင်းကောင်းဖြေမလား'

'ဖြေပါ့မယ်'

'ခုနက ထွက်သွားတာ ဘယ်သူလဲ'

'အမတ်ကြီး ကျိုကဲလောက်ပါ'

'သူ ဘယ်ကိုသွားတာလဲ'

'နတ္တဂိုဏ်းချုပ်ကြီး ရဲယံတောက်ဆီကိုပါ'

'ဘာသွားလုပ်တာလဲ'

'သူတို့ရဲ့ လျှို့ဝှက်ကိစ္စပါ၊ ကျုပ်မသိပါဘူး'

'အဲဒီမှာ အထုပ်တစ်ထုပ်ပါတယ်'

'ဟုတ်ပါတယ်'

'ဘာအထုပ်လဲ'

'မိန်းကလေးတစ်ယောက်ကို အိတ်ထဲ ထည့်ထားတာပါ၊ မေ့မြောနေတဲ့ မိန်းကလေးပါ'

'အဲဒါတွေကို ဘယ်သူလုပ်သလဲ'

'တပ်မှူး ကျင့်ရှာကခိုင်းလို့ ကျုပ်လုပ်ရတာပါ'



'အဲဒီမိန်းကလေးကို ဘယ်ကိုခေါ်သွားတာလဲ'

'ကျုပ်သိသလောက်တော့ နတ္တဂိုဏ်းချုပ်ကြီး ရဲယံတောက်ဆီ မှီပေးမယ်နဲ့တူတာပဲ'

'နောက် အကျဉ်းသားတစ်ယောက်ကကော'

'ဟို....မိန်းကလေးလား'

'ဩော်....မိန်းကလေးနှစ်ယောက်ကို ဖမ်းလာတယ်ဆိုပါတော့၊ အဲဒီမိန်းကလေးက ဘယ်မှာလဲ'

'အပေါ်ထပ်က အမတ်ကြီးရဲ့ အိပ်ခန်းထဲမှာပါ'

'ဘာ....သူက ဘာဖြစ်လို့ အိပ်ခန်းထဲထည့်ထားရတာလဲ၊ ချုပ်ချင်ရင် အကျဉ်းခန်းထဲမှာ ချုပ်ရမှာပေါ့'

'မသိပါဘူးဗျာ၊ ကျုပ်သိသလောက်တော့ ကျုပ်တို့ အမတ်ကြီးဟာ ဟို....ဟို....ဟို'

'သိပြီ၊ ဆက်မပြောနဲ့တော့'

ဝင်စီးသူသည် လည်မျိုကို လက်နှစ်ချောင်းဖြင့် ထောက်လိုက်၏။ အစောင့်စစ်သည်မှာ ဇက်ကျိုးကျသွားဘော့သည်။ ဝင်စီးသူများ၏ လုပ်ရပ်မှာ ပြတ်သားလှသည်။ မည်သူ့မျှ အရှင်မထားချေ။ စီးနင်းသူသည် ငှက်အော်သံပြုလိုက်လေ၏။

မကြာမီ သူ့အဖော်များ ရောက်လာသည်။

ခေါင်းဆောင်က....

'ငါတို့ ခုချက်ချင်း သရက်တောကို လိုက်ကြမှ ဖြစ်လိမ့်မယ်၊ ငါတို့ နောက်ကျရင် ကိုယ်ကျိုးနည်းကုန် လိမ့်မယ်၊ ကဲ....ငါ အမြန်ဆုံး လှုပ်ရှားလိုက်မယ်၊ မင်းတို့ ခြံဝက စောင့်နေကြ'

ထို့နောက် ခေါင်းဆောင်သည် ခါးမှကြိုးခွေကို ဖြုတ်ကာ အိမ်ပေါ်ထပ် ဝရန်တာဆီသို့ ပစ်လိုက်၏။

ကြိုးမှချိတ်သည် ဝရန်တာ၌သွားချိတ်၏။ သူသည် ကြိုးကို ဆွဲကာ လျင်မြန်စွာ တက်သွားလေ၏။

★

မေစင်ကွမ်သည် အမတ်ကြီး ကျိုကဲလောက်၏ အိမ်ခန်းပြတင်းပေါက်တွင်ရပ်ကာ ခြံအတွင်း အမှောင်ထဲသို့ ငေးကြည့်နေလေ၏။

အပေါ်ထပ် ဝရန်တာသို့ ကြိုးဖြင့် ဆွဲတက်လာသူသည် ကြောင်တစ်ကောင်၏ ညီညာမှုမျိုးဖြင့် အမတ်ကြီး၏အိပ်ခန်းသို့ ရောက်ရှိလာ၏။

မေစင်ကွမ်သည် ထိုလူကိုမမြင်ချေ။ သို့သော် သူမ၏ အာရုံထဲ၌ တစ်ယောက်ယောက်လာနေသည်ကို သိလိုက်သဖြင့် သူသည် လှည့်ကြည့်လိုက်သည်။

ထိုအချိန်တွင် အခန်းတံခါး၌ စောင့်နေသူ အစောင့်သည် လျင်မြန်စွာ ခုန်အုပ်လိုက်၏။

'ဝုစ်'



ခုန်အအုပ်တွင် တက်လာသူက လက်နက်ပုန်းနှင့်ပစ်လိုက်ရာ ထိုအစောင့်မှာ လေထဲမှ ကားယားကြီး အောက်သို့ကျသွားသည်။

[ ၁၆ ]

## ယစ်ပူဇော်ပွဲ ဖျက်ဆီးခြင်း

[illegible] ကြိုးဖြင့် တက်လာသူသည် ထိုအစောင့်ထံမှ သော့ကိုယူပြီး တံခါးကို ဖွင့်လိုက်၏။

'ကျွ'

မေစင်ကွမ်မှာ တံခါးဖွင့်လာသူသည် အမတ်ကြီးဟု ထင်လိုက်ပြီး အသင့်ပြင်ထားမိသည်။

သို့သော် ဝင်လာသူမှာ အမတ်ကြီးမဟုတ်ချေ။ သူမသည် အကြီးအကျယ် အံ့အားသင့်သွား၏။

သူမသည် တိုင်မေလင်းအတွက် စိတ်မကောင်း ဖြစ်နေသူ ဖြစ်သည်။

တိုင်မေလင်းကို တခြားတစ်နေရာသို့ ပို့မည်ဟု သူမ ထင် နေသည်။

ယခု သူမအလှည့် ရောက်လာပေပြီ။ သူမကို တစ်နေရာသို့ ပို့ကြပေတော့မည်။

ထို့ကြောင့် သူမက ဦးအောင်မေးလိုက်၏။

'ဘယ်သွားရမှာလဲ'

ထိုအခါ လူရွယ်က ရိုသေကိုင်းရှိုင်းသော အမူအရာ ဖြင့်....

'ကျွန်တော်နဲ့ လိုက်ခဲ့ပါ အစ်မလေး'

မေစင်ကွမ် ဆွံ့အားသင့်သွား၏။ သူ့စိတ်ထဲဘွင်လည်း ထူးဆန်းသွားသည်။

'အစ်မလေး မြန်မြန်ထွက်ပါ၊ ကျွန်တော်တို့ အချိန်လု လုပ်နေရတာပါ၊ ဒီမှာ ကြိုးရှိတယ် မြန်မြန်ဆင်းပါ'

သူမကို ကြိုးဖြင့် ဆင်းခိုင်းသောအခါ သူမ မတော်တတ် အောင် ဖြစ်သွားသည်။

သို့သော် သူမအား လာကယ်သည်ကိုတော့ သိသည်၊ ထို့ကြောင့် အမျှ စောဒကမတတ်ဘဲ ကြိုးဖြင့် ဆင်းလိုက် သည်။ ထို့နောက် လူရွယ်လည်း ကြိုးဖြင့် ဆင်းလာလေ သည်။

သူမမှာ စိတ်ထဲ၌ တစ်မျိုး ခံစားနေရသည်။ သို့သော် လူရွယ်က....



'အစ်မလေး ခြံပြင်ကို မြန်မြန်ထွက်ပါ၊ အစောင့်တွေ အားလုံး မသိခင် ကျွန်တော်တို့တွေ ဒီကလစ်ထွက်နိုင်မှ ဖြစ်မယ်'

အိမ်ခြံဝင်းအပြင်သို့ သူတို့ပြေးထွက်လာသည်။ ခြံဝင်း အပြင်၌ မြင်းခုနစ်ကောင် အဆင်သင့်တွေ့ရသော အခါ သူမ သည် မမျိုသိပ်နိုင်ဘဲ မေးလိုက်မိသည်။

'ကျွန်မကို ဘယ်ကိုခေါ်သွားကြမလို့လဲ'

သူမကို အခန်းထဲမှ ခေါ်လာသည့် လူရွယ်အား မေး လိုက်ခြင်း ဖြစ်သည်။

လူရွယ်က....

'ကျွန်တော်တို့ဟာ အချိန်လုပြီး အလုပ်လုပ်နေရပါတယ် ခင်ဗျာ၊ ဒီတော့ ကျွန်တော်တို့ အပြည့်အစုံ ရှင်းမပြနိုင်ပါ ဘူး၊ ခွင့်လွှတ်ပါ ခင်ဗျာ၊ အခု ကျွန်တော်တို့ အစ်မလေးကို ဖိုဝန်းတောင်ပေါ်မှာရှိတဲ့ စွန်းလွန်ဂိုဏ်းချုပ်ကြီး စူရှန်ကျန်း ဆီကို ခေါ်သွားကြမှာ ဖြစ်ပါတယ်'

သူသည် သူမကို မြင်းပေါ်တက်ရန် အချက်ပြသည်။

သူမကလည်း မြင်းပေါ်တက်သည်။

'အခု အစ်မလေးကို ကျွန်တော့်သူငယ်ချင်း ကင်မုဟန် က စွန်းလွန်ဂိုဏ်းကို ခေါ်သွားပါလိမ့်မယ်၊ ကျွန်တော်ကတော့ တိုင်မေလင်းကို လိုက်ကယ်ဆယ်ရပါမယ်၊ အခု သရက်တော ထဲက နတ္ထိဂိုဏ်းချုပ်ကြီးရှိရာကို လိုက်ရပါမယ်'

ဤသို့ ရှင်းရှင်းလင်းလင်းသိလိုက်ရသောအခါ မေစင်ကွမ် သည် အလွန်ဝမ်းသာသွားသည်။ သူသည် စွန်းလွန်ဂိုဏ်းကို

ရောက်ပြီး အမတ်ကြီး၏ သားကောင်ဘဝမှ ကင်းလွတ်ခဲ့ရပြ မဟုတ်ပါလား။ သို့သော် ဇိုင်မေလင်းကတော့ မလွတ်သေး ပေ။

'ကျွန်မ သိပ်ဝမ်းသာတာပဲ၊ ဒီအမတ်ကြီးရဲ့ လက်ထဲက ကျွန်မတို့ တော်တော်နဲ့ မလွတ်နိုင်သေးဘူးလို့တောင် ထင်နေ ခဲ့တာ'

'နောက်တော့မှ ပြောကြတာ ပါ၊ ကျွန်တော်တို့ သွားကြ ရအောင်'

လူရွယ်သည် မြင်းကိုတို့ရင်း သွားမည်ပြုသည်။ မေစင်ကျွမ် က ကျေးဇူးတင်စကား ပြောသည်။

'ကျွန်မ လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်ရှင်'

လူရွယ်သည် ခေါင်းညိတ်၏။

ထို့နောက် သူ့အဖော် တစ်ယောက်ကို လှည့်ပြောလိုက် သည်။

'ကင်မုံဟန်က မိုစန်းတောင်ကို သွားပါ၊ အစ်မလေးကို ခေါ်သွားပါ၊ ငါတို့ သရက်တောက လိုက်လာတဲ့အခါ မင်း တို့ကို မီချင်မှ မီမယ်၊ ကျင်ကျူးလျံကဒီမှာနေခဲ့ပြီး အမတ်ကြီး ရဲ့ အိမ်ကို မီးရှို့ပါ၊ မင်းအမတ်ကြီးရဲ့ အိမ်ပေါ်ကိုတက်ရ မယ်။

'သူ့အဆောင်က စပြီး မီးရှို့၊ အကုန်လုံးလောင်အောင် ရှို့၊ မီးစွဲသွားရင် မင်း သရက်တောထိပ်မှာ ရှိတဲ့ ဘုရား ကျောင်းပျက်ကိုလိုက်ခဲ့၊ အဲဒီရောက်ရင် ကျောင်းဘေးက ညောင်ပင်အောက်မှာ ငါတို့စောင့်မယ်၊ သရက်တော



အမတ်ကြီးရဲ့ အိမ်ကြီးမှာ ငါတို့ဂိုဏ်းက သူလျှိုတစ်ယောက် ရှိတယ်၊ ဒီလောက်အားရှိရင် လုံလောက်ပါပြီ၊ ကဲ....အားလုံး ကိုယ့်လမ်းကိုယ်သွားကြစို့'

ထို့နောက် သူတို့သည် မြင်းကြီးများကို သရက်တောဘက် သို့ ဦးလှည့်လိုက်ကြသည်။ ထို့နောက် ဒုန်းစိုင်းစီးနင်းသွား ကြတော့၏။

ကင်မုံဟန်ဆိုသော လူငယ်သည် မေစင်ကျွမ်ကို ကြည့် ပြီး....

'အစ်မလေး၊ ကျွန်တော်တို့ကတော့ ဒီဘက်လမ်းကသွား ကြမယ်'

သူတို့လည်း ထွက်ခွာလာကြသည်။ ကျင်ကျူးလျံဆိုသည့် လူငယ်တစ်ဦးသာ အမတ်ကြီး၏ ခြံဝင်းအနီး၌ ကျန်ရစ်ခဲ့ လေသည်။

သူလည်း သူ့တာဝန် ထမ်းဆောင်ရပေတော့မည်။

★

သရက်တော၏ အလွန်တွင်ရှိသော ဘုရားကျောင်းပျက် ကြီးမှာ မှောင်မိုက်သော ညဥ့်လွှာရုံအောက်၌ ထီးထီးကြီး တည်ရှိနေလေသည်။

သူ၏ ငြိမ်သက်မှုမှာ ဘုရားကျောင်းကြီးသည် အလွန်
အေးချမ်းတိတ်ဆိတ်နေသည့်။

လူအများက ထင်မြင်ယူဆနိုင်ရန် ငြိမ်သက်နေခြင်းမျိုး
ဖြစ်သည်။

သို့သော် ဘုရားကျောင်းပျက်ကြီး၏ အတွင်းဘက်၌ကား
မီးတိုင်များ၊ မီးတုတ်များ၊ မီးပုံများဖြင့် လင်းထိန်နေသော
နတ္ထိဂိုဏ်းသားများဖြင့် စည်ကားဆူညံနေ၏။

သူတို့သည် ကိုယ့်သဘောနှင့်ကိုယ် စိတ်ကြိုက် ကခုန်နေ
ကြသည်။

အရက်အိုးကြီးများမှာလည်း အလျှံပယ် သောက်နိုင်
အောင် စီစဉ်ထားသည်။ အခန်းနံရံများ၌ အရက်အိုးများ
ချထားသည်။

နတ္ထိဂိုဏ်းသားများသည် မောအောင် ကခုန်ပြီးလျှင်
အရက်အိုးများဆီသို့ ပြေးကြတော့၏။ သူတို့သည် အရက်
များကို ဖိတ်တစ်ဝက် စဉ်တစ်ဝက် သောက်ကြသည်။

သူတို့သည် အလွန်မူးယစ်နေကြသည်။ ထို သို့မူးခြင်းမှာ
အပျော်ကြူးကြသောကြောင့် ဖြစ်သည်။ သူတို့ အပျော်ကြူး
ခြင်းမှာလည်း အကြောင်းရှိသည်။

မကြာမီ ဂိုဏ်းချုပ်ကြီး ရဲယံတောက်သည် သူ့တပည့်
များအား အဖိုးတန်သော ပစ္စည်းတစ်ခု စွန့်တော့မည်ဖြစ်ခြင်း
ကြောင့် ပေတည်း။

ဂိုဏ်းချုပ်ကြီးသည် ခန်းမကြီး၏ ထိပ်၌ရှိနေသည်။ ထို
နေရာသည် ယဇ်ပူဇော်သည့်ခုံနေရာဖြစ်၏။



ထိုခုံပေါ်၌ ထိပ်တန်းဂိုဏ်းချုပ်ကြီး ရဲယံတောက် ထိုင်
နေခြင်း ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးသည် အလကားထိုင်နေခြင်း မဟုတ်ပါ။
ဂါထာမန္တယားများကို ရွတ်ဖတ်သရဇ္ဈာယ် နေခြင်း ဖြစ်ပါ
သည်၊

သူသည် မျက်စိမှိတ်ပြီး ဦးခေါင်းထက်တွင် လက်အုပ်ချီ
ထားလေ၏။

ရဲယံတောက်၏ အသံသည် လွန်စွာ အုံ့အြဖွယ်ကောင်း
၏။ သူ့တပည့်များ အော်ချင်ရာအော်နေသည့် တပည့်များ
၏ အသံများကြားတွင် မှန်မှန်ကြီး ထွက်ပေါ်နေသည်။

ဂိုဏ်းချုပ်ကြီး ရဲယံတောက်သည် တင်လှူနတ်သမီးကို
ပူဇော်ပသနေခြင်း ဖြစ်သည်။

ရဲယံတောက်၏ ခန္ဓာကိုယ်ကြီးသည် တဖြည်းဖြည်း ယိမ်း
ထိုးလာလေ၏။ သူ့လည်ပင်းတွင် ဆွဲထားသော ပုတီးကြီးမှာ
ရှည်လျားလှသဖြင့် ကြမ်းပြင်နှင့်တိုက်နေသည်။

တင်လှူနတ်သမီးအား ပူဇော်ပသထားသည့် ပစ္စည်းများ
သည် အုတ်ခုံပေါ်တွင်ရှိနေ၏။ အလွန်အဖိုးထိုက်တန်သော
ပစ္စည်းဖြစ်သည်။

ထိုပစ္စည်းကား မည်သည့်ပစ္စည်းဖြစ်သနည်း။ ထိုပစ္စည်း
ကား သက်ရှိပစ္စည်းဖြစ်တော့သည်။ အချုပ်ဆိုရသော် မိန်းမ
ချောလေး တိုင်မေလင်းပေတည်း။

သူမသည် တင်လှူနတ်ဘုရားမရှေ့ရှိ အုတ်ခုံပေါ်တွင်
မေ့မြောနေသည်။ သူမသည် အုတ်ခုံပေါ်တွင် ပက်လက်

ကလေးဖြစ်နေသည်။ သူမ၏ ညိုမှောင်သော ဆံပင်များသည် ရှည်လျားစွာ အောက်သို့ပြေလျော့ကျနေသည်။

နတ်ဘုရားမရှေ့တွင် ဆီမီးခွက်များ ဖယောင်းတိုင်များ ထွန်းညှိထားရာ ထိုဆီမီးခွက်များမှ အလင်းရောင်သည် သူမ၏ ဖြူဖွေးနုနယ်သော မျက်နှာပေါ်သို့ ကျရောက်နေသည်။

ပက်လက်စာလေးဖြစ်နေသော သူမ၏ ခန္ဓာကိုယ်သည်လည်း အမို့အမောက် အနိမ့်အမြင့် ချိုင့်ဝှမ်းများဖြင့် လှပနေလေရာ မြင်ရသူများမှာ မရိုးမရွှဖြင့် စိတ်ဖြင့် ပြစ်မှားမိကြလေသည်။

နတ္တဝိဂိုဏ်းချုပ်ကြီး ရဲယိတောက်မှာ အတန်ကြာသည်အထိ ရွတ်ဖတ်သရဇ္ဈယ်နေသည်။ ထို့နောက် မျက်လုံးများ ဖွင့်ကြည့်သည်။

တင်လှူနတ်သမီး၏ ရုပ်တုတော်ရှေ့၌ရှိသော ပြာခွက်ထဲမှ ပြာကို လက်နှင့်တို့ယူပြီး သတိလစ်နေသော တိုင်မေလင်း၏ နဖူးပြင်ကို ပွတ်လိုက်သည်။ ထို့နောက် တိုင်မေလင်း၏ မျက်နှာကို စူးစူးဝိုက်စိုက် ကြည့်တော့သည်။

ရဲယိတောက်သည် ကြည့်ရင်းနှင့် အားမရဖြစ်လာသည်။ အုတ်ခုံအစွန်းကို လက်နှင့်တင်းတင်းဆုပ်ကိုင်ရင်း ခေါင်းကို တဖြည်းဖြည်းငုံ့သည်။

ထိုအခိုက်ဆီမီးခွက်များတွင် မီးပွားများ တဖျပ်ဖျပ် တောက်သွားသည်။ ထိုအခါ ပြုအစ်နေသော ရဲယိတောက်၏ မျက်နှာ းသည် ချွေးစေးများထွက်နေသောကြောင့် ပို၍ ကြောက်စရာ ကောင်းနေသည်။



တစ်နေ့လုံး တစ်ညလုံး ဆီမီးခွက်၊ မီးပုံများနှင့် ကပ်တိုင်ကာ ရွတ်ဖတ်သရဇ္ဈယ်နေခဲ့ရသဖြင့် မျက်နှာကြီး အဆီပြောင်နေသည်။

ရဲယိတောက်၏ မို့အစ်နေသော မျက်လုံးကြီးများမှာ အာသာရမ္မက်ကြောင့် ပြူးထွက်နေသည်။ ပွယောင်းယောင်း နှာခေါင်းကြီးကလည်း အစာနံ့ရသော မြွေဆိုးကဲ့သို့ တရှုံ့ရှုံ့ဖြစ်နေသည်။

ထူပိန်းပိန်း နှုတ်ခမ်းကြီးများကလည်း သွေးနံ့ရသော ဖုတ်ကောင်၏ နှုတ်ခမ်းများပမာ တရွရွလှုပ်ရှားနေသည်။ ရဲယိတောက်၏ မျက်နှာကြီးသည် သတိလစ်မေ့မြောနေသော တိုင်မေလင်း၏မျက်နှာကလေးဆီ တဖြည်းဖြည်းတိုးကပ်သွားသည်။

ထိုအခိုက် သတိလစ် မေ့မြောနေသော တိုင်မေလင်းသည် လူးလွန့်လာသည်။

'ဟေး....ဟေး... ဟေး'

'ဟေး....ဟေး....ဟေး'

အခန်းထဲကွင်၌ရှိသော နတ္တဝိဂိုဏ်းဝင်များသည် တဖြည်းဖြည်း ဆူညံလာသည်။ သူတို့သည် အသံကုန်အော်ဟစ်လျက်ရှိ၏။

ထိုအချိန်တွင် တိုင်မေလင်း၏ မျက်လုံးသည် ဖျတ်ခနဲပွင့်လာသည်။ သူမသည် ဘာကိုမျှ သတိမရနိုင်သေးပါ။ ပစ္စုပ္ပန်ဘဝ၌ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုလည်း မစဉ်းစားနိုင်သေးပါ။

သူမ သိရှိသည်မှာ သူမ၏မျက်နှာပေါ်၌မိုးနေသည့် နတ္တဂိုဏ်းချုပ်ကြီး၏ မျက်နှာကြီးတည်း။

'အား'

သူမသည် သရဲတစ္ဆေကို မမြင်ဘူးပါ။ သို့သော် သရဲတစ္ဆေ အလား ဆိုးရွားလှသည်။ ရဲယိတောက်၏ မျက်နှာကိုမြင်လိုက်ရသောအခါ သူမ ရင်တုန်ပန်းတုန် ဖြစ်သွားပြီး ကြောက်လန့်တကြား အော်ဟစ်လိုက်တော့သည်။

သူမသည်ပါးစပ်ကလည်းကောင်း၊ လက်ကလည်းကောင်း ရှိသမျှဖြင့် မျက်နှာကြီးကို တွန်းထုတ်လိုက်ရာ အလွန် ထူးဆန်းသော ဖြစ်ရပ်များ ပေါ်လာတော့သည်။

'ရန်သူ ... ရန်သူ'

'ခုခံကြ ... တိုက်ကြ'

'အား'

တိုင်မေလင်း၏ အော်သံ၊ နတ္တဂိုဏ်းသားများ၏ အော်သံများသည် ဆူညံစွာ ထွက်ပေါ်လာသည်။ ဂိုဏ်းသားများ၏ နာကျင်စွာ အော်ဟစ်လိုက်သည့် အသံများသည်လည်း လှိုက်၍လှိုက်၍ ပေါ်လာသည်။ အားလုံး ဝရုန်းသုန်းကား ဖြစ်သွားသည်။

အဖြစ်ကား ဤသို့တည်း။

မျက်နှာဖုံးစွပ်ထားသည့် လူငါးယောက်တို့သည် ဘုရားကျောင်းပျက်၏ ခန်းမအတွင်းသို့ မိုးပေါ်ကကျလာသလို ရောက်လာကြသည်။ သူတို့သည် ခန်းမကြီးထဲသို့ ရောက်သည်နှင့် ထိုးခုတ်တိုက်ခိုက်ကြတော့သည်။



သူတို့၏ ထိုးခုတ်တိုက်ခိုက်ပုံမှာလည်း အလွန်လျင်မြန်၏။ မှုးရှုးနေသော နတ္တဂိုဏ်းသားတို့မှာ ဘာမှမခုခံနိုင်ချေ။ စိတ်ကြိုက် အတိုက်ခိုက်ခံနေရတော့သည်။

'ဒုတ်'

'ရှမ်း.... ရှမ်း'

'အား.... အမယ်လေး'

တိုက်ခိုက် အော်ဟစ်သံများမှာ ပွက်ပွက်ညံသွားသည်။ အချို့မှာ ဘာဖြစ်မှန်းပင် မသိလိုက်ကြချေ။ အမူးလွန်နေသဖြင့် အသတ်ခံရမှန်းပင် မသိလိုက်ကြချေ။

[ ၇

သူတို့သည် လူအများ၏ကြောက်ရွံ့မှုကို ရရှိထားသူများ ဖြစ်သည်။

မည်သူမျှ လူမဆင်သူများ ဖြစ်သည်။ ထင်တိုင်းပေါက် လုပ်ကိုင်ခွင့်များ ရရှိထားလေရာသူတို့အား ဤသို့ တိုက်ခိုက်မည်ဟု လုံးဝ ထင်မထားကြချေ။

ကောင်းကင်ကြီးသာ ပြိုချင်ပြိုကျမည်၊ သူတို့အား တိုက်ခိုက် သူများကတော့ လုံးဝ မပေါ်ဟု သူတို့ထင်ထားကြသည်။

သို့သော် နတ္တိဂိုဏ်းသည် မည်သို့သောဂိုဏ်းဖြစ်သည်ကို ဆန်းစစ်ကြည့်နိုင်သည်။ သူတို့သည် လူဆိုးသူခိုးများကို စုစည်းထားသည့် ဂိုဏ်းဖြစ်သည်။

ယခုကဲ့သို့ လူရှင်းရာ လူကွယ်ရာအရပ်၌ မဟုတ်တာမှန်သမျှ အကုန်လုပ်သူများ ဖြစ်သည်။

ဤကဲ့သို့သော ဂိုဏ်းသည် အဘယ်မှာလျှင် ခွန်လွန်ဂိုဏ်း၊ ဟူတန်ဂိုဏ်းတို့ကဲ့သို့ လူများကို ကောင်းကျိုးပြုမည်နည်း။

လူဆိုးသူခိုးများကို ဂိုဏ်းဝင်အဖြစ် စုစည်းထားသော ဂိုဏ်းဖြစ်၍ ပြန်လှန်တိုက်ခိုက်ရန် မကြာမီပင် လှုံ့ဆော်စည်းရုံးနိုင်သည်။

'ဟေး...ပြန်တိုက်ကြ'

'ပြန်ခုခံကြ'

'လူယုတ်မာတွေကို တိုက်ထုတ်ပစ်ကြ'

မာန်သွင်း အော်ဟစ်သံများ ထွက်ပေါ်လာပြီးနောက် နတ္တိဂိုဏ်းသားများသည် မျက်နှာဖုံးစွပ်များကို ပြန်လှန်တိုက်ခိုက်ကြတော့သည်။

'တို့ဘုရားကျောင်းတော်ကို လာမစော်ကားနဲ့'

'တိုက်ထုတ်ပစ်'

'ခြိမ်း'

'ချလန်း'

ဤသို့ဖြင့် ဘုရားကျောင်းပျက်ကြီးအတွင်းသွေးပျက်စဖွယ် တိုက်ခိုက်မှုကြီး ဖြစ်ပေါ်လာတော့သည်။ နတ္တိဂိုဏ်းသားများမှာ မူးနေ၍သာ ဤသို့ အတိုက်ခံရခြင်းဖြစ်သည်။ မမူး



လျှင် ကျူးကျော် တိုက်ခိုက်သူများကို ကောင်းစွာ ခုခံနိုင်မည် ဖြစ်၏။

ဤအချိန်တွင် ရဲယိတောက်အား တွန်းလွှတ်လိုက်သည့် တိုင်မေလင်းသည် အုတ်ခုံပေါ်မှ လှိမ့်ချလိုက်သည်။ သူသည် တင်လျှုနတ်သမီးရုပ်တုကို အကာအကွယ်ယူပြီး ပုန်းနေမိသည်။

တင်လျှု နတ်သမီးရုပ်တုကြီးသည် လက်ဝါးနှစ်ဖက်ကို ဖြန့်ထား၏။ ဖုန်းတောင်းယာစကာတစ်ဦး လက်ဝါးဖြန့်သလို တောင်းရမ်းနေဟန် နတ်သမီးရုပ်တုကြီးသည် အတွန်းခံလိုက်ရသဖြင့် ပြန်ထလာသည့် ဂိုဏ်းချုပ်ကြီး ရဲယိတောက်ကို ပြုံး၍ ကြည့်နေ၏။

ရဲယိတောက် လွန်စွာဒေါသထွက်နေသည်။ သူသည်ပါးစပ်နား ရောက်ပြီးမှ အစာကို ပုတ်ချခံရသူလိုဖြစ်သွားသည်။

ရဲယိတောက်သည် တင်လျှုနတ်သမီး၏ နောက်ကွယ်၌ ပုန်းနေသော တိုင်မေလင်းကို စူးစူးဝါးဝါးကြည့်နေ၏။ သို့သော် ထိုအချိန်၌ ကမ္ဘာပျက်မတတ် ကျူးကျော်တိုက်ခိုက်သူများ ဝင်ရောက်လာသဖြင့် တိုင်မေလင်းကို ဂရုမစိုက်နိုင်တော့ချေ။

မည်သည့်ရန်သူများ ဝင်ရောက် တိုက်ခိုက်လာသနည်းဟု စုံစမ်းရတော့သည်။

သို့သော် တစ်ခဏချင်းမှာပင် သူသည်ရန်သူ၏အခြေအနေကို အကဲခတ်မိသွား၏။

ယခု ဝင်ရောက်တိုက်ခိုက်လာသူများသည် သိုင်းပညာတွင် လွန်စွာ အစွမ်းထက်၍ တိုက်ရည်ခိုက်ရည် အလွန်ကောင်းသူများ ဖြစ်ကြောင်း သူတွေ့ရှိရသည်။

ရဲယိုတောက်သည် သိုင်းပညာထက်မြက်သူဖြစ်သည်။ သူ တိုင်မေလင်း၏ အတွန်းခံလိုက်ရခြင်းမှာ ရမ္မက်ဆန္ဒတညီးညီး တောက်လောင်နေခိုက်ဖြစ်၍ အတွန်းခံလိုက်ရခြင်းသာ ဖြစ်သည်။

သို့သော် သူ တကယ်ကျွမ်းကျင်သည်မှာ ဉာဏ်ကစားခြင်းသာ ဖြစ်သည်။အချုပ်ဆိုရသော် သူ့အရည်အချင်းမှာ ဉာဏ်နီ ဉာဏ်နက်သာ ဖြစ်သည်။

ရဲယိုတောက်သည် ဉာဏ်နီဉာဏ်နက် အလွန်ကောင်း၏၊ သူသည် သူ့တပည့်များ၏ ရှုံးနိမ့်သောအဖြစ်ဆိုးကိုတွေ့လိုက်ရသည်။

အသတ်ခံရသူက အသတ်ခံရ၊ ထွက်ပြေးသူက ထွက်ပြေးဖြင့် ဝရုန်းသုန်းကား ဖြစ်နေသည့် အခြေအနေဆိုးသည် သူ့ရင်ကို မအေးမြစေနိုင်ပေ။

ထိုအခြေအနေဆိုးမှ သူ့ဂိုဏ်းသားများ လွတ်မြောက်နိုင်မည် မဟုတ်ချေ။အမတ်ကြီး ကျိုက်လောက်၏ စစ်သည်ရဲမက်များ၏ အကူအညီကို မရနိုင်ကြောင်း သူ ကောင်းစွာသိရှိပြီးလေပြီ ဤသို့ဆိုလျှင် သူ မည်သို့စီစဉ်မည်နည်း။

ရဲယိုတောက်သည် ဝံပုလွေတစ်ကောင်ကဲ့သို့ ဖြစ်နေ၏၊ သူသည် အနံ့သာခံလိုက်ရပြီး လျှာဖျားနှင့်မျှ မတို့လိုက်ရ



သော တိုင်မေလင်းတည်းဟူသော ငါးကြင်းကြီးကိုလည်း အလွတ်မခံနိုင်ချေ။

သူ့တပည့်များ ထွက်ပြေးသွား၊သေဆုံးသွား လျှင်သူ တစ်ယောက်တည်းသာ ကျန်ခဲ့တော့မည်။ဤသိုင်းသမား ငါးယောက်ကို သူ့အနေဖြင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် သူသည် ဤရှုပ်ထွေးနေသောအချိန်အတွင်း တိုင်မင်လီကို ခေါ်ဆောင်၍ ထွက်ပြေးသွားမည်ဟု စိတ်ကူးလိုက်သည်။

သူသည် သူ၏ စိတ်ကူးကို အကောင်အထည်ဖော်ရန် အတ်ခုံကိုကျော်လိုက်၏။ တိုင်မင်လီကို အမိဖမ်းပြီးမှသာ သူ ပြေးနိုင်မည် မဟုတ်ပါလော။သို့သော် သူ နောက်မှလေတိုးသံ ကြားလိုက်ရ၏။

ရဲယိုတောက် ထိတ်လန့်သွားသည်။ သူသည် လည်ပင်းတွင် ဆွဲလားသောပုတီးကြီးဖြင့် နောက်သို့ လွှဲရိုက်လိုက်၏။

'ဝုန်း'

'ထန်း'

လက်နက်ပုန်းတစ်ခုသည် လွင့်စဉ်သွား၏။သူသည် တိုင်မေလင်းကို ဂရုမစိုက်နိုင်တော့ချေ။ ယင်ပူဇော်သည့် ခုံပေါ်သို့ ဖြန်တက်လိုက်ရ၏။ ရန်သူကို ရင်ဆိုင်ရပေတော့မည်။

ရန်သူသည် သူ့နောက်သို့ တစ်ယောက်တည်း ရောက်လာခြင်း ဖြစ်သည်၊ တိုက်ခိုက်နေသည့် သူ့တပည့်များကို အပြတ်နိုင်ပြီး သူ့နောက်ကိုရောက်လာခြင်း ဖြစ်သည်။

စွပ်ထားသော မျက်နှာဖုံးစွပ်ကြောင့် ထိုလူ၏မျက်နှာကို မမြင်ရချေ။ သူသည် ဓားရှည်တစ်လက်ကို ကိုင်ထားပြီး ထို ဓားတွင် သွေးများစွန်းပေနေသည်။ ထို့ကြောင့် လက်ရှိ နေမည့်သူ မဟုတ်ကြောင်း သူသိလိုက်သည်။

'ကဲ....လူယုတ်မာကြီး၊ ခင်ဗျားဘာတတ်နိုင်သေးသလဲ'

မျက်နှာဖုံးနှင့်လူက ပြောလေ၏။ ထိုသူ၏အသံက အေးစက်နေသည်။ လှိုက်လှဲနွေးထွေးခြင်း မရှိပေ။

'ခင်ဗျားတို့ ဘုရားကျောင်းပျက်ထဲကို ကျုပ်တို့လူ ငါးယောက်တည်း ဝင်လာတာ'

ထိုသူက စကားကို ချိန်ဆပြောလိုက်၏။ ဤသည်မှာ တိုင်မေလင်းကို အထာပေးခြင်းဖြစ်သည်။ ယခု သူသာ ရဲယံတောက်ကို တိုက်ခိုက်လျှင် ရဲယံတောက်က တိုင်မေလင်းကို ဓားစာခံပြုလုပ်ပြီး ကြားထဲမှ ဒိုင်းကာလုပ်လိုက်လျှင် မခက်ပါသလော။

တိုင်မေလင်းကို အကာအကွယ် ယူမည်စိုးသောကြောင့် စကားကြောရှည်နေရခြင်း ဖြစ်သည်။ ဤသည်ကို တိုင်မေလင်း သဘောပေါက်ပြီး နတ်သမီးရုပ်တုအနီးမှ ထွက်ပြေးသွားလျှင် သူသည် ရဲယံတောက်ကို စိတ်ကြိုက်တိုက်ခိုက်နိုင်ပေပြီ။

ရဲယံတောက်သည် တိုင်မေလင်းကို မကြည့်နိုင်တော့ချေ။ သူသည် ဒေါသဖြစ်ခြင်းနှင့် ခံပြင်းခြင်းတို့ကို တစ်ပြိုင်နက် ခံစားရလေ၏။

ရဲယံတောက်က....



'နတ်သမီးကို ပူဇော်ပသတဲ့ပွဲ လုပ်နေတာကို မင်း ဖျက်လိုဖျက်ဆီးလုပ်တာပဲ၊ ဒီလိုလူယုတ်မာတွေ လောင်မီးကျမယ်ဆိုတာ ငါကြိုပြောလိုက်ပါရစေ'

သူသည် အသံနက်ကြီးဖြင့် အော်ပြောလိုက်၏။ ထိုခြိမ်းခြောက်သော စကားကို လူပြိန်းများ အလွန်ကြောက်ကြသည်။

လူပြိန်းများမှာ ပဥ္စလက်အတတ်ပညာများနှင့် ကြောက်လန့်ဖွယ်ရာ စကားများကို အလွန် ကြောက်တတ်ကြသည်။ သို့သော် မျက်နှာဖုံးစွပ်ကတော့ ထိုစကားကို မကြောက်ချေ။

'ကျုပ်တို့က လောင်မီးကျစရာအကြောင်း မရှိပါဘူးဗျာ'

'ဟေ့ကောင် ဘာဖြစ်လို့မရှိရမှာလဲ၊ ဒီပွဲကို ဖျက်ဆီးတဲ့ လူတွေဟာ လောင်မီးကျမယ့်လူတွေချည်းပဲ'

'ဘယ်ရှိမလဲဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားရဲ့နတ်သမီးကို ကျုပ်တို့က ယဇ်ပူဇော်ပေးခဲ့လို့ပေါ့ဗျ'

'တော်စမ်းကွာ၊ မင်းတို့မှာ ဘာလှူဖွယ်ပစ္စည်းတွေ ပါလို့လဲ'

'ခင်ဗျား လန့်နေသလား၊ ကျုပ်ပူဇော်လိုက်တာတွေ မနည်းပါဘူး၊ ခင်ဗျားတပည့်တွေရဲ့အသက်တွေလေ၊ နည်းတဲ့ အသက်တွေ မဟုတ်ပါဘူးဗျ'

'ခွေးမသား'

ရဲယံတောက်က ဆဲရေးလိုက်၏။

မျက်နှာဖုံးစွပ်ပြောသည်မှာ အမှန်ပင်တည်း။ သူသတ်ခဲ့သည့် လူများမှာ ခြောက်ယောက်ခန့်ရှိသည်။ နတ္တဂိုဏ်းသား

ခြောက်ယောက် သေဆုံးခဲ့သည်။ သူတိုးခုတ်လိုက်သဖြင့် ဒဏ်ရာ ရသွားသူ အများအပြားလည်းရှိသည်။ အချို့လည်း ထွက် ပြေးသွားကြလေပြီ။

ရဲယိုတောက်သည် ခန်းမကြီးတစ်ခုလုံးကို ဝေ့ကြည့် လိုက်၏။

'ဒီအထဲမှာ မင်းလဲသေကွာ'

သူသည် ရှတ်တရက်ပြောပြီး သူ့လက်ထဲမှ စိပ်ပုတီးနှင့် သုံးချက်ဆင့်ရိုက်လေ၏။

'ဝှီး....ဝှီး....ဝှီး'

မျက်နှာဖုံးနှင့်လူ လိုချင်သည်မှာ ဤကဲ့သို့ပုံစံပင်ဖြစ်သည်။ ယခု ရဲယိုတောက်သည် တိုင်မေလင်းကို ခေါ်စောခံမလိုပဲ သူ့အား တိုက်ချေပြီ။ ဆယ်ခါပြန် တိုက်ပါစေ။ သူ မမှုပေ။

မျက်နှာဖုံးနှင့်လူသည် ပထမနှစ်ချက်ကို ရှောင်လိုက်၏။ နောက်ဆုံးအချက်ကို ဓားဖြင့် တောင့်ခံလိုက်၏။

ရဲယိုတောက်သည် အတွင်းအားထုတ်၍ ပိုင်းခြင်းဖြစ်ရ သံချောင်းကြီးတစ်ချောင်းနှင့် ရိုက်သကဲ့သို့ ထင်မှတ်ရသည့် ရိုက်ချက်မှာ ပြင်းထန်သည်။

'ခွမ်း'

မျက်နှာဖုံးနှင့်လူသည် ထိုရိုက်ချက်ကို မခံနိုင်လျှင် သူ့ ဓား လွင့်ထွက်သွားမည် ဖြစ်၏။ ယခုတော့ သူသည် ရိုက်ချက် ကို ကောင်းစွာ ခံနိုင်၏။

ရဲယိုတောက် တုန်လှုပ်သွားသည်။



သူသည် မိုးကြိုးခွင်းခဲ့ကွက်နှင့် တရကြမ်းတိုက်သော အခါ ရဲယိုတောက်မှာ အလူးအလဲ နောက်ဆုတ်ရတော့သည်။ သူ၏စိပ်ပုတီးကြီးလည်း မခံနိုင်တော့ပေ။

ဆီမီးခွက်များ၏ မီးရောင်ကြောင့် မျက်နှာဖုံးရှင်၏ ဓားမှာ ပြိုးပြက်ဝင်းလက်သွားသည်။ ဓားချက်များသည် သံကြိုးကွင်းဆက်များကဲ့သို့ အဆက်မပြတ် ဝင်ရောက်လာ သည်။

ထိုအချိန်၌ မည်သူက ရိုက်လိုက်မှန်းမသိသော တင်းပုတ် ရိုက်ချက်တစ်ချက်သည် ရဲယိုတောက် ကျောခေါ်သို့ ကျလာ တော့၏။

'ဘုံး'

'အား'

ရဲယိုတောက် လိမ့်ထွက်သွားပြီး ဆီမီးခွက်များလည်း ငြိမ်း သွားသည်။

အမတ်ကြီး ကျိုကဲလောက်နှင့် နတ္တဂိုဏ်းချုပ်ကြီး ရဲယို တောက်တို့၏အကြံအစည်မှာ ပျက်စီးသွားခဲ့လေပြီ။

[ ၁၈ ]

မျက်နှာဖုံးစွပ်များ၏ ခေါင်းဆောင်ဖြစ်သူသည် တင်လှူနတ်သမီးနောက်၌ ပုန်းကွယ်နေသော တိုင်မေလင်းအား ဘုရားကျောင်းအပြင်ဘက်သို့ လျင်မြန်စွာ ဆွဲခေါ်ခဲ့လေ၏။

ဆွဲမခေါ်၍လည်း မဖြစ်ချေ။ နတ္တဂိုဏ်းသားများ တွေ့သွားလျှင် ခေါးနှင့်လက်သရမ်းသွားမည် ဖြစ်သည်။

ဘုရားကျောင်းအပြင်ဘက်သို့ ရောက်သောအခါ မျက်နှာဖုံးစွပ် လေးယောက်သည် မြင်းများပေါ်၌ အသင့်ရောက်ရှိနေပြီး မျက်နှာဖုံးစွပ် ခေါင်းဆောင်ကို စောင့်မျှော်နေကြသည်။

မြင်းငါးကောင်ပါရှိရာ တိုင်မေသင်းအတွက် မြင်းမရှိတော့ပေ။ မျက်နှာဖုံးစွပ်ခေါင်းဆောင်က....

'ကဲ မြင်းကတော့ တစ်စီးပဲရှိတယ်၊ ကျုပ်နဲ့ပဲ အတူလိုက်စီးပေတော့'

သူသည် တိုင်မေလင်းကို မြင်းပေါ်တက်စေပြီး သူက တိုင်မေလင်းနောက်မှ ထိုင်လိုက်သည်။

တိုင်မေလင်းမှာ ယင်ဖို့မျှ မသန်းဘူးသော အပျိုစင်ကလေးဖြစ်ရာ ထူပူရှိန်းဖိန်း ထွက်သွားတော့သည်။ တိုင်မေလင်း၏ ခန္ဓာကိုယ်နှင့် မျက်နှာဖုံးစွပ်ခန္ဓာကိုယ်မှာ ပူးကပ်နေရာ မြင်းသွားတိုင်း ခန္ဓာကိုယ်နှစ်ခု ပွတ်သပ်နေတော့သည်။

တိုင်မေလင်းမှာ ထူးခြားသော အထိတွေ့ကို ခံစားရင်း မြင်းပေါ်၌ လိုက်ပါသွားလေ၏။

သူတို့အတောအတန်သွားမိသောအခါ မြစ်ကမ်းတစ်ခုသို့ ဆိုက်ရောက်လာတော့၏။ ထိုမြစ်ကမ်းပါးတွင် ညောင်ပင်ကြီးတစ်ပင်ရှိရာ လူသုံးယောက်ကို တွေ့ရှိရသည်။ ထိုသုံးယောက်မှာ မေစင်ကွမ်နှင့် အခြားစွန်းလွန်ဂိုဏ်းသား နှစ်ယောက်တို့ဖြစ်သတည်း။

'မမ....မမ....ဝမ်းသာလိုက်တာ'

တိုင်မေလင်း၏ ဝမ်းသာမှုမှာ ပြောမပြနိုင်တော့ချေ။ မေစင်ကွမ်ကို တွေ့ရခြင်းမှာ ကမ်းမမြင်လမ်းမမြင် ပင်လယ်အတွင်း ကျွန်းတစ်ကျွန်းကို တွေ့ရှိရသကဲ့သို့ပင် ဖြစ်သည်၊



တိုင်မေလင်းနှင့် မေစင်ကွမ်သည် မြင်းပေါ်မှ ခုန်ဆင်းကာ ပွေ့ဖက်မိကြတော့သည်။ နှစ်ယောက်စလုံး မျက်ရည်များကျပြီး ငိုမိကြလေ၏။

မျက်နှာဖုံးစွပ်ခေါင်းဆောင်က ပြောလေ၏။

'အစ်မလေးတို့ခင်ဗျား၊ ဒီနယ်မြေဟာ အမတ်ကြီး ကျိုကဲလောက်ရဲ့ နယ်မြေဖြစ်ပါတယ်၊ အန္တရာယ်က မကင်းသေးပါဘူးခင်ဗျာ၊ အခုတော့ တိုင်မေလင်းဟာ အစ်မလေးမေစင်ကွမ်ရဲ့မြင်းပေါ်မှာ စီးနင်းနိုင်ပါပြီ၊ ကျွန်တော်တို့ ဒီနယ်မြေက ထွက်နိုင်လေ ကောင်းလေပါပဲခင်ဗျာ'

သူသည် ကင်မုဟန်အား ကြည့်ပြီး ပြောလိုက်၏။

'ကင်မုဟန်ရေ.... ငါတို့အသင့်ပြင်ထားကဲ့ ဖောင်တွေနဲ့ မြစ်ကို ကူးကြမယ်၊ ဟိုဘက်မှာတော့ အစောင့်တွေ ပျော့ချင်လဲ တွေ့ရမယ်၊ အကပ်တော့ မပြောနိုင်ဘူး'

'မပူပါနဲ့ ကျွန်းချန်းရာ၊ အစောင့်တွေ ရဲမက်တွေရှိရင်လဲ ရင်ဆိုင်လိုက်တာပေါ့၊ ဒီကောင်တွေကို ကျုပ်ကလဲ လေးမြားစာ ကျွေးချင်နေတာပါ'

'ကောင်းပြီ၊ ဒီလိုဆိုရင်သွားကြစို့'

ကျွန်ချန်းသည် မြင်းများကို ဦးဆောင် စီးသွားလေတော့၏။

ကင်မုဟန်သည် မြင်းကိုးကောင်အတွက်ပြုလုပ်ထားသော ဖောင်ကြီးကို ဆိပ်ကမ်းတစ်နေရာမှ ဆွဲထုတ်ကာ မြင်းများကို တင်စေသည်။

ထို့နောက် မြတ်သန်းလာကြ လေတော့၏။ ရေစီးက အတော်သန်သည်။

သို့သော် ထိုးဝါးများအကူအညီဖြင့် သူတို့တစ်ဖက်ကမ်းသို့ အောင်မြင်စွာ ဆိုက်ရောက်လာသည်။

ကျန်ချန်းက....

'ကဲ....တစ်ဖက်ကမ်းတော့ရောက်ပြီ၊ ဒီနေရာကနေသွားရင် သစ်တပ်ကိုမကျော်လို့မရဘူး၊ ငါတို့ အဲဒီသစ်တပ်ကို ဝင်စီးကြမယ်၊ ဝင်စီးပြီး အားလုံးကိုသတ်ပြီးမှ ရှေ့ခရီးကို ဆက်ကြမယ်'

ထိုနေရာမှာ အမတ်ကြီး ကျိုကဲလောက်က သစ်တပ်ခံတပ်တစ်ခု ချထားသည်။ တပ်စိတ်တစ်စိတ်စာ စစ်သည်ရဲမက်များရှိသည်။

ကျန်ချန်းကတော့ ထိုစစ်သည်ရဲမက်များကို ရှင်းလင်းပြီး သူ့ခရီးကို ဆက်မည်သာဖြစ်သည်။

သူတို့သည် မြင်းများကို တရကြမ်းမစီးရ ပေ။ ဖြည်းညင်းစွာ စီးသွားကြသည်။ မကြာမီ ကွင်းခေါင်ခေါင်၌ သစ်တပ်ကို အမှောင်ထဲ၌ ငွေ့ငွေ့ကြီး တွေ့ရှိရတော့သည်။

'ကဲ...ကင်မုံ ဟန်နဲ့ ကျင်ကျူးလျံ တို့ ငါနဲ့လိုက်ခဲ့၊ ဒီကောင်တွေကို အပြက်ရှင်းရမယ်'

သူတို့သည် သစ်ပင်များအောက်၌မြင်းများကို ကြိုးချည်လိုက်သည်။

ထို့နောက် သုံးယောက်သား လှစ်ခနဲပြေးသွားကြသည်။ သူတို့သည် သစ်တပ်ဆီသို့ ပြေးကြခြင်း ဖြစ်သည်။



သူတို့ ကံအလွန်ကောင်းသည်။ သစ်တပ်မှ အစောင့်များသည် ပတ်ပတ်လည်၌ ကင်းချမထားချေ။ သူတို့သည် သစ်တပ်အခြေသို့ လွယ်ကူစွာ ချဉ်းကပ်နိုင်လိုက်ကြသည်။

ကျန်ချန်းသည် သံချိတ်ပါသောကြိုးဖြင့် သစ်တပ်အပေါ်ထပ်သို့ ပစ်လိုက်သည်။

'ဝှီး'

'ချောက်'

ချိတ်သည် အပေါ်ထပ် ဝရန်တာ၌ သွားချိတ်နေသည်။ သူသည် ကြိုးကိုခိုင်,မခိုင် တစ်ချက်နှစ်ချက်ချ ဆောင့်ဆွဲပြီး အပေါ်သို့တက်သွားသည်။

သူ အပေါ်ရောက်သည်နှင့်အစောင့်တစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။

'ဝှီး'

'ဒုတ်'

အစောင့်သည် အော်ပင်မအော်နိုင်ချေ။ လည်မျို၌ ဓားမြှောင်တစ်ချောင်း စိုက်ပြီးလဲကျသွားသည်။ ထို့နောက် ၎င်းကိုအော်သံပြုလိုက်သည်။

ချက်ချင်းပင် ကင်မုံ ဟန်နှင့် ကျင်ကျူးလျံ တို့ တက်လာကြ၏။ ထို့နောက် သူတို့သည် အိပ်နေသော အစောင့်များကို အားလုံး သုတ်သင်ရှင်းလင်းပစ်လိုက်တော့သည်။

'ဟိုမှာကြည့်စမ်း'

ကင်မုံ ဟန်နှင့် ကျင်ကျူးလျံ တို့သည် ကျန်ချန်း လက်ညှိုးညွှန်ပြသည့်နေရာသို့ ကြည့်လိုက်ကြ၏။ အဝေး တစ်နေရာ၌

မီးအောက် မီးလျှံများ ဖောက်နေသည်ကို မြင်လိုက်ကြရသည်။ သူတို့သုံးယောက် ပြုံးလိုက်မိကြလေ၏။

'ကဲ....သစ်ကပ်အောက်ကို ဆင်းကြစို့၊ ငါတို့ကို တားဆီးမယ့် လူကောင် လုံးဝမရှိတော့ဘူး'

သူတို့အားလုံး သစ်တပ်အောက်သို့ ဆင်းသွားကြတော့သည်။

## [ ၁၉ ]

### စံတော်အိမ် မီးလောင်ခြင်း

အမတ်ကြီး ကျိုက်ခဲလောက်သည် သတိလစ်မေ့မြောနေသော တိုင်မေလင်းကို နတ္တဂိုဏ်းချုပ်ကြီး ရဲယံ ဘောက်၏ လက်ထဲသို့အပ်ခဲ့ပြီး သူ၏ စံအိမ်တော်ရှိရာသို့ ပြန်လာခဲ့လေသည်။

ညကြီးမင်းကြီးဖြစ်သော်လည်း အမတ်ကြီးသည် ကြောက်ရွံ့ခြင်းမရှိပေ။ တစ်ဦးတည်း ပြန်လာခဲ့သည်။

ဤအချိန်တွင် အမတ်ကြီးသည် အရွယ်နှင့်မလိုက်အောင် စိတ်အားတက်ကြွလျက်ရှိသည်။ သောက်ထားသည့် အရက်ဟန်ခိုး သေးဟန်ခိုးကလည်း ပြလျှက်ရှိလေပြီ။

စိတ်အားတက်ကြွစေသော ဆေးများကို အရက်ထဲထည့်ပြီး သောက်ခဲ့သည် မဟုတ်ပါလော။

သူသည် စည်းစိမ်ခံရန် စဉ်းစားရင်း သူ နယ်စားကြီး ဖြစ်မည့်အရေးကို တွေးမိလာသည်။ သူ အဘယ်ကြောင့် နယ်စားကြီး မဖြစ်ရမည်နည်း။ သူ နယ်စားကြီး ဖြစ်ကိုဖြစ်ရပေမည်။

နယ်စားကြီးဖြစ်စေရန် သူသည် ယခုကလေးပင် ယင်ကောင် တစ်ကောင်ကို ပေးပို့ခဲ့ပြီးပြီ မဟုတ်ပါလော။ ယင်ကောင်မှာလည်း သာမည ယင်ကောင် မဟုတ်ချေ။

ဂိုဏ်းချုပ်ကြီး ရဲယိုတောက် ပြောခဲ့သည့် မြို့စားကြီး ဟောင်း တိုင်ယန့်စင်၏ သမီးပျိုကလေး တိုင်မေလင်းကို ယင်ကောင် အဖြစ် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

သူသည် ယခုအခါ ရှီအန်ပြည်နယ်၏ နယ်စားကြီးဖြစ်ရန် အလှန် သေချာသွားပြီဟု သူယုံကြည်သည်။

အပျိုစင်ပေးအပ်ခဲ့သည့်အတွက် တင်လှူနတ်သမီးနှင့်ဂိုဏ်းချုပ်ကြီး ရဲယိုတောက်တို့က သူတို့၏ တန်ခိုးစွမ်းအားဖြင့် ကူညီပေးတော့မည်။

အမတ်ကြီးသည် တွေးရင်း ကြည်နူးပီတိ ဖြစ်လာသည်။ ထို့ပြင် သူပီတိဖြစ်နေသည်မှာ အိမ်အပြန်၌ တွေ့ရမည် ဖြစ်သော အလှပဂေးမလေး မေစင်ကွမ်ကြောင့်တည်း။ မေစင်ကွမ်သည် အလွန်ဖွံ့ထွားလှပသည် မဟုတ်ပါလော။

ထိုစဉ် မြင်းကြီးသည် ချိုင့်ခွက်ကြီးတစ်ခုသို့ ခြေကျွံကျသွား၏။ မြင်းကြီးလဲကျမလို ဖြစ်သွားသည်။ အမတ်ကြီးသည်



မြင်းဇက်ကြိုးကို ပြန်ထိန်းလိုက်၏။ ကိုယ်ဟန်ချက်ကိုလည်း ထိန်းလိုက်ရ၏။

မြင်းပေါ်မှ ပြုတ်ကျသွားလျှင် ငါ ဘာဖြစ်သွားမည်နည်း။ ငါ ဘာမျှမဖြစ်နိုင်ပါ။ အမတ်ကြီးသည် ဤသို့တွေးရင်း ပြုံးမိလေ၏။

ထို့ကြောင့် မြင်းကို စောစောကလို ဒုန်းမစိုင်းတော့ဘဲ ဖြည်းဖြည်းမှန်မှန်သာ စီးလာမိတော့သည်။ အမှန်တော့ မြင်းကြီး လဲကျမလိုဖြစ်သွားသောအခါ သူကြောက်သွား၍သာ မြင်းကို မှန်မှန်စီးခြင်း ဖြစ်သည်။

မကြာမီ သူ့စံအိမ်တော်အိမ်ကို မြင်နိုင်သည့် နေရာသို့ ရောက်လာတော့သည်။

'ဟိုက်'

အမတ်ကြီး၏ပါးစပ်မှ အာမေဋိတ်သံထွက်သွား၏။

'ဘာတွေဖြစ်ကုန်ပြီလဲ'

သူသည် မြင်းကို ဒုန်းစိုင်းစီးတော့၏။ မြင်းပေါ်မှကျမည့် အန္တရာယ်ကိုလည်း မတွေးတော့ပေ။ မြင်းပေါ်မှကျမည့် အန္တရာယ်ထက် အိမ်မီးလောင်သည့်အန္တရာယ်က ပိုကြီးသည် မဟုတ်ပါလော။

'ဒီကောင်တွေ ဘာဒွေ မဟုတ်ကဟုတ်ကတွေ လုပ်သလဲ မသိဘူး၊ အိမ်မီးလောင်အောင်လုပ်တဲ့ကောင်ကို သတ်ပစ်မယ်'

သူသည် ကြိမ်းဝါးရင်း ဝင်းခြံတံခါးအတွင်းမှ အတွင်းသို့ မြင်းကို စီးဝင်ခဲ့လေ၏။

'ဟေ့…ဘာဖြစ်လို့မီးလောင်ရသာလဲကွ'

အမတ်ကြီးသည် လွှားခနဲ ခုန်ဆင်းရင်း အော်ဟစ် မေးမြန်းလိုက်၏။ သူ့မေးသံကို မည်သူကမျှ ဂရုမစိုက်နိုင်ပါ။ သူ့ရဲမက်များ ကျေးကျွန်များသည် မီးကိုငြိမ်းသတ်ရန်သာ အာရုံစိုက်နေကြပါသည်။

ထို့ပြင် အသံမှာ ရောထွေးနေသည်။ မီးက အဆောင်နှိကို ဟဖျစ်ဖျစ်ဝါးမျိုသံ အော်သံဟစ်သံများ အကြား၌ အမတ်ကြီး၏ အော်သံကို မည်သူမျှ သတိမပြုမိကြပါ။

သူတို့သည် အမတ်ကြီးပြန်ရောက်လာသည်ကိုလည်း သတိမပြုမိကြပါ။

'ဟေ့…မေးနေတာကို မကြားဘူးလားကွ၊ ဟိုကောင်မလေးတော ဘယ်မှာလဲ၊ မင်းတို့အစောင့်တွေ ဘာလုပ်နေကြသလဲကွ၊ ဟေ'

ထိုအခါ အစောင့်တစ်ယောက်က အမတ်ကြီးကို မြင်သွား၏။

'ဟိုမှာ…ဟိုမှာ…အမတ်ကြီး'

ထိုအခါ အစောင့်များသည် အမတ်ကြီးအနီး ဝိုင်းအုံပြေးလာကြတော့သည်။

'သွားကြစမ်း၊ မီးကိုသတ်ကြစမ်း၊ ဘာဖြစ်လို့ ငါ့နားဝိုင်းနေကြတာလဲ၊ မြန်မြန်မီးသတ်ကြ'

အမတ်ကြီးက မာန်မဲလိုက်သောအခါ အစောင့်စစ်သားများမှာ မီးလောင်နေသည့်အိမ်ကြီးဆီသို့ ပြေးကြပြန်လေတော့သည်။



အမတ်ကြီးသည် စိတ်ရှိလက်ရှိ အော်ဟစ် ဆဲဆိုနေသည်။ သူကိုယ်တိုင် မီးပူဟပ်သဖြင့် မီးလောင်နေသည့် အိမ်အနီး မကပ်နိုင်ဘဲရှိရာ အစောင့်စစ်သားများမှာ လူသားများပင်ဖြစ်လေရာ အိမ်အနီးသို့ အဘယ်မှာလျှင် ကပ်နိုင်ပါအံ့နည်း။

အမတ်ကြီးနေထိုင်သည့် အပေါ်ထပ်ကို လောင်ကျွမ်းပြီးသော မီးသည် အောက်ထပ်သို့ ကူးစက်လောင်ကျွမ်းသည်။ လောင်စရာကုန်သွားသောအခါမှ မီးငြိမ်းသွားသည်။

ထိုအခါကျမှ စစ်သည်ရဲမက်များမှာ တငွေ့ငွေ့ လောင်နေသော မီးကြွင်းမီးကျန်များကို ရေများလောင်းကာ ငြိမ်းသတ်နေကြတော့သည်။

'ဟေ့…မီးလောင်တာ အားမရသေးလို့ ရေထဲမျောပါအောင် မင်းတို့ ရေလောင်းနေကြတာလား'

အမတ်ကြီးအော်သံကြောင့် ရေလောင်းသူများ ရပ်တန့်သွားကြ၏။

အမတ်ကြီးသည် နဖူးရေတွန့်အောင် စဉ်းစားနေ၏။

မေစင်ကွမ်တစ်ယောက် လွတ်မြောက်သွားပြီကို သူသိလိုက်၏။ အဘယ်ကြောင့်ဆိုသော် မီးလောင်မြေထဲမှ မည်သည့်အလောင်းကိုမှ မတွေ့ရသောကြောင့်တည်း။

## [ ၂၀ ]

ရန်သူ လက်ဦးသွားခဲ့ချေပြီ။

အမတ်ကြီးသည် မခံချိမခံသာ၊နေမထိထိုင်မသာ ဖြစ်နေတော့သည်။ သူ့တစ်ကိုယ်လုံးချွေးများ ရွှဲနေ၏။ ထိုစဉ်အဝေးမှ မြင်းစီးလာသူတစ်ဦး မြင်းကို အပြင်းနှင်လာကြောင်း တွေ့ရလေ၏။

'ဟေ့….ဘယ်သူလဲ မသိဘူး၊ ခြံဝက သွားခေါ်လိုက်စမ်း'

အစောင့်များသည် မြင်းစီးလာသူကို အမတ်ကြီးထံ ခေါ်ဆောင်ခဲ့ကြ၏။ မြင်းစီးလာသူကား နတ္တဂိုဏ်းချုပ်ကြီးထံမှ တမန်ပေတည်း။ တမန်သည် မောဟိုက်နေ၏။

'အမတ်ကြီး....အမတ်ကြီး၊ ဘုရားကျောင်းဆီကို မျက်နှာဖုံးစွပ်လူတစ်စု လာရောက်တိုက်ခိုက်ပါတယ်၊ အခု ယဇ်ပူဇော်တဲ့ပွဲ ပျက်သွားပါပြီ'.

အမတ်ကြီးမှာ ထိုအကြောင်းကို ကြားလိုက်ရသောအခါ ငယ်ထိပ်မြွေပေါက်သကဲ့သို့ ဖြစ်သွား၏။

သူသည် ရုတ်တရက် ထုံထိုင်းသွားပြီး မည်သည့် အကြံဉာဏ်မျှ မထုတ်နိုင်သလို ဖြစ်သွား၏။ သူသည် ဘာစကားမှ မပြောနိုင်တော့ဘဲ ငူငူငိုင်ငိုင်ကြီး ထိုင်နေမိတော့၏။

နတ္တဂိုဏ်းသားများသည် အမတ်ကြီးအား အကြောင်းစုံ လျှောက်ထားပြီးမှ ပြန်သွားသည်။

အတန်ကြာမှ အမတ်ကြီးလှုပ်လှုပ်ရှားရှားဖြစ်လာ၏။ သူသည် အစောင့်တစ်ယောက်အား အမိန့်ပေးလိုက်၏။

'ကဲ....သွားစမ်း၊ တပ်မှူးကြီး လီယူလူနဲ့ မြင်းတပ်မှူး လျောင်တန်ချောင်းကို သွားခေါ်ခဲ့စမ်း၊ ဒီမှာ ဒီလောက်မီးလောင်နေတာတောင် တစ်ယောက်မှ ရောက်မလာကြဘူး'

အမတ်ကြီးသည် တပ်မှူးကြီး လီပူလူနှင့် မြင်းတပ်မှူး လျောင်တန်ချောင်းသို့ မရောက်မီတွင် အချက်သုံးခွက်သောက်သည်။ ထို့နောက် သူ၏စံအိမ်တော်ကြီးမီးလောင်သည့်အတွက်နှင့် အကျဉ်းသားများ လွတ်သွားသည့်အတွက် ဒေါသဖြစ်ဆဲဆိုနေတော့သည်။



အတန်ကြာသောအခါ တပ်မှူးကြီးနှင့် မြင်းတပ်မှူးတို့ ရောက်ရှိလာကြ၏။

အမတ်ကြီးသည် သူ့အိမ်မီးလောင်သည့်ကိစ္စကို တပ်မှူးကြီးနှင့် မြင်းမှူးကြီးတို့ မသိရကောင်းလားဟု ဒေါသဖြစ်ပြီး ကြိမ်းမောင်းနေသည်။ တပ်မှူးကြီးများကဘော့ ခေါင်းငုံ့ရှိသာ။

'ကဲ....ခင်ဗျားတို့ ဒီလို ကျောက်ရုပ်ကြီးတွေလိုထိုင်မနေကြနဲ့၊ ကျုပ်ဆီမှာ အကျဉ်းသားတစ်ဦးဖမ်းထားတာ အခု လွတ်သွားတယ်၊ ခမစင်ကမ်တဲ့၊ အင်မတန်ချောတဲ့ မိန်းကလေး၊ ခင်ဗျားတို့ စီကွမ်မြို့ထဲရှိသမျှ တည်းခိုခန်း ထမင်းဆိုင်၊ အရက်ဆိုင် ဘာဆိုင်မှ မချန်နဲ့ အကုန်ရှာ၊ အိုဗျာ....နောက်ဆုံး ကုန်ကုန်ပြောလိုက်မယ်၊ ဘုရားကျောင်းတောင် မချန်နဲ့ အကုန်ရှာ'

သူသည် မသက်ာစရာအိမ်များကို အကုန်ရှာဖွေရန် အမိန့်ပေးလိုက်သည်။

သို့သော် တပ်မှူးကြီး၏ မျက်နှာပေါ်တွင်အားတက်သည့် အရိပ်အယောင်များ ဖြစ်ပေါ်မလာချေ။ တပ်မှူးကြီးသည် ခေတ္တမျှ ငြိမ်နေပြီးမှ ပြောလိုက်သည်။

'အကျဉ်းသားတစ်ယောက် ပြေးသွားတာနဲ့ မြို့သူမြို့သားတွေကို ဒီလောက်ဒုက္ခပေးဖို့သင့်ပါ့မလား အမတ်ကြီး၊ နောက်ပြီးအကျဉ်းသားကလဲ ကျားကျားလျားလျား ယောကျ်ားကြီး မဟုတ်ဘူး၊ မိန်းကလေး'

ထိုအချိန်တွင် အမတ်ကြီးသည် ရှူးရှူးရှားရှား ဖြစ်လာတော့၏။

'အချုပ်ခန်းထဲက ထွက်ပြေးသွားတဲ့ မိန်းကလေးကို တခြားမိန်းကလေးလို့ ထင်သလား၊ တိုင်မင်လီဆိုတဲ့ကောင်ဟာ နယ်စားကြီးရဲ့ ခန်းမထဲမှာ နယ်စားကြီးနဲ့ ကျုပ်တို့ကို စိန်ခေါ်သွားတယ်မဟုတ်လား၊ အဲဒီတုန်းကရဲမက်အစ်ယောက်ကို သတ်သွားတယ်၊ အခုလဲ ကျုပ်ရဲ့ စံအိမ်ကို မီးရှို့သွားပြန်ပြီ၊ အခု လွတ်သွားတဲ့ မိန်းမဟာ တိုင်မင်လီရဲ့ မိန်းမဗျ'

အမတ်ကြီးသည် ဒေါ်နှင့်မောနှင့် ပြောနေ၏။

'အကျဉ်းသားဟာ မီးထဲပါမသွားဘူး ဆိုတာတော့ သေချာတယ်၊ တိုင်မင်လီဆိုတဲ့ကောင်ဟာ အခု ဒီကိုပြန်လာပြီး သူ့မိန်းမကို ကယ်သွားတာပဲ ဖြစ်ရမယ်၊ သူတို့က အချိန်ကိုက် လုပ်ရှားကြတာဗျ၊ ဒီမှာ မီးရှို့ပြီး သူ့မိန်းမကို ကယ်သွားသလို နတ္တဂိုဏ်းချုပ်ကြီးရဲ့ ဘုရားကျောင်းထဲမှာလဲ သွေးထွက်သံယိုမှုတွေ ဖြစ်ကုန်ပြီ၊ နတ္တဂိုဏ်းသားတွေလဲ တော်တော်သေသတဲ့၊ ဒဏ်ရာရတဲ့လူတွေလဲ အများကြီးပဲ၊ ကြောက်စရာ မကောင်းဘူးလား၊ အဲ့ဒါတွေကို ကျုပ်တို့ငြိမ်ပြီး ကြည့်နေရင် ဒီကောင်ဟာ ကျုပ်တို့ကို ခေါင်းလာဖြတ်လိမ့်မယ်'

တပ်မှူးကြီးနှစ်ယောက်မှာ ခေါင်းထောင်ထလာရတော့သည်။

'ကဲ....တပ်မှူးကြီး၊ ခင်ဗျားရဲ့ စစ်သည်တွေကိုသာ အမိန့်ပေးလိုက်တော့၊ ဒါ သာမန်ကိစ္စမဟုတ်ဘူး၊ ဒီသူပုန်တွေ ကြီးထွားမလာခင် ကျုပ်တို့ နှိမ်နင်းပစ်ရမယ်'



အမတ်ကြီး ကျိုက်လောက်စကား ရပ်သွား၏။ သူသည် အတော်ကြာကြာ စကားပြောလိုက်ရရာ လေရှည်သွားသဖြင့် မောသွားသည်။

## [ ၂၁ ]

တပ်မှူးကြီးများမှာ အမတ်ကြီးကို ဘာမျှမပြောနိုင်ချေ။ သို့သော် မြင်းတပ်မှူးက ရုတ်တရက်ဝင်ပြောလိုက်သည်။ သူပြောသည့် စကားမှာ အံ့ဩစရာကောင်းလောက်အောင် အမတ်ကြီး၏စကားများနှင့် ဆန့်ကျင်နေသည်။

'အမတ်ကြီး စဉ်းစားပါဦး၊ ဒီစီကွမ်မြို့မှာရှိတဲ့ မြို့သူမြို့သားတွေ များစွာရဲ့ အိမ်တွေထဲကို အတင်းဝင်ပြီး အကျဉ်းသားကို ရှာရမယ်ဆိုတာ လွယ်ကူတဲ့အလုပ် မဟုတ်ပါဘူး'

'ဘာဖြစ်လို့မဖြစ်ရမှာလဲ၊ ခင်ဗျားမှာ တပ်သားတွေ မရှိဘူးလား'

'ကျုပ်ပြောတာကို နားထောင်ပါဦး၊ အဲဒီလိုလုပ်ဖို့ဆိုရင် နယ်စားကြီးရဲ့ အမိန့်ပါဖို့လိုပါတယ်၊ ကျုပ်တို့ အင်မတန် စဉ်းစားစရာကောင်းပါတယ်၊ မိန်းမသား အကျဉ်းသား တစ်ယောက် ထွက်ပြေးသွားတာနဲ့ ကျုပ်တို့တပ်တစ်ခုလုံးဟာ စစ်ဖြစ်တဲ့ပုံစံမျိုး လုပ်သင့်ပါသလားဗျာ၊ တစ်မြို့လုံး တုန်လှုပ် ချောက်ချားအောင်လုပ်တာနဲ့ အတူတူပါပဲဗျာ၊ အဲဒီလို လုပ်လို့ ဘယ်လိုအကျိုးထူးတွေ ဖြစ်လာမှာလဲ။

'တစ်မြို့လုံးဟာ နယ်စားကြီးနဲ့ ကျုပ်တို့ စစ်သည်ရဲမက်တွေအပေါ် မကျေမနပ် ဖြစ်လာမှာပါဗျာ၊ အမတ်ကြီး ပြောတဲ့ သူပုန်ဖွေ့ရဲ့ ပုန်ကန်မှုက နောက်မှဖြစ်မှာ၊ အခု မြို့သားတွေရဲ့ ပုန်ကန်မှုက အခုချက်ချင်းဖြစ်မှာဗျ၊ နောက်ဆုံး အပြင်တင်ခံရရှိရင် ကျုပ်တို့စစ်သည်ရဲမက်တွေပဲ အပြစ်တင် ခံရမှာပါ၊ အဲဒါကိုလဲ စဉ်းစားပါဦး'

မြင်းတပ်မှူးက ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို သေချာစွာ ရှင်းပြသည်။

အမတ်ကြီး၏ မျက်နှာထားကား မပြောင်းလဲချေ။

တပ်မှူးကြီးမှာလည်း မြင်းတပ်မှူး ပြောသည့်အတိုင်း ဖြစ်သည်။ သို့သော် သူကပြောဖို့ နှုတ်ဆွံ့နေသည်။ မြင်းတပ်မှူးက ဒိုးဒိုးဒေါက်ဒေါက် ပြောသွားသည်။ ထို့အတွက် တပ်မှူးကြီး ကျေနပ်နေသည်။

အမတ်ကြီးကား ဘူးဆိုလျှင် ဖရုံမသီးသည့် လူစားမျိုး ဖြစ်သည်။ သူသည် သူတို့အား ဆန့်ကျင်ခဲ့သည့် တိုင်မင်းထီ အပေါ်တွင် လုံးဝမကျေနပ်ချေ။



'ကဲ....တပ်မှူးကြီးနဲ့မြင်းတပ်မှူး၊ ကျုပ် ခင်ဗျားတို့ကို အကျယ်ရှင်းပြမနေနိုင်ဘူး၊ ရှင်းပြဖို့အချိန်မရှိဘူး၊ ဒီလောက် နားဝေးနေတဲ့လူတွေကို ကျုပ်ထပ်ပြီးလဲ ရှင်းမပြချင်တော့ ဘူး၊ အခု ကျုပ်ပြောနေတာဟာ အမိန့်၊ နယ်စားကြီးရဲ့ အမိန့်ပဲ၊ နယ်စားကြီးကို ကျုပ်လျှောက်တင်လိုက်မယ်၊ ခင်ဗျားတို့တာဝန်ကတော့ စီကွမ်မြို့တစ်မြို့လုံးကို ဖိုက်စိစ် တိုက်ရှာကြပါ၊ မြို့တံခါးမှန်သမျှကိုလဲ အစောင့်တွေ တင်း တင်း ကျပ်ကျပ် ချထားပါ၊ တိုင်ယန်စင်ဟာ မြို့စားဟောင်း ဗျ၊ သူ့ကိုလိုလားတဲ့လူတွေ ဒီမြို့ထဲမှာ တစ်ဝက်လောက် ရှိနေတယ်၊ နယ်စားကြီးရဲ့အမိန့်ကိုရဖို့ ကျုပ်အာမခံတယ်'

အမတ်ကြီးသည် တိကျပြတ်သားစွာ ပြောလေသည်။

တပ်မှူးကြီးနှင့် မြင်းတပ်မှူးတို့မှာ အခက်ကြုံသွားကြ သည်။ သူတို့ ဘာမျှ မပြောသာတော့ပေ။

တပ်မှူးကြီး နှစ်ယောက်သည် အမတ်ကြီးအနေဖြင့် နယ်စားကြီးထံမှ အမိန့်ရရှိရန် အခက်အခဲရှိသည်မဟုတ်မှန်း သိကြပါသည်။ နယ်စားကြီးသည် အမတ်ကြီးကို အလွန် အကျွံ ယုံကြည်နေသည် မဟုတ်ပါလား။

အမတ်ကြီးဘာလုပ်လုပ် နယ်စားကြီးက ငြင်းဆန်သည် မရှိချေ။ အမတ်ကြီးဘာပြောပြော နယ်စားကြီး ယုံကြည် သည်။ အမိန့်ဆိုသည်မှာ အမတ်ကြီး၏ အမိန့်ပင်။

ထွက်ပြေးသွားသည့် တရားခံတစ်ယောက်ကို မြို့လုံးပိတ် ဖိုက်စိပ်တိုက်ရှာရမည်တဲ့။ မြို့သူမြို့သားများ မည်သို့ဂယက်ရိုက် မည်ကို ဤအမတ်ကြီးသည် ထည့်မတွက်ချေ။

သို့သော် တပ်မှူးကြီးနှစ်ဦးမှာ အမိန့်ကို တိကျစွာ လိုက်နာခြင်းဖြင့် ဤရာထူးကြီးများကို ရလာခြင်းဖြစ်ရာ အမတ်ကြီးက အမိန့်ဟုပြောလိုက်သောအခါ စောဒက မတက်ကြတော့ချေ။

သူတို့သည် ဖြစ်သင့်ဖြစ်ထိုက်သည်ကို တင်ပြသည်။ ထိုတင်ပြချက်ကို အမတ်ကြီးက လက်မခံချေ။ ပြီးပြီ။ သူတို့တာဝန်ပြီးဆုံးပြီ။ အမိန့်အတိုင်းလုပ်ရုံပဲ ရှိတော့သည်။ သူတို့သည် အမတ်ကြီးကို အရိုအသေပေးပြီး ထွက်ခွာသွားကြသည်။

တပ်မှူးများကို အမတ်ကြီးသည် ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက် စုတ်တံနှင့် စာရွက်ကိုယူကာ စာချွန်လွှာတစ်စောင်ကိုရေးလေတော့သည်။

စာချွန်လွှာပေါ်တွင် အမှတ်တံဆိပ်ခတ်နှိပ်ကာ သူ၏ လူယုံတပည့်ရင်း တပ်မှူးတစ်ဦးဖြစ်သည့် ကျင့်ရွာကို ခေါ်လိုက်သည်။ ကျင့်ရွာသည် အမတ်ကြီးအား ဂါရဝပြုသည်။

'အမတ်ကြီး အမိန့်ရှိပါ'

'ကျင့်ရွာ၊ မင်းမှာ မြင်းအဆင်သင့်ရှိရဲ့လား'

'ရှိပါတယ် ခင်ဗျာ'

'အေး....ဒါဆိုရင် မင်း ဒီစာချွန်လွှာကိုယူသွား၊ ခု ချက်ချင်း အမြန်ဆုံးသွား၊ မြို့တောင်ဘက် ဘုရားကျောင်းမှာ စခန်းချနေတဲ့ စေ့လန်ပြည်နယ်က တပ်မှူးချုပ် ချူမင်ဖုန်း ရှိနေတယ်၊ သူ့ကိုဒီစာချွန်ပေး၊ သူ့ဆီက အကြောင်းပြန်ကြားစာကို နေမထွက်ခင် ငါ့ဆီအရောက်ပြန်ယူခဲ့ရမယ်၊ မင်း ငါပြောတာတွေ မှတ်မိတယ်နော်၊ ပြန်ရွတ်ပြစမ်း'



ကျင့်ရွာက အမတ်ကြီးပြောသည့် စကားများကို ပြန်ရွတ်ပြသည်။

'အိမ်း....ဟုတ်ပြီ၊ တစ်ခု မင်းသိထားဖို့က ဒီကိစ္စဟာ လျှို့ဝှက်ကိစ္စဆိုတာပဲ၊ လျှို့ဝှက်ကိစ္စတွေမှာ ဆောင်ရွက်ရတဲ့ လူတွေဟာ ဘယ်လိုအဆင့်မျိုးရှိတယ်လို့ မင်းသိထားသလဲ'

'အင်မတန် နှုတ်လုံရပါတယ်ခင်ဗျာ'

'အိမ်း....သိပ်သေချာတာပေါ့၊ ဒီကိစ္စကိုဘယ်သူမှ အသိမပေးရဘူး၊ မင်းသားမယားတောင် အသိမပေးရဘူး၊ ဒီလောက်ပြောရင် မင်းသိပါပြီ၊ ဒီကိစ္စကို မင်းအထူး လျှို့ဝှက်ထားရမယ်'

'စိတ်ချပါခင်ဗျာ၊ အမတ်ကြီးလဲ ကျွန်တော်မျိုး အကြောင်း သိပါတယ်၊ ကျွန်တော်မျိုးဟာ အမတ်ကြီးရဲ့ ကျွန်ရင်းပါ'

'အိမ်း....ဒါကြောင့် ငါခိုင်းတာပေါ့၊ ကဲ....သွားပေတော့၊ မင်းကို ငါစိတ်ချတယ်'

'စိတ်ချပါခင်ဗျာ၊ ကျွန်တော်မျိုး အသက်နဲ့လဲပြီး ဒီကိစ္စကို ဆောင်ရွက်ပါ့မယ်'

'ကဲ....သွားပေတော့'

ကျင့်ရွာသည် အမတ်ကြီးကို အရိုအသေပြုကာ ထွက်ခွာသွား၏။

အမတ်ကြီးသည် ခေတ္တမျှထိုင်စဉ်းစားနေသည်။ နယ်စားကြီးထံမှ အမိန့်တောင်းရမည့်ကိစ္စကို သူစဉ်းစားမိသည်။ သူသည် ချက်ချင်းပင်နယ်စားကြီးထံသို့ထွက်ခွာသွားလေသည်။

[ ၂၂ ]

### သူရဲကောင်းတို့၏ဘဝ

ဆောင်းကာလ ဖြစ်သောကြောင့် တုယင်မြစ်၏ ရေမျက်နှာပြင်တွင် နှင်းများအုပ်ဆိုင်းနေသည်။ နှင်းများကျဆင်းနေသောကြောင့် လလည်းမသာနိုင်တော့ပေ။

ကြယ်ကလေးများတို့၏ အလင်းရောင်ပင် မရှိချေ။ ပိန်းပိတ်အောင် မှောင်သောအမှောင်က တစ်လောကလုံးကို ဝါးမျိုမယောင် ထင်မှတ်ရ၏။

မကြာမီ သန်းခေါင်ယံသို့ ရောက်တော့မည်။ ခုနှစ်စဉ်ကြယ်ပြောင် အမြီးထောင်တော့မည်။ တုယင်မြစ်နံဘေးတွင်

တစ်တီတူးငှက်၏ စူးစူးရှရှ အသံက ထိတ်လန့်တကြား ထွက်ပေါ်လာ၏။

ထိုအခိုက် လေကလည်း ဝှေ့ယမ်းတိုက်ခတ်လေရာ မြစ်ကမ်းနားဘေးတွင်ရှိသော ကျူပင်ရှည်ကြီးများ တရှဲရှဲမြည်ပြီး ယိမ်းနွဲ့သွားလေ၏။

နှင်းများ ဖုံးနေသောရေထဲမှ ငါးကြီးတစ်ကောင် လန့်၍ ခုန်ထွက်လာ၏။

'ဗွမ်း....'

ထို့နောက် မှန်မှန်ရေစီးသံ ထွက်ပေါ်လာ၏။ ပတ်ဝန်းကျင်တစ်ခုလုံး၌ ရေစီးသံမှအပ ဘာသံမျှမကြားရတော့ချေ၊ သို့သော် သိပ်ပြီး မကြာလိုက်ချေ။

အေးအေးမှန်မှန် စီးလာသော မြင်းခွာသံ ထွက်ပေါ်လာ၏။ တစ်ခဏကြာသောအခါ မြင်းတစ်စီးနှင့် လူတစ်ယောက်သည် တုယင်မြစ်နှင့် တာအိုမြစ်ဆုံရာ ကမ်းနဖူးတွင် စီးနင်းသွားသည်ကို တွေ့ရလေ၏။

ထိုမြင်းနှင့်လူသည် ဝတ်ရုံနက်ကြီးကို လွှမ်းခြုံထား၏။

ရှေ့က တည့်တည့်သို့ သူသတိထား ကြည့်နေသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးကို ဖြန့်ကြက်ကြည့်နေခြင်း ဖြစ်သည်၊ ရှေ့မှနောက်မှ ဘေးမှတိုက်ခိုက်လျှင် အချိန်မရွေး တုံ့ပြန်နိုင်သည့် အခြေအနေမျိုး ဖြစ်သည်။

တစ်ခါတစ်ရံ မြင်းကိုရပ်ဆိုင်း၏။ ဘေးနှစ်ဖက်သို့ပြန်ကြည့်သည်။ ထို့နောက် ခရီးနှင်ပြန်၏။ အတန်ကြာသောအခါ ထိုလူသည် မြစ်ဆုံရှိရာသို့ ရောက်ရှိသွား၏။ မြစ်ဆုံအနီးမှာ



အလွန်သာယာသည်။ သို့သော် မှောင်မိုက်သောညဥ့်ကာလ၌ မည်သည့်သာယာမှုကိုမျှ ခံစားနိုင်မည် မဟုတ်ချေ။

ထိုမြစ်ဆုံအနီးတွင် ဧရာမ ညောင်ပင်ကြီးတစ်ပင် ရှိ၏။ ညောင်ပင်ကြီးသည် အသက်ကြီးလှပြီဖြစ်၍ အကိုင်းအခက်များ ဝေဆာလှသည်။ အောက်ခြေကတော့ ရှင်းလင်းနေသည်။ သို့သော် ညအမှောင်ကြီးစိုးနေရာ သစ်ပင်အောက်တွင်တော့ မိုဆိုးသည်။ ပို၍မှောင်နေသည်။

ထိုလူသည် ညောင်ပင်ကိုတွေ့သည်နှင့် ခပ်သွက်သွက်မောင်းနှင်လာ၏။

ထိုလူဝင်လာသည်ကို တွေ့ရသောအခါ ညောင်ပင့်အောက်မှ လူတစ်ယောက် ထွက်လာ၏။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ကြသည်။ ထိုအခါ ဝတ်ရုံနက်ကြီးနှင့်လူက မေးလိုက်၏။

'ရှေ့က ပိတ်ရပ်ထား ဘယ်သူလဲ'

ညောင်ပင်အောက်မှ ထွက်လာသူက....

'ကျုပ် တောပုန်း'

'အသက်ကြီးပြီလား'

'ငယ်ငယ်ပဲ ရှိသေးတယ်'

'ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့များ တောပုန်းလုပ်ရတာလဲ'

'တိုင်းသူပြည်သားတွေအတွက်'

ဝတ်ရုံနက်ကြီးနှင့်လူသည် စိတ်ချသွားဟန်ဖြင့် မြင်းပေါ်မှ ဆင်းလိုက်ပြီး....

'ကျုပ်ကိုလဲ အဲဒီလမ်းကို ခေါ်သွားပါ'

တောပုန်းဆိုသူမှာ ခေတ္တဆိုင်းငံ့သွားပြီး....

'ခင်ဗျားက ဘယ်ကလာခဲ့တာလဲ'

'မိုစန်းတောင်ကပါ'

'ဪ... မိုစန်းတောင်ကကိုး'

'ဟုတ်ပါတယ်၊ မိုစန်းတောင် စွန်းလွန် ဂိုဏ်းချုပ်ကြီးရဲ့ ကျောင်းတော်ကြီးကလာခဲ့တာပါ၊ ဂိုဏ်းချုပ်ကြီး စုရှန်ကျန်းက လွှတ်လိုက်တာပါ၊ ကျုပ်နာမည်က တိုင်မင်လီပါ'

တောပုန်းဆိုသူသည် ထိုအခါမှ စိတ်ချလက်ချ ဖြစ်သွားလေ၏။

'အင်း....ခင်ဗျားဟာ ကျုပ်တို့နဲ့ တကယ်ဆက်သွယ်ရမယ့် လူအစစ်အမှန်ပါပဲ၊ ကဲ....ကျုပ်နောက်ကလိုက်ခဲ့'

တောပုန်းဆိုသူသည် မြစ်ကမ်းပါးမှခွာခဲ့သည်။ ညာဘက်သို့ ချိုးကွေ့၍လျှောက်သွား၏။

တိုင်မင်လီက သူ့နောက်မှမြင်းကို ဇက်ကြိုးဆွဲ၍ ကုန်းကြောင်း လိုက်ပါလာ၏။

လမ်းမှာ လူသွားလမ်းကလေးဖြစ်သည်။ နေရာကျဉ်းလှသည်။

လမ်းကလေး၏ ဘေးနှစ်ဖက်တွင် ကျူပင်များ ပေါက်ရောက်နေသည်။

သူတို့နှစ်ယောက်သည် စကားမပြောကြတော့ပေ။ သူတို့သည် ခပ်မှန်မှန်လျှောက်လာ၏။ တောပုန်းဆိုသူမှာ လမ်းကျွမ်းပြီးသူဖြစ်လေရာ ရှေ့မှ လမ်းပြလျှောက်သည်။



မကြာမီ သူတို့သည် သဖန်းပင်နှင့် ရေခံတက်ပင်များ ပေါက်နေသည့် တောအစပ်သို့ ရောက်လာလေ၏။

တောပုန်းဆိုသူက စတင် စကားပြောလာသည်။

'ကျုပ်တို့ ဒီတောအစပ်ကို သွားရမယ်၊ လမ်းကျဉ်းမဟုတ်တော့ပါဘူး'

တိုင်မင်လီက ခေါင်းညိတ်သည်။ သူတို့နှစ်ယောက်သည် သဖန်းပင်များကို ဖြတ်ကျော်လာသောအခါ ဘုရားကျောင်းပျက် တစ်ခုကို တွေ့ရလေ၏။

ရှေ့မှ သွားနေသော လူသည် ဘုရားကျောင်းပျက်ကို အထူးအဆန်းဟု ယူဆပုံမရချေ။ သူသည် ဘုရားကျောင်းအတွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။

သူသည် အရုပ်လေးမျက်နှာကို ကြည့်လိုက်ပြီး ဝပ်ပုလွေတစ်ကောင်ကဲ့သို့ အူလိုက်၏။

တိုင်မင်လီမှာ ထိုပတ်ဝန်းကျင်ကို သေချာစွာ လိုက်ကြည့်မိ၏။

ထိုနေရာပတ်ဝန်းကျင်မှာ ဘုရားကျောင်းပျက် ပတ်ဝန်းကျင်ချည်း ဖြစ်နေ၏။

ဤနေရာ ပတ်ဝန်းကျင်၌ လူသူ အရိပ်အခြည်ကိုလည်း မတွေ့ရချေ။

သူတို့ဝင်လာသည့် ဘုရားကျောင်းပျက်ကြီး၌ ပြတင်းတံခါးဟူ၍ မတွေ့ရချေ။ သူတို့သည် ဘုရားကျောင်းပျက်၏ တစ်ဖက်ပေါက်မှဝင်ပြီး ကျန်တစ်ဖက် အပေါက်မှ ထွက်ကြသည်။

တောပုန်းဆိုသည့်လူ အူလိုက်သည့် အသံသည် ဘုရားကျောင်းပျက် ပတ်ဝန်းကျင်၌ ပဲ့ဘင်ထပ်သွား၏။

ထိုအချက်ပေးသံ ထွက်ပေါ်ပြီးနောက် ဘုရားကျောင်းအနောက်ဘက် လမ်းကျဉ်းကလေးတစ်ဖက်၌မီးအလင်းရောင်ပေါ်လာ၏။

ထို့နောက် မီးရောင်သည် တဖြည်းဖြည်း နီးလာသည်။ အနီးသို့ရောက်သောအခါမှ လူတစ်ယောက် မီးတုတ်ကိုင်၍ လမ်းလျှောက်လာကြောင်းသိရသည်။

တိုင်မင်လီ အံ့ဩသွားသည်။ ဤနေရာ၌ လျှို့ဝှက်ချက်များ နေရာတကာ၌ ရှိနေလေသည်တကား။

မီးတုတ်ကိုင်လာသူသည် အနီးသို့ရောက်သောအခါ တိုင်မင်လီကို စူးစိုက်၍ကြည့်သည်။ ထိုသူမှာ အသက်ခုနှစ်ဆယ်ခန့် ရှိပြီ။

သို့သော် ကိုယ်ခန္ဓာပါးလျားသေးသွယ်သဖြင့် ခုနစ်ဆယ်ထက် ငယ်သည်ဟု ထင်ရသည်။

မျက်စိများ စူးရှတောက်ပခြင်း နားထင်များချိုင့်နေခြင်းကြောင့် အတွင်းအားစွမ်းရည် ကောင်းလှကြောင်း တိုင်မင်လီ မြင်ရုံနှင့်သိ၏။

ထိုသူကြည့်လိုက်သောအခါ အသည်းနှလုံးထဲအထိ ထိုးထွင်း ကြည့်သည်ဟု ထင်ရသည်။

ထိုအခါ တိုင်မင်လီ အလိုလိုသိလာ၏။ ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းက ပုဂ္ဂိုလ်တစ်ဦးနှင့် သွားရောက် တွေ့ဆုံပါဟု



စေလွှတ်လိုက်ခြင်းမှာ ဤပုဂ္ဂိုလ်နှင့် တွေ့ဆုံရန်ဖြစ်တကားဟု အလိုလိုသိလာလေ၏။

ဤလိုလူမျိုးသည် စွမ်းအားကြီးမားလှသဖြင့် တွေ့သူတိုင်းကို ဆင်ရိုင်းများ၊ ကျားရိုင်းများအား လိမ္မာစေသကဲ့သို့ ဖြစ်စေနိုင်ပေသည်။

တိုင်မင်လီသည် ကိုယ့်ကိုကိုယ် ယုံကြည်ချက် ကြီးမားသူဖြစ်၏။ သို့သော် သူလည်း ထိုပုဂ္ဂိုလ်ကြီးကို မြင်သည်နှင့် အလိုလို နူးညံ့ပျော့ပျောင်းသွားသည်။

'ရှမ်း'

သူသည် ဓားကိုဆွဲထုတ်ပြီး ဒူးထောက် ထိုင်ချလိုက်၏။ သူ၏ဓားကို ရှေ့၌ ချလိုက်သည်။

'ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းက ဆရာကြီးထံကို သွားပါဆိုလို့ လာရောက်ခြင်း ဖြစ်ပါတယ်ခင်ဗျား၊ တိုင်းသူပြည်သားတွေကို ဖိနှိပ်ညှဉ်းပန်းနေတဲ့လူတွေကို တိုက်ထုတ်နိုင်ရန် ဆရာကြီးထံ ဓားကိုအပ်နှံပါတယ်ခင်ဗျာ'

ထိုပုဂ္ဂိုလ်ကြီးသည် ငြိမ်သက်စွာ နားထောင်နေ၏။ တိုင်မင်လီ၏ စကားဆုံးသောအခါ....

'အိမ်း....အရှုံးအနိုင်ဆိုတာ လူတိုင်းတွေ့နေရတဲ့ တရားဖြစ်တယ်၊ စွဲစွဲမြဲမြဲလုပ်သင့်တဲ့အလုပ်ကတော့ ကောင်းတဲ့ အပြုအမူကို ပြုလုပ်ဖို့ပဲ၊ ကောင်းတာလုပ်တဲ့လူဟာ ကောင်းကျိုးဖြစ်မယ်၊ အုတ်နံရံကို မြင့်တက်အောင်လုပ်တဲ့လူဟာ တဖြည်းဖြည်း မြင့်လာသလို မြေကွင်းတူးပြီး ကိုယ့်ကိုကိုယ် နိမ့်အောင်လုပ်တဲ့လူကတော့ တဖြည်းဖြည်း နိမ့်ဆင်းသွားမှာပဲ ဖြစ်ပါ

တယ်၊ လူတွေဟာ ဘာကိုလုပ်သင့်သလဲ၊ အဲဒါကို စဉ်းစားပေါ့’

တိုင်မင်လီသည် နားထောင်နေ၏။ ထိုပုဂ္ဂိုလ်ကြီးက ဆက်ပြော၏။

‘အဲဒီလိုကောင်းမှုတွေကို ပြုရမယ်၊ မင်းဟာ သူ့ရဲ့ကောင်းတွေရဲ့ တာဝန်နဲ့ဝတ္တရားတွေကို ထမ်းဆောင်ရမယ်၊ လူအမျိုးများရဲ့ အကျိုးကို ကူညီရမယ်၊ မင်းဓားဟာ တိုင်းသူပြည်သားတွေအတွက်လား၊ မဘာရားဖိနှိပ်မယ့်သူတွေ အတွက်လား’

‘တိုင်းသူပြည်သားတွေဘက်က တိုက်ခိုက်မယ့်သူပါ ဆရာကြီး’

‘အိမ်း....ဓားကို ကိုင်စမ်း၊ သစ္စာအဓိဋ္ဌာန်ပြုစမ်း’

တိုင်မင်လီသည် ထိုပုဂ္ဂိုလ်ကြီးအား လွန်စွာ ကြည်ညိုလေးစားသွား၏။ သူသည် ဓားကိုကောက်ကိုင်ပြီး ထိုပုဂ္ဂိုလ်ကြီးအား ကြည့်၍ ပြောလိုက်၏။

‘ဆရာကြီး....ကျွန်တော်အဓိဋ္ဌာန်ပြုပါတယ် ခင်ဗျာ’

ထိုပုဂ္ဂိုလ်ကြီးက ခေါင်းညိတ်၏။

‘အ များ ကောင်း ကျိုး ကို ဆောင် ရွက်ခြင်း သာ သည်လောကမှာ အမွန်မြတ်ဆုံးအပြုအမူဖြစ်တယ်၊ အဲဒီလို ဆောင်ရွက်နိုင်ခြင်းဟာလဲ သူ့ရဲ့ကောင်းတို့ရဲ့ အပြုအမူသာ ဖြစ်တယ်၊ သူ့ရဲ့ကောင်းတို့ရဲ့ အပြုအမူဟာ လူအများအတွက် အတုယူစရာ အပြုအမူဖြစ်တယ်၊ မင်းအနေနဲ့ လူအများရဲ့ အတုယူနိုင်တဲ့ဘဝထဲကို မြှုပ်နှံဖို့ အဓိဋ္ဌာန်ပြုပါ၊ တစ်ပြည်



လုံး ညီညွတ်အောင်ပြုလုပ်ဖို့ ငါ့ရဲ့ညွှန်ကြားချက်ကို ယုံကြည်စွာ လိုက်နာပါ’

‘လိုက်နာပါ့မယ် ခင်ဗျာ’

‘အိမ်း....ငါ ဟူထိန်လေ ယုံကြည်တယ်’

ဟူထိန်လေဆိုသည့် အမည်ကို ကြားလိုက်ရသောအခါ တိုင်မင်လီ လန့်သွားသည်။ ဤဆရာကြီးကား အထက်လမ်းဆိုင်းလောကသားတို့၏ နေလတစ်ဆူသဖွယ် ကိုးကွယ် ဆည်းကပ်ကြသော ဆရာကြီး ဖြစ်ပေသည်။ ဟူထိန်လေဟူသည့် အမည်သည် တစ်ပြည်လုံး၌ ဟိုးဟိုးကျော်နေသည်။

သို့သော် ဤဆရာကြီးကို မြင်ဖူးတွေ့ဖူးသူ အလွန်ရှားသည်။ နာမည်ကျော်သလောက် လူသူပရိသတ်ရှေ့ ထွက်ခဲလှ၏။ သူသည် ကုသိုလ်ကံကောင်းလှသဖြင့် ဤဆရာကြီးကို ဆည်းကပ်ခွင့်ရခဲ့သည်။

သူသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ ဂိုဏ်းချုပ်ကြီး စူမျှန်ကျန်းကိုလည်း လွန်စွာ ကျေးဇူးတင်မိ၏။ ဂိုဏ်းချုပ်ကြီးသည် ထူးခြားလှသောပုဂ္ဂိုလ်ကြီးအား တွေ့ဆုံခွင့်ရစေရန် စီမံဖန်တီးပေးခဲ့ချေသည်တကား။

ဆရာကြီး ဟူထိန်လေက....

‘ကဲ....ငါနဲ့လိုက်ခဲ့၊ တိန်ဖင်း.... မင်းက သူ့မြင်းကို ယူလိုက်ပါ၊ မြင်းကို နားပါစေ၊ အစာကောင်းကောင်း ကျွေးလိုက်ပါ’

ဆရာကြီး ဟူထိန်လေသည် မြင်းအတွက်ပင် ကြင်နာတရား ပြသူ ဖြစ်သည်။

တိုင်မင်လီသည် သူရသတ္တိရှိသူ ဖြစ်၏။ စစ်ချီ စစ်တက် စစ်သို့ခြင်းအတတ်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်သူ ဖြစ်၏။ မည်သူ့ကိုမျှ ဦးညွှတ်သူ မဟုတ်ပေ။ ဂိုဏ်းချုပ်ကြီး စူရှန်ကျုန်း၊ ဆရာကြီး ဘူယွမ်တင်မိုတို့ကိုသာ ဦးခိုက်သူ ဖြစ်သည်။ ယခုဆရာကြီးအား အလိုလို ဦးညွှတ်မိခဲ့ပေသည်။

စကားဆုံးသောအခါ ဆရာကြီးဟူထိန်လေက ရှေ့မှ လျှောက်သွား၏။ တိုင်မင်လီက နောက်မှ လိုက်သွားသည်။ တိန်ဖင်းက မြင်းကိုဆွဲပြီး ဘယ်ဘက်သို့ ကွေ့ထွက်သွားသည်။

သူတို့သည် လမ်းကြားကလေးတစ်ခုသို့ ဆက်လျှောက်ကြသည်။ ရေအိုင်ကလေးတစ်အိုင်ကို ဘယ်ဘက်ဘေး၌ တွေ့ကြရသည်။

မကြာမီ ဘုရားကျောင်းပျက်တစ်ခုအား တွေ့ကြရသည်။ ထိုဘုရားကျောင်းပျက်ထဲသို့ ဆရာကြီးက ဝင်သည်။ သူသည် ရုပ်တုတစ်ခုရှေ့တွင် ရပ်လိုက်၏။ ဆရာကြီးသည် ရုပ်တုကို ဆွဲလှည့်လိုက်သည်။

ဝုန်း....ဝုန်း....ဝုန်း

အသံမြည်လာသည်။ ထိုအခါကျောင်းပျက်ကြီး၏နံရံသည် တစ်ဖက်သို့ တဖြည်းဖြည်းရွေ့သွား၏။ အောက်ဘက်သို့ ဆင်းသွားသည့် လှေကားတစ်ခုကို တွေ့ရသည်၊

သူသည် ဆရာကြီးဟူထိန်လေကို လွန်စွာ အထင်ကြီးသွား၏။ ဆရာကြီး၏ ယန္တယားအတတ်ကိုပါ တွေ့မြင်နေရပြီမဟုတ်ပါလား။



ဆရာကြီးသည် မည်သည့်အတတ်ပညာမျှ မတတ်ဟုသော ရိုးရိုးအအပုံစံမျိုး ရှိသည်။ သို့သော် ဆရာကြီး မည်သည့် အတတ်ပညာများကို မည်မျှတတ်ထားကြောင်း မည်သူမျှ မသိရှိနိုင်ချေတကား။

[ ၂၇ ]

သူသည် ဆရာကြီး၏ အတတ်ပညာများကို ရင်သပ်ရှုမောဖြစ်နေစဉ် ဆရာကြီးသည် မြေအောက်သို့ ဆင်းသွားလေ၏။ လှေကား၏ ဘယ်ဘက်ဘေးတွင် အရုပ်တစ်ရုပ်ရှိသည်။

'ဆင်းခဲ့လေ'

ဆရာကြီးက ခေါ်လိုက်၏။ တိုင်မင်လီသည် ငေးမောအံ့သြနေရာမှ ကမန်းကတန်း ပြေးဆင်းလိုက်ရသည်။

ဆရာကြီးဟူထိန်လေသည် ဘယ်ဘက်၌တွေ့ရသည့် အရုပ်အား ဆွဲလှည့်လိုက်သောအခါ တဝှီးဝှီးမြည်သံပေါ်လာပြီး နံရံတံခါးကြီးသည် ပြန်ပိတ်သွား၏။

အခန်းထဲ၌ မှောင်မနေချေ။ မီးအိမ်များထွန်းထားသဖြင့် လင်းနေသည်။

ဆရာကြီးသည် လှေကားအတိုင်း ဆင်းသွားသည်။ မြေအောက်ခန်းသို့ရောက်သွားသည်။

မြေအောက်ခန်း၌ အခန်းငယ် များစွာရှိနေသည်။ ဟူထိန်လေက အရှေ့ဘက်အခန်းတစ်ခန်းကို လက်ညှိုးထိုးပြသည်။

'မင်း အဲဒီအခန်းမှာ အနားယူပေတော့၊ မင်း ပင်ပန်းလာတယ်၊ လူဆိုတာ ပင်ပန်းလာရင် အနားယူရတယ်၊ ဒါဟာ သဘာဝပဲ၊ ကဲ....သွားအိပ်ပေတော့'

တိုင်မင်လီသည် ဆရာကြီး ဟူထိန်လေကို ကြည့်နေ၏။

'မင်း ဘာပြောစရာရှိသလဲ'

'ကျွန်တော် ဆရာကြီးကို ဘယ်အချိန်မှာ....'

'ဪ....မနက်ကျတော့ တွေ့ကြတာပေါ့၊ ငါ့အခန်းကို လာခဲ့ပါ'

တိုင်မင်လီမှာ ဆရာကြီးဟူထိန်လေ၏အခန်းကို မသိပေ။

'ဆရာကြီးရဲ့အခန်း'

'ဟိုအခန်းဟာ ငါ့အခန်းပါပဲ'

ထို့နောက် ဆရာကြီးသည် သူ့အခန်းဆီသို့ လျှောက်သွားလေ၏။

တိုင်မင်လီမှာ ငေးမောပြီး ကျန်ရစ်ခဲ့လေ၏။ သူ့အနေဖြင့် အနောက်မြောက်ဒေသ ရှေးလွင်ပြင်၌ သိုင်းပညာသင်ပြီး ပြန်လာကတည်းက တစ်ခုပြီးတစ်ခု ပြောင်းလဲနေသည့် သူ့ဘဝကိုလည်း အံ့ဩမိနေရသည်။



သူ့စိတ်ကူးက သူလက်ထပ်ယူခဲ့သော မေစင်ကွမ်နှင့် ပျော်ရွှင် ချမ်းမြေ့သော အိမ်ထောင်စုကလေး ထူထောင်ရန်ပင် ဖြစ်သည်။

သူတတ်မြောက်ခဲ့သည့် သိုင်းပညာများကို ပြည်နယ်ကြီး အတွက် တပ်သားသစ်များ ခန့်ထားရာ၌ အသုံးပြုမည်ဟု ယူဆခဲ့သည်။ သူ့သဘောမှာ ပြည်နယ်အတွက် တပ်သားသစ်များ ခန့်ထားရာ၌ အသုံးပြုမည်ဟု ယူဆခဲ့သည်။ သူ့သဘောမှာ ပြည်နယ်အတွက် တပ်သားသစ်များကို သိုင်းပညာ သင်ပေးရန်ပင် ဖြစ်သည်။

သူ့ရည်မှန်းချက်က မကြီးကျယ်လှပေ၊ ရိုးရှင်းသောဖြစ်သည်။ ပြည်နယ်အတွက် တပ်သားသစ်များကို သိုင်းပညာသင်ပေးခြင်း သူ၏ချစ်ဇနီး မေစင်ကွမ်နှင့် ပျော်ပျော်ရွှင်ရွှင်နေမည်ဟု ရည်မှန်းခဲ့သည်။

ယခုတော့ သူရည်မှန်းသလို ဖြစ်မလာခဲ့ပေ။ သူ့ဆရာများသည် သူ့ဘဝလမ်းကြောင်းကို ကြိုတင်ချမှတ်ထားသလို ဖြစ်နေသည်။ တကယ်တော့ ချမှတ်ထားခြင်း မဟုတ်ပေ။ သူ့ဘဝကံကြမ္မာက ဤသို့ဖြစ်လာခြင်း ဖြစ်သည်။

နယ်စားကြီးအား ဝင်ရောက်ဂါရဝပြုရန် သူ့ဖခင်က စီစဉ်ခဲ့ခြင်း ဖြစ်သည်။ ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းက နယ်စားကြီးနှင့် တွေ့ဆုံရန် စီစဉ်ခဲ့ခြင်း မဟုတ်ပေ။

နယ်စားကြီးနှင့် တွေ့ဆုံပွဲ၌ ဤသို့ အခင်းဖြစ်ပွားလိမ့်မည်ဟု သူမထင်ခဲ့ပေ။ အမတ်ကြီး၏ စနက်ကြောင့် အခင်း

ဖြစ်ပွားသောအခါ သူသည် ရာဇဝတ်သားဘဝသို့ ရောက်ခဲ့ရတော့သည်။

နောက်ဆုံးဂိုဏ်းချုပ်ကြီး စုရှန်ကျန်း ညွှန်ကြားသည့်အတိုင်း ဖြစ်လာခဲ့ရ၏။ သူသည် ဆရာကြီး ဟူထိန်လေနှင့် လာရောက်တွေ့ဆုံရတော့သည်။

တိုင်မင်လီသည် သူ့ဘဝဇာတ်ကြောင်းကို ပြန်လှန် တွေးတောနေ၏။

'အင်း....ဘဝဆိုတာ ကြံစည်သလိုမဖြစ်, မကြံစည်သလို ဖြစ်တတ်တာမျိုးပါလား'

တိုင်မင်လီသည် ဆရာကြီးဟူထိန်လေ ညွှန်ပြခဲ့သည့် အခန်းဆီသို့ ဝင်ခဲ့သည်။

အခန်းထဲတွင် ကွပ်ပျစ်တစ်လုံးရှိသည်။ ကွပ်ပျစ်ကို မြင်သောအခါမှ သူ အလွန်ပင်ပန်းနေပြီဖြစ်ကြောင်း တိုင်မင်လီ သိတော့သည်။ သူသည် ကျောချအိပ်ချင်လှပေပြီ။ သူသည် ကွပ်ပျစ်ပေါ်၌ ကျောချလှဲအိပ်လိုက်၏။

သို့သော် မျက်လုံးက ကျယ်နေသည်။

သူ့အတွေးများသည် ဇီကွမ်မြို့သို့ ရောက်သွားသည်။ သူ့ဇနီး မေစင်ကွမ်၊ ချစ်ညီမလေး တိုင်မေလင်း၊ ပြီးတော့ သူ့ဖခင်အိုကြီး တိုင်ယန်စင်။ သူတို့သည် မည်သည့်ဘေးဒုက္ခများ တွေ့နေပြီမသိချေ။ တွေးမိတော့ သူ့ရင်ပူလှသည်။ ဤအဖြစ်မျိုးသို့ ရောက်ရန် မည်သူတွန်းပို့ခဲ့သနည်း။



တိုင်မင်လီသည် အမတ်ကြီးကျိုက်လောက်အပေါ် ပို၍ မုန်းတီးစက်ဆုပ်မိတော့သည်။

# [ ၂၄ ]

## ထမ်းဆောင်ရမည့်တာဝန်

တိုင်မင်လီမှာ တော်တော်နှင့် အိပ်မပျော်ခဲ့ချေ။ တောင်တွေး မြောက်တွေးနှင့် မျက်လုံးများ ကြောင်နေခဲ့သည်။ သို့သော် တစ်နေ့လုံး အနားမရခဲ့သော ပင်ပန်းဆင်းရဲမှုက သူ့အား ထိုသို့ ကြာရှည်ဖြစ်နေစေရန် ခွင့်မပြုခဲ့ချေ။

တိုင်မင်လီမှာ တွေးရင်းနှင့် အိပ်ပျော်သွားလေသည်။ သူသည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်ခဲ့သည်။ မည်မျှကြာအောင် အိပ်ပျော်ခဲ့သည် မသိ။

ထိတ်လန့်စဖွယ် စူးစူးရှရှအော်လိုက်သံကြောင့် ဖျတ်ခနဲ လန့်နိုးလာသည်။

သူသည် သက်ရှိလူတို့၏ သဘာဝအတိုင်း မည်မျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ဖြစ်စေ၊ ဤကဲ့သို့ပင် နိုးတတ်သည်၊ သူသည် ဖျတ်ခနဲ ထထိုင်လိုက်သည်။

သူ့အခန်းထဲတွင် ဆီမီးရောင်က လင်းနေ၏။ ဤအတိုင်းဆိုလျှင် မိုးစင်စင်မလင်းသေးသည်မှာ သေချာသည်။ သည် ပတ်ဝန်းကျင်သည် စိတ်ပါဝင်စားဖွယ်ကောင်းသောလျှို့ဝှက်ချက်များနှင့် ပြည့်နေသည်။

တိုင်မင်လီသည် စူးစမ်းလိုသည့်စိတ် ပေါ်လာသည်နှင့် အခန်းတံခါးသို့ ထလာခဲ့သည်။ တိုင်မင်လီသည် ထိုစိတ်ခဓာတ် အမြဲရှိခဲ့သည်။

ရှေးလွင်ပြင်၌ သူ၏ဆရာကြီး ဆူယွမ်တင်မိုကပင် သူ၏ စူးစမ်းလိုမှုကို ချီးကျူးခဲ့သည်။ သို့သော် သတိထားရန်တော့ ပြောခဲ့ဖူးသည်။

စူးရှသော အော်သံမှာ ပျောက်သွားသည်။ စူးရှသော အော်သံပျောက်သွားသော်လည်း တိုင်မင်လီ၏ စူးစမ်းလိုစိတ်သည် လျော့ပါးမသွားချေ။

ထို့ကြောင့် အသံထွက်ရာကို သူ မှန်းကြည့်သည်။ ထို့နောက် အသံထွက်ရာသို့ ခြေဖော့နင်းပြီး လျှောက်လာခဲ့သည်။

သူသည် အခန်းတံခါးဝ၌ ရပ်လိုက်သည်။ သူ၏ သွေးများ အေးစက်သကဲ့သို့ ဖြစ်သွားသည်။ အဘယ်ကြောင့် ဆိုသော်သည်အခန်းသည် ဆရာကြီးဟူထိန်လေ၏အခန်းဖြစ်သည်ကို သူ သတိရလိုက်သောကြောင့်တည်း။



သို့ကြောင့် သူသည် ခြေထောက်ကို ပြန်လှည့်လိုက်၏။ ထိုစဉ် အခန်းထဲမှ ဆရာကြီး ဟူထိန်လေ၏အသံကိုကြားလိုက်ရလေ၏။

'အထဲကို ဝင်ခဲ့လေ'

တိုင်မင်လီ လန့်သွားသည်။ ဆရာကြီး၏အသံမှာ အေးဆေးတည်ငြိမ်လှသည်။ သူသည်ဆရာကြီးစိတ်ဆိုးမည်ကိုအလွန်စိုးရိမ်သွား၏။

သို့သော်ဆရာကြီး၏လေသံ၌ စိတ်ဆိုးသည့်အရိပ်အယောင်မပါချေ။ ထို့ကြောင့် တိုင်မင်လီသည် ခြေလှမ်းကို ပြန်လှည့်လိုက်၏။ သူသည် ဆရာကြီးအခန်းထဲသို့ ဝင်လိုက်ရသည်။

ဆရာကြီး ဟူထိန်လေ၏အခန်းသည်ကား ဆေးဝါးများ ဖော်စပ် စမ်းသပ်ရာ စခန်းပေတည်း။ အခန်းမှာ ရှုပ်ပွနေသည်။

ဆရာကြီးဟူထိန်လေ မတတ်သည့် အတတ်ပညာများသည် ရှိပါ၏သေး၏လောဟု တိုင်မင်လီ စဉ်းစားနေ၏။

ဆရာကြီး ဟူထိန်လေ၏ ရှေ့၌ ဇောစောကအော်ဟစ်ခဲ့သည့်ခွေးမှာ အသေကောင်ကဲ့သို့ လဲကျနေ၏။

ဆရာကြီးသည်ခွေးကို စမ်းသပ်နေခြင်းဖြစ်သည်။ ပတ်ဝန်းကျင်၌ ဆေးဘူးများ၊ ဆေးမြစ်များ၊ ဆေးပင်များ၊ သစ်ခေါက်များ မွစာကျဲနေ၏။

ဆရာ း ဟူထိန်လေသည် တစ်စုံတစ်ရာကို လုပ်ကိုင်ရင်း တိုင်မင်လီကို လှမ်း၍ စကားပြောလေ၏။

'တိုင်မင်လီ ...မင်း ကောင်းကောင်း အိပ်မပျော်ဘူးဆိုတာ ငါသိတယ်၊ဒီနေရာမှာတော့ ဒီအတိုင်းပဲ၊အခု တိုင်းပြည်ကြီး ကလဲ ပေါက်ကွဲမလိုလို ဖြစ်နေတယ် မဟုတ်လား၊ဒီလို အခြေ အနေမျိုးမှာ ဒီလိုပဲ နေရမှာပဲ၊မင်းလဲ သဘောပေါက်လိမ့် မယ်လို့ ထင်တယ်'

'ခင်ဗျာ'

တိုင်မင်လီသည် အံ့အားသင့်သွား၏။ ဆရာကြီးဟူထိန်လေ က....

'ဟုတ်တယ်၊ ငါ့အမြင်မှာတော့ မင်းဟာ အနာဂတ်ကို ဦးဆောင်မယ့် လူငယ်ပဲ၊မင်းကို ဆူယွမ်တင်မိုက ပညာကုန် သင်ပေးလိုက်တာဟာ အလကား သင်ပေးလိုက်တာ မဟုတ် ဘူး၊ စစ်ပွဲတစ်ပွဲကို အသုံးပြုရမယ့် သူ့ရဲ့ကောင်းဟာ အစ အရာရာ သတိရှိနေရမယ်၊ အဲဒီစစ်ပွဲဟာ ရှီအန်ပြည်နယ် စေ့လန်ပြည်နယ်တို့ရဲ့ အနာဂတ်အရေးပဲ၊ ဒီလိုအနာဂတ် အရေးကို တည်ဆောက်မယ့်နေရာမှာ ဒီပြည်နယ်နှစ်ခုစလုံး သွေးချောင်းစီးတော့မယ်'

ဆရာကြီး ဟူထိန်လေသည် အနာဂတ်အရေးကို ကြိုတင် မြင်သည်။

'ပြည်နယ်နှစ်ခုရဲ့ နယ်စားကြီးတွေဟာ ပြည်နယ်သားတွေ ရဲ့ အရေးကို လျစ်လျူရှုထားတယ်၊ ဖြစ်ချင်ရာဖြစ် ဆိုပြီး ပစ် ထားတယ်၊အဲဒီပြည်နယ်ရဲ့အမတ်ချုပ်ကြီးဟာ သူ့တပ်သား တွေကို အသုံးပြုပြီး ပြည်နယ်သားတွေဆီက လုယက်နေပြ



တယ်၊ပြည်နယ်သားတွေဟာတကြောင့်ကြကြ,တထိတ်လန့်လန့် နဲ့ စိုးရိမ်ထိတ်လန့်နေကြရတယ်'

ဆရာကြီး ဟူထိန်လေက ဆက်ပြော၏။

'အခုဟာက ပြည်နယ်သားတွေက မင်းမဲ့ အခြေအနေကို ဖန်တီးတာ မဟုတ်ဘူး၊သူတို့ကိုယ်တိုင်က မင်းမဲ့အခြေအနေကို ဖန်တီးနေတာ၊ သူတို့ဆိုတာ အုပ်ချုပ်သူတွေကို ဆိုလိုတာပဲ၊ ဒီပြည်နယ်ထဲမှာ ဆင်ခြင်တုံတရားရှိတဲ့လူ, အမြော်အမြင် ရှိတဲ့ လူ, သူတော်စင် ပုဂ္ဂိုလ်ကြီးတွေ အများကြီး ရှိပါတယ်။

'ဒီပုဂ္ဂိုလ်ကြီးတွေသာ ခုနက အုပ်ချုပ်သူတွေ နေရာမှာ အစားထိုးဝင်ရောက်နိုင်ရင်တော့ ပြည်နယ်တွေဟာ အင်မတန် တိုးတက်စည်ပင်လာမှာပဲ၊ အဲဒီလိုလူကြီးတွေကို အစားထိုး ရမယ်၊ အောက်မှာ တပ်မှူး ဗိုလ်မှူးနေရာတွေမှာ မင်းတို့ လို အရည်အချင်းရှိတဲ့ လူငယ်တွေကို အစားထိုးရမယ်'

ဆရာကြီး ဟူထိန်လေသည် ရှင်းပြနေသည်၊

တိုင်မင်လီက....

'ဟုတ်ကဲ့ ဆရာကြီး၊ ဆက်ပြီးအမိန့်ရှိပါ ခင်ဗျာ'

'အခြေအနေတွေက အတော်ဆိုးနေတာပဲကွယ်၊ မင်း ဒီကနေ မကြာခင်မှာထွက်ရမယ်၊ မဆုံးနိုင်တဲ့ ခရီးရှည်ကြီး ကို လျှောက်ရတော့မယ်၊ စေ့လန်ပြည်နယ်မှာလဲမငြိမ်မသက် ဖြစ်နေတယ်'

'ဆရာကြီး ကျွန်တော် စေ့လန်ပြည်နယ်ကို သွားရမှာ လား'

'အေး....သွားရမယ်၊ ရှိအန်ပြည်နယ် နယ်စားလဲ အကျင့်ပျက်တာပဲကွယ့်၊ စိကွမ်မြို့ လက်နက်ရုံထဲ ပါသွားတဲ့အကွက် သူ့အင်အား အများကြီး ယုတ်လျော့သွားပြီ၊ နယ်စားကြီး အကျင့်မကောင်းတော့ သူ့လက်အောက်က မြို့စား ရွာစား တွေလဲ အကျင့်ပျက်တော့တာပေါ့ကွယ်။

'အခု ရှိအန်ပြည်နယ်နဲ့ နယ်ချင်းကပ်နေတဲ့ ပြည်နယ်က မြို့စား နယ်စားတွေဟာလဲ ရှိအန်ပြည်နယ်ထဲဝင်ပြီး ခိုးဆိုးတိုက်ခိုက်နေကြတယ်၊ လုယက်နေကြတယ်၊ အဲဒီအချိန်မှာ လူကောင်း သူကောင်းတွေကတော့ မြေစာပင်တွေ ဖြစ်နေကြရတယ်။

'မင်းအနေနဲ့ ဒီနယ်မြေကို ရောက်အောင် သွားရမယ်၊ ဆိုးရွားနေတဲ့ အခြေအနေတွေကို တတ်နိုင်သမျှ ထိန်းသိမ်းရမယ်၊ ဆိုလိုတာကတော့ အဲဒီနယ်မှာ ခိုးဆိုးလုယက်နေတဲ့ လူဆိုးသူခိုး ဓားပြတွေကို ငြိမ်ဝပ်အောင် လုပ်ရမယ်'

'ကျွန်တော်နဲ့ ဘယ်သူတွေက ပူးပေါင်းဆောင်ရွက်ကြမှာလဲ မသိဘူး'

'လူကောင်းတွေက မင်းနဲ့ပူးပေါင်းဆောင်ရွက်ကြမှာပေါ့ မင်း ဘာမှစိုးရိမ်စရာမရှိဘူး၊ မင်းဟာ အမှန်တရားကိုလိုလားတဲ့ လူတစ်ယောက်၊ ပြည်နယ်ရဲ့ အကျိုးကို လိုလားတဲ့ လူတစ်ယောက်ပဲ၊ မင်းဟာ ပြည်နယ်သားတွေရဲ့ ခေါင်းဆောင်ပဲလေ'

'ကျွန်တော် ဆောင်ရွက်နိုင်ပါတယ် ဆရာကြီး'



'ဆောင်ရွက်နိုင်ရမှာပေါ့၊ မင်းဆရာ ဆူယွမ်တင်မိုက ဘယ်လိုမှာလိုက်သလဲ၊ ငါနဲ့ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းရဲ့ လမ်းညွှန်မှုကို လိုက်နာရမယ်လို့ မှာလိုက်တယ်မဟုတ်လား၊ အဲဒီလို ဘာကြောင့်မှာလိုက်သလဲ သိရဲ့လား၊ မင်းဆရာ ဆူယွမ်တင်မိုက အနာဂတ်ကို မျှော်ကိုးပြီး အဲဒီလို မှာလိုက်တာပေါ့ကွယ်။

'အခု ရှိအန်ပြည်နယ်နဲ့ စေ့လန်ပြည်နယ်မှာ ခေါင်းဆောင် တစ်ယောက်လိုနေတယ်ကွယ့်၊ အဲဒီ ခေါင်းဆောင်ဟာ ပြည်နယ်နှစ်ခု အေးချမ်းအောင် လုပ်နိုင်တဲ့ ခေါင်းဆောင် ဖြစ်ဖို့လိုတယ်ကွယ်'

တိုင်မင်လီသည် ငြိမ်သက်စွာ နားထောင်နေသည်။

[ ၂၅ ]

ဆရာကြီး ဟူထိန်လေက....

'ငါကတော့ မင်းဟာ အဲဒီခေါင်းဆောင်ဖြစ်မယ်လို့ယုံပါတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းမှာ ခေါင်းဆောင် တစ်ယောက် ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေ ရှိနေလို့ပဲ၊ မင်းဆရာက စစ်သေနင်္ဂဗျူဟာတွေ သင်ပေးချိန်ကစပြီး မင်းဟာ အစွမ်းအစကို ပြသခဲ့တယ်။

'ဒါတင်မကသေးဘူး အနောက်မြောက်ပိုင်း ရှေလွင်ပြင်ဒေသကို လူရိုင်းတွေ ထိုးဖောက်တိုက်ခိုက်လာတော့ မင်းကပဲ ဦးဆောင်တိုက်ခိုက်ခဲ့တယ် မဟုတ်လား'

မှန်ပါသည်။

ရွှေလွင်ပြင် ဒေသကို လူရိုင်းများက အင်နှင့် အားနှင့် တိုက်ခိုက်လာသောအခါ သူက ဦးဆောင်၍ တွန်းလှန်ခဲ့လေသည်။

'အဲဒီလို တွန်းလှန်တဲ့အတွက် ရွှေလွင်ပြင်ဒေသမှာ မင်းနေမယ်ဆိုရင် စစ်သေနာပတိရာထူး ပေးမယ်လို့ သူတို့ကပြောခဲ့တယ်၊ မင်းက ဒါကို လက်မခံခဲ့ဘူး၊ ကိုယ့်ပြည်နယ်ကို ပြန်လာခဲ့တယ်၊ ဒီပြည်နယ်မှာ သာမန်လူတစ်ယောက်အနေနဲ့ နေသွားမယ်လို့ဆုံးဖြတ်ခဲ့တယ်။

'အဲဒီစွန့်လွှတ်နိုင်မှု မင်းရဲ့စိတ်ဓာတ်ကို ကြည့်ပြီး မင်းဟာ ရှိအန်ပြည်နယ်ဟာ မင်းကို မွေးဖွားပေးခဲ့တဲ့ ဒေသ ဖြစ်ပါတယ်၊ သူ့အကျိုးကို မင်း ဆောင်ရွက်ပေးသင့်ပါတယ်၊ မင်းဟာ ဒီပြည်နယ်ရဲ့ ခေါင်းဆောင်တစ်ယောက်အဖြစ် တက်တက်ကြွကြွ ဆောင်ရွက်ပေးရင် မင်းတာဝန် ကျေပွန်ပါပြီ'

'ဆရာကြီး ကျွန်တော် ဦးထိပ်ပန်ဆင်ပါတယ် ခင်ဗျား ဆရာကြီးပြောတဲ့အတိုင်း ကျွန်တော်ဆောင်ရွက်ပါမယ်'

ဆရာကြီး ဟူထိန်လေက....

'အေး....မင်း ဒီလိုဆောင်ရွက်တဲ့အခါမှာ မင်းဟာ အရာရာကို စွန့်လွှတ်ရလိမ့်မယ်'

'စွန့်ပါမယ် ဆရာကြီး'

'အရာရာကို စွန့်လွှတ်ရမှာနော်'

'ကတိပေးပါတယ် ဆရာကြီး'

ထိုအခါ ဆရာကြီး ဟူထိန်လေက သာခုခေါ်၏။



'အင်း... မင်းက ကောင်းပါစေ၊ အင်း....မင်း အခု စိတ်ကူးမှ ထွက်လာခဲ့ရတော့ မင်းရဲ့အိမ်သားစုတွေ ဘယ်လို အခြေအနေမျိုးနဲ့ ရင်ဆိုင်ရမယ်လို့ မင်းတွေးမိသလား'

တိုင်မင်လီ တုန်လှုပ်သွား၏။

ဆရာကြီးစကားမှာမည်သို့သောစကားမျိုး ဖြစ်ပါသနည်း။ မိမိ မိသားစုကံကြမ္မာကြီးကို သံမြင်သယောင် ရှိနေသည်။

'ကျွန်တော် တွေးတော့ တွေးမိပါတယ်၊ ဒါပေမယ့် ဘာဖြစ်သလဲဆိုတာတော့ ကျွန်တော်မသိပါဘူး'

'အေး... ငါပြောပြရမှာပေါ့၊ အမတ်ကြီးကျိုကဲလောက်ဟာ မင်းဖခင်ကြီးကို အကျဉ်းချထားတယ်'

'ဟင်'

တိုင်မင်လီ မျက်လုံးပြူးသွား၏။ သူ၏ဒေါသသည် ငယ်ထိပ်သို့ ဆောင့်တက်သွားသည်။

'နားထောင်ဦး ငါ့စကား မပြတ်သေးဘူး၊ မင်းညီမ တိုင်မေလင်းကိုလဲ ကျိုကဲလောက်က နတ္ထိကိုဏ်းချုပ်ကြီးရဲ့ယီတောက်ဂါဏ်းထဲအပ်လိုက်တယ်၊ ပြီးတော့ မင်းဇနီးလဲ....'

တိုင်မင်လီမှာ စကားကိုဆုံးအောင် နားမထောင်နိုင်တော့ပေ။

'ဆရာကြီးခင်ဗျာ၊ ကျွန်တော့်ကို စိတ်ကူးမှုကို ပြန်ခွင့်ပြုပါ၊ ကျိုကဲလောက်ကို သုတ်သင်ပါရစေ၊ သူ့ကိုသုတ်သင်ပြီးမှ တခြားလုပ်စရာတွေကို လုပ်ပါရစေ'

တိုင်မင်လီသည် မခံမရပ်နိုင်စွာ အော်ဟစ်လိုက်၏။

ဆရာကြီးဟူထိန်လေက

'တိုင်မင်လီ၊ မင်းဒီလိုလုပ်လို့ မဖြစ်ဘူးကွယ့်'

'ဘာကြောင့်လဲ ဆရာကြီး'

တိုင်မင်လီက နာကျင်စွာ ပြန်မေးလေ၏။

ဆရာကြီးဟူထိန်လေက....

'ငါ့ရေ့မှာ မင်းဘယ်လိုကတိပေးခဲ့သလဲ'

တိုင်မင်လီမှာ စကားလုံးနင်နေတော့သည်။

'ကိုယ့်ဆုံးဖြတ်ချက်ကို ဒီလောက် လျစ်လျူမြန်မြန်မေ့ပစ်နိုင်တဲ့ လူတစ်ယောက်ရဲ့ဘဝဟာ ဘာအသုံးကျတော့မလဲ၊ ဒီလိုလူမျိုးဟာ ဘာမည်မည်ရရလုပ်နိုင်မလဲ'

တိုင်မင်လီမှာ မျက်နှာပျက်သွားလေ၏။

'ဆရာကြီးခင်ဗျာ၊ ကျွန်တော်ဟာ ကျွန်တော့်မိသားစုဝင်ဖြစ်တဲ့ ကျွန်တော့်ဖခင်၊ ကျွန်တော့်ညီမနဲ့ ကျွန်တော့်ဇနီးအတွက် ကျွန်တော် ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား'

'မင်း ပြည်သူတွေအတွက်ကော ဒီအတိုင်း ကြည့်နေမှာလား'

ဆရာကြီးဟူထိန်လေက မေးလိုက်၏။

တိုင်မင်လီ ဘာမျှမဖြေနိုင်ပေ။

ဆရာကြီးဟူထိန်လေက ဆက်ပြော၏။

'ပြည်သူလူထုကြီးဟာ မင်းမိသားစုကြီးထက် ပိုကြီးကျယ်ပါတယ်၊ ပိုပြီးကျယ်ပြန့်ပါတယ်၊ မင်းကကော ဘယ်လို ထင်သလဲ'



'ပြည်သူလူထုကြီးဟာ ကျွန်တော့်မိသားစုထက် ပိုပြီးကြီးကျယ်ပါတယ်'

'အဲဒီလိုဆိုရင် မင်းမိသားစုရဲ့ ဒုက္ခရောက်ပြီဆိုတာနဲ့ ငယ်ထိပ်ကို မြွေကိုက်သလို ဘာဖြစ်လို့ဖြစ်သွားရတာလဲ၊ နယ်စားကြီးနဲ့ အမတ်ကြီးခြေတော်တင်လိုက်တဲ့ မိန်းမပျို နုနု ငယ်ငယ်ကလေးတွေဟာ ဆယ်ယောက်မဟုတ်ဘူး၊ အယောက်တစ်ရာမဟုတ်ဘူး၊ အများကြီးရှိခဲ့တယ်၊ သူတို့ဘဝဟာ ခြေမွလိုက်တဲ့ ပန်းကလေးတွေလို နွမ်းကြေခဲ့ရတယ်'

တိုင်မင်လီမှာ ရင်ထဲမှပူလောင်စွာဖြင့် နားထောင်နေရသည်။

ဆရာကြီးဟူထိန်လေက....

'ဒီဆိုး ဘူးတဲ့ခံစားချက်တွေကို ဘယ်ပြည်သူတွေက ထုတ်ဖော်ရဲသလဲ၊ မင်းမိသားစု ခံစားရတဲ့ဒုက္ခတွေကို ပြည်သူပြည်သားတွေ ခံစားနေခဲ့ရတာ ကြာလှပါပြီ။

'တိုင်မေလင်းနဲ့ မေစင်ကွမ်ရဲ့အရေးမှာ မင်းဟာ ရှေ့အန်ပြည်နယ် တစ်ပြည်လုံးအရေးနဲ့ နှိုင်းယှဉ်ကြည့်ပါ၊ ကြည့်သင့်ပါတယ်၊ အဲဒီလိုဆိုရင် မင်းဘာလုပ်သင့်တယ်ဆိုတာ သိလာမှာပဲ'

'ဒါဖြင့်ရင် ကျွန်တော်ဘာလုပ်ရမလဲ ဆရာကြီး'

ဆရာကြီးဟူထိန်လေက....

'ဟိုရောက်တဲ့အခါကျတော့ မင်းသိလိမ့်မယ်၊ တစ်ခုတည်းတစ်ပေါင်းတည်း ဖြစ်နေတဲ့လူတွေကို မင်းတွေ့ရလိမ့်မယ်၊ အဲဒီလူတွေဟာ မင်းခေါင်းဆောင်ရာနောက် လိုက်ကြမယ့်

လူတွေပဲ၊ အဲဒီလူတွေရဲ့ အဖေတွေ၊ အစ်မတွေ၊ ညီမတွေဟာ နယ်စားကြီးနဲ့အမတ်ကြီး ဖျက်ဆီးလိုက်တဲ့ မိန်းကလေးရဲ့ အဖေအမေတွေ ညီအစ်ကိုမောင်နှမတွေပဲ၊ ပြီးတော့ ညက မင်းကိုလာကြိုတဲ့ တိန့်ဖင်းဟာ မင်းရဲ့အရိပ်ဖြစ်နေလိမ့်မယ်၊ မင်းနဲ့ မခွဲမခွာ ရှိနေလိမ့်မယ်၊ တိန့်ဖင်းက မင်းလုံးလုံး ကြီး စိတ်ချယုံကြည်နိုင်ပါတယ်၊ တိန့်ဖင်းကပဲ မင်းသွား ရမယ့်ခရီးကို လမ်းညွှန်ပေးပါလိမ့်မယ်'

'ဒီလိုဆိုရင် အခုပဲသွားပါရစေတော့'

တိုင်မင်လီက အသက်ရှူမဝသဖြင့် ပြောလေ၏။

'ကောင်းပြီ တိုင်မင်လီ'

တိုင်မင်လီသည် နောက်သို့လှည့်ထွက်ရန် ပြင်လိုက်ရာ ဆရာကြီးဟူထိန်လေက တားလိုက်သည်။

'ခဏနေဦး တိုင်မင်လီ၊ ဒီစီကွမ်မြို့အနီးမှာ ငါ့ဆရာင်းရင်းကြီးဖြစ်တဲ့ ဇွန်းလွန်ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းရှိနေသရွေ့ မင်းဖခင် မင်းနှမနဲ့မင်းဇနီးကို ဘယ်သူမှ လက်ဖျားနဲ့ မတို့ဝံ့ပါဘူး၊ အဲဒါကို စွဲစွဲမြဲမြဲယုံပါ'

တိုင်မင်လီမှာ အံ့ဩသွားသည်။

'ဒီလိုဆိုရင် ကျွန်တော့်ညီမ...'

ဆရာကြီး ဟူထိန်လေက ပြုံးလိုက်သည်။

'မင်းညီမဟာ နတ္တဝိဂိုဏ်းချုပ်ကြီး ရဲ့ယီတောက်ဆီ ရောက်သွားတာတော့ မှန်တယ်၊ ဒါပေမယ့် သူ မှဲ့တစ်ပေါက် မစွန်းခင် ဂိုဏ်းချုပ်ကြီး စူရှန်ကျန်းက သူ့ကို ပြန်ကယ်



ခဲ့တယ်၊ အခုတော့ လုံခြုံစိတ်ချရတဲ့နေရာကို ရောက်သွားပါပြီ'

ဆရာကြီးဟူထိန်လေက ခပ်လေးလေး ပြောသည်။

'မင်းဖခင်ကြီး တိုင်ယင်စင်ကတော့ အကျဉ်းထောင်ထဲမှာ ရှိနေသေးတယ်၊ ဒါပေမယ့် အသက် စိုးရိမ်စရာ မရှိပါဘူး'

ဆရာကြီး ဟူထိန်လေ၏အသံမှာ တည်ငြိမ်လျက်ပင်ရှိလေသည်။

တိုင်မင်လီမှာ ကြားရသော သတင်းစကားအတွက် လွန်စွာဝမ်းသာသွားသည်။ ဆရာကြီး ဟူထိန်လေသည် သတင်းစကားအားလုံးကို သိရှိနေချေတကားဟု လွန်စွာလည်း အထင်ကြီး လေးစားမိလေသည်။

သူသည် ဒူးထောက်ထိုင်ချပြီး ရှိခိုးဂါရဝပြုလေသည်။ ဟူထိန်လေက ဆက်၍ပြောသည်။

'ဒါပေမယ့် မင်းအနေနဲ့ မင်းရဲ့ဇနီး မေစင်ကွမ်ကိုတော့ ဘယ်နေရာမှ ထပ်တွေ့ရဖို့တော့မှာ မဟုတ်ဘူး'

တိုင်မင်လီမှာ အံ့အားကြီးသင့်သွားသည်။ သူသည် ရုတ်တရက် စကားမပြောနိုင်ပေ။ အတန်ကြာမှ...

'ဘာ...ဘာဖြစ်လို့လဲခင်ဗျာ'

'ဘာဖြစ်လို့လဲဆိုတော့ မေစင်ကွမ်ဟာ အသက်စွန့်သွားခဲ့လို့ပဲ'

'ဗျာ...ဆ...ဆရာ...ဆရာကြီး'

တိုင်မင်လီမှာ မူးမိုက်သကဲ့သို့ ဖြစ်သွားသည်။ သူသည် သူ့မိသားစုဘေးလွတ်ကင်းရာသို့ရောက်သွားပြီဟု ရောဝယောင်

သွေးသောက် ယုံကြည်မိလိုက်သည်။ တကယ်တော့ ဆရာကြီးဟူထိန်လေပြောသည့်အထဲတွင် မေစင်ကွမ် မပါသေးပေ။

မေစင်ကွမ်သတင်းကို နောက်ဆုံးမှပြောရန် ဆရာကြီးသည် ချန်လှပ်ထားခဲ့ပေသည်။

ဆရာကြီးသည် တိုင်မင်လီ၏ ပခုံးကို အသာပုတ်ရင်း...

'စိတ်ထိန်းပါကွာ၊ မေစင်ကွမ်မှာ တခြားနည်းလမ်းမရှိတော့လို့ သူ ဒီနည်းကို သုံးသွားရတာပါ'

'ဘယ်လိုများဖြစ်သွားတာလဲဗျာ'

'ဖြစ်တာကတော့ ကျိုက်လောက်ဟာ တရားခံပဲ၊ ကျိုက်လောက်ဟာ မေစင်ကွမ်ကိုမြင်တော့ ဖျက်ဆီးချင်တဲ့စိတ်ပေါ်လာတယ်၊ တကယ်တော့ ဒါဟာ သိပ်မထူးဆန်းပါဘူး၊ ဒီအလုပ်မျိုးတွေကို ကျိုက်လောက် လုပ်နေကျပဲ၊ ဒါကို မေစင်ကွမ်ကလဲ သိတယ်၊ မင်းညီမ တိုင်မေလင်းကိုဖမ်းပြီး တစ်ခန်းမှာ ချုပ်ထားသလို မင်းဇနီး မေစင်ကွမ်ကိုတော့ အမတ်ကြီးရဲ့ အိပ်ခန်းထဲမှာ ထည့်ချုပ်ထားလိုက်တယ်

တိုင်မင်လီသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိလေသည်။

အဲဒီအချိန် ကျိုက်လောက်ဟာ တိုင်မေလင်းကို မေ့ဆေးပေးပြီး နတ္ထိဂိုဏ်းချုပ်ကြီး ရဲယိုတောက်ဆီ ခေါ်သွားတယ်၊ သွားရောက်အပ်နှံတယ်ပေါ့၊ မေစင်ကွမ်ကလဲ အမတ်ကြီးပြန်လာရင် ဘယ်အဖြစ်ကိုရောက်မယ်ဆိုတာသိတယ်။

'အဲဒီတော့ သူဟာ တခြားလွတ်လမ်းကို စဉ်းစားတယ်၊ စဉ်းစားလို့မရတော့ အိပ်ခန်းထဲမှာ ထွန်းညှိထားတဲ့မီးနဲ့



သူ့ကိုယ်ကိုသူ မီးရှို့ အဆုံးစီရင်လိုက်တာပဲ၊ အမတ်ချုပ်ကြီးရဲ့ စံတော်အိမ်ကြီးလဲ တစ်အိမ်လုံးပြာကျသွားတာပဲ။

'မေစင်ကွမ်ရုပ်ခန္ဓာသေဆုံးသွားပေမယ့် ကျင့်ဝတ် ဂုဏ်သိက္ခာကတော့ မပျက်ယွင်းခဲ့ဘူး၊ ဇနီးကောင်းတစ်ယောက်အဖြစ် ဂုဏ်တင် ကျန်ရစ်ခဲ့တယ်'

ဆရာကြီးဟူထိန်လေသည် တိုင်မင်လီအား နှစ်သိမ့်လိုက်သည်။ သို့သော် တိုင်မင်လီကတော့ ဆွေးမပြေပေ။ ဆရာကြီးဟူထိန်လေသည် သက်ပြင်းလည်းချသည်။

တိုင်မင်လီမှာ တစ်ကိုယ်လုံး တောင့်တင်းနေသည်။ သူသည် ဆရာကြီးဟူထိန်လေ၏ ခြေထောက်များကို မမှိတ်မသုန်ကြည့်နေသည်။ ထို့နောက် ဆရာကြီးဟူထိန်လေ၏ ခြေအစုံကို ဦးခိုက်ကာ အလွန်ရှင်းလင်းပြတ်သားစွာ ပြောလိုက်လေသည်။

'ဆရာကြီးရဲ့ခြေအစုံကို သက်သေ အရာမှာ ထားပြီး ကျွန်တော် ကွယ်လွန်သွားတဲ့ ချစ်ဇနီး မေစင်ကွမ်အတွက် သစ္စာဆိုပါတယ်၊ ပြီးတော့ ရှီအန်ပြည်နယ်အတွက် သစ္စာဆိုပါတယ်၊ ကျွန်တော်ရဲ့ ဆရာသမား မိဘများအတွက် သစ္စာဆိုပါတယ်။

'အမတ်ကြီး ကျိုက်လောက်နဲ့ နယ်စားကြီး ချူးချင်ယိုကို သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်သရွေ့ ကျွန်တော်ဟာ ဘယ်တော့မှ ရပ်နားမနေပါဘူး၊ ကျွန်တော်မသေသမျှ ကာလပတ်လုံး ဒီလူယုတ်မာများနဲ့ ဒီလူယုတ်မာများရဲ့ လုပ်ရပ်များကို ဆန့်ကျင်တိုက်ခိုက်သွားပါမယ်လို့ သစ္စာပြုပါတယ်'

တိုင်မင်လီ၏သစ္စာပြုသံမှာ ကြက်သီးထစရာ ကောင်းလှသည်။

'သာခုဗျာ၊ သာခု သာခု၊ မင်းရဲ့သစ္စာပြုချက်ဟာ မှန်မြတ်လှပါကယ်၊ မင်းရဲ့သစ္စာပြုချက်အတိုင်း ပေါက်မြောက်အောင်မြင်ပါစေ'

တိုင်မင်လီသည် ဆရာကြီးဟူထိန်လေအား ဦးခိုက် ရှိခိုးလိုက်သည်။

'ကဲ... တိုင်မင်လီ၊ မင်းသွားဖို့အချိန်ကျပြီ၊ မင်းသွားဖို့ခရီးလမ်းကိုတော့ မင်းတို့ရဲ့စွမ်းရည်သတ္တိနဲ့ ကျော်လွှားသွားပေတော့'

ထို့နောက် အရှက်ပျို့လာလေ၏။

တိုင်မင်လီနှင့် တိန်ဖင်းတို့သည် မြင်းကိုယ်စီဖြင့် အရှေ့ဘက်သို့ စိုင်းနှင်ထွက်ခွာခဲ့ကြတော့သည်။

၂၆

ဖရိုဖရဲအခြေအနေ

အမတ်ကြီးကျူကဲလောက်သည် တစ်မြို့လုံးကို စစ်ဆေးရှာဖွေစေချင်သည်။ နောက်ဆုံး သူဖြစ်စေချင်သည့်အတိုင်းပင် ဖြစ်လာသည်။ သူသည် ဤမြို့တွင် အာဏာအရှိဆုံးသူ မဟုတ်ပါလား။

အချုပ်ခန်းမှ ထွက်ပြေးသွားသည့် အကျဉ်းသားတရားခံမိန်းမတစ်ဦးအား ပြန်လည်ဖမ်းဆီးရရှိရေးအတွက် တစ်အိမ်တက် တစ်အိမ်ဆင်း ရှာဖွေစစ်ဆေးမည်ဖြစ်ကြောင်း သတင်းများသည် မြို့ထဲ၌ ပျံ့နှံ့သွားခဲ့လေပြီ။

ထိုသတင်းကြောင့် တစ်မြို့လုံး မကျေနပ်သံများ လွှမ်းခြုံသွားသည်။ အာဏာရှိသူ အသိုက်အဝန်းကို မကျေနပ်ခြင်းဖြစ်၍ သိသာသော ဝေဖန်တုံ့ပြန်မှုတော့ မဟုတ်ချေ။ မကျေမနပ် တီးတိုးဝေဖန်ကြခြင်းပင် ဖြစ်သည်။

တစ်မြို့လုံး အစစ်ဆေးရှာဖွေခံရသောအခါ တစ်မြို့လုံးဒုက္ခရောက်ကြရ၏။ တစ်မြို့လုံး စိတ်ညစ်ကြရသည်။

ဤသည်မှာ အမတ်ကြီးကျိုက်လေသက်၏ ရည်မှန်းချက်ပေါက်မြောက် အောင်မြင်ခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အမတ်ကြီး၏ ရည်မှန်းချက်အစစ်မှာ အကျဉ်းသားတရားခံကို ပြန်လည်ဖမ်းမိစေရန် မဟုတ်သောကြောင့်တည်း။

သူ၏ အဓိကရည်မှန်းချက်မှာ မြို့သူမြို့သား နယ်သူ နယ်သားများကို တစ်နည်းနည်းဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် နှိပ်စက်ရန် ရည်မှန်းချက်ပင် ဖြစ်လေ၏။

သူ အဘယ်ကြောင့် ဤသို့ပြုလုပ်ရသနည်း။ ဤသို့ပြုလုပ်မှသာ မြို့သူမြို့သားများသည် နယ်စားကြီးကို အော့နှလုံးနာကြမည်ဖြစ်ပေသည်။

ခုနောက်ပြီး ကျူကူးရေပါသဘောမျိုးလည်း ဖြစ်ချင်သည်။ မေစင်ကွမ်ကို မတော်တဆ ဖမ်းမိလျှင် သူ့အလိုဖြည့်နိုင်မည်မဟုတ်ပါလား။ ဤသည်မှာလည်း သူ၏ရမ္မက်တစ်ခုတည်းကြောင့် မဟုတ်ပေ။

ခြင်္သေ့ကဲ့သို့ မာန်မာနဖြိုးမောက်နေသော တိုင်မင်လီ၏မာနကို ချိုးချင်သောကြောင့်လည်း ဖြစ်ပေသည်။



ယခု ထွက်ပြေးလွတ်မြောက်သွားသော မေစင်ကွမ်ကို မမိပေ။ သို့သော် စီကွမ်တစ်မြို့လုံးရှိ မြို့သူမြို့သားများက မကျေနပ် ဖြစ်နေကြလေပြီ။

မကျေနပ်ချက် များလေလေ အမတ်ကြီးအဖို့ စိတ်ကြိုက်ဖြစ်လေလေပင်။ အမတ်ကြီးသည် ပျားစွဲသောမုတ်ဆိတ်ဖြစ်လာတော့မည်။

ဤမကျေနပ်မှုများသည် ယခင်ကပင် တစ်ခုပြီးတစ်ခု ထပ်နေရာ ယခု မကျေနပ်ကြီးဖြစ်လာသောအခါ အုံကြွမှုမဖြစ်ဟု မည်သူပြောမည်နည်း။

★

ကျောက်ရှမ်းသည် အသက် နှစ်ဆယ့်နှစ်နှစ်မျှသာရှိသေး၏။ သို့ရာတွင် နယ်စောင့်တပ်ဖွဲ့တွင် ကျောက်ရှမ်းသည် အကြပ်ကြီးဖြစ်နေလေပြီ။

သည်ရာထူးကို သူရခဲ့သည်မှာ လွန်ခဲ့သည့်နှစ်နှစ်ခန့်ကပင်ဖြစ်သည်။ သူအသက်နှစ်ဆယ်ခန့်သာရှိသေးသည်။ သူ့အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ဤရာထူးကိုရခဲ့ခြင်း ဖြစ်လေသည်။

တပ်ထဲတွင်လည်း ကျောက်ရှမ်း သတင်းမွှေးခဲ့သည်၊ ကျောက်ရှမ်းမှာ အလွန်ကြိုးစားသည့်။ တာဝန်ဝတ္တရား ဆိုလည်း သိသည်။ ထို့ကြောင့် နှစ်ဆယ့်ငါးနှစ်ပြည့်လျှင် တပ်ဗိုလ်လေးဖြစ်လာမည်ဟု လူတကာက တွက်ကြလေ၏၊ ကျောက်ရှမ်းကလည်း တပ်ဗိုလ်လေးဖြစ်ချန် ရည်မှန်းခဲ့သည်၊

သို့သော် အရှုံးဘုံမြောက် ချေးချောက်ကောက်စား ဆို သည့် စကားလို ကျောက်ရှမ်းသည် သူလုပ်ရမည့်အလုပ်၊ မလုပ် ရမည့် အလုပ်ဟု မခွဲခြားတော့ဘဲ အလုပ်ဟူသမျှကို အရမ်း လုပ်ကိုင်လေရာ အမှားတွေလေတော့၏။

မကြာမီ ခရီးသွားတစ်ဦးကို မသကာ၍ ဖမ်းဆီးသော ကိစ္စနှင့် ပတ်သက်၍ နာမည်ပျက်ရလေတော့၏။

သူသည် မသင်္ကာသူကို ဖမ်းဆီးမိ၍ နာမည်ပျက်ရခြင်း မဟုတ်ပေ။

လုပ်မှားကိုင်မှားဖြစ်၍ နာမည်ပျက်ခြင်း မဟုတ်ပေ။ မသင်္ကာသူထံတွင် ပါလာသော ကျောက်မျက်ရတနာများကို ယူငင်လိုက်သောကြောင့်သာ ဖြစ်သည်။

ခရီးသွားမှာလည်း သာမန်ခရီးသွား မဟုတ်ပေ။ အထက် ကို ပေါက်ရောက်သော ခရီးသွားဖြစ်နေသည်။

ခရီးသွားသည် သူ အလုယက်ခံလိုက်ရသော ကျောက်မျက် များအတွက် နယ်ခံ တပ်မှူးကြီးထံ တိုင်တန်းခဲ့လေ၏။

ထိုအခါ မိုးမီးလောင်တော့သည်။ တာဝန်သိသော တပ်မှူး ကြီးက စစ်မေးသောအခါ ကျောက်ရှမ်းက ခရီးသွား



မည်သည့် ကျောက်မျက်ရတနာမျှ မပါပါ။ လီဆယ်၍ တိုင် တန်းခြင်းသာ ဖြစ်ပါသည်ဟု ချေပသည်။

ဤကိစ္စမှာတိမ်မယောင်နိုင်နက်သည်။ ခရီးသွား၌ ကျောက် မျက် ရတနာ ပါမပါကို မည်သူမျှ သက်သေမခံနိုင်ချေ။

သို့ရာတွင် ထိုအချိန်က ပဒေသရာဇ် အုပ်ချုပ်ရေးခေတ်မို့ ကျောက်မျက် ရတနာများကို အကြပ်သွေးသောက်ကြီးက ယူငင်ထားပါသည်ဟု မည်သူမျှ မတိုင်ရဲချေ။

တိုင်ပြီဆိုသည်နှင့် သူ အလွန်နစ်နာနေခြင်းမှာ အမှန်ပင် ဖြစ်ခြင်းကြောင့်ပင်။

ဤသည်ကို နယ်စောင့်တပ်မှူးကြီးက သိသည်။ ထို့ကြောင့် နာမည်ပျက်ထွက်ခဲ့သူ ကျောက်ရှမ်းအား ပါကမ်မြို့စွန်ရှိ မြို့ စောင့်တပ်သို့ တာဝန်လွှဲပြောင်း ချထားခဲ့လေ၏။

ဤသည်မှာ ကျောက်ရှမ်းအတွက် ရေငတ်တုန်း ရေတွင်း ထဲ ကျခြင်းပင် ဖြစ်သည်။

ကျောက်ရှမ်းအဖို့ စီကွမ်မြို့၏ ပျော်ပွဲစားရုံ၊ တည်းခိုခန်း များသည် စိတ်ကြိုက်သုံးစွဲနိုင်မည့်နေရာ ဖြစ်နေခြင်းကြောင့် ပင်တည်း။

သူသည် အကြပ်ကြီးရာထူးတွင် သောင်တင်နေတော့မည်ကို သိသည်။

သူ့အဖို့ တပ်ဗိုလ်ကလေးရာထူးကို မမှန်းနိုင်တော့ချေ။ မည်သည့်အခါမျှလည်း တပ်ဗိုလ်ကလေး ဖြစ်လာတော့မည် မဟုတ်။

ထိုသို့ သိနေ၍လားမသိ။ ကျောက်ရှမ်းသည်အကောင်းဆုံး ပျော်ပွဲစားရုံများတွင် ငွေများကို လက်ဖျားနှင့် ငွေသီးဖြီး စိတ်ကြိုက် သုံးစွဲနေတော့သည်။

သူသုံးစွဲသည်မှာ တစ်နေ့တလေ သုံးခြင်းမဟုတ်ပေ။ ရက်ဆက် သုံးစွဲနေခြင်း ဖြစ်သည်။

ဤငွေများကိုကျောက်ရှမ်းမည်သည့်နေရာက ရရှိသနည်း။ သူ၏တပ်မှ လစာရိက္ခာသည် ဤမျှမရှိပေ။ သူ နှစ်ရက်သုံးရက် သုံးလျှင် ကုန်သွားမည်သာ ဖြစ်၏။

ထိုအတောအတွင်း ကျောက်ရှမ်းသည် မိန်းမချောကလေး တစ်ဦးကို မျက်စိကျခဲ့၏။ ထိုမိန်းကလေးသည် သူ့ ထက်ငါးနှစ် မျှ ငယ်၏။

သို့သော် အဒေါ်ဖြစ်သူ၏ ထမင်းဆိုင်တွင် အဒေါ်ဖြစ်သူက လှဲထားရအောင်အရောင်းအဝယ်ကောင်းသူ၊ အလုပ်အကိုင် တော်သူကလေးဖြစ်၍ ကျန်းမာသန်စွမ်းသည်နှင့်အမျှ ဖွံ့ဖြိုး ထွားကျိုင်းလှသည်။

ကမင်းတစ်ခါစားလျှင် ဟင်းငါးမျိုးနှင့်လောက်စားတတ် သော ကျောက်ရှမ်း ထိုမိန်းမချောလေး၏ ထမင်းဆိုင်တွင် ဝင်စားခဲ့မိသည်။

ထိုအခါ ထိုဆိုင်မှ ထမင်းဟင်းများကို ခံတွင်းတွေ့သည် ထက် တွေ့လာမိတော့၏။

မျှစ်စို့ပေါက်ကြီးကဲ့သို့ နုပျိုရွှန်းစိုလှသော နန့်ကျန်ယင်ကို ပို၍ စွဲလမ်းသွားသည်။ နေ့နေ့ညည ထိုဆိုင်တွင်ပင် ထမင်းစား သောက်နေတော့သည်။



ယခင် အထက်တန်း စားသောက်ဆိုင်ကြီးများ၌သာ သွားရောက် စားသောက်နေသည့် ကျောက်ရှမ်းတစ်ယောက် နန့်ကျန့်ယင်၏ စားသောက်ဆိုင်၌ တွေ့နေရသောအခါ သို့ လောသို့လော တွေးစရာဖြစ်လာတော့သည်။

နန့်ကျန်ယင်ကလည်း ပျူငှာဖော်ရွေလှသည် မဟုတ်ပါ လား။

[ ၂၇ ]

နန့်ကျန့်ယင်တို့ စားသောက်ဆိုင်မှာ အဲညံ့စားထဲကတော့ မဟုတ်ပေ။ သို့သော် အထက်တန်းစား စားသောက်ဆိုင်များ စာရင်းထဲသို့ ထည့်၍လည်း မရပါချေ။

အထက်တန်းစား စားသောက်ဆိုင် စာရင်းထဲ၌ ပါတော့ ပါကောင်းမည်။ သို့သော် နောက်ဆုံး အဆင့်လောက်ကသာ ပါရှိပေမည်။

ထိုဆိုင်မျိုးတွင် ဟင်းငါးမျိုးနှင့် စားသောက်နေသူ ကျောက်ရှမ်းမှာ အထင်ကြီးစရာ ကောင်းလှသူပင် ဖြစ်ခန တော့သည်။

ပြီးတော့ ကျောက်ရှမ်းမှာ ရုပ်ရည်ရူပကာအားဖြင့် ဆိုးလှသူ မဟုတ်ချေ။ အရပ်အနည်းငယ် ပုသည်ကလွဲပြီး ရုပ်ရည်အသင့်အတင့်ရှိသည်

သူ အချောင်ရရှိထားသည့် ငွေများဖြင့် အကောင်းဆုံးဝတ်စုံများကို ဝတ်ဆင်လိုက်သောအခါ သူဌေးသားလေးသို့မဟုတ် တောသူဌေးသားလေးဟု ထင်ချင်စရာ ဖြစ်သွားတော့သည်။

သူဌေးသားလေးသည် ဤဆိုင်မျိုးတွင်နေ့ရောညပါနေ့စဉ်ရက်ဆက် စားသောက်စရာမလိုချေ။ အဘယ်ကြောင့် စားသောက်နေပါသနည်း။

နန်းကျုန်ယင်၏ အဒေါ်သည် တွက်ချက်ကြည့်မိ၏။ သူဌေးသားလေးသည် သူ့ဆိုင်၌ အဘယ်ကြောင့် နေ့ရောညပါ စားသောက်နေရသနည်း။

ထိုအတွက် အဖြေရှာရန်မခက်ခဲလှပေ။ ကျောက်ရှမ်း ဟင်ငါးမျိုးမှာပြီး စားသောက်နေခြင်းမှာ ဟင်းများကိုအရသာခံစားသောက်လို၍ မဟုတ်ပေ။

သွက်သွက်လက်လက် ချက်ချက်ချာချာ လှုပ်ရှားနေသောနန်းကျုန်ယင်ကို မျက်ခြည်မပြတ်အောင် ခံစားနေခြင်းပင် ဖြစ်တော့သည်။

နန်းကျုန်ယင်၏အဒေါ်မှာ လူရိပ်လူကဲခတ်တတ်ပါသည်။ ထိုသူဌေးသားလေးနှင့် သူ့တူမ ညားသွားလျှင် သူ့တူမကောင်းစားမည်ကတော့ သေချာသည်။



သို့သော် သူ့ဆိုင်ကတော့ အခြေလှတော့မည် မဟုတ်ပါချေ။

အဘယ်ကြောင့်ဆိုသော် အလွန်အားကိုးရသော သူ့တူမသည် သူဌေးကတော် ဖြစ်သွားပြီး သူ့ဆိုင်မှ ထွက်သွားမည်ဖြစ်သောကြောင့်တည်း။

သူသည် တူမဖြစ်သူကို မည်သည့်နည်းနှင့်မျှ လက်မလွှတ်နိုင်ချေ။ တူမဖြစ်သူ ဤဆိုင်မှထွက်သွားလျှင် သူ့ဆိုင်လည်း ကျသွားမည်ဖြစ်သောကြောင့်တည်း။

ယခုအခါ သူ့ဆိုင်သည် အထက်တန်းစား ဆိုင်တစ်ခု မဟုတ်သော်လည်း ထိုအထက်တန်းစား ဆိုင်များအကြားသို့ ဝင်တိုးနေပြီဖြစ်သည်။

သူမတွေးသည်။ ဤသူဌေးသားကလေးကို ပိုင်ပိုင်နိုင်နိုင်ချုပ်ကိုင်ပြီး စားသောက်ဆိုင်ကြီးအဖြစ် တိုးတက်အောင်မလုပ်ကိုင်နိုင်ပါသလော။

သူမသည် သူ့ဆိုင်ကို ကြီးကျယ်သော စားသောက်ဆိုင်ကြီး...မက တည်းခိုခန်းနှင့် တွဲဖွင့်သော ဆိုင်ကြီးအဖြစ်သို့ ပြောင်းလဲချင်နေသည်။ နန်းကျုန်ယင်၏ အဒေါ်သည် အကြံအစည် ကြီးမားသူသာတည်း။

ဤသို့သောအခါ နန်းကျုန်ယင်၏ အဒေါ်သည် အကြံကြီးကြံတော့သည်။ ကြံရင်း ကြံရင်း သူသည် အတွေးပေါက်သွား၏။

ဤသူဌေးသားကိုမူ တူမနှင့်ညားစေရန်မဖြစ်၊ သမီးဖြစ်သူနှင့် ညားစေမှသာ ဖြစ်တော့မည်။

ဤသို့တွေးမိသော နန့်ကျန်ယင်၏အဒေါ်သည် ကျောက်ရှမ်းကို ဖောက်သည်တစ်ဦးကဲ့သို့ အရေးတယူ ပြုလုပ်လေတော့၏။

ကျောက်ရှမ်းကလည်း ပေါ့သေးသေးကောင် မဟုတ်ပေ။ အနေအထိုင်သာတတ်သည်မဟုတ်။ အပြောကလည်း တတ်သည်။ မှင်နှင့်ခေါင်းနှင့် ပြောတတ်သည်။

အဒေါ်ဖြစ်သူကျလောက်အောင် ပြောနိုင်သည်။ ထိုအခါ နန့်ကျန်ယင်၏ အဒေါ်ဖြစ်သူသည် ကျောက်ရှမ်းကို တကယ့်သူဌေးသားတစ်ယောက်ဟု ထင်သွားတော့သည်။

ထိုအခါ နန့်ကျန်ယင်၏ အဒေါ်သည် သမီးဖြစ်သူအား ပွဲထုတ်လေတော့၏။

'ဩော်...သူဌေးကလေး၊ ဒါက အဒေါ့် သမီးလေ၊ သူ့ဆိုင်မှာ ထိုင်ပေးပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ရံမှသာ လာတတ်တာ၊ သမီး...သူဌေးကလေးကို လိုလေသေးမရှိစေနဲ့နော်'

သူမ၏သမီးသည် နန့်ကျန်ယင်လောက်ဖွံ့ထွားခြင်းမရှိပေ။ သို့သော် ပြုံးပြုံးပြင်ပြင်နှင့် နေထိုင်ခွင့်ရသူ ဖြစ်သောကြောင့် ပိုမို၍ ချောသယောင် ထင်မှတ်ရသည်။

ထိုအချိန်တွင် ဆိုင်ရှင်၏သမီးသည် ရည်းစားဖြစ်သူနှင့် ကွဲသွားသောကြောင့် စိတ်လေနေချိန်ဖြစ်၏။ ရည်းစားဖြစ်သူကိုလည်း အရွဲ့တိုက်ချင်နေသဖြင့် ကျောက်ရှမ်းနှင့် ပစ်ဇာလေတော့သည်။



သို့သော် ဆိုင်ရှင်အဒေါ်ကြီးနှင့် အဒေါ်ကြီး၏သမီး မသိသေးသော အချက်ကား ကျောက်ရှမ်းနှင့် နန့်ကျန်ယင်တို့ ရည်ငံနေကြသည်ဆိုသည့်အချက်ကိုတည်း။

ဆိုင်သိမ်းပြီးလျှင် နန့်ကျန်ယင်သည် သူ့အိမ်သို့ပြန်မြဲဖြစ်ရာ ကျောက်ရှမ်းသည် နန့်ကျန်ယင်နှင့်အတူ လိုက်သွားခဲ့ပေသည်။

သူလိုက်သွားခဲ့သည်မှာ ငါးကြိမ်မျှရှိခဲ့ပေပြီ။

ထိုအကြောင်းကို သမီးဖြစ်သူက မသိဘဲ ကျောက်ရှမ်းကိုရင်းနှီးစွာဆက်ဆံသည်။ ပရောပရည် ပြုလုပ်သည်။

ကျောက်ရှမ်းကမူ အဒေါ်ကြီးကို အားနာ၍တစ်ကြောင်း နန့်ကျန်ယင်၏ အင်မဝင်မ်းကွဲဖြစ်၍ တစ်ကြောင်း အလိုက်အထိုက်ပြန်၍ ဆက်ဆံနေခြင်းဖြစ်သည်။

ထိုအဖြစ်ကို တွေ့မြင်နေရသော နန့်ကျန်ယင်မှာ ခံစားလာရသည်။

သူမသည် ဆိုင်ရှင်၏ တူမဖြစ်သော်လည်း သူမရရှိသောအကြေးငွေမှာ စားပွဲထိုးသားသာမျှသာ ဖြစ်သည်။

ကျောက်ရှမ်းနှင့် သူမ၏အစ်မ နေပုံထိုင်ပုံမှာ သူမ၏မျက်စိရှေ့မှောက်၌ အရှက်မရှိသကဲ့သို့ ပြုမူနေခြင်း ဖြစ်သည်ဟု သူမ ယူဆသည်။

သူမ၏ အမြင်တွင် သူမ၏အစ်မသည် မဆွတ်ခင်က ညှာတ်ချင်သူ ဖြစ်နေခြင်းတည်း။

မိန်းမဆိုသည်က အူတိုမျိုးဖြစ်သည်။ အိုးရှဲ့ကို စလောင်းရှဲ့နှင့် ဖုံးတတ်သည့်စိတ်က ယောကျ်ားကလေးတွေထက်ပင် ပြင်းပြသေးသည်။

ထို့ကြောင့် ကျောက်ရှမ်းဆိုင်တွင် ထိုင်နေစဉ် ထမင်းလာစားသည့် လူငယ်တစ်ယောက်နှင့် ပရောပရည်လုပ်ပြလိုက်လေ၏။

ယောကျ်ားဆိုသည်မှာလည်း အူတိုမျိုးပင်။ သူတို့မိန်းမတစ်ရာယူချင်ယူမည်။ သူ့ချစ်သူ ယောကျ်ားတစ်ယောက်နှင့် ပြုံး၍ဆက်ဆံသည်ကိုတော့ ခွင့်မပြုပေ။ အသားများ တဆတ်ဆတ် တုန်အောင် ဒေါသထွက်တတ်ပေသည်။

ယခု နန့်ကျန်ယင်က ရှဲ့ပြသောအခါ ကျောက်ရှမ်းသည် ဘာမျှ မစဉ်းစားတော့ချေ။ ထိုလူငယ်အား ရန်သူဟု သတ်မှတ်လိုက်တော့သည်။

ကျောက်ရှမ်းသည် ရည်းစားလူလု အူနုကွဲခတ်ဖြစ်သွားတော့၏။

ထို့ကြောင့် ကျောက်ရှမ်းသည် ဆိုင်ထဲတွင် အချိန်ကုန်အောင် မနေတော့ဘဲ ခပ်စောစော ထွက်ခွာသွားတော့၏။ လူငယ်ကို တစ်နေရာမှ စောင့်နေခြင်းဖြစ်သည်။ ကျောက်ရှမ်းက လူငယ်ကို ရန်စသည်။

လူရွယ်က ရန်ကိုရှောင်သည်။ ရန်ကိုရန်ချင်း မတုံ့နှင်းပေ။ သို့သော် တကယ်ရန်ဖြစ်ချင်နေသော ကျောက်ရှမ်းကို လူငယ်သည် ရှောင်၍ မရပေ။ နောက်ဆုံးလူငယ်မှာ ကျောက်ရှမ်းနှင့်ရင်ဆိုင်ရတော့သည်။



သို့သော်လူငယ်မှာ ကျောက်ရှမ်းက ဘာကြောင့်ရန်စသည်ကို မသိပေ။ လူငယ်သည် သိုင်းပညာအတင့်အသင့်တတ်သည်။ သူသည် ရန်ပွဲများနှင့် စိမ်းသူမဟုတ်ချေ။

ရန်မဖြစ်လို၍သာ ရှောင်နေခြင်း ဖြစ်သည်။ နောက်ဆုံးရှောင်မရသောအခါ ကျောက်ရှမ်းနှင့် သတ်ပုတ်ရတော့၏။

ကျောက်ရှမ်းမှာ စစ်သားဖြစ်သည်။ တော်ရုံတန်ရုံစစ်သားပင်မဟုတ်။ အကြပ်ကြီးဖြစ်သည်။ လူငယ်အားထမင်းဆိုင်သို့ မလာရဲအောင် ဆုံးမလိုက်မည်ဟု ကျောက်ရှမ်းဆုံးဖြတ်ထားသည်။

သို့သော် သူတိုက်ခိုက်သောအခါ သူဆုံးဖြတ်သလို မဖြစ်တော့ပေ။

အသေအလဲ အကြိတ်အနယ် သတ်ပုတ်ပွဲသည် လူငယ်ကိုရော ကျောက်ရှမ်းကိုပါ အကြီးအကျယ် ဒဏ်ရာများ ရစေတော့သည်။ ထို့နောက် နှစ်ယောက်စလုံး ဒဏ်ရာများဖြင့် ပြန်လာခဲ့ရသည်။

နောက်တစ်နေ့....

ကျောက်ရှမ်းသည် လူငယ်ကို အခဲမကျေပေ။ လူငယ်ကို ရန်ပြုတိုက်ခိုက်ရန် လူငယ်၏အိမ်သို့ နောက်ယောင်ခံလိုက်သွားသည်။

ထိုအခါကျမှ ကျောက်ရှမ်းသည် လူငယ်၏အခြေအနေကို သိရတော့သည်။ လူငယ်သည် သူ့ထက် အခြေအနေ တောင့်တင်းသူ ဖြစ်သည်။ ဆွေဂုဏ်မျိုးဂုဏ် ဓနဂုဏ် မတောင့်တင်းသူ

ဖြစ်သည်။ လူပျိုလူလွတ်ဖြစ်ကာ စီးပွားရေးလည်း ပြေလည်ပုံ ရသည်။

လူငယ်၏နေအိမ်မှာ ကျောက်ရှမ်းနေသော စစ်တပ် အဆောင်နှင့် ဘာမျှမဆိုင်ပေ။ ဝင်းနှင့်ခြံနှင့်ဖြစ်သည်။ သူငယ်၏မိဘများလည်း စီးပွားရေး အခြေအနေကောင်းပုံ ရပေသည်။

ထိုအဖြစ်များကို တွေ့မြင်ရသော ကျောက်ရှမ်းသည် လူငယ်အား မနာလိုစိတ်ပို၍ တိုးပွားလာသည်။

တကယ်ဆိုပါက သူသည် အချောင်ရထားသော ရတနာ ပစ္စည်းများဖြင့် သူဌေးသားယောင်ဆောင်နေသူ ဖြစ်သည်။ ဤပစ္စည်းများမှာလည်း တိုးပွားသည်ဟူ၍ မရှိပေ။

သူထုခွဲရောင်းချကာ နေ့စဉ်သုံးဖြုန်းနေသဖြင့် တဖြည်း ဖြည်း လျော့ပါးနေလေပြီ။ သူသည်ရွှေကျောင်းပြောင်ပြောင် ဖမ်းခေါင်ခေါင် ဖြစ်နေလေပြီ။

ဤအတိုင်းသာ ဆက်လက်သုံးဖြုန်းလျှင် နောက်ဆယ့်သုံး လစာလောက်မျှသာ ရှိတော့သည်။ သူ၏ သုံးနိုင်ဖြုန်းနိုင် သော ကာလသည် မကြာမီကုန်ဆုံးသွားပေတော့မည်။

သူ၏ လက်ရှိဘဝကိုသာ နန်းကျန်ယင်သိသွားလျှင် သူ့ကို ပစ်ကာ လူငယ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါ တော့မည်။

ကျောက်ရှမ်းသည် လူငယ်၏အခြေအနေကို တွေ့ပြီးပြီး သူသည် အလွန်စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သူသည်



နန်းကျင်ယင်၏ ထမင်းဆိုင်သို့ပင် မသွားနိုင်တော့ပေ။ အရက် ဆိုင် တစ်ဆိုင်တွင် ဝင်ပြီး အမူးသောက်မိလေတော့သည်။

ထိုညတွင် စီကွမ်မြို့ လက်နက်တိုက် မီးလောင်သောည ဖြစ်သည်။ နောက်တစ်ခုတွင်လည်း ကျောက်ရှမ်းမှာ ဒဏ်ရာ များ မပျောက်သေးသောကြောင့် ထမင်းဆိုင်သို့မသွားဘဲ အရက်ဆိုင်သို့သာသွားသည်။ အရက်ဆိုင်၌ မိုးချုပ်သွား၏။

ထိုညတွင် အကျဉ်းသားမိန်းကလေး တရားခံကို ဖမ်းမိ နိုင်ရန်အတွက် အမတ်ကြီး ကျိုကဲလောက်၏ အမိန့်ကို တပ်မှူး ကြီးများနှင့် မြင်းတပ်မှူးတို့က အကောင်အထည်ဖော်နေချိန် ဖြစ်လေသည်။

တပ်မှူးကြီးက မြို့စောင့်တပ်ကို ညတွင်းချင်း တပ်လှန့် သည်။ သို့သော် မြို့စောင့်တပ်သည် မည်မျှစည်းကမ်း ရှိသနည်း သို့သော် အင်အား ဆယ်ပုံတစ်ပုံပင် စုစည်း၍မရချေ။

အင်အား ဆယ်ပုံတစ်ပုံခန့်ဖြင့် တစ်အိမ်တက်ဆင်း မည်သို့ ရှာဖွေနိုင်မည်နည်း။ အချိန်မဲ့ နေပြီဖြစ်၍ တစ်အိမ်တက်ဆင်း ရှာဖွေခြင်း မပြုတော့ဘဲ မြို့တွင်း၌ ကင်းလှည့်ခြင်း၊ မြို့အထွက် အဝင်တံခါးများ၌ အင်အားဖြည့်တင်းခြင်းတို့ကိုသာ ပြုလုပ် ရတော့သည်။

နောက်တစ်နေ့မိုးလင်းမှသာ မြို့စောင့်တပ်သားများကို စုစည်းရတော့သည်။

ကျောက်ရှမ်းမှာ နံနက်လင်းမှသာ သူ၏ အဆောင်သို့ ပြန်ရောက်လာသည်။ သူသည် ညက အရက်ဆိုင်၌ အိပ်စက်

ခဲ့သည်။ နံနက်လင်းမှ အရက်ဆိုင်မှ ထလာခဲ့သူ ဖြစ်သည်၊ ပြန်လာချိန်၌ အဆောင်၌ ရှုတ်ချက်သဲသဲဖြစ်နေလေပြီ။

လူပျိုလူလွတ်များကို ကွပ်ကဲရသည့် တပ်ဗိုလ်ကြီးလည်း ရောက်နေသည်။ ထိုတပ်ဗိုလ်ကြီးသည် နောက်မှ ရောက်လာသူများတွင် ကျောက်ရှမ်းကို တွေ့သော်လည်း မသိလိုက်မသိဘာသာ နေလိုက်သည်။

ကျောက်ရှမ်းကလည်း အကင်းပါးသည်။ လူလွတ်ရာသို့ သွား၍ အသာငြိမ် နေလိုက်သည်။

အဘယ်ကြောင့် ထိုတပ်ဗိုလ်ကြီးသည် ကျောက်ရှမ်းပြန်လာသည်ကို မသိဘာသာနေရပါသနည်း။ ထိုတပ်ဗိုလ်ကြီးမှာ ကျောက်ရှမ်း၏ အပေးအကမ်းကိုယူခဲ့သူ၊ ကျောက်ရှမ်း၏ အကျွေးအမွေးကို စားသောက်ခဲ့သူဖြစ်လေသည်တကား။

ဤကျောက်ရှမ်းသည် ရှုတ်ရှက်သဲသဲ ဘာကြောင့်ဖြစ်ရသည်ကို မေးကြည့်၏။ ထိုအခါ အကြောင်းရင်းကို သိရှိရတော့သည်။ ကျောက်ရှမ်းအံ့သြသွားသည်။ လက်ဖျားခါမိသည်။

အကျဉ်းသား မိန်းကလေးတစ်ယောက်ကို တစ်မြို့လုံး မိုက်စိပ်တိုက်၍ ရှာသည်ကား ခရုကို ခါးတောင်းကျိုက်ဖမ်းသည်နှင့် တူနေတော့မည်။

'အေး....တို့က ခုမှမြို့ထဲကို လိုက်ရှာရမှာ မြင်းတပ်သားတစ်ရာနဲ့ ခြေလျင်တပ်သားတစ်ရာကတော့ မနေ့ကတည်းက တိုင်မင်လီဆိုတဲ့ကောင်ကို လိုက်ရှာနေပြီ'

အကြပ်တပ်သားတစ်ယောက်က ကျောက်ရှမ်းကိုပြောပြလေ၏။



တပ်ဗိုလ်ကြီးသည် မကြာမီ တပ်ဖွဲ့များကို အစုလိုက်ဖွဲ့စည်းပေးလေ၏။ တစ်စုလျှင် လူအင်အားဆယ်ယောက်ဖြင့် ဖွဲ့စည်းပေးသည်။ အဖွဲ့တစ်ဖွဲ့လျှင် အကြပ်ကြီးတစ်ယောက်က ဦးဆောင်ရမည်။ ကျောက်ရှမ်းမှာ စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင်ဖြစ်သွားလေတော့၏။

တပ်ဗိုလ်ကြီးသည် စစ်ဆေးရမည့်နယ်မြေများကို ပိုင်းဝေခွဲခြားပေးသည်။

'မင်းတို့ကို ငါတစ်ခုပြောမယ်'

အဖွဲ့ခေါင်းဆောင်များက စုဝေးစေပြီး တပ်ဗိုလ်ကြီးက ပြောလေ၏။

'မင်းတို့အားလုံးရဲ့ အဓိကတာဝန်ကတစ်ခုပဲရှိတယ်၊ မေစင်ကွမ်ဆိုတဲ့ အမျိုးသမီးအကျဉ်းသားကို ပြန်မိဖို့ပဲ၊ တိုင်မေလင်းနဲ့ တိုင်မင်လီဆိုတဲ့ မောင်နှမကို ပြန်ဖမ်းမိဖို့ကတော့ ဒုတိယအချက်ပဲ'

'ဗိုလ်ကြီး တစ်ခုမေးပါရစေ'

'မမေးနဲ့ ပြီးတော့မှမေး၊ ငါပြောတာကို ဆုံးအောင်နားထောင်ဦး၊ အဲဒီမေစင်ကွမ်၊ တိုင်မင်လီနဲ့ တိုင်မေလင်းကို ငါလဲမမြင်ဖူးဘူး၊ မင်းတို့လဲ မြင်ဖူးမှာမဟုတ်ဘူး၊အဲဒီတော့ အိမ်တစ်အိမ်ကို စစ်ဆေးရှာဖွေရာမှာ မသင်္ကာရင် အဖွဲ့ပေါင်းစုံ ခုံရုံးကို ခေါ်ယူစစ်ဆေးခွင့်ရှိတယ်၊ ပြီးတော့ တစ်စုံတစ်ယောက်က အဲဒီတရားခံကို ဝှက်ထားပေးတယ်လို့ ယူဆရင်လဲ အဲဒီလူကို ခေါ်ယူစစ်ဆေးပိုင်ခွင့်ရှိတယ်၊ မင်းတို့မှာ လုပ်ပိုင်

ခွင့်တွေတော့ အများကြီးရှိပါတယ်၊ ဒါပေမယ့် တရားခံတွေကိုမိမယ်လို့တော့ ငါမထင်ပါဘူး’

တပ်ဗိုလ်ကြီးက ရှာဖွေစစ်ဆေးရေးအဖွဲ့များ၏တာဝန်ကို ရှင်းပြသည်။

‘စောစောကမေးတဲ့ကောင် ဘာမေးမလို့လဲ’

‘မမေးတော့ပါဘူးဗိုလ်ကြီး၊ ကျွန်တော်တို့က တရားခံကို မမြင်ဖူးဘူးလို့ ပြောမလို့ပါ’

‘အေး...အခု ငါပြောတဲ့အတိုင်း ဆောင်ရွက်ကြ’

ထိုစကားများကို ကြားသောအခါ ကျောက်ရှမ်းခေါင်းထဲတွင် အကြံတစ်ချက်လင်းလက်သွား၏။ သူ့ပြိုင်ဘက်အား သူဒုက္ခပေးနိုင်လေပြီ။ သူ့၌ အမိန့်အာဏာများ ရရှိလေပြီ၊

လူရွယ်မှာ သက်သက်ဒုက္ခရောက်ရတော့သည်။ နန့်ကျန့်ယင် ပရောပရည်လုပ်ခဲ့သည့်ဒုက္ခသည် သူ့မိသားစုတစ်စုလုံးကို ဖိစီးပေတော့မည်။

သူသည် သူ၏ အကျွေးအမွေးအပေးအကမ်းနှင့် မလွတ်ကင်းသော တပ်ဗိုလ်ကြီးအား လူငယ်နေသည့် ရပ်ကွက်အား ရှာဖွေခွင့် တောင်းတော့သည်။ ကျောက်ရှမ်း ဖြစ်ချင်သည့်အတိုင်း ဖြစ်လာခဲ့ပေပြီ။

ကျောက်ရှမ်းသည် လူငယ်နေထိုင်သည့် ရပ်ကွက်ကိုရှာဖွေခွင့်ရသည်နှင့် အကြပ်ကြီးဝတ်စုံကို အကျအန ဝတ်ဆင်တော့သည်။ သူသည် သူဦးဆောင်ရမည့်ရဲမက်စစ်သည်တော် ဆယ်ယောက်ကို ခေါ်ဆောင်၍ထွက်ခဲ့သည်။



စီကွမ်မြို့တစ်ခုလုံး တစ်အိမ်တက်ဆင်း ရှာဖွေသည့် အစီအစဉ်ကို ကျေနပ်သူ အလွန်ရှား၏။ သို့သော် လူတန်းစားအားလုံးသည် မကြိုက်နှစ်သက်ကြသည်မဟုတ်ပေ။

အာဏာရှိသူက အမိန့်ထုတ်ပြန်လိုက်သောအခါ လက်ညိုးထောင် ခေါင်းညိတ်လုပ်သူများလည်း ရှိသည်။ ထိုသူများသည် စစ်သည်ရဲမက်များကို ဧည့်ခံရန်မကျွပ်ထိုးပြီးကြလေပြီ။

ကျောက်ရှမ်းနှင့် အဖွဲ့သည် မကျွပ်ထဲသို့ ဝင်လာကြ၏။ ကြိုဆိုရေးအဖွဲ့များက ကြိုဆိုကြသည်။ ကြိုဆိုရေးအဖွဲ့ဝင်များက ကျွေးမွေးသော အစားအသောက်နှင့် အရက်များကို သောက်စားကြသည်။

[ ၂၈ ]

ကြို့ဆိုရေးအဖွဲ့ဝင်များသည် စားသောက်နေစဉ် မည်သည့်သူတို့နှင့် မည်သို့ ဆွေမျိုးတော်ကြောင်း မည်သည့်အိမ်သည် သူတို့နှင့် မည်သို့ပတ်သက်ကြောင်း ပြောပြလေတော့၏။ သူတို့၏အိမ်များကို မည်သည့်အပိုင်းတွင် ပါကြောင်း ပြောပြနေကြ၏။

စစ်သည်ရဲမက်များမှာ ရပ်ကွက်များကိုရှာဖွေရန် သူတို့ကိုပင် ရှေ့တန်းတင်ခေါ်ဆောင်ကြရ၏။ သူတို့ ကျွေးမွေးထားသော အစားအသောက်နှင့် အရက်များမှာ ဗောင်းလန်

နေသဖြင့် အားနာပါးနာနှင့် သူတို့ပြောသမျှသာ ရှာဖွေရတော့သည်။

ကျောက်ရှမ်းအနေဖြင့်ကတော့ မည်သည့်အိမ်ကို မည်သို့ကျော်ကျော် အကြောင်းမဟုတ်ပါ။ သူမ ကျော်လိုသည့် အိမ်တစ်အိမ်ကို ရှာဖွေရလျှင် သူ့အလိုဆန္ဒ ပြည့်စုံပြီ ဖြစ်လေသည်။

ကျောက်ရှမ်း စစ်ဆေးလိုသည့်လူငယ်၏ အိမ်သို့ရောက်လာသည်။

'တပ်ဗိုလ်လေး....ဒီအိမ်ဟာ ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲတော်ပါတယ် ခင်ဗျာ'

ကြို့ဆိုရေး အဖွဲ့ဝင်တစ်ဦးက ပြောလိုက်၏။ ဆိုလိုသည်မှာ သူနှင့် ညီအစ်ကိုဝမ်းကွဲ တော်သဖြင့် မရှာပါနှင့်ဟူသည့် သဘောပင်။

အမှန်တော့ ဤအိမ်တွင် လွတ်မြောက်သွားသည့်အကျဉ်းသား မရှိနိုင်သည်ကိုသော် လည်းကောင်း၊ ထိုအကျဉ်းသားတရားခံနှင့် မည်သို့မျှပတ်သက်ခြင်း မရှိသည်ကိုသော် လည်းကောင်း ကျောက်ရှမ်းသိမည်ပင်။

သို့ရာတွင် သူသိသည်က အငြိုးအတေးဖင်။ လူငယ်အပေါ် အငြိုးအတေးထားခြင်းဖြစ်သည်။ သူသည် ဤအိမ်ကို ရှာရမည်။

ဤအိမ်ကိုရှာဖို့အတွက် တပ်ဗိုလ်ကြီးထံတွင် ဤရပ်ကွက်ရှိ ရန် သူကြိုးစားခဲ့ရသည် မဟုတ်ပါလော။



ကျောက်ရှမ်းသည် ထိုအဖွဲ့ဝင်လူကြီးအား စေ့စေ့စောင်း၍ ကြည့်လိုက်၏။

'အဲဒီတော့ ခင်ဗျားက ဒီအိမ်ကိုမရှာစေချင်ဘူးလို့ ဆိုလိုတာလား'

ကျောက်ရှမ်းက မလိုလားသော လေသံဖြင့် မေးလိုက်၏။ အဖွဲ့ဝင်လူကြီးမှာ ကျောက်ရှမ်း၏ အမေးစကားကြောင့် အမ်းတမ်းတမ်းဖြစ်သွား၏။

'ကျွန်တော် အဲဒီလိုပြောတာ မဟုတ်ပါဘူး တပ်ဗိုလ်လေး၊ ဒီအိမ်ရှင်ဟာ ကျွန်တော်နဲ့ ညီအစ်ကိုဝမ်းကွဲ တော်တယ်ဆိုတာကိုပဲ ပြောတာပါ၊ ကျွန်တော်သိသမျှကတော့ ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေကြတဲ့ သူတွေပါ၊ တစ်ရပ်တည်းနေတဲ့ ဆွေမျိုးတွေဆိုတော့ ကျွန်တော်တို့ မသိစရာမရှိပါဘူး'

'အင်း....ဒီအိမ်မှာ အိမ်သားဘယ်နှစ်ယောက်ရှိသလဲ'

ကျောက်ရှမ်းက မေးလိုက်၏။

'လေးယောက်တည်းပါ၊ သူတို့မှာ သားတစ်ယောက် သမီးတစ်ယောက်ပဲရှိပါတယ်၊ မိဘနှစ်ပါးနဲ့ဆိုတော့ လေးယောက်ပါ'

ကြို့ဆိုရေးအဖွဲ့ဝင်လူကြီးက ပြန်ဖြေသည်။

ကျောက်ရှမ်းက....

'ကောင်းပြီလေ၊ အခုကိစ္စက လွတ်သွားတဲ့အကျဉ်းသားခပ်ငယ်ငယ်ဆိုတော့ လူငယ်လူရွယ်ချင်းအပေါင်းအသင်းမှား

တာမျိုး ရှိချင်ရှိနိုင်ပါတယ်၊ သတိတော့ ထားရမှာပေါ့၊ အဲဒီသားနဲ့သမီးကို ခဏလောက်တွေ့ချင်ပါတယ်'

ကျောက်ရှမ်းသည် ပြောဆိုရင်း အိမ်ထဲသို့ ဝင်လိုက်၏။ ကြိုဆိုရေးအဖွဲ့ဝင်လူကြီးမှာ မသက်မသာ မျက်နှာထားဖြင့် ခြံဝင်းထဲသို့ လိုက်လာသည်။

အဖွဲ့ဝင်လူကြီးက အော်လိုက်သည်။

'ဟိုတုန်း....ဟိုတုန်း၊ လာစမ်းဟေ့ မြို့စောင့်တပ်က ရဲမက်တော်တွေ ရောက်လာတယ်ဟေ့၊ တံခါးလာဖွင့်စမ်း'

သူတို့သည် ခြံထဲသို့ရောက်သော်လည်း အိမ်တံခါး ပိတ်ထားသဖြင့် အော်ခေါ်ရသည်။

မကြာမီ လူတစ်ယောက် ရောက်ရှိလာပြီး တံခါးလာဖွင့်ပေး၏။

ထိုလူကြီးမှာ အဖွဲ့ဝင်လူကြီးများကဲ့သို့ ရဲမက်စစ်သည်တော်များနှင့် ပက်သက်လိုပုံမရချေ။ သူသည် ရဲမက်တော်များကို မနှစ်မြို့သော မျက်နှာများဖြင့် ကြည့်လေ၏။

ထိုလူကြီးသည် တံခါးဖွင့်ပေးပြီး ဖြစ်သော်လည်း အိမ်ထဲသို့ မဖိတ်ခေါ်သေးချေ။

'ဘာကိစ္စရှိလို့လဲ အစ်ကိုရဲ့'

တံခါးဖွင့်ပေးသူက ကြိုဆိုရေးအဖွဲ့ဝင်လူကြီးကိုမေးလိုက်သည်။

မြို့စောင့်တပ်က စီကွမ်မြို့တစ်မြို့လုံးကို တစ်အိမ်တက်ဆင်းရှာမည့်သတင်းမှာ မကြားချင်အဆုံး ဖြစ်နေသဖြင့် ဤ



လူကြီး မသိ၍ မေးခြင်းမဟုတ်ကြောင်းကို အားလုံးကသိရှိကြသည်။

အဖွဲ့ဝင်လူကြီးက....

'ညက အကျဉ်းသားတွေ လွတ်သွားလို့တဲ့ကွာ'

ပြောရင်း တံခါးဝဆီသို့ တိုးသွား၏။

အိမ်ရှင်လူကြီးသည် တံခါးဝကိုပိတ်ရပ်နေမြဲပင်။

'အဲဒါ ဘာဖြစ်သလဲအစ်ကိုရဲ့'

'အဲဒါ ရှာဖွေချင်လို့ပေါ့ကွ'

သူသည် စိတ်မရှည်သံဖြင့် ပြောလိုက်၏။

ထို့နောက် အလိုက်မသိရန်ကော ဆိုသည့်ပုံစံမျိုးဖြင့် အိမ်ရှင် လူကြီးကို တွန်းဖယ်လိုက်သည်။

'ကဲ....ကြွပါ၊ တပ်ဗိုလ်လေး ကြွပါ'

ကျောက်ရှမ်းကို လှည့်၍ဖိတ်ခေါ်လိုက်၏။

ကျောက်ရှမ်းက သူ့ရဲမက်တော်များကို ကြည့်လိုက်၏။ ရဲမက်တော်များမှာ ထုံးစံအတိုင်း ဖြန့်ခွဲ၍ နေရာယူပြီးကြလေပြီ။

ကျောက်ရှမ်းသည် အိမ်ထဲသို့ဝင်သွားလေ၏။ ထိုအခါ ရဲမက်တော်များလည်း ဝင်လိုက်လာသည်။

တံခါးဝမှ အိမ်ရှင်လူကြီးမှာ မသက်မသာကြည့်နေသည်။ သူသည် တံခါးဝ၌ ရပ်နေမြဲဂင်။

သူ၏အစ်ကိုဝမ်းကွဲဖြစ်သော ကြိုဆိုရေးအဖွဲ့ဝင်လူကြီးက မျက်နှာကို ချိုချိုထားရင်း....

'ကြွပါ တပ်ဗိုလ်လေး၊ ဒီမှာထိုင်ပါ'

ကျောက်ရှမ်းသည် အိမ်ထဲ၌ရပ်နေသော မိန်းမကြီးအား တစ်ချက်ကြည့်ပြီး ထိုင်ခုံတစ်ခု၌ ဝင် ထိုင် လိုက် သည်။ ကျောက်ရှမ်း၏လက်ထောက်က မိန်းမကြီးကို ကြည့်သည်။ မိန်းမကြီး၏မျက်နှာမှာ အိမ်ရှင်လူကြီးကဲ့သို့ပင် သူတို့အား မနှစ်မြို့ဘဲ ကြည့်နေကြောင်း လက်ထောက်က သိရှိသည်။

'ခင်ဗျားက ဘယ်သူလဲ'

လက်ထောက်က မိန်းမကြီးကို မေးလိုက်၏။

ထိုအခါ တံခါးဝ၌ရပ်နေသော အိမ်ရှင်လူကြီးက မသက်မသာဖြင့် ပြောလိုက်၏။

'ကျုပ်ရဲ့ဇနီးပါ'

အဖွဲ့ဝင်လူကြီးသည် မအီမလည်ဖြစ်နေသော အခြေအနေကို တွေ့နေရသဖြင့် အနေခက်ကာ....

'ဟော့....ဒီကဝပ်ဗိုလ်လေးသောက်ဖို့ ရေနွေးလေး ဘာလေး လုပ်ကြဦးလေ'

ထိုအခါ ကျောက်ရှမ်းက လက်ကာသည်။

'နေပါစေ၊ ကျွန်တော်တို့ စားသောက်ပြီးခဲ့ပါပြီ၊ ဒီမှာ စားသောက်ဖို့အချိန်လဲ မရတော့ပါဘူး၊ ကဲ....အိမ်ရှင်တွေ လာကြပါဦး'

အိမ်ရှင်လူကြီးက ရှေ့သို့လျှောက် လာသည်။

'ကျုပ်ကအိမ်ရှင်ပါ၊ ကျုပ်တို့က ဒီကရဲမက်တော်တွေကို ဘာလုပ်ပေးရမှာလဲ'

အိမ်ရှင်လူကြီးက အောင့်သက်သက်ဖြင့် မေးလိုက်၏။



'ကျုပ်တို့ကလဲ တာဝန်အရဆောင်ရွက်ရတာပါ၊ ကျုပ်တို့ သဘောနဲ့ ကျုပ်တို့ လုပ်နေတာမဟုတ်ဘူး၊ ခင်ဗျားတို့က ကျုပ်တို့သဘောနဲ့ လုပ်တာလို့ထင်ရင် မှားလိမ့်မယ်'

အိမ်ရှင်လူကြီးသည် ခေါင်းငုံ့သွား၏။

'ဟုတ်ပါပြီ၊ ကျုပ်တို့သဘောပေါက်ပါတယ်၊ အဲဒါကို သိလို့ ကျုပ်တို့ဘာလုပ်ပေးရမလဲလို့ မေးတာပါ'

ကျောက်ရှမ်းက ထိုလူကြီးကို တည်တည်ကြည့်ပြီး ပြောလိုက်၏။

'ခင်ဗျားအိမ်မှာ အခု လူဘယ်နှစ်ယောက်ရှိသလဲ'

'မိသားစုကတော့ လေးယောက်ပါ၊ ဒါပေမယ့် တောက ဧည့်သည်တစ်ယောက် ရောက်နေပါတယ်'

ထိုစကားကို ကြားလိုက်သောအခါ ကျောက်ရှမ်းသည် အဖွဲ့ဝင်လူကြီးကို လှည့်ကြည့်လိုက်၏။

'ကိုင်း....ဘယ့်နှယ်ရှိစ'ဟူ၍ မေးလိုက်သလိုပင်။

ကျောက်ရှမ်းက....

'ဟုတ်ပြီ၊ ဒါဆိုရင် သူတို့အားလုံးကို ခေါ်လိုက်ပါ'

အိမ်ရှင်လူကြီးသည် လွန်စွာ စိတ်မသက်သာပုံပေါ်သွားသည်။ သူသည် သက်ပြင်းချလိုက်ပြီး....

'ဟဲ့....သမီး၊ ဧည့်သည်ကိုခေါ်ပြီး အပြင်ကို ထွက်လာခဲ့ပါဦး၊ အပြင်မှာ ရဲမက်တွေ ရောက်နေတယ်'

အိမ်ခန်းထဲမှ မိန်းကလေးနှစ်ဦး ထွက်လာ၏။ ထိုမိန်းကလေး နှစ်ယောက်မှာ အတော်ပင် ချောမောလှပ၏။ အသက်အရွယ်ကလည်း နှစ်ယောက်စလုံး ရွယ်တူလောက်ပင်။

မိန်းကလေးနှစ်ယောက်မှာ စစ်သည်ရဲမက်များနှင့် လုံးဝ မဆက်ဆံဘူးကြောင်း ကျောက်ရှမ်းသည် မြင်ရုံနှင့် သိ၏။ သူတို့သည် အလွန်ကြောက်နေကြ၏။ ကျောက်ရှမ်း၏ရှေ့တွင် သူတို့သည် ယို့ယို့ကလေး ရပ်နေ၏။

မိန်းမကြီးသည် မိန်းကလေးများကို အားပေးသည့် အနေဖြင့် ထိုင်ရာမှထပြီး မိန်းကလေးနှစ်ယောက်၏ ပခုံးကို ဖက်လေ၏။

ကျောက်ရှမ်းသည် အိမ်ရှင်လူကြီးကို ကြည့်လိုက်၏။

'အိမ်သားက စုစုပေါင်း လေးယောက်ရှိတယ်၊ တစ်ယောက်က တောကရောက်လာတယ်၊ စုစုပေါင်း ငါးယောက်ပေါ့၊ နောက်တစ်ယောက်ကော'

အိမ်ရှင်လူကြီးက....

'လို နတဲ့ တစ်ယောက်ကတော့ ကျုပ်သားပါ၊ သူက အပြင်ကို သွားနေပါတယ်၊ ဒီလိုစစ်မယ်မှန်း သိရင်တော့ ကျုပ်က အပြင်ကို မသွားခိုင်းပါဘူး'

'ဘယ်သူက ညှော်သည်လဲ'

ကျောက်ရှမ်းက မိန်းကလေးနှစ်ယောက်ကို လက်ညှိုး ယမ်းပြပြီး မေးလိုက်၏။

အိမ်ရှင်လူကြီးက အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးကို လက်ညှိုးထိုးပြပြီး...

'သူက ညှော်သည်ပါ'

'ဒီလိုဆိုရင်သူ့ကိုကျုပ်တို့ ခေါ်သွားရလိမ့်မယ်'



စစ်သည်ရဲမက်များက ခေါ်သွားမည်ဆိုတော့ အားလုံးက ကြောက်ကြသည်ပေါ့။ စစ်သည်ရဲမက်များ၏ လက်ထဲ၌ နုနုနယ်နယ် မိန်းကလေးတစ်ယောက်ကို ထည့်လိုက်ရမည် ဆိုသည် မတွေးရဲစရာပင်။

'ဗျာ....ဘာဖြစ်ဆို သူ့ကိုခေါ်ရမှာလဲ'

အိမ်ရှင် လူကြီးက အတိတ်တလန့်မေးလိုက်၏။

ကျောက်ရှမ်းက အလွန်ရင့်ကျက်သော ဟန်ပန်ဖြင့်....

'အမှန်တော့ အခုလို မေးနေတာကို ကျုပ်တို့ ပြန်ဖြေဖို့ မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ကို အထက်က ဘယ်လိုလုပ်ရမယ်, ဘယ်လိုကိုင်ရမယ် ဆိုတာ လမ်းညွှန်ခဲ့လို့ပဲ၊ ဒါပေမယ့် အခု လူကြီးတွေပါလာလို့ ကျုပ်ရှင်းပြပါမယ်'

ကျောက်ရှမ်းက နဂိုကတည်းက ဟန်ပန်မှင်မောင်းနှင့် ပြောတတ်သူ ဖြစ်သည့်အတိုင်း ကြီးကျယ်သော ကိစ္စကြီးတစ်ရပ်ကို သူဆောင်ရွက်နေရကြောင်းဟု ထင်ရလောက်အောင် ရှင်းပြလေတော့၏။

'လွတ်သွားတဲ့ အကျဉ်းသားဟာ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး၊ ငယ်ငယ်ရွယ်ရွယ် မိန်းမသားတစ်ဦးသာ ဖြစ်ပါတယ်၊ ဒီမိန်းမငယ်ကို ကျွန်တော်လဲ မမြင်ဖူးဘူး၊ ကျွန်တော့်အထက်က ဗိုလ်မှူး,တပ်မှူးကြီးတွေလဲ မမြင်ဖူးဘူး၊ ဒီတော့မသင်္ကာစရာမိန်းမငယ်ကိုတွေ့ရင် စစ်ဆေးရေးခုံ အဖွဲ့နဲ့ စစ်ရမယ်၊ ခုံအဖွဲ့ကို ခေါ်လာခဲ့ပါလို့ ကျုပ်တို့ကို အမှာရှိ

ပါတယ်၊ ဒါကြောင့် အခု အထက်က အမှာစကားအတိုင်း ဆောင်ရွက်ရတာပါ'

မျက်နှာ ချွေးစို့နေသည့် အိမ်ရှင်လူကြီးသည် ကျောက်ရှမ်း၏ ရှင်းပြချက်ကို လက်မခံပါ။

'ဒီမိန်းကလေးဟာ ကျုပ်သားနဲ့လက်ထပ်ဖို့ စေ့စပ်ထားတဲ့ မိန်းကလေးပါ၊ အလျင်ကဒီမှာပဲ နေသွားတာပါ၊ အခုမှ ဟန်စင်မြို့ကို ပြောင်းသွားတာ၊ အခု ဟန်စင်မြို့ကနေ ဒီမြို့ကို အလည်ပြန်လာတာ'

'အဲဒါက ကျုပ်တို့ကိစ္စမဟုတ်ဘူးလေ၊ ကျုပ် တာဝန်က ကျုပ်မသက်ာတဲ့လူကို စစ်ဆေးရေး ခုံအဖွဲ့ကိုပို့ရမယ့်တာဝန်ပဲ ရှိတယ်၊ အဲဒီ ခုံအဖွဲ့က ခင်ဗျာတို့ရဲ့ ညွှတ်သည့်မိန်းကလေးကို ထွက်ပြေးတဲ့တရားခံ ဟုတ်မဟုတ် စစ်ဆေးမယ်၊ မဟုတ်ရင် ပြန်လွှတ်မှာပါ'

'ပြန်လွှတ်တာတော့ ဟုတ်ပါတယ်၊ဒါပေမယ့် အရပ်ထဲက ဘယ်လိုပြောကြမလဲ၊အဲဒါလဲစဉ်းစားပါဦး၊ဒီမိန်းကလေးက ကျုပ်သားနဲ့ စေ့စပ်ထားတဲ့ မိန်းကလေးဗျ။

'စေ့စပ်ထားတဲ့ မိန်းကလေးတွေကို ဘယ်လိုထားရတယ် ဆိုတာ တပ်ဗိုလ်လေးလဲ သိမှာပါ'

အိမ်ရှင် မိန်းမကြီးကလည်း....

'ဟုတ်တယ်၊ စေ့စပ်ထားတဲ့ မိန်းကလေးကို လုံလုံခြုံခြုံ ထားကြရတယ်ဆိုတာ ရှင်တို့လဲသိပါတယ်၊ ခေါ်မသွားပါနဲ့ရှင်'



မိန်းမကြီးမှာလည်း ခေါ်သွားမည်ဆိုသည့် စကားကို လုံးဝ ဘဝင်မကျနိုင်ဘဲ ဖြစ်နေသည်။

'အဲဒါတွေက ကျုပ်နဲ့လုံးဝ မသက်ဆိုင်ပါဘူး၊ ခင်ဗျားတို့ရဲ့ ကိစ္စပါ၊ တာဝန်ဝတ္တရားကို ဆောင်ရွက်တဲ့ အခါမှာ အရပ်တွေး,တွေးလို့မရပါဘူးဗျ'

ကျောက်ရှမ်းသည် ပြောရင်းဆိုရင်း ထိုင်ရာမှ ထလိုက်သည်။

ထိုအခါ အိမ်ရှင်နှင့်ညီအစ်ကိုဝမ်းကွဲတော်သည်ဟု ဆိုသည့် အဖွဲ့ဝင်လူကြီးက....

'ကျွန်တော် ပြောပါရစေ တပ်ဗိုလ်လေး၊ ဒီကလေးမဟာ သူတို့ရဲ့ ချွေးမလောင်း အစစ်ပါဗျာ၊ ဒီပတ်ဝန်းကျင်ကိုလဲ စုံစမ်းကြည့်ပါ ထွက်ပြေးသွားတဲ့ အကျဉ်းသားနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ ထားခဲ့ဖို့ ကျွန်တော် တောင်းပန်ပါရစေ'

ကျောက်ရှမ်းက သက်ပြင်းချသည်။

'ကျုပ် တော်တော် စိတ်မောသွားပြီဗျာ၊ အရပ်သားနဲ့ ရဲမက်စစ်သည်တော်ဆိုတာ လူချင်းတူပေမယ့် နေထိုင်ပုံချင်းကျတော့ အတော်လေးကို ကွာခြားတယ်ဗျ၊ အခုခင်ဗျားတို့ ပြောတဲ့အကြောင်းပြချက်တွေနဲ့ သတို့သမီးလောင်းကို ထားခဲ့ဖို့ ကျုပ်အထက်က လူကြီးတွေကိုပြောရင် အထက်ကလုံးဝ လက်ခံမှာ မဟုတ်ဟုး၊ အဲဒါကို ခင်ဗျားတို့ သိထားပါ'

သူသည် မိန်းကလေးကိုကြည့်၍....

'ကဲ....မိန်းကလေး ရှေ့က သွားပေတော့ ကျုပ်တို့
လိုက်ခဲ့ပေတော့'

မိန်းမပျိုလေးမှာ တစ်ကိုယ်လုံး တုန်သွားသည်။ အိမ်ရှင်
မိန်းမကြီးသည် မိန်းမပျိုလေးအား ဖက်ထားသည်။ သူမ
အနေဖြင့် လုံးဝမထည့်နိုင်သည့် သဘောပါပေ။

'ကျွန်မ....ကျွန်မ'

မိန်းမပျိုလေးမှာ တုန်လှုပ်စွာ ပြောလေ၏။ စကားကို
ဆုံးအောင် မပြောနိုင်ပေ။

အိမ်ရှင်လူကြီးက ...

'ခင်ဗျားတို့ ဒီအထိလုပ်ဖို့ မကောင်းပါဘူးဗျာ၊ ခေါ်
မသွားဖို့ ကျုပ် တောင်းပန်ပါတယ်'

ကျောက်ချမ်းသည် ဒေါသထွက်လာ၏။

'ကျုပ်တို့ အလကားလုပ်နေတာ မဟုတ်ဘူးဗျ၊ တာဝန်
ဝတ္တရား ထမ်းဆောင်နေတာ၊ တပ်မှူးကြီးရဲ့ အမိန့်အတိုင်း
ဆောင်ရွ နေတာ၊ အခု ခင်ဗျားတို့လုပ်နေတာ ကျုပ်တို့
တာဝန် ထမ်းဆောင်နေတာကို အနှောင့်အယှက်ပေးသလို
ဖြစ်နေပြီ'

အိမ်ရှင် မိန်းမကြီးက အော်သည်။

'ဒါ သက်သက်ညစ်ပတ်တာပဲ'

'ဘာပြောတယ်'

ကျောက်ချမ်း အလွန် ဒေါသထွက်သွားလေပြီ။ ထိုစဉ်
အပြင်မှ တွန်းဖယ်ဝင်လာသံ ကြားရပြီး လူငယ်တစ်ယောက်
ပေါ်လာသည်။



ထိုလူငယ်က ကျောက်ချမ်းနှင့် အချင်းများခဲ့သော လူငယ်
ပေတည်း။ လူငယ်သည် အိမ်ထဲသို့ အတင်းဝင်လာသည်။

အပြင်မှ ရဲမက်စစ်သည်တော်များ တားသည့်ကြားမှ
တွန်းထိုး ဝင်ရောက်လာခြင်း ဖြစ်ပုံရသည်။

လူငယ်၏ လက်ထဲတွင် အထုပ်ကြီးတစ်ထုပ် ပါလာလေရာ
ထိုအထုပ်မှာ သူနှင့် စေ့စပ်ထားသည့် မိန်းကလေးအတွက်
လက်ဆောင်များပေတည်း။

လူငယ်၏ မျက်လုံးများသည် မိန်းကလေးအပေါ်သို့သာ
ကျရောက်နေသည်။ ထို့နောက် သူ့အား ခါးသီးစူးရှစွာ
ကြည့်နေသည့် ကျောက်ချမ်း၏ မျက်လုံးများနှင့် ရင်ဆိုင်ကြည့်
မိသည်။

လူငယ်မှာ ကျောက်ချမ်းကို မှတ်မိသည်။ ကျောက်ချမ်းသည်
စစ်သား အဝတ်အစားများနှင့်ဆိုသော်လည်း ချပ်ပြောင်း
သွားခြင်း လုံးဝမရှိပါပေ။ ထို့ကြောင့် လူငယ်က ကျောက်
ချမ်းကို မှတ်မိခြင်း ဖြစ်သည်။

လူငယ်သည် အထုပ်ကြီးကို ပစ်ချလိုက်ပြီး မိန်းကလေးကို
ဖြန်ကြည့်ပြန်သည်။

ကျောက်ချမ်းက....

'ဒါ ခင်ဗျားသားလား'

သူသည် အတည်ငြိမ်ဆုံးလေသံနှင့် မေးလိုက်၏။

'ဟုတ်တယ်....ကျုပ်သားပဲ၊ ဒီမိန်းကလေးက ကျုပ်သားနဲ့
စေ့စပ်ထားတာပဲ၊ ဟုတ်မဟုတ် အရပ်ထဲမှာ မေးမြန်းစုံစမ်း
ကြည့်ရင် ရတာပဲ'

လူငယ်မှာ ဘာဖြစ်နေသည်ကို လုံးဝ မသိသေးသဖြင့် အခြေအနေကို သူ့ဖခင်အား မေးလိုက်၏။

'ဘာဖြစ်နေတာလဲ အဖေ'

'ဒီလိုကွ ငါ့သားရ၊ သူတို့လက်ထဲက အကျဉ်းသား တစ်ဦး ထွက်ပြေးလို့တဲ့ကွာ၊ အဲဒါ မသင်္ကာလို့ ခေါ်ပြီး စစ်မလို့တဲ့'

အိမ်ရှင်လူကြီးက တရှုံ့ရှုံ့ တမဲ့မဲ့နှင့် ပြောလိုက်၏။ သားဖြစ်သူက နားဝေတိမ်တောင်နှင့်....

'ဘယ်သူ့ကို စစ်မှာလဲ အဖေ'

အိမ်ရှင်အဘိုးကြီးသည်ကျောက်ရှမ်းကို စိတ်ပျက်လက်ပျက် ကြည့်လိုက်၏။

'မင်းဇနီးလောင်း ချူးချူးကို စစ်မလို့တဲ့ကွာ'

ဖခင်ဖြစ်သူ၏ လေသံ၌ အလိုမကျခြင်း၊ မုန်းတီးခြင်း၊ စိတ်ပျက်ခြင်းတို့ ပါနေသည်။

လူငယ်က ကျောက်ရှမ်းကို လှမ်းကြည့်လိုက်ပြီး....

'ကျုပ်တို့ဟာ ယောကျ်ားတွေပါဗျာ၊ ယောကျ်ားချင်း ဒီလို အငြိုးမကြီးသင့်ပါဘူး'

လူငယ်သည် အလွန်ထိန်းချုပ်ထားရသော လေသံဖြင့် ပြောလိုက်သည်။ သူသည် ကျောက်ရှမ်း အငြိုးနှင့် လုပ်သည့် အဖြစ်ကို သိနေသည်။

'ဟိုနေ့က ဖြစ်တာကိုလဲ ကြည့်ပါဦး၊ ကျုပ်က ခင်ဗျားကို ရန်စတာ မဟုတ်ပါဘူး၊ ကျုပ်လမ်းကျုပ် သွားနေတာပါ၊ ခင်ဗျားက လာပြီး ရန်စတာပါ၊ ကျုပ် ခင်ဗျားကို ရှောင်ပါတယ်၊ ခင်ဗျားက ရန်မဖြစ်ဖြစ်အောင်လုပ်လို့ ရန်ဖြစ်ကြရတာ





ပါ၊ ချူးချူးလဲ ဒီကိစ္စကို ဘာမှမသိပါဘူး၊ ပြီးတော့ မနေ့ညကမှ ရောက်လာတဲ့ ဧည့်သည်ပါ'

လူငယ်က တောင်းပန်သည့်လေသံဖြင့် ပြောသည်။

ယမန်နေ့က သားဖြစ်သူ ရန်ဖြစ်လာခဲ့သည်ကို သိသော အိမ်ရှင်လင်မယားသည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားသည်။

သူတို့သည် သားဖြစ်သူ အစအဆုံး ပြောပြခဲ့သည်ကို သိပြီးကြလေပြီ။ ထိုစဉ်ကတည်းက ကျောက်ရှမ်းကို ဒေါပွခဲ့သည်။

သားစကားအရ သူ့ကို ရန်မဖြစ်ဖြစ်အောင် ရန်စခဲ့သည် မဟုတ်ပါလား။

'ဩော်.... လက်စသတ်တော့ ငါ့သားကို မင်းက ဂျပိုးတေလေတစ်ယောက်လို ရန်စခဲ့တဲ့သူကိုး၊ ဒါကို မကျေနပ်သေးလို့ ခု ထပ်ပြီး ရန်စတာပဲပေါ့'

အိမ်ရှင်မိန်းမကြီးက စူးရှစွာ အော်လိုက်သည်။

မိန်းမကြီးနားတွင် ရပ်နေသော တပ်သားက မိန်းမကြီးအော်သည်ကို နားကြားမြင်းကတ်လာဟန်ဖြင့်....

'သော်စမ်းဗျာ၊ အလကားနေရင်း အော်မနေနဲ့'

သူသည် ပြောပြောဆိုဆိုဖြင့် မိန်းမကြီးကိုတွန်းလိုက်ရာ မိန်းမကြီးသည် အိမ်တိုင်နှင့်နဖူးစောင့်သွားမိလေ၏။

'ဒုန်း'

'အမလေး'

'အမေ့'

မိန်းမပျိုနှစ်ယောက်က အလန့်တကြား အော်လိုက်၍၊ သူတို့သည် အိမ်ရှင်မိန်းမကြီးကို ပြေးပွေ့ကြသည်။

အိမ်ရှင်လူကြီးက ဒေါသတကြီး အော်လိုက်သည်။

'ဟော့ … ဒါဘာလုပ်တာလဲ၊ မင်း စော်ကားလှချည်လား'

အိမ်ရှင်လူကြီးသည် တွန်းပစ်လိုက်သည့် တပ်သားရှိရာသို့ ပြေးဝင်သွားသည်။

တပ်သားမှာ နဂိုကပင် စိတ်မြန်ကိုယ်မြန်သူဖြစ်ရာ အိမ်ရှင်လူကြီးအား ရိုက်ချလိုက်သည်။

'ဝုန်း'

'ဒုန်း'

'အမယ်လေး....လုပ်ကြပါဦး'

မိန်းကလေးများ ပြိုင်တူ အော်ဟစ်ကြတော့သည်။

အိမ်ရှင်လူကြီးမှာ စားပွဲများအကြားသို့ ခြေကားရားလက်ကားရားဖြင့် လဲကျသွား၏။

သားဖြစ်သူသည် သူ၏ဖခင်ကို ရိုက်ချလိုက်သည် မြင်သောအခါ ဟုန်းခနဲ ဒေါသထွက်သွားမိ၏။ သူ၏စိတ်ကို ချုပ်တည်း၍ မရတော့ပေ။ သူသည် ထိုင်ခုံအစ်လုံးကို လှစ်ခနဲ လှမ်းဆွဲပြီး ထိုတပ်သားကို ရိုက်ချလိုက်တော့သည်။

တပ်သားက လက်မြောက်တားဆီးသော်လည်း ရိုက်သည့်အားက ကြီးမားသဖြင့် မခံနိုင်တော့ချေ။

'အား'

တပ်သား၏ လက်ဖျံရိုးမှာ ကျိုးထွက်သွားသည်။



လူငယ်မှာ သိုင်းပညာတတ်မြောက်သူဖြစ်၍ ရိုက်ပြီးသည်နှင့် ဆက်တိုက် လှုပ်ရှားလိုက်သည်။

## [ ၂၉ ]

သူသည် သူနှင့်အနီးကပ်ဆုံးရှိနေသည့် နောက်ထပ် တပ်သားတစ်ယောက်ကို ခြေထောက်နှင့်ကန်ပစ်လိုက်၏။ သားဖြစ်သူ ရဲမက်စစ်သည်တော်များနှင့် တိုက်ခိုက်နေစဉ် လဲကျနေသော ဖခင်သည် ဆိုင်ခုံကြားမှ ပြန်ထလာ၏။

သူသည် ကျောက်ရှမ်းနှင့် စစ်သည်တော်များ အိမ်ထဲသို့ ဝင်လာစဉ်ကပင် မနှစ်မြို့ခဲ့သူ ဖြစ်၏။ သားဖြစ်သူ တပ်သားများဖြင့် တိုက်ခိုက်နေသည်ကို မြင်သောအခါ သူသည်း အအားမနေတော့ပေ။

ခုံတစ်လုံးကို လက်နက်အဖြစ် ဆွဲယူလိုက်၏။ သူသည်လည်း တပ်သားတစ်ယောက်ကို ရိုက်ချလိုက်သေး၏၊ တက်ညီလက်ညီ ရှိသော သားအဖနှစ်ယောက်ပါပေ။

အိမ်ထဲတွင်ရှိနေသော ကြိုးဆိုရေးအဖွဲ့ဝင်များမှာ ကြက်သေ သေနေကြလေ၏။ သူတို့သည် ရန်ပွဲကိုတားဖို့ သတိမရတော့ချေ။ ဤပွဲမှ လွတ်မြောက်ရန် ဟိုပြေးသည်ပြေး ပြေးကြတော့သည်။

ထိုစဉ် အပြင်၌ကျန်ရစ်ခဲ့သော ရဲမက်များသည် ပြေးထွက်လာသော ကြိုးဆိုရေးအဖွဲ့ဝင်များကို သူတို့ရန်သူများဟု ထင်မှတ်သွားကြသည်။ သူတို့ တပ်သားများကို တိုက်ခိုက်ခဲ့သူများဟု ထင်မှတ်သွားကြသည်။

'ဟေး....ပြေးပြီကွ၊ ပြေးပြီ၊ မလွတ်စေနဲ့'

အချို့သည် ပြေးသူများနောက်သို့ ပြေးလိုက်သည်။ အချို့ကား အိမ်ထဲ ဝင်လေသည်။

ထိုအချိန်တွင် ကျောက်ရှမ်းသည် ဓားကိုထုတ်ပြီး သားအဖနှစ်ယောက်ကို တိုက်ခိုက်တော့သည်။ သားအဖ နှစ်ယောက်ကလည်း အာဂသားအဖနှစ်ယောက်ပင်။ ခုံတစ်လုံးစီကိုင်လျက် ကျောက်ရှမ်းကို ခုခံတိုက်ခိုက်ကြ၏။

လူငယ်ကား အကြောင်းမဟုတ်တော့ချေ။ သိုင်းပညာတတ်သဖြင့် ဓားကိုရှောင်နိုင်တိမ်းနိုင်စွမ်း ရှိသည်၊ အဖလုပ်သူမှာ သိုင်းပညာမတတ်ချေ။



သို့သော် သူသည် စစ်သည်ရဲမက်များကို မုန်းနေသဖြင့်လည်းကောင်း၊ သူတို့အား မတရားရန်ရှာသည်ဟု ထင်၍လည်းကောင်း ခုံတစ်လုံးဖြင့် ခုခံတိုက်ခိုက်နေတော့သည်။

အိမ်ထဲတွင် ထိုးခုတ်တိုက်ခိုက်သံများ ဆူညံနေသည်။

အိမ်ရှင်မိန်းမကြီးများမှာ အသံကုန်အော်ဟစ်နေသည်။ တပ်သားများသည် အလုံးအရင်းနှင့်ဝင်ရောက်တိုက်ခိုက်ကြတော့ရာ လူငယ်နှင့်ဖခင်မှာ မခံနိုင်တော့ချေ။ ဓားဒဏ်ရာများဖြင့် လဲကျသွား၏။ သွေးရဲရဲသံရဲရဲအဖြစ်သည် အိမ်ထဲ၌ လွှမ်းခြုံသွားသည်။

အိမ်ရှင်မိန်းမကြီးသည် ထိုအဖြစ်ကို တွေ့သည်နှင့် အိမ်ထဲမှ ပြေးထွက်ပြီး အော်ဟစ်တော့သည်။

'လာကြပါဦးရှင်.... ကယ်ကြပါဦး၊ မြို့စောင့်တပ်သားတွေ ကျွန်မတို့အိမ်သားတွေကို သတ်နေပါပြီ'

သူမသည် ခြံထဲသို့ပြေးထွက်၍ အရပ်လေးမျက်နှာသို့ အော်ဟစ်တိုင်တန်းလိုက်သည်။

ဤအိမ်မှာ စီးပွားရေးအရ ရပ်ကွက်ထဲတွင် ဩဇာရှိပုံရသည်။ သားဖြစ်သူ လူငယ်သည် ရိုးသားပြီး အပေါင်းအသင်းဝင်ဆံ့ပုံရှိသည်။ မိန်းမကြီး၏ အော်သံသည် ရပ်ကွက်ထဲမှ မကျေမနပ်ဖြစ်နေသော လူငယ်များအား နှိုးဆွလိုက်သလိုဖြစ်သွားသည်။

လူငယ်အုပ်စုကြီးသည် အော်သံကြားသည်နှင့် တုတ်ဓားများဆွဲလာပြီး ပြေးထွက်လာကြတော့၏။

တပ်သားများသည် လူအုပ်ကြီးပြေးထွက်လာသော အခါ လန့်သွားသည်။ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ဆိုသည့် စကားအရ သူတို့သည် အော်ဟစ် ခြိမ်းခြောက်လိုက်ကြသည်။

'မြို့စောင့်တပ်သားတွေကွ၊ ကိုယ်နဲ့ပဲဆိုင်ရင် မပါနဲ့၊ အားလုံး ရာဇဝတ်သင့်ကုန်မယ်'

ကျောက်ရှမ်းကလည်း အော်ဟစ် ကြိမ်းမောင်းသည်။ သို့သော် ခြံပတ်လည်ကို လူအုပ်ကြီးဝိုင်းထားလေပြီ။ တပ်သားများ လုံးဝမထွက်နိုင်တော့ပေ။

'ဟေ့ . . မတရားမလုပ်နဲ့၊ မင်းတို့အနေနဲ့ ဘာမှ ခုတ်ထစ်ဖို့ မလိုဘူး၊ မင်းတို့မကျေနပ်ရင် မင်းတို့အထက်က တပ်မှူးကြီးတွေ ခေါ်ခဲ့ဖို့လိုတယ်၊ မင်းတို့အားလုံး ထွက်ခဲ့၊ မင်းတို့ကို တပ်မှူးကြီးဆီပို့မယ်'

ကျောက်ရှမ်းက....

'ဘာတပ်မှူးကြီးဆီပို့ရမှာလဲ၊ မင်းတို့ကိုသာ တပ်မှူးကြီးဆီပို့ရမှာ၊ အားလုံးဖယ်ကြ၊ ရှားကြ၊ မဖယ်ရင် အားလုံးကို ဖမ်းမှာပဲ'

ဝိုင်းထားသူများမှာ သွေးများဆူကြလာပြီး အော်ဟစ်ကြရာ တပ်သားများ သွေးလေချောက်ချားလာကြလေသည်။

သူတို့သည် စိတ်ရိုင်းဝင်လာပြီး သူတို့လက်ထဲတွင်ရှိနေသော မိန်းကလေးနှစ်ယောက်အား ဓားများဖြင့် ထိုးကြတော့ရာ အော်သံကြားသည့် လူအုပ်ကြီးသည် ခြံထဲသို့ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်ကြလေတော့၏။



ခဲများ၊ ပုလင်းများ၊ တုတ်ဓားများဒဏ်ကြောင့် ရဲမက်စစ်သည်များမှာ မရှုမလှခံကြရတော့သည်။

ဤသည်မှစ၍ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားတော့၏။

ဆိပ်ကမ်းရပ်ကွက်တွင် အပြစ်မဲ့ အရပ်သားနှစ်ဦးကိုထိုးခုတ်သတ်ဖြတ်သည့် နယ်စားကြီး၏ စစ်သည်ရဲမက်များအား ရပ်ကွက်သူ ရပ်ကွက်သားများက ရှင်းလင်းသုတ်သင်ပစ်သည့် သတင်းသည် ချက်ချင်း ပျံ့နှံ့သွား၏။

ထိုအခါ စီကွမ်မြို့တစ်မြို့လုံး မင်းမဲ့စရိုက်များ လွှမ်းခြုံသည့်အနေအထားသို့ ဖြစ်သွားသည်။

ဝင်ရောက်ရှာဖွေနေသည့် တပ်သားများကလည်း သူတို့ တပ်သားများ အသတ်ခံရသည့် သတင်းကြားသောအခါ သူတို့လည်း ထင်တိုင်းကြဲကြတော့သည်။ ထိုအခါ အရပ်သားများကလည်း မြို့စောင့်တပ်သားများ၏ မကောင်းသတင်းကို ကြားကြရသည်။

အိမ်များပေါ် တက်ရောက်ရှာဖွေကြသော မြို့စောင့်တပ်သားများသည် မိဘမောင်ဘွားများရှေ့မှောက်တွင်ပင် မည်သည့် အမျိုးသမီးကလေးများကို အဓမ္မပြုကျင့်သွားသည်ဟူသောသတင်း၊ မည်သည့် မိဘ မောင်ဘွားကို ခုတ်ထစ်သတ်ဖြတ်ပစ်လိုက်သည်ဟူသော သတင်းများသည် မကြားချင်မှအဆုံး ကြားနေရသော သတင်းများဖြစ်သည်။

မည်သည့်သတင်းက အမှန်၊ မည်သည့်သတင်းက ကောလာဟလသတင်းဟူ၍ ကွဲကွဲပြားပြား မကြားသိရတော့ချေ။

ထိုမြို့သူမြို့သားများမှာ နယ်စားကြီးနှင့် တပ်မှူးကြီးတို့ကို ကျိန်ဆဲကြတော့၏။

ဤသို့ ပဋိပက္ခ ဖြစ်လာသောအခါ နယ်စားကြီး၏ လက်ကိုင်တုတ်ရဲမက်တော်တို့မှာ အရပ်သားတို့၏ဂုဏ်သိက္ခာကိုလည်း အမှတ်မထားတော့ချေ။ အိမ်များကိုပင် ဝင်ခွင့်ပင် မတောင်းတော့ဘဲ အတင်းအကျပ် ဝင်ရောက် စစ်ဆေးကြသည်။

မြို့သူမြို့သားများထဲတွင် သူဌေးသူကြွယ်များ၊ လက်လုပ်လက်စားများနှင့် အပျော်တမ်း သိုင်းသမား၊ ကြေးစားသိုင်းသမားများဟူ၍ရှိရာတွင် သူတို့၏ဂုဏ်သိက္ခာကိုထိခိုက်သည်နှင့် တချို့သည် အသက်စွန့်လိုက်ကြသည်။

ဂုဏ်သိက္ခာအတွက် အသက်ကိုပင် တန်ဖိုးမထားသူများ ရှိနေပေသေးသည်။ ထို့ကြောင့် နေရာ အနှံ့အပြားတွင် စစ်သည်ရဲမက်တို့အား ပြန်လည်ရန်ပြုကြသည့် အရေးအခင်းများစွာ ပေါ်ပေါက်လာခဲ့ကြသည်။

နယ်စားကြီး၏ လက်ကိုင်တုတ်ရဲမက်များကလည်း အရပ်သားများကို ရက်စက်စွာ သတ်သင်ကြသည်။ အမျိုးသမီးများကလည်း အဓဲ့ကားခံကြရလေ၏။

ထို့ပြင် သူဌေးသူကြွယ်၊ ဆင်းရဲသူဆင်းရဲသား အားလုံး အလွှာအသီးသီးမှ လူအားလုံးလိုလိုပင် သူပုန်အမည်တပ်ကာ ဖမ်းဆီးခြင်းခံကြရလေ၏။ ပြည်နယ်တစ်ခုလုံး ကြိမ်မီးအုံ့သကဲ့သို့ ဖြစ်လာသည်။



မည်သူမျှ အေးအေးချမ်းချမ်းမနေနိုင်ကြတော့ပေ။ အချိန်တိုင်း ကျီးလန့်စာစား ဘဝမျိုးဖြင့် နေကြရသည်။ ထစ်ခနဲရှိလျှင် ပြေးလွှားကြရသည်။

ငါးရက်အကြာတွင် စစ်ဆေးခြင်း၊ ရှာဖွေခြင်းများ ရပ်တန့်သွား၏။

ဤမျှ ရှုတ်ရှုတ်သဲသဲ ရှာဖွေခဲ့ကြသော်လည်း အကျဉ်းသား တရားခံကို ပြန်မမိကြောင်း မြို့သူမြို့သားများ ကြားသိရသည်။

ဤသတင်းကို ကြားသိသောအခါ မြို့သူမြို့သားများမှာ ပို၍ မကျေနပ်ဖြစ်သွားကြသည်။

သူတို့၏ မကျေနပ်ချက်များကိုလည်း ပြောင်ပြောင်တင်းတင်းပင် ပြောဆိုနေကြသည်။

အချို့က....

'နယ်စားကြီးဟာ တကယ်ပျော့ညံ့တယ်ကွ၊ သူ့ပျော့ညံ့မှုကို နယ်သူနယ်သားတွေအပေါ် လွှဲချနေတာကွ'

အချို့လူများ၏ ထင်မြင်ချက်များကတော့ တစ်မျိုး ဖြစ်သည်။

'ပျက်ချိန်တန်တော့လဲ သူ့အလိုလို ပျက်လာတတ်တာပေါ့လေ'

တချို့ အတွင်းရေးကို သိသူများက တစ်မျိုး ပြောကြသည်။

'နယ်စားကြီး ချူးချင်ယိုဟာ ဒီလောက်ဆိုးတဲ့လူမဟုတ်ပါဘူး၊ လူက သောက်စားပြီး အပျော်ကြူးဖို့ပဲ ကြံနေတဲ့လူ သောက်စားနေရမှပြီးတာပဲ၊ သူ့မှာက နယ်သူနယ်သားတွေကို နှိပ်စက်ဖို့ စဉ်းစားချိန်တောင် မရှိဘူး။

'အခု တရားခံက တခြားလူမဟုတ်ဘူး၊ အမတ်ကြီး ကျိုကဲလောက်ပဲ၊ ကျိုကဲလောက်ဟာ ဒီပြည်နယ်မှာ ဆူပူအောင် ဖန်တီးနေတာ၊ ရှိအန်ပြည်နယ်နဲ့ စေ့လန်ပြည်နယ်ကို ပေါင်းပြီး အဲဒီမှာ နယ်စားလုပ်ဖို့ ခြေပုန်းခုတ်နေတာ'

သို့သော် ထိုအယူအဆများကို ဆန့်ကျင်သူများလည်းရှိနေကြသည်။

'အပြစ်တွေကို အမတ်ကြီးအပေါ် ပုံချရင် အမတ်ကြီးပဲခံရမှာပဲ၊ အမတ်ကြီးဆိုတာ နယ်စားကြီးလက်အောက်မှာ နေရတဲ့ လူပဲ၊ နယ်စားကြီးခိုင်းတာကို လုပ်ရတဲ့လူပဲ၊ နယ်စားကြီးဟာ အောက်ကလူတွေကို ဂရုမစိုက်ဘဲ သုံးလုပ်ချင်ရာလုပ်နေတဲ့လူပဲ၊ အမတ်ကြီးအပေါ် အပြစ်ပုံချရင် မှားသွားမှာပေါ့'

ထိုယူဆချက်များကို ထောက်ခံသူများကလည်း ရှိနေလေ၏၊

'ဟုတ်တယ်၊ အမတ်ကြီးမှာ အပြစ်မရှိဘူး၊ အခုပြည်နယ်ထဲမှာ ဥပဒေစိုးမိုးမှု ရှိသင့်သလောက် ရှိနေသေးတာဟာ အမတ်ကြီးကြောင့်ပေါ့ဗျ'



'လက်အောက်ငယ်သားဆိုတာ ကိုယ့်အထက်က အမိန့်ပေးတာကို အကောင်အထည် ဖော်ရတဲ့လူပဲကွ'

သည်ကြားထဲတွင် နတ္ထိဂိုဏ်း၏အယူအဆ လွှမ်းမိုးသူများလည်း ပါသေးသည်။

'မင်းတို့ ဘာမှမသိကြဘူး၊ တင်လှုနတ်သမီးရဲ့ ကျောင်းတော်မှာ ဘယ်လိုဖြစ်တယ်ဆိုတာကို မင်းတို့အားလုံး မသိကြဘူး၊ အဲဒါ ကျိန်စာသင့်တာကွ၊ ကျိန်စာသင့်တာ၊ တင်လှုနတ်သမီး မကျေနပ်မှုတော့ ကျိန်စာသင့်ပြီပေါ့ကွ'

'ကျောင်းတော်မှာ ဘာဖြစ်လို့လဲ'

မသိသူများက မေးမြန်းစုံစမ်းကြ၏။

'ဩော်...မင်းတို့က တကယ်မသိတာဘဲကိုး၊ အဲဒီကျောင်းတော်မှာ တင်လှုနတ်သမီးကို ပူဇော်ပွဲလုပ်နေတုန်းက လူတစ်စုဝင်လာပြီး ခုတ်ကြ ထစ်ကြသတဲ့ကွ၊ ဂိုဏ်းချုပ်ကြီးရဲ့ယောက်ရှေ့မှာ ခုတ်ကြထစ်ကြတာကွ'

'ဟင်'

- မေးသူ အံ့ဩသွားသည်။

ပြောသူက ဆက်လက်ပြော၏။

'အိုး....ခုတ်လိုက် ထစ်လိုက်ကြတာသွေးတွေကို ရဲရဲတောင်းခတ်နေတာပဲ၊ အဲဒီပွဲမှာ နတ္ထိဂိုဏ်းသားတွေကလဲ ခုခံကြသတဲ့၊ ဒါပေမယ့် နတ္ထိဂိုဏ်းသားတွေ တော်တော် သေကြသတဲ့၊ ဒဏ်ရာရတဲ့လူတွေလဲ အများကြီးပဲတဲ့၊ ဂိုဏ်းချုပ်ကြီးရဲ့ယောက်ဖ ဒဏ်ရာရသွားသတဲ့'

'သောက်ကျိုးနည်း ရမ်းကားတဲ့လူတွေပါလား'

'ဟာ....သူတို့ရမ်းကားလို့ ဂိုဏ်းချုပ်ကြီး ဒဏ်ရာရသွားတာက အသေးအဖွဲ့ပါကွာ၊ သူတို့က တင်လှုံနတ်သမီးရုပ်တုကိုတောင် ရိုက်ချိုးပစ်သတဲ့ကွ'

'အမယ်လေးဗျာ'

ပြောသူရော နားထောင်သူပါ နတ္ထိကိုဏ်း၏ အယူဝါဒ လွှမ်းမိုးခံရသူများ ဖြစ်ကြသည်။

နားထောင်သူမှာ ပဲက်လက်လန်ကျမတတ် ဖြစ်သွားလေသည်။

'အဲဒါကြောင့် တို့စီကွမ်မြို့ တစ်မြို့လုံးနဲ့ ရှမ်အန်ပြည်နယ်တစ်ခုလုံး က ဆိုးမိုးမှောင်ကျတော့မယ်နဲ့ တူပါရဲ့ကွာ၊ ကပ်သုံးပါး ဆိုက်ပြီဆိုတော့ ဘယ်သူမသေဘဲ ရှိပါတော့မလဲ၊ မသေဘဲကျန်ရစ်ခဲ့တဲ့လူ က ကောင်းလို့သာမှတ်၊ တွေးကြည့်ရတာတောင် ရင်တုန်ရလွန်းလို့ တွေးတောင် မတွေးတော့ရဲပါဘူး'

လူအများကား တစ်ယောက် တစ်ပေါက် ပြောနေကြလေ၏။

လူများလျှင် စကားများသည်ဟူသော စကားသည် လွန်စွာ မှန်ပေသည်။

သို့သော် အားလုံးကို ချုပ်လိုက်လျှင် ပြည် နယ် မြို့ ရွာ အုပ်ချုပ်သူများနှင့် နယ်သူနယ်သားတို့ မပြေလည်ကြသည်ကိုတော့ တွေ့မြင်နေရသည်။

ဤအခြေအနေတွင် တောကြောင်များက သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြသည်။



မြို့စား၊ ရွာစားများကလည်း ထင်တိုင်း ကြဲနေကျပေပြီ....။

စာစဉ် [ ၁ ] ပြီး။

တက္ကသိုလ် နေလင်းအောင်